
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

စာမူခွင့်ပြုချက်အမှတ်
၅၀၀၇၀၃၀၆၀၅

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၈၇၁၀၆၀၈

ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၀၆ ခုနှစ် စက်တင်ဘာလ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

"ကျွန်းပြန်ကြီးဗဟိန်းနှင့်
နဂါးမောက်ကိုကျား"

www.burmeseclassic.com

## နိဒါန်း

တစ်နေ့သ၌ မြန်မာနိုင်ငံ အညာဒေသရှိ အတော်အတန်ကြီးမားသော ညောင်ပင်သာအမည်ရှိ ရွာကြီးတစ်ရွာ၏လမ်းမတွင် လူ ၅ဦးသည် မြင်းကိုယ်စီဖြင့် ဖုန်တထောင်းထောင်းထအောင် စီးနင်းဝင်ရောက်လာသည်။ အချိန်ကား ဝင်လုဆဲနေက တောင်စွယ်တွင် မေးတင်နေသောအခါဖြစ်ကာ အမှောင်သမ်းစ သမယဖြစ်၏။ မြင်းကို ဒုန်းစိုင်းလာသောသူများသည် မျက်နှာအောက်ဘက်ခြမ်းကို ပဝါကို နက်များကိုယ်စီ စည်းထားကြကာ လက်ထဲမှာ ကိုင်ဆောင်လာကြသည့် နှစ်လုံးပြူးပြောင်းရှည်သေနတ်၊ ခြောက်လုံးပြူး၊ တစ်လုံးထိုးလုပ်သေနတ်စသည့် လက်နက်များကိုလည်း မိုးပေါ်သို့ ထောင်ကာ





တဒိုင်းဒိုင်း ပစ်ခတ်နေလေရာ မြင်းခွာသံ၊ သေနတ်သံ၊ ရွာသူရွာသားတို့၏ ကြောက်လန့်တကြား အော်ဟစ်ပြေးလွှားသံတို့ဖြင့် ညောင်ပင်သာရွာကြီးသည် ငရဲပျက်သည့်နှယ် ပွက်လောရိုက် ဆူညံနေလေတော့သည်။

"ဟေ့ ကျွန်းပြန်ကြီး ဗဟိန်းတဲ့ဟေ့၊ မဆိုင်သူမကပ်နဲ့၊ မင်းတို့မယားတွေ အကုန်မုဆိုးမ ဖြစ်ကုန်မယ်။ မသေချင်ရင် ဝေးဝေးကရှောင်ကြ"

ရှေ့ဆုံးက ခေါင်းဆောင်၍ မြင်းစီးသော လူထွားကြီးက အော်ဟစ်လိုက်သောအခါ ကြားရသူတွေမှာ ဝုန်းခိုစရာနေရာရှာမရလောက်အောင် ကြောက်ရွံ့တုန်လှုပ်ကာ အကြောက်လွန်၍ မေ့မြောသူ မေ့မြော၊ သေးဖြန်းဖြန်းပါသူပါ ဖြစ်ကုန်လေတော့သည်။

အချိန်ကာလက မြန်မာနိုင်ငံကို ဗြိတိသျှတို့ အုပ်စိုးနေသောကာလ။ ဥပဒေစက်ကွင်းက ကျယ်ကျယ်ပြန့်ပြန့်မရှိ၊ နေရာဒေသအတော်များများတွင် တောမီးလောင် တောကြောင်လက်ခမောင်းခတ်သောကာလ။ ထိုအချိန်မျိုးတွင် လက်ရဲဇက်ရဲ သတ်ဖြတ်ရဲသူဆိုသော ကျွန်းပြန်ကြီးဗဟိန်းတို့လို လူမျိုးတွေ အရှိန်အဝါကြီးမားနေသည်မှာ အဆန်းမဟုတ်တော့။

လူ့ဘီလူးတစ်ကောင်လို ထွားကျိုင်းသော ဗဟိန်းသည် ဓားသေနတ်လက်နက်မျိုးစုံကို ကျွမ်းကျင်စွာ အသုံးပြုတတ်သည်။ ကိုယ်ခံပညာ တတ်သည်။ လူ့အသက်ကို ဖက်ရွက်ပမာ သဘောထားသူ၊ ကျွန်းပြန်ဟူသော သူ၏ မိုက်ဂုဏ်ကြောင့် နောက်လိုက်ပေါ

သည်။ ဤနယ်ဒေသတစ်ဝိုက်တွင် ကျွန်းပြန်ကြီးဗဟိန်း၏ နဂါးမောက်ဂိုဏ်းဆိုလျှင် အမည်ကြားရုံနှင့် ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့ကြရသည်။ သူတို့ဂိုဏ်းသားအားလုံး၏ ညာဘက်လက်ဖျံပေါ်တွင် အမောက်ထောင်ထားသော နဂါးတစ်ကောင်ပုံကို ဆေးမင်ကြောင် ရေးထိုးထားကြ၏။ ဒါကြောင့် နဂါးမောက်ဂိုဏ်းဟု အမည်တွင်နေခြင်း ဖြစ်သည်။

ဤနယ်တစ်ဝိုက်တွင် ဆိုးခိုးတိုက်ခိုက်ကာ နာမည်ကြီးနေသည့်အတွက် နှိမ်နင်းရန် အင်အားကောင်းသောပုလိပ်အဖွဲ့ရောက်လာလျှင်တော့ အလယ်ရိုးမတောင်ပေါ်တက်ကာ ပုန်းခိုနေတတ်သည်။ သို့မဟုတ် နယ်မြေဒေသတစ်ခုမှ တစ်ခုသို့ ရှောင်တိမ်းပြေးလွှားနေတတ်ရာ ကျွန်းပြန်ကြီးဗဟိန်းကို ဖမ်းဆီးနိုင်ရန် မလွယ်သဖြင့် အချိန်ကြာမြင့်လာသောအခါ ပုလိပ်အဖွဲ့မှန်သမျှ တပ်ခေါက်ပြန်ကြသည်သာ များလေ၏။ ထို့ကြောင့် အင်းစိန်စီအိုင်ဒီစုံထောက်ဌာနမှ အတော်ဆုံးဟု ဆိုထားသော ဆားပုလင်းရဲခေါင်ကို ကျွန်းပြန်ကြီးဗဟိန်းအား ဖမ်းဆီးနှိမ်နင်းရန် လွှတ်လိုက်ပြီဆိုသော သတင်းများသည် တိုးတိုးတစ်မျိုး ကျယ်ကျယ်တစ်သွယ် ထွက်ပေါ်၍ နေလေသည်။

ကျွန်းပြန်ကြီးဗဟိန်းခေါင်းဆောင်သော မြင်းစီးဓားပြများသည် ရွာစွန်ရှိ ခြံကျယ်ကြီးတစ်ခြံဆီသို့ ဦးတည်စီးနင်းသွားကြ၏။ ထိုခြံကြီးထဲတွင် ကြီးမားသော ရေနံရေဝနေသည့် ပျဉ်ထောင်နှစ်ထပ်အိမ်မည်းကြီးတစ်လုံး ရှိကာ ထိုအိမ်ကြီးရှင်သည်ကား ဤရွာတွင်





အချမ်းသာဆုံးဆိုနိုင်သည့် သူဌေးကြီးဦးကျော်ခေါင်ပင် ဖြစ်လေသည်။

ဦးကျော်ခေါင်သည် မြေပိုင်ရှင်သူဌေးဆိုသော်လည်း ဆိုးဝါးသောအကျင့်စရိုက်ရှိသူမဟုတ်။ စိတ်သဘောထား အလွန်ကောင်းကာ ရွာ၏ သာမှုနာမှုအရေးကိစ္စများ၌ ရှေ့တန်းက ရက်ရက်ရောရော ပေးကမ်းကူညီတတ်သူဖြစ်သဖြင့် တစ်ရွာလုံးကပင် သူကြီးကအစ ချစ်ခင်လေးစားသောသူဖြစ်၏။ သို့သော် ယခုလို အရေးကြုံသောအခါ ဦးကျော်ခေါင်ဘက်က ရပ်တည်ကူညီရမည်ဟု သိကြသော်လည်း ကျွန်းပြန်ကြီးဗဟိန်းကို ကြောက်ရွံ့ကာ မည်သူမှ မကူညီရဲဘဲ ကိုယ့်အိမ်တံခါးသာကိုယ် လုံခြုံအောင်ပိတ်ကာ ပုန်းအောင်းနေကြကုန်လေသည်။

ထို့ကြောင့် မှောင်စပျိုးသော ရွာသည် ကျွန်းပြန်ကြီး ဗဟိန်းတို့အဖွဲ့က လွဲ၍ လှုပ်ရှားသူဟူ၍ ကင်းမဲ့ကာ သုသာန်တစပြင်ကဲ့သို့ ခြောက်ကပ်တိတ်ဆိတ်နေလေသည်။ ငိုမည့်ကလေးပင်လျှင် ကျွန်းပြန်ကြီးဗဟိန်း ဟု ခြောက်လှန့်လိုက်လျှင် အသံတိတ်သွားတတ်လေရာ ကလေးငိုသံဟူ၍လည်းကောင်း၊ ဟောင်တတ်သော ခွေးများသည်ပင်လျှင် အန္တရာယ်ကို ကြိုတင်သိသလို ကြံ့ရာချောင်ကို တိုးဝင်နေလေရာ၊ ခွေးဟောင်သံဟူ၍လည်းကောင်း မကြားရလောက်အောင်ပင် ငြိမ်သက်ခြင်းမက ငြိမ်သက်၍ နေလေသည်။

သို့သော် လှုပ်ရှားနေသော သက်ရှိလူသားတစ်ဦးတော့ ရှိနေပေသေးသည်။ ထိုသူသည် ဤညောင်ပင်သာရွာကလေးသို့

နေမဝင်မီကပင် ရောက်ရှိလာသော်လည်း ရွာထဲသို့ မဝင်ဘဲ ရွာထိပ်ရှိ ဇရပ်တွင်သာ ခါးလယ်တိုင်တစ်တိုင်ကို မှီ၍ ထိုင်ကာ အိပ်ငိုက်နေသူ ဖြစ်သည်။ သူသည် အနက်ရောင် ဘောင်းဘီရှည်နှင့် အနက်ရောင် ခပ်နွမ်းနွမ်းကွတ်အင်္ကျီတို့ကို ဝတ်ဆင်ထားသည်။ သက္ကလတ်ဦးထုပ်နက် ခပ်နွမ်းနွမ်းတစ်လုံးကို ခပ်ငိုက်ငိုက်ဆောင်းထားလေရာ ရုတ်တရက် သူ့မျက်နှာကို မမြင်သာဘဲ ရှိ၏။ မျက်နှာကို မမြင်ရသဖြင့် အသက်အရွယ် မခန့်မှန်းနိုင်သော်လည်း အချိုးအဆက်အလုံးအရပ်ကား ယောကျာ်းပီသသူ တစ်ဦးဖြစ်ကြောင်း ပေါ်လွင်၍နေလေသည်။

မပျင်းမရိ မတုန်မလှုပ် ထိုင်နေသော ထိုလူစိမ်းလည်း ညနေမှောင်ရီပျိုးစအချိန် မြင်းကိုယ်စီ ဒုန်းစိုင်းစီး၍ ကျွန်းပြန်ကြီးဗဟိန်းတို့လူစု၊ ဇရပ်ရှေ့မှ ဖြတ်သန်းသွားသောအခါ ငိုက်ကျနေသော သူ့ဦးထုပ်ကလေးကို အသာလက်ညှိုးကလေးတစ်ချောင်းနှင့် ထောက်ပင့်ကာ ကြည်သည့်ဆိုရုံ ကြည့်လိုက်၏။ သူ့မျက်လုံးမှာ သံမဏိရေခဲတုံးနှယ် အေးစက်မာကြောလှသော်လည်း သူ့နှုတ်ခမ်းထောင့်ကွေး အစွန်းမှာ ပူနွေးသော အပြုံးကလေးတစ်ခု မွေးဖွားလာ၏။ အချိန်နည်းငယ်ကြာသောအခါ သူသည် ထိုင်ရာမှ ထကာ ရွာထဲသို့ အေးအေးလူလူ လမ်းလျှောက်ဝင်သွားလေတော့သည်။

ထိုအချိန်တွင် ကျွန်းပြန်ကြီးဗဟိန်းနှင့် အဖွဲ့ကား ဦးကျော်ခေါင်၏အိမ်ကို စိမ်ပြေနားပြေ လုယက်လျက်ရှိသည်။ ဗဟိန်းသည် ဦးကျော်ခေါင် ထိုင်နေကျ ကနုတ်ပန်းများ ထွင်းတုထားသည့် ခုံညား





လှသည့် ကျွန်းသားကုလားထိုင်ကြီးတွင် ထိုင်ကာ ဦးကျော်ခေါင်တို့ ညစာစားရန် ပြင်ဆင်ထားသည့် ထမင်းပွဲမှ ကြက်ကောင်ကြော်အား လက်တစ်ဖက်ဖြင့် ကိုင်ကာ ကိုက်ဝါးလျက် ရှိ၏။ ဦးကျော်ခေါင်နှင့် သူ့ဇနီးကား သူ့ရှေ့ကြမ်းတွင် ဒူးတုပ်လျက် ထိုင်နေကြရ၏။

မကြာမီ အခန်းထဲတွင် ပုန်းအောင်းနေသည့် ဦးကျော်ခေါင်သမီး အပျိုကလေးအား တပည့်တစ်ယောက်က ခပ်ကြမ်းကြမ်း ဆွဲယူလာကာ တွန်းပစ်လိုက်လေရာ ဗဟိန်းရှေ့ကြမ်းပြင်ပေါ်တွင် ပုံ့ပုံ့ကလေး လဲကျသွားလေသည်။ သူဌေးကတော်က သမီးဖြစ်သူကို ဆီးကာ ပွေ့လိုက်၏။ မိန်းကလေးမှာ ကြောက်လွန်းသဖြင့် တဆတ်ဆတ် တုန်နေလေသည်။

ကျန်တပည့်တစ်ယောက်ကမူ ဦးကျော်ခေါင်ကို ထုနှက်တောင်း၍ ရသော သော့ဖြင့် သေတ္တာကို ဖွင့်ကာ အထဲမှာရှိသမျှ ရွှေငွေလက်ဝတ်ရတနာတွေကို အဝတ်တစ်ခုထဲ စုပုံထည့်နေလေသည်။ ဗဟိန်းက မိန်းကလေးကို မီးဝင်းဝင်းတောက်သော မျက်လုံးများဖြင့် ကြည့်ကာ…

"အင်း…သူဌေးသမီး ချောတယ်လှတယ်ဆိုတာ သတင်းသာ ကြားရတယ်။ အခုတွေ့ရတော့ ယုံပြီဗျို့။ သိပ်ကြောက်မနေပါနဲ့ နှမလေးရယ်၊ မောင်ကြီးက မိန်းမပျိုကလေးတွေဆို ကြင်နာတတ်ပါတယ်။ မောင်ကြီးဘယ်လိုကြင်နာတတ်တယ်ဆိုတာ သိချင်ရင်တော့ အပြန်မောင်ကြီးနဲ့သာ လိုက်ခဲ့ပေတော့"

ဟုဆိုရင်း သူ့စကားသူ သဘောကျသလို ရယ်မောနေလေ

www.burmeseclassic.com



ရာ တပည့်လုပ်သူကပါ ဆရာ့အလိုကျ လိုက်၍ ရယ်မောနေလေတော့သည်။

ထိုအချိန်၌ သက္ကလတ်ဦးထုပ်အနက်နှင့် လူစိမ်းသည် အိမ်ကြီးအနီးသို့ မှောင်ရိပ်ခိုကာ ချဉ်းကပ်လာပြီး ခြံထဲက အခြေအနေကို အကဲခတ်ကြည့်ရှုနေလေ၏။ ခြံထဲတွင် အစောင့် နှစ်ယောက် ရှိနေသည်ကို တွေ့ရသည်။ တစ်ယောက်က ဝင်းခြံကံခါးကို မှီကာ ဆေးလိပ်သောက်နေပြီး တစ်ယောက်ကမူ အပေါ်ထပ်တက်သည့် လှေကားအောက်ခြေတွင် နှစ်လုံးပြူးပြောင်းရှည်သေနတ်တစ်လက်ကို ထမ်းကာ စောင့်ဆိုင်းနေလေ၏။

သက္ကလတ်ဦးထုပ်နှင့် လူစိမ်းသည် ဆေးလိပ်သောက်နေသော စားပွဲအနောက်သို့ ခြေသံလုံလုံဖြင့် ချဉ်းကပ်သွားကာ ဇက်ပိုးအား လက်ဝါးစောင်းဖြင့် ဆတ်ခနဲ ခုတ်လိုက်ရာ ခပ်ပျော့ပျော့ဟု ထင်ရသော်လည်း ကျွမ်းကျင်သော တိုက်ကွက်တစ်ခုပီပီ ထို အခုတ်ခံရသော စားပွဲသည် အသံတစ်ချက်မျှ မပြုနိုင်ဘဲ ဒူးများညွတ်ခွေကာ မြေပြင်ပေါ် လဲကျသွားလေသည်။ လူစိမ်းက စားပွဲအား ခြေထောက်မှ တရွတ်ဆွဲကာ အနီးရှိ ချုံထဲ ပို့ထားလိုက်သည်။

ပြီးသည်နှင့် အိမ်ကြီးဆီသို့ လှစ်ခနဲ ပြေးဝင်သွားလေသည်။ လှေကားအောက်ခြေတွင် စောင့်နေသည့် စားပွဲကား ပို၍ သတိကောင်းပုံရ၏။ ထို့ကြောင့် ပြေးလာသော လူစိမ်းကို ဂရုပြုမိသွားကာ သူ့ပခုံးပေါ်မှ နှစ်လုံးပြူးဖြင့် ပစ်ခတ်ရန် ချိန်ရွယ်လိုက်၏။ သို့သော် စက္ကန့်ပိုင်းမျှ နောက်ကျသွားလေပြီ။ လေထဲမှ ခုန်ပျံ ဝင်





ရောက်လာသော လူစိမ်းက နှစ်လုံးပြူးသေနတ်ပြောင်းကို သူ၏ ဘယ်ခြေဖြင့်ကန်၍ ဖယ်ရှားလိုက်ကာ တစ်ဆက်တည်း လေထဲမှ မြေပြင်သို့ ပြန်မကျမီမှာပင် ညာခြေဖြင့် သေနတ်ကိုင်စားပွဲ၏ မေးဖျားကို ခတ်လိုက်လေရာ ခွပ်ခနဲအသံနှင့်အတူ လှေကားရင်းတွင် ပုံလျက်သား လဲကျ၍မေ့သွားလေတော့သည်။ လေထဲတွင် နှစ်ဆင့်ချက် ခြေထောက်ကို အသုံးပြုနိုင်သော လူစိမ်း၏ ကိုယ်ခံပညာအစွမ်းမှာ ခပ်ညံ့ညံ့မဟုတ်မှန်း သိသာလှလေသည်။ လူစိမ်းက နှစ်လုံးပြူးသေနတ်ထဲမှ ကျည်ဆန်နှစ်တောင့်ကို ထုတ်ယူကာ အဝေးသို့ လွှင့်ပစ်လိုက်ပြီး လှေကားပေါ်မှ အသာတက်ကာ ခေါင်းပေါ်ရှိ ချောင်းမြောင်းကြည့်ရှုလိုက်၏။

အပေါ်ထပ်တွင် ကျွန်းပြန်ကြီးဗဟိန်းနှင့် တပည့် နှစ်ယောက်မှာ ဟားတိုက်ရယ်မောနေသဖြင့် လှေကားအောက်ခြေမှ တိုက်ခိုက်ရာတွင် ထွက်ပေါ်လာသော အသံများကို ဂရုမပြုမိဘဲရှိလေသည်။ လှေကားပေါက်ဝကို ဗဟိန်းနှင့် တပည့်နှစ်ယောက်လုံးက မျက်နှာမူထားကြလေရာ ဤအတိုင်း အရဲစွန့်တက်သွား၍ မဖြစ်နိုင်ကြောင်း၊ လူစိမ်းက ရိပ်စားလိုက်မိ၏။ ထို့ကြောင့် အိမ်ထဲက ပြန်ထွက်ကာ အိမ်ကြီးနှင့် ကပ်ပေါက်နေသော သစ်ပင်ကြီးတစ်ပင်ပေါ် တွယ်တက်ခဲ့လေသည်။

အိမ်ကြီးပေါ်တွင်ကား ကျွန်းပြန်ကြီးဗဟိန်းသည် မိန်းမပျိုကလေးကို သူနှင့်အတူ ခေါ်သွားရန် ပြင်ဆင်နေ၏။ ဦးကျော်ခေါင်က–



www.burmeseclassic.com

www.burmeseclassic.com

"ပစ္စည်းတွေကိုတော့ ကြိုက်သလိုသာ ယူပါ ကျွန်းပြန်ကြီး ရယ်။ ကျုပ်တို့ ပုလိပ်ကို မတိုင်ပါဘူး။ အမှုမဖွင့်ပါဘူး။ ဒါပေမယ့် သမီးကလေးကိုတော့ ချမ်းသာပေးပါ။ ခေါ်မသွားပါနဲ့"

ဟု ရှိခိုးတောင်းပန်နေသော်လည်း ကျွန်းပြန်ကြီးဗဟိန်း သည် ထောက်ထားညှာတာခြင်းမရှိဘဲ ခြေထောက်ဖြင့် ကန်ကျောက် လိုက်ကာ–

"အဘိုးကြီး သေချင်ပြီလား၊ ထမင်းမုန်းနေပြီထင်တယ်" ဟု ကြိမ်းဝါးလိုက်၏။

ထိုအချိန်မှာပင် လူစိမ်းသည် အနီးဆုံးသစ်ကိုင်းပေါ်မှ ခို၍ ပြတင်းပေါက်မှတစ်ဆင့် အိမ်ထဲသို့ ခုန်ဝင်လိုက်ရာ ကြမ်းပြင်ပေါ်သို့ ဒူးထောက်လျက် ညင်ညင်သာသာ ကြောင်ကျကျ၍ သွားလေသည်။ တစ်ဆက်တည်းမှာပင် ခါးကြားထဲမှ ဓားမြှောင်တစ်ချောင်းကို ထုတ်ယူကာ ပြောင်းရှည်သေနတ်ကိုင်ထားသော ဓားပြတစ်ဦးကို ပစ်ပေါက်လိုက်ရာ လက်ဖျံကို ဓားက ဖောက်ထွင်းစူးဝင်ပြီး လက်ထဲ က ပြောင်းရှည်သေနတ်မှာ လွတ်ကျသွားလေတော့သတည်း။

အိမ်ထဲမှာ အခြေအနေမှာ ရုတ်ရုတ်သဲသဲဖြစ်၍ သွားသည်။ ကျွန်းပြန်ကြီးဗဟိန်းသည် ဤကဲ့သို့ အဖြစ်မျိုး မကြုံဖူးသဖြင့် ကြက် သေသေ၍ နေလေသည်။ ဗဟိန်းအမည်ကြားလျှင် ဖိန့်ဖိန့်တုန် အောင် ကြောက်ရွံ့သော၊ ဝေးရာက ရှားကြသော ဤအရပ်မျိုးဝယ် ကျားမြီးကို ဆွဲရဲလောက်အောင် သတ္တိကောင်းသူ ပေါ်ပေါက်လာ သည့်အဖြစ်အား ရုတ်တရက် မယုံနိုင်အောင် ဖြစ်၍ နေ၏။ လူစိမ်း





က ထိုအခြေအနေကိုမြင် အခွင့်ကောင်းယူကာ ငွေထုပ်ကြီး ကိုင် ထားသော လူဆိုးဆီသို့ ကြမ်းပြင်တွင် တစ်ပတ်လှိမ့်ရင်း ဝင်ရောက် သွား၏။

ဓားပြတိုက်ရာပါ ရွှေငွေထုပ်ကြီးကို ပိုက်ထားသည့် လူဆိုး မှာ ရွှေငွေထုပ်ကြီးကို ပစ်ချကာ ခါးကြားထဲက သေနတ်ကို ဆွဲ ထုတ်လိုက်လေသည်။ သို့သော် ထိုသေနတ်ကိုင်လက်ကို လူစိမ်းက လိမ်ချိုးကာ သေနတ်ကို လုယူပြီး ရင်ဝကို ဒူးဖြင့် တိုက်လိုက်လေရာ လူဆိုးမှာ ကြမ်းပေါ် ညွှတ်ခွေကျသွားလေသည်။

လူစိမ်းက သူ့လက်ထဲက သေနတ်ကို ကျွန်းပြန်ကြီးဗဟိန်း ထံ ထိုးချိန်လိုက်သည်။ ကျွန်းပြန်ကြီးဗဟိန်းကလည်း လျင်မြန်လှ သည်။ သူဆွဲခေါ်နေသော မိန်းကလေးကို သူ့ရှေ့မှ အကာအကွယ် ထားကာ လူစိမ်းကို သေနတ်ဖြင့် ပြန်ချိန်ရွယ်လိုက်လေသည်။ နှစ်ယောက်လုံးမှာ တစ်ယောက်ကိုတစ်ယောက် သေနတ်ဖြင့် ပြိုင်တူ လိုပင် ချိန်ရွယ်ပြီးသား ဖြစ်သွားကြလေသည်။

"မင်းဘယ်သူလဲ"

"ခင်ဗျားရဲ့သေမင်းပဲ"

"ဘယ်သူပဲဖြစ်ဖြစ် မင်းလက်ထဲက သေနတ်ကို ချလိုက်။ မချရင် ဒီကောင်မလေးကို ငါပစ်လိုက်မယ်"

"ခင်ဗျားသွေးကြောင်လှချည်လား။ အားနွဲ့တဲ့ မိန်းကလေး ကို အကာအကွယ်ယူပြီး လွတ်လမ်းရှာနေတယ်။ ကျုပ်ကြားဖူးတဲ့ ကျွန်းပြန်ကြီးဗဟိန်း ဆိုတဲ့နာမည်က တကယ်တမ်းကျတော့ ပေါက်



BURMESE CLASSIC .com
www.burmeseclassic.com

သက်မဲ့ လေလုံးထွားနေတာ ဖြစ်နေပါလား"

လူစိမ်းက သေနတ်ကို ချိန်ထားသည့် နေရာမှ တစ်ရွေးသားမှ မရွေ့ဘဲ ခပ်လျောင်လျောင်ပြုံးရယ်ကာ ပြောလိုက်၏။ ကျွန်းပြန်ကြီးဗဟိန်းမှာ နာမည်တစ်လုံးနှင့်နေသူဖြစ်ရာ ယခုကဲ့သို့ ထိခိုက်သရော်ခံရသောအခါ ယမ်းပုံမီးကျဖြစ်၍ သွားလေ၏။ ထို့ကြောင့် လူစိမ်းကို ချိန်ထားသော သူ့လက်ထဲက သေနတ်အား သူ့ရှေ့တွင် အကာအကွယ်ယူဖက်ထားသော မိန်းမပျို၏ နားထင်သို့ပြောင်းကာ ချိန်လိုက်၏။

"တို့ကို ဖမ်းဖို့ စီအိုင်ဒီက လွှတ်လိုက်တယ်ဆိုတဲ့ ဆားပုလင်းရဲခေါင် ဆိုတာ မင်းလား"

ဟု သွေးပျက်ချောက်ချားသော လေသံဖြင့် မေးလိုက်ပြန်သည်။ လူစိမ်းက…

"အင်း သေရတော့မယ့်လူကလည်း သိချင်တွေ တယ်များနေပါလား။ ခင်ဗျားကို ကျုပ်မေးခွန်းတစ်ခုလောက် ပြန်မေးဦးမယ်။ ဒီနယ်တစ်ဝိုက်မှာ လုယက်လူသတ် ခိုးဆိုးတိုက်ခိုက်နေတဲ့ နဂါးမောက်ဂိုဏ်းချုပ်အစစ်က ဘယ်သူလဲဗျ"

ဒီမေးခွန်းက ကျွန်းပြန်ကြီး ဗဟိန်းကိုပင် အံ့သြ ထိတ်လန့်သွားစေ၏။

"မင်း မင်းဘယ်သူလဲ"

"ကျုပ်က သင်္ချိုင်းက ထလာတဲ့သူပဲ"

ပြောပြောဆိုဆို လူစိမ်းက သူ့ခေါင်းပေါ်က ဦးထုပ်ကို လက်





ဖြင့် ဆွဲကာ ချွတ်ပြလိုက်သည်။ ဒီတော့ တောက်ပအေးစက်သော မျက်လုံး၊ ထင်ရှားပေါ်လွင်သောနှာတံ၊ စိတ်ဓာတ်ခိုင်မာမှုကို ဖော်ပြသော မေးရိုးကားကား၊ ပြတ်ပြတ်သားသား လုပ်တတ်ပုံကို ဖော်ပြသည့် ပိပိရိရိ နှုတ်ခမ်းတို့ဖြင့် ယောကျ်ားပီသခံ့ညားသော လူစိမ်း၏ ရုပ်သွင်ပေါ်ထင်လာသည်။

လူစိမ်း၏မျက်နှာကို မြင်လိုက်သည်နှင့် ကျွန်းပြန်ကြီးဗဟိန်းသည် တစ္ဆေသရဲတစ်ကောင်ကို မြင်ရသည့်အလား တစ်ကိုယ်လုံး တောင့်ခဲကာ သွေးဆုတ်ဖြူလျော်၍ သွား၏။ ကြောက်လန့်ပြူးစက်သော မျက်လုံးများဖြင့် ကြည့်ရင်း…

"မင်း မင်းမဖြစ်နိုင်ဘူး၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

ဟု ရည်ရွယ်သည်။

ကိုခဏ္ဍပင် လူရွယ်က သူ့သေနတ်ပြောင်းခလုတ်ကို ညှစ်ဆွဲလိုက်သည်။ ဒိုင်းခနဲအသံနှင့်အတူ ပြေးထွက်သွားသောကျည်ဆန်က ကျွန်းပြန်ကြီးဗဟိန်း၏ နဖူးက ဖောက်ထွင်းဝင်ကာ နောက်စေ့မှ ကန်ထွက်၍သွားလေသည်။ နဖူးတွင် ဖြစ်ပေါ်လာသည့် အပေါက်ကလေးတစ်ပေါက်မှ သွေးများယိုစီးကျလာကာ ဗဟိန်းသည် ကြမ်းပြင်ပေါ်ကို ခွေလဲကျသွားလေသည်။

မိန်းကလေး၏ ကြောက်လန့်တကြား အော်ဟစ်သံက ညောင်ပင်သာရွာ၏ ညဦးကို ချောက်ချားဖွယ် ဖုံးလွှမ်းသွားပါလေတော့သတည်း။

*

# ပထမပိုင်း

၁။ လူဝင်စားရှိသလား။
၂။ သွေးစွန်းနေသော နှင်းဆီ
၃။ တရုတ်တန်းမှ တိုက်ပွဲ
၄။ မနောမယ အောင်ဇေယျ
၅။ လက်မတင်လေး လွတ်မြောက်ခြင်း
၆။ ပါးနပ်လွန်းသော ထောင်ချောက်တစ်ခု

www.burmeseclassic.com

# ၁။ လူဝင်စား ရှိသလား

တစ်နေ့သ၌ ကျွန်ုပ်တို့ စီအိုင်ဒီရုံးအတွင်းရှိ စုံထောက်များရုံးခန်းတွင် ကျွန်ုပ်နှင့် ဦးထင်ကြီးသည် ဆားပုလင်းရဲခေါင်နှင့် ပတ်သက်၍ စကားလက်ဆုံကျလျက်ရှိ၏။ ဆားပုလင်းရဲခေါင်ကား ဤစီအိုင်ဒီတွင်သာမက မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ ပုလိပ်တပ်ဖွဲ့အတွင်းမှာပါ အထူးချွန်ဆုံးပုဂ္ဂိုလ်ဖြစ်၏။ သူကိုင်တွယ်လိုက်ပါက မည်မျှနက်နဲကာ ခက်ခဲရှုပ်ထွေးသောအမှုဖြစ်ပါစေ၊ အနေးနှင့်အမြန် ပေါ်ပေါက်ရသည်သာဖြစ်၏။ တစ်ခုထူးခြားသည်မှာ ဤမျှအစွမ်းထက်သူဖြစ်သော်လည်း သူသည် ဆားပုလင်းခေါ် လူဆိုးထိန်း ရဲကြပ်ဘဝဖြင့်သာ ကျေနပ်နှစ်သိမ့်နေခြင်းဖြစ်၏။

အင်စပက်တော်နှင့် ရာဇဝတ်အုပ်များသာ တက်ရောက်ခွင့်ရှိသည့် မြန်မာနိုင်ငံစုံထောက်ကျောင်း D.T.S (Detecitive Training School) သို့ အထူးအခွင့်အရေးအဖြစ် တက်ရောက်ရန် စုံထောက်မင်း

ကြောင်နှင့်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com


ကြီးကိုယ်တိုင်က ထောက်ခံချက်ပေးကာ စေလွှတ်သော်လည်း မတက်ရောက်ဘဲ နေခြင်းဖြစ်သည်။ သူ့တွင် အင်္ဂလိပ်ဘုရင်မင်းမြတ်ကိုယ်တိုင်က ချီးမြှင့်သော K. P. M ခေါ် ဘုရင့်ပုလိပ်တော်ဘွဲ့ ရထားသဖြင့် ပုလိပ်တပ်ဖွဲ့အတွင်း သူနှင့်ယှဉ်နိုင်သူမရှိဟူ၍ ဂုဏ်မောက်စရာတစ်ခုဖြစ်နေလေသည်မဟုတ်လား။

သူသည် အထက်ဖားအောက်ဖိ လူမျိုးလည်း မဟုတ်။ ပုလိပ်မင်းကြီး မစ္စတာရောဘတ်ကို ကျွန်ုပ်တို့ဌာနမှ စုံထောက်ဦးစန်းလွင်တို့အုပ်စုက ပျာပျာသလဲ ဖားနေသလောက် ဆားပုလင်းရဲခေါင်ကတော့ မှန်တမ်းသာ ဆက်ဆံသူဖြစ်သည်။ သူ၏ အရည်အချင်းကို သိထားသဖြင့် ပုလိပ်မင်းကြီးကိုယ်တိုင်ကလည်း ဆားပုလင်းရဲခေါင်ကို ကျွန်ုပ်တို့လို အရာရှိများထက်ပင် ပို၍ အရေးပေးဆက်ဆံလေ့ရှိသည်။

"အေးဗျာ၊ ကိုရဲခေါင်မရှိတော့လည်း အပျင်းသားဗျ။ သူရှိရင် စားသောက်ဆိုင်တွေ လှည့်စားကြသောက်ကြ၊ စကားပြောကြနဲ့ သူပြောသမျှကလည်း ဗဟုသုတဖြစ်စရာတွေချည်းဆိုတော့ ကျုပ်တို့မှာလည်း အသိဉာဏ်လည်း တိုးတယ်။ တရားဝင်ရာထူးအားဖြင့် ကျုပ်တို့ထက် နိမ့်တာမှန်ပေမယ့် ကျုပ်ကတော့ သူ့ကို ဆရာလို သဘောထားတယ်" ဟု စိတ်ထားရိုးစင်းသော ဦးထင်ကြီးက ပြောလိုက်လေသည်။

ကျွန်ုပ်ကလည်း...

"ဒါကတော့ ခင်ဗျားတို့ ကျုပ်တို့လို စိတ်ရင်းကောင်းရှိတဲ့ သူတွေကိုးဗျ။ ဟိုဘက်က ကိုစိန်လင်းတို့အုပ်စုကျတော့လည်း ကိုရဲခေါင်ကို လုံးဝ ကြည့်မရကြဘူး"

"သူတို့ထက်သာလို့ မနာလိုဖြစ်နေကြတာပါဗျာ။ အခုလည်း ဆားပုလင်းကိုရဲခေါင် မရှိလို့ တော်တော်ပျော်နေကြပုံရတယ်။ တဝါးဝါးတဟားဟားနဲ့"

"အေးဗျာ၊ နေမရှိတဲ့ညမှာမှ ပိုးစုန်းကြူးတွေဟာ အရောင်တောက်ခွင့်ရကြတာကိုး။ ဒီလူတွေ အမှုကြီးကြီးနဲ့တိုး၊ သူတို့လည်း တရားခံကို မဖော်ထုတ်နိုင်။ ပုလိပ်မင်းကြီးဖိဟောက်တာ ခံနေကြမှ ကိုရဲခေါင်တန်ဖိုးကို သိကြတဲ့လူတွေ၊ ဒါပေမယ့် အမှုလည်းပြီးရော ခွေးမြီးကောက် ကျည်တောက်စွပ်ပါပဲ"

"ဒါနဲ့ ခင်ဗျားနဲ့ ကိုရဲခေါင်နဲ့က သိပ်ခင်တယ်။ သူ့ဆီက ဘာသတင်းကြားရသေးလဲ"

"အဲဒီသူက ခန့်မှန်းရခက်တဲ့ လူတစ်မျိုးပဲဗျ။ ကျုပ်ဆီလည်း ဘာအဆက်အသွယ်မှ မလုပ်ဘူး"

ဆားပုလင်းရဲခေါင်သည် လွန်ခဲ့သော တစ်ပတ်ခန့်ကပင် အထူးတာဝန်ဖြင့် အညာဒေသသို့ ထွက်ခွာသွားသည်။ ထိုဒေသတစ်ဝိုက်တွင် ကျွန်းပြန်ကြီးဗဟိန်းဆိုသူ ဦးစီးသည့် နဂါးမောက်ဂိုဏ်းဆိုသည့် ဂိုဏ်းတစ်ဂိုဏ်းသည် လွန်စွာ ဆိုးသွမ်းသောင်းကျန်းလျက်ရှိရာ အထက်မြန်မာပြည်ပုလိပ်အဖွဲ့က စီအိုင်ဒီသို့ လှမ်းကာ အကူအညီတောင်းသဖြင့် ပုလိပ်မင်းကြီးက ဆားပုလင်းရဲခေါင်ကို စေလွှတ်လိုက်ခြင်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်မှာပင် ရုံးခန်းအပေါက်ဝနှင့် အနီးဆုံး ဘီလပ်ပြန် ဆရာ့ဝိန်စားပွဲတွင် ဝိုင်းဖွဲ့ကာ တဝါးဝါးတဟားဟား လုပ်နေသော ကိုစိန်လင်းတို့ ကိုလက်ျာတို့အုပ်စု၏ အသံသည် မီးကို ရေနှင့် ငြိမ်းလိုက်သည့်အလား ရုတ်တရက် ငြိမ်သက်၍ သွားလေရာ ကျွန်ုပ်တို့လည်း ပုလိပ်မင်းကြီးမစ္စတာရောဘတ် ရောက်လာပြီအထင်နှင့် ကိုယ်ရှိန်သတ်ရန် ပြင်ဆင်လိုက်ရင်း အပေါက်ဝသို့ လှည့်ကြည့်လိုက်လေသည်။

ထိုအခါ ကျွန်ုပ်တွေ့လိုက်ရသည်ကား အပေါက်ဝတွင် အလင်းရောင်ကို ကျောပေးရပ်နေသော ပခုံးကားကား၊ အရပ်မြင့်မြင့်၊ သက္ကလပ်ဦးထုပ်တစ်လုံးဆောင်းထားသည့် ယောကျ်ား တစ်ဦး ပုံရိပ်ဖြစ်နေလေသည်။

"ဟာ ကိုရဲခေါင် ပြန်လာပြီဗျို့"

ကျွန်ုပ်လိုပင် မြင်လိုက်သော ကိုထွင်ကြီးက ဝမ်းသာအားရ ပြောလိုက်စဉ်မှာပင် ကိုရဲခေါင်သည် အပေါက်ဝမှ ကျွန်ုပ်စားပွဲရှိရာသို့ မနှေးလွန်း အမြန်လွန်း၊ မစိတ်လွန်း မကြဲလွန်းသော ခြေလှမ်းများဖြင့် မိမိပိုင် ရွှေဂူထဲသို့ လှမ်းဝင်လာသည့် ကေသရာဇာ ခြင်္သေ့မင်း၏ ခြေလှမ်းမျိုးဖြင့် လှမ်းဝင်လာလေရာ ကျွန်ုပ်တို့နှစ်ဦးသာ မဟုတ်၊ သူ့ကို မလိုလားဘူးဆိုသော ကိုစိန်လင်းတို့ လူစုကိုယ်တိုင်ကပင် ငေးကြည့်နေရလောက်အောင် ခံ့ထည်ကြည့်ကောင်းကာ ထိုခဏ၌ သူ့ရှူးဖိနပ်နှင့် ကြမ်းပြင်ထိသည့် တဒေါက်ဒေါက် အသံကသာ တစ်ခန်းလုံးကို စိုးမိုးမင်းမူ၍ နေလေတော့၏။





ကိုရဲခေါင်သည် ကျွန်ုပ်စားပွဲရှေ့ရောက်သောအခါ ဦးထင်ကြီး၏ဘေးမှ လွတ်နေသော ကုလားထိုင်တစ်လုံးတွင် ထိုင်လိုက်ရင်း စကားမဆိုသေးဘဲ သူ့ကုတ်အင်္ကျီအိတ်ထဲမှ ရွှေနားကွပ်ထားသည့် ငွေစီးကရက်ဘူး (အိန္ဒိယနိုင်ငံ မဟာရာဂျာတော်ဘွားတစ်ဦးက လက်ဆောင်ပေးထားခြင်း ဖြစ်သည်။) ကို ထုတ်ယူကာ အထဲမှ သူသောက်နေကျ ဒုနေဗီကတ် စီးကရက်တစ်လိပ်ကို နှိုက်ကာ နှုတ်ခမ်းထောင့်ကွေးတွင် တပ်၍ မီးညှိရှိုက်ဖွာလိုက်လေသည်။

ခံ့ညားသော သူ၏မျက်နှာမှာ အလိုမကျသောအခါ သူပြုမူတတ်သကဲ့သို့၊ နက်မှောင်သော အလယ်မျက်ခုံးစွန်းကလေးများ မသိမသာ ကွေးတွန့်နေသဖြင့် ပို၍ပင် တည်ကြည်နေတော့၏။ ကျွန်ုပ်ကပင် စတင်ကာ...

"ခင်ဗျားကြည့်ရတာ တစ်ခုခုအလိုမကျ ဖြစ်လာသလိုပဲ"

ဟု ပြောလိုက်၏။ ဆားပုလင်းရဲခေါင်က ကျွန်ုပ်ကို ပြန်ကြည့်ရင်း...

"ကျွန်တော်နဲ့ မတွေ့တဲ့ တစ်ပတ်အတွင်းမှာ အိုင်ပီတောင် တော်တော်ဟုတ်လာပြီပဲ။ ကျွန်တော် အလိုမကျဘူးဆိုတာကတော့ ကျွန်တော့်မျက်ခုံးတွန့်နေတာ ကြည့်ပြီး ကောက်ချက်ချလိုက်တာ ဖြစ်မယ်။ ဒါကတော့ မဆန်းလှပါဘူး။ ကျွန်တော်နဲ့ အိုင်ပီတို့ တွဲလာတာ ကြာပြီဆိုတော့ ဒီလောက် လူရိပ်လူကဲတော့ ခတ်တတ်နေပြီပေါ့။ ကဲ ကျွန်တော့်တဲ့ အပိုင်းကလေးဘေ ကြည့်ပြီး အိုင်ပီမြင်သလောက် ပြောပါဦး။ မှန်ရင် အိုင်ပီတို့ နှစ်ယောက်ကို ရှိုင်ရယ်ဟိုတယ်မှာ



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် မနက်စာ ကျွေးမယ်"

ဟု စိန်ခေါ်လိုက်လေသည်။

ဆားပုလင်းရဲခေါင်၏ ချီးကျူးစကားမျိုးကို ကြားရရန်မှာ နတ်ပြည်မှ အပ်တစ်စင်းနှင့် လူ့ပြည်မှ အပ်တစ်စင်းတို့ ထိဖို့ ခက်ခဲလှသလိုပင် ခက်ခဲလှသည့်အရာဖြစ်ရာ ကျွန်ုပ်ကလည်း ဘဝင် အနည်းငယ် မြင့်ချင်၍သွားသည်။

"ကိုရဲခေါင်၊ ကျုပ်လည်း မညံ့ပါဘူး။ ခင်ဗျား အစွမ်းပြပါစေဆို၊ စီအိုင်ဒီမှာ လျှော့ပေးထားတာပါ။ လက္ခဏာဟာ ဗိုခြေ တစ်ထောင် လေးတဲ့လေးကို သူလည်း တင်နိုင်ပါလျက်နဲ့ ရာမအတွက် လျှော့ပေးခဲ့သလိုပေါ့"

"ကဲ အိုင်ပီ ပြက်လုံးပဲ ထုတ်နေတော့မှာလား"

"ဒါဖြင့် အတည်ပြောမယ်၊ ခင်ဗျား ဒီနေ့ပဲ ရန်ကုန်ပြန်ရောက်တယ်။ ရောက်တာနဲ့ အိမ်တန်းပြန်သွားတယ်။ ပြီးမှ ဒီကိုလာတယ်။ ဘာဖြစ်လို့ ဒီလိုပြောနိုင်သလဲဆိုတော့ ခင်ဗျားမှာ အနုဝန်စည်စလွယ်အထုပ်အပိုးတွေပါမလာလို့ပဲ။ နောက်တစ်ချက် ပြောလိုက်ဦးမယ်။ ခင်ဗျားရဲ့ ပုံက အလိုမကျတဲ့ပုံပေါ်နေတော့ ခင်ဗျားသွားခဲ့တဲ့ အမှုက ပြီးပြတ်ခဲ့တဲ့ပုံ မပေါ်ဘူး"

"အင်း နည်းနည်းပါးပါးပဲ လွဲပါတယ်"

"ဘယ်လောက်လဲ"

ဦးထင်ကြီးက ဝင်ထောက်လိုက်၏။

"တစ်ကောင်လောက်တည်းပါ"





ဟု ကိုရဲခေါင်က ပြောသောအခါ သူက ဟားတိုက် ရယ်သည်။

"ကျွန်းပြန်ကြီး ဗဟိန်းကိစ္စက ပြီးပြတ်သွားပါတယ်အိုင်ပီ၊ သူလည်း သေသွားပြီ။ သူ့တပည့် နဂါးမောက်ဂိုဏ်းဝင်တချို့လည်း ဖမ်းဆီးမိခဲ့တယ်"

"ဟာ ဒီလောက် အောင်မြင်မှုတွေ ရခဲ့တာတောင် ခင်ဗျားက ဘာလို့ အလိုမကျဖြစ်နေရတာလဲ"

"အလိုမကျဖြစ်ရတာပေါ့။ ဒီအောင်မြင်မှုတွေက ကျွန်တော် ရခဲ့တာမှ မဟုတ်ဘဲ"

"ဒါဆို…"

"ဟုတ်တယ်။ တခြားတစ်ယောက်က ဝင်ဆောင်ရွက်သွားတာပဲ"

"ဘယ်သူလဲ…"

"ကျွန်တော်လည်း မသိဘူး။ တစ်ဂိုဏ်းလုံးကို တစ်ယောက်တည်းနဲ့ ဖြိုခွင်းနိုင်တယ်ဆိုတော့ ခပ်ပေါ့သေးသေး လူတော့ ဟုတ်ဟန်မတူဘူး။ ဒီကိစ္စက ကိုယ်နဲ့လည်း မဆိုင်တော့ဘူး။ အဲဒါကြောင့် ပြန်လာခဲ့တာပဲ"

"ပထမကောက်ချက်ကတော့ မှန်တယ်မဟုတ်လား"

"ဒါလည်း မှားတာပဲ။ ဘူတာက ဆင်းတာနဲ့ ကျွန်တော် ဒီကို တန်းလာခဲ့တာ၊ ကျွန်တော့်ဝန်စည်စလယ်တွေကိုတော့ ဘူတာမှာရှိတဲ့ ကျွန်တော့်ကောင်လေးမှာ စိတ်တလုံးကို အိမ်ပြန်ပို့ခိုင်းလိုက်


www.burmeseclassic.com

www.burmeseclassic.com



တယ်။ နယ်မှာ တစ်ပတ်လောက် သွားနေလိုက်ရတော့ ရန်ကုန်က အစားအသောက်ကောင်းတွေ သတိရနေတယ်။ အိမ်ပြန်နေရင် မနက်စာ စားချိန် လွန်သွားမှာစိုးလို့ ဒီကို တန်းလာခဲ့တာပဲ"

ဟစ်တစ်လုံး ဆိုသည်မှာ ကိုရဲခေါင်ဖွဲ့ထားသော ပျံကျ အလုပ်သမား ကလေးအလွတ်စုံထောက်အဖွဲ့မှဖြစ်သည်။ သူတို့သည် တိုလီမိုလီရောင်းကြသည်။ တောက်တိုမယ်ရ အလုပ်ကလေးတွေလုပ်ကြသည်။ နေရာဒေသအနှံ့ကို ရောက်သည်။ သူတို့ကို ဘယ်သူကမှ ဂရုတစိုက် မရှိလှဘဲ နေရာမရွေးဝင်ထွက်ကာ လိုချင်သော သတင်းအနံ့ကို ခံနိုင်သည်။ ကိုရဲခေါင်က သူ့အဖွဲ့ကို "ဂုဏ်သရေရှိ လူကလေးမင်းများအဖွဲ့"ဟု အမည်ပေးထားလေ၏။

"အင်း ဒီလိုဆိုတော့ ကျုပ်ကပဲ ကျွေးရဦးတော့မှာပေါ့"

ဟု ကျွန်ုပ်လည်း ညည်းလိုက်မိသည်။ ဆားပုလင်းရဲခေါင်က

"တစ်ပတ် ကြာနေရာက ပြန်ဆုံတဲ့ အထိမ်းအမှတ်နဲ့ ကျွန်တော်ကပဲ ကျွေးပါ့မယ်"

ဟုပြောသဖြင့် ကျွန်ုပ်လည်း ဝမ်းသာအားရဖြစ်ကာ သူတို့နှစ်ယောက်ကို တင်ဆောင်၍ ကျွန်ုပ်၏ ကားစုတ်ကလေးကို ရှိုင်ရယ်ဟိုတယ်သို့ မောင်းခဲ့လေတော့သတည်း။

*

လူစိတ်သဘောကား အင်မတန် ဆန်းကြယ်၏။ ဥပမာ ကျွန်ုပ်တို့ စီအိုင်ဒီမှ စုံထောက်များသည် အမှုအခင်းနည်းပါး၍ အလုပ်အကိုင်မရှိကြသော ပျင်းရိငြီးငွေ့လာကာ အလုပ်မျှော်ကြ၏။ အသုဘကား ငှားစီးသူများ၊ ခေါင်းရောင်းဝယ်သူများ အရောင်းအဝယ်ပါးသောအခါ၊ ဝယ်သူမျှော်သကဲ့သို့ပင် မလုပ်ကောင်းသော အလုပ်ဖြစ်၏။

လူသတ်မှု၊ ဓားပြမှု စသည်ဖြင့် အမှုအခင်းနည်းပါးခြင်းမှာ လူထုအဖို့ အေးချမ်းငြိမ်းအေးခြင်းဖြစ်၍ ကောင်းသော အလုပ်ပင် မဟုတ်ပါလား။ အမှုအခင်းကြီးများနှင့်ကြုံရလျှင် ကျွန်ုပ်တို့ လူစုသည် ဖင်မနိုင်ဘဲ ပဲကြီးဟင်းသောက်သကဲ့သို့ ပုလိပ်မင်းကြီး၏ အဟိန်းအဟောက်ကို နေ့စဉ်နှင့်အမျှ ခံကြရာ နောင်ဆို အမှုအခင်းမပေါ်ပေါက်ပါစေနှင့်ဟု ကျိတ်၍ ဆုတောင်းကြ၏။ ကျွန်ုပ်တို့အား ဤဒုက္ခထဲမှ ကယ်တင်နိုင်သူကား ဆားပုလင်းရဲခေါင်တစ်ယောက်သာ ရှိလေသည်။

ယနေ့လည်း ကျွန်ုပ်နှင့် ဦးထင်ကြီးသည် ဆားပုလင်းရဲခေါင် စားပွဲဆီသို့သွားကာ စကားလက်ဆုံကျလျက် ရှိ၏။ စကားလက်ဆုံကျသည်ဟု ဆိုသော်လည်း ဗဟုသုတကြွယ်ဝလှသော ဆားပုလင်းရဲခေါင်ပြောသမျှကို ကျွန်ုပ်တို့မှာ ခေါင်းညိတ် ထောက်ခံရုံလောက်သာ တတ်နိုင်သူများဖြစ်ကြောင်း ရှက်ရှက်နှင့် ဝန်ခံရပေတော့မည်။

ယခုလည်း ကိုရဲခေါင်ဖတ်နေသော အင်္ဂလိပ်လိုရေးသားထားသည့် (Reincarnation. An East West Anthology) စာအုပ်ကြီးကို အကြောင်းပြုကာ လူဝင်စားကိစ္စများကို ပြောဆိုဆွေးနွေးနေကြခြင်းဖြစ်သည်။ ဆားပုလင်းရဲခေါင်ကား အချိန်ကို အလဟဿအကုန်ခံတတ်သူမဟုတ်သဖြင့် အလုပ်မရှိလျှင် အသိအမြင်တိုးပွားရေးဖြစ်







www.burmeseclassic.com

www.burmeseclassic.com



ကြောင်း စာအုပ်စာပေများကို ဖတ်ရှုနေတတ်သူဖြစ်၏။ သူကိုယ်တိုင်က ကျွန်တော်တက္ကသိုလ်ကို မရောက်ဖူးပါဘူးဟု ဝန်ခံပါလျက်နှင့် ကျွန်ုပ်တို့ ကိုဖိုးခင်ကြီးတို့ကဲ့သို့ ရန်ကုန်တက္ကသိုလ်ကျောင်းထွက်များပင် နားလည်ရန်ခက်ခဲသော လေးနက်သည့် ဂမ္ဘီရကျမ်း၊ ဒဿနကျမ်း၊ နက္ခတ်ဗေဒကျမ်း၊ ရှေးဟောင်းသုတေသနပညာရပ်ဆိုင်ရာစာအုပ်ကြီးများ အင်္ဂလိပ်လိုရေးသားထားသည်ကို အလွယ်တကူဖတ်ရှုနေသည်ကို တွေ့ရသောအခါ မချီးမွမ်းဘဲ မနေနိုင်အောင် ဖြစ်ရပြန်တော့သည်။

"သံသရာဆိုတာ ရှိတယ်။ သတ္တဝါတွေဟာ တစ်ဘဝကနေတစ်ဘဝ ကူးပြောင်းနေကြတယ်ဆိုတာကို ဘာသာအတော်များများက လက်ခံယုံကြည်ထားကြပါတယ်။ ဘာသာတရားမပေါ်ပေါက်ခင် လူပေါ်ထွန်းစ ကမ္ဘာဦးခေတ်နှောင်းပိုင်းကာလကတည်းက ဒီ အယူအဆရှိခဲ့တယ်လို့ ရှေးဟောင်းသုတေသနပညာရှင်တွေက ကျောက်ဂူထဲက နံရံဆေးရေးပန်းချီကားတွေကြည့်ပြီး ကောက်ချက်ချခဲ့ကြတယ်။ အင်မတန်နာမည်ကြီးတဲ့ မိမီရုပ်တုဖြစ်တဲ့ အီဂျစ်က ဖာရိုးဘုရင်ကလေး တူတန်ခမန်ကိုတော့ အိုင်ပီတို့ ကြားဖူးမှာပေါ့။ သူဟာ ကျွန်တော်တို့ ဂေါတမမြတ်စွာဘုရား မပွင့်ထွန်းမီ ကာလထက် အနှစ် (၈၀၀)စောတဲ့အချိန်မှာ နန်းစံခဲ့တာ။ သူ့အလောင်းမြှုပ်ထားတဲ့ ဂူနံရံမှာ "ငါသည် ယမန်နေ့ကို တွေ့ခဲ့ပြီ။ နောင်တစ်နေ့ကိုလည်း ငါသိ၏လို့ ရေးထားတယ်။ အီဂျစ်ကျောက်စာဆိုတာ အရုပ်စာတစ်မျိုးပါ။ Hieroglyphis လို့ ခေါ်တယ်။ အဲဒီက ကျောက်ပြားပေါ်မှာ ထွင်းထု





ထားတဲ့ (Book of Dead) ခေါ်တဲ့ မှတ်တမ်းစာအုပ်မှာ ဘီနူဆိုတဲ့ ငှက်ရဲ့ ပုံသဏ္ဍာန်ကို တွေ့ရတယ်။ အဲဒါက လူတို့ မွေးသေရာကပြန်လည်ရှင်သန်တဲ့သဘောကို ပြတဲ့သင်္ကေတပဲ။ ရှေးအင်မတန်ကျတဲ့ ဟိန္ဒူဝါဒနဲ့ ဥပနိသျှဒ်ကျမ်းတွေမှာလည်း သတ္တဝါဟာ ဘဝပေါင်းများစွာ ကျင်လည်ရတဲ့အကြောင်း ဖော်ပြထားတယ်။ အနောက်တိုင်းမှာ ဒီအယူအဆကို ဖြန့်ဖြူးတာက ဂရိက ပိုင်သာဂိုးရပ်စ်ပဲ။ သူက အိန္ဒိယမှာ ပညာသင်ဖူးတဲ့ ဗြဟ္မာတစ်ဦးပါ။ နာမည်ကျော် ဆရာကြီး ပလေးတိုးကလည်း ဘဝဆက်သံသရာအကြောင်းကို ပြောပြဆိုခဲ့တယ်။

ကျွန်ုပ်တို့နားထောင်ကောင်းကောင်းနှင့် နားထောင်နေစဉ် ဆားပုလင်းရဲခေါင်သည် စကားစဖြတ်ကာ ရွှေနားကွပ်ငွေစီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို မီးညှိနေစဉ် ဆတ်တင့်တင့်ဖြစ်နေရလေသည်။ မနေနိုင်တော့သော ဦးထင်ကြီးက–

"ကဲ ဆက်ပြောစမ်းပါဦး ကိုရဲခေါင်ရဲ့"

"ပါးရှား အခုတော့ အီရန်ခေါ်နေကြတဲ့ ဆီမှာလည်း ဘီစီ တစ်ထောင်လောက်ကတည်းက "ဇိုရိုးစတား"ခေါ်တဲ့ ဘာသာတရားထွန်းကားခဲ့တယ်။ အဲဒီမှာလည်း လူသေရင်လူ ဒါမှမဟုတ် အခြားဟာဖြစ်တယ်လို့ ယူဆချက်တွေပါတယ်။ လူနဲ့ တိရစ္ဆာန်ဘဝတွေ အပြန်အလှန်ကူးပြောင်းနေကြတာကိုတော့ Transmigration လို့ ခေါ်တယ်။ လက်ကင်အမေရိကမှာ ရှေးက အခြေချနေထိုင်ခဲ့ကြတဲ့ မာယာ၊ အင်ကာ၊ အက်ဇတက်စတဲ့လူမျိုးတွေလည်း ဒီအယူအဆကို



www.burmeseclassic.com

www.burmeseclassic.com



လက်ခံကြတယ်။ ပြောရမယ်ဆို အရှည်ကြီးပေ့ါဗျာ။ လူဝင်စားဆိုတာ အိုင်ပီတို့ ယုံကြည်ကြသလား"

"မယုံလို့ ဖြစ်မလား။ ကျုပ်တို့က ဗုဒ္ဓဘာသာဝင်တွေ။ ဘုရားက သံသရာနဲ့ သံသရာလွတ်မြောက်ကြောင်းတရားကို ဟော ထားတာပဲ"

"လူဝင်စားဆိုတာရော"

"ဒါလည်း ဖြစ်နိုင်တာပေ့ါ။ အရပ်ထဲမှာ ပြောဆိုနေတာ ကြားဖူးတာပဲ"

"ဒီလောက် ပေ့ါပေ့ါဆဆ မပြောနဲ့ အိုင်ပီရဲ့။ အင်မတန် လေးစားထိုက်ပြီး ဒီပနီပေါင်းများစွာ ပြုစုခဲ့နေတဲ့ လယ်တီဆရာတော် ဘုရားကြီးက သူ့ရဲ့ နိုင်ငံခြားပုစ္ဆာအဖြေပေါင်းချုပ်ကျမ်းထဲမှာ...

(လူဝင်စားဟူသည် အသီးအခြားတစ်ပါးတစ်မျိုးမဟုတ်။ လူ့ဘဝသို့ ရောက်လာကြသူအပေါင်းတို့တွင် ရှေးဘဝကို ပြန်၍ သိနိုင်သူ အနည်းငယ်မျှရှိကြ၏၊ ထိုသူတို့ကို လူဝင်စားဟုခေါ်ကြ၏။) လို့ အတိအလင်း အခိုင်အမာ ဆုံးဖြတ်ချက်ပေးထားတယ်" ဟု ပြတ်ပြတ်သားသား ပြော၏။ သူကား လိုအပ်လျှင် အတိအကျ ကိုးကားနိုင်အောင် စာကြေသူဖြစ်၏။

"ဟုတ်တယ်။ ဒီလိုကိစ္စမျိုးတွေ ကျုပ်လည်း ကြားဖူးတယ်။ ကျိုက်ထိုမှာနေတဲ့ ကျုပ်အမျိုးတွေ ပြောဖူးတယ်။ သူတို့မြို့မှာ ဦးစံရှားနဲ့ ဒေါ်ရွှေဆိုတဲ့ လင်မယားနှစ်ယောက်ရှိတယ်တဲ့။ သူတို့မှာ သမီးနှစ်ယောက် ရှိတယ်။ အကြီး မကြွင်ဥက စက်ချုပ်တယ်။





အငယ် မမြရင်ကတော့ ခြောက်နှစ်ပဲ ရှိသေးတော့ အိမ်မှာပဲနေ တယ်။ ၁၉၃၀ ခုနှစ် (မေလ ၅ ရက်နေ့ ဖြစ်သည်။) ပဲခူးမှာ ငလျင် အကြီးအကျယ်လှုပ်တော့ (ရွှေမော်ဓောဘုရားထီးတော်ကြီး မြေခနဲ့ သည်။ ယခုတိုင် သွားကြည့်ပါက စေတီရင်ပြင်တော်ပေါ်တွင် မြင် တွေ့နိုင်သေးသည်။) နောက်နေ့ အဲဒီအကြောင်းတွေ သတင်းစာမှာ ပါလာတယ်။ (ထိုစဉ်က ရေဒီယို မပေါ်သေးပါ။) အဲဒီအကြောင်း တွေကို အိမ်နီးနားချင်းတစ်ယောက်က ဖတ်ပြတော့ မမြရင် ကလေး ဟာ "အမယ်လေး၊ ကျွန်မအမေနဲ့အစ်မတွေ သေကုန်ပါပြီ" လို့ အော် ငိုတယ်တဲ့။ ပထမတော့ လူတွေ ကြောင်နေကြတယ်။ နောက်မှ အတိတ်ဘဝက သူ့မိဘတွေကို ပြောမှန်းသိရတယ်"

ကျွန်ုပ်မှာ ဦးထင်ကြီးစကားကို စိတ်ဝင်စားသဖြင့် အသက် ရှူရန်ပင် မေ့လျော့နေလေသည်။

"သူ့ကို မေးတော့မှ အရင်ဘဝက ကျွန်မနာမည်က မစမ်း မေ။ ကျွန်မအဖေနဲ့ အမေက ဦးဘနိုင်နဲ့ ဒေါ်အေးကျင်၊ ပဲခူး ပန်းလှိုင်ဈေးနားမှာနေပြီး ဆေးလိပ်ခုံထောင်တယ်။ ကျုပ်တို့အိမ်က နှစ်ထပ်အိမ်၊ ခေါင်းရင်းပြတင်းပေါက်ကနေ ကြည့်လိုက်ရင် ဘုရား ကြီးကို မြင်နေရတယ် စသဖြင့် အတိအကျပြောပြီး ပဲခူးကို လိုက်ပို့ ခိုင်းတယ်တဲ့။ ဟိုရောက်တော့လည်း သူပြောတာတွေက အမှန်တွေ ဖြစ်နေတယ်တဲ့"

(ဤအဖြစ်အပျက်မှာ တကယ့်အဖြစ်အပျက်ဖြစ်ပါသည်။ အကျယ်သိလိုသူများသည် ဆရာကြီးဦးဝင်းမောင်၏ "ဘဝအိုးအိမ်



www.burmeseclassic.com

www.burmeseclassic.com

အကြိမ်ကြိမ်" စာအုပ်တွင် ရှာဖွေဖတ်ရှုနိုင်ပါသည်။ စာရေးသူ။)

ဆားပုလင်းရဲခေါင်အား…

"လူသေလို့ လူပြန်ဖြစ်တိုင်း၊ လူဝင်စားတိုင်းဟာ ဒီလို မမှတ်မိနိုင်ပါဘူး။ ဒီလို အတိတ်က ဖြစ်ရပ်တွေ၊ ပစ္စည်းတွေ၊ နေရပ်တွေ၊ လူတွေ စတာတွေကို မှတ်မိနေတာကိုတော့ Retrocognition လို့ ခေါ်တယ်။

ဟု ရှင်းပြလေသည်။

ထိုနေ့က စကားကောင်းနေသဖြင့် ကျွန်ုပ်တို့ သုံးယောက်မှာ နေ့လယ်စာကို အချိန်လွန်မှသာ စားလိုက်ကြရပေတော့သည်။



## ၂။ သွေးစွန်းနေသော နှင်းဆီ

နောက်တစ်နေ့ ကျွန်ုပ်တို့ ရုံးရောက်သောအခါ ပြဿနာက စောင့်ကြိုနေလေသည်။ အင်းစိန်စီအိုင်ဒီရုံးနှင့် မဝေးလှဟု ဆိုနိုင်သော အင်းစိန်ကမ်းနားအနီး ခြံတစ်ခြံတွင် လူသတ်မှုတစ်ခု ဖြစ်ပွားခြင်း ဖြစ်သည်။ ပုလိပ်မင်းကြီးက ဒေါသူပုန်ထ၍ နေ လေသည်။

"ကျုပ်တို့ရုံးနဲ့ ဒီလောက် နီးနီးကလေးမှာတောင် လူလာသတ်သွားတယ်ဆိုတာ ကျုပ်တို့ စုံထောက်အဖွဲ့ကြီးတစ်ခုလုံးကို မထီလေးစား လုပ်ပြီး စိန်ခေါ်တာပဲ။ မောင်မင်းတို့။ နောက်ဆိုရင် ကျုပ်ငယ်ထိပ်ပေါ်တက်ပြီး ရာဇဝတ်မှု ကျူးလွန်ဖို့ပဲ ရှိတော့တယ်။ ဒီတော့ ဒီအမှုကို မောင်မင်းတို့ ကိုယ်တိုင်သွားစစ်ဆေးပြီး တရားခံကို အမြန်ဆုံး ဖမ်းမိအောင် ဆောင်ရွက်ကြ"

ဟု အမိန့်ပေးလေတော့သည်။ တစ်ခုတော့ ကောင်းသလို ရှိသည်။ အပူတပြင်းလုပ်ကိုင်ဆောင်ရွက်ရန် ကိစ္စမရှိသဖြင့် မြင်းရိ

www.burmeseclassic.com

www.burmeseclassic.com



လေးဖင့်နေသော ကျွန်ုပ်တို့ လူစုမှာ အခုတော့ လှုပ်ရှားသွက်လက်၍ရတော့သည်။ အသံပြာကိုစန်းလွင်တို့ လူစုမှာ ဂျော့ဘုရင်မင်းမြတ်၏ ထွေးခံပျောက်ဆုံးမှုကို ကိုင်တွယ်ရသည့်အလား ဂုဏ်ယူဝင့်ကြွားကာ ရင်ကိုကော့၍ ထွက်သွားလေတော့သည်။ အမှန်တော့ အင်းစိန်ကမ်းနားက စိုက်ပျိုးရေးခြံတစ်ခြံမှ ယာသမားတစ်ယောက် အသတ်ခံရမှုမှာ၊ မစာမနာပြောရလျှင် သိပ်ကြီးကျယ် အရေးထားစရာကိစ္စ တစ်ခုမဟုတ်ချေ။

သို့သော် ကျွန်ုပ်တို့ စီအိုင်ဒီရုံးနှင့် နီးနေခြင်းက ထိုအမှုကို ပို၍ လေးနက်ကြီးကျယ်စေသည်ဟု ထင်ရလေတော့သည်။ ကျွန်ုပ်နှင့် ဦးထင်ကြီးနှင့် ကားကလေးနှင့် ထွက်မည့်အလုပ်တွင် သားပုလင်းရဲခေါင် ရုံးဝင်းထဲ လျှောက်လှမ်းဝင်လာတာ တွေ့ရသဖြင့်...

"လာဗျို့ ကိုရဲခေါင်၊ ခင်ဗျားရောက်လာတာနဲ့ အတော်ပဲ"

ဟုဆိုကာ ကားပေါ် တင်ခေါ်ခဲ့ရလေ၏။ အင်းစိန်ကမ်းနားလမ်းသို့ မကြာမီပင် ရောက်ရှိသွားရာ ထိုနေရာသည်ကား ကျွန်ုပ်ကိုယ်တိုင်ပင် မရောက်ဖူးလောက်အောင် ခေါင်သည့်ဒေသဖြစ်ကာ ခြံကျယ်ကြီးများဖြင့် ဂေါ်ဖီ၊ ဆလပ်၊ မုံလာစသဖြင့် ယာလုပ်ငန်းလုပ်သည့် သူတို့သာ နေထိုင်လေ့ရှိသော နေရာဖြစ်လေသည်။

ခြံထဲဝင်ရောက်သွားသောအခါ ခြံတစ်ဖက်ထောင့်စွန်းတွင် ကိုစန်းလွင်တို့လူစု စုဝေးနေတာ မြင်ရသဖြင့် ထိုနေရာသည်ပင် လူသတ်မှုဖြစ်ပွားရာနေရာဖြစ်သည်ဟု ယူဆကာ ကျွန်ုပ်တို့ သုံးယောက် လျှောက်လာခဲ့ကြလေသည်။ တွေးထင်ထားသည့်အတိုင်း





လည်း မှန်ပေသည်။ အပေါ်ပိုင်းဗလာနှင့် ပုဆိုးကြမ်းကြမ်းကို ခပ်တိုတို ဝတ်ထားသည့် အသားညိုညို တုတ်ခိုင်ခိုင် လူတစ်ယောက်သည် တဲရှေ့မြေပြင်တွင် ပက်လက်လန်လဲကျကာ သေဆုံးနေ၏။

သူ့နဖူးတွင် အပေါက်ကလေးတစ်ပေါက်ဖြစ်နေကာ ထိုအပေါက်ကလေးမှ ယိုစီးထွက်လာသော သွေးများကား သွေးစီးကြောင်းအလိုက် ခဲလျက်ရှိလေသည်။ သူ့မျက်လုံးများက အံ့ဩထိတ်လန့်မှု ဝေဒနာဖြင့် ပွင့်၍နေ၏။ သားပုလင်းရဲခေါင်သည် ကျွန်ုပ်တို့ ခေါ်လာစဉ်က ဤအမှုကား သာမန်လူသတ်မှုမျှသာ ဖြစ်သည်၊ စိတ်ဝင်စားမှုမရှိဟူသော အမူအယာဖြင့် အေးတိအေးစက်ဖြစ်နေခဲ့သော်လည်း ယခုအခါမှာတော့ သားကောင်အနံ့ ရသည့် အမဲလိုက်ခွေးပမာ တောက်ပြောင်သော မျက်လုံးများဖြင့် အလောင်းကို စေ့စပ်စွာ ကြည့်ရှုစစ်ဆေးနေသည်။ ကိုစန်းလွင်က–

"သိပ်အရေးကြီးတဲ့အမှုမဟုတ်ပါဘူး ကိုရဲခေါင်ရယ်၊ မိတ်ဆွေတစ်ယောက်နဲ့ အရက်အတူသောက်မယ်၊ ပြီးတော့ စကားများရန်ဖြစ်သတ်သွားတာပဲ။ နီးနားတစ်ဝိုက်က ခြံသမားတွေကို ဖမ်းပြီး တစ်ယောက်စီရိုက်စစ်လိုက်ရင် ချက်ချင်းတရားခံပေါ်လာမှာပါ"

ဟု သူ၏ အသံပြာပြာနှင့် ဆိုလေသည်။ ဘိလပ်ပြန် ဆရာဝိန်ကမူ သူ၏ ပိန်လှီလှသော လက်ချောင်းများကို ဝှေ့ကာ ဝဲကာဖြင့်

"အိုင်ဆေး...ဒီအမှုက ဒီလောက် မလွယ်ဘူးထင်တယ် ကိုစန်းလွင်။ ကျွန်တော် စကော့တလန်ယဒ်မှာ သင်ခဲ့ရတဲ့ ပညာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြောရမယ်ဆိုရင် ဒီလက်သည်တရားခံဟာ ခင်ဗျားပြောသလိုသာ ယာသမားတစ်ယောက်မဟုတ်ဘဲ လှပတဲ့ မိန်းကလေးတစ်ဦး ဖြစ်မယ်။ ဟောဒီမှာကြည့်ပါလား။ ဒီအလောင်းဘေးမှာ တွေ့ရတဲ့ သွေးစွန်းနေတဲ့ နှင်းဆီဟာ သတ်သွားတဲ့ တရားခံမိန်းကလေးရဲ့ ခေါင်းက ပြုတ်ကျကျန်ခဲ့တာပဲ ဖြစ်ရမယ်။

မှန်ပါသည်။ အလောင်းဘေးတွင် နှင်းဆီအနီ တစ်ပွင့်ရှိနေသည်ကို အားလုံးပင် မြင်တွေ့နေပါသည်။ ယာခင်း၊ စုတ်ခြာသောတဲ၊ ကြမ်းတမ်းသော လူ၊ နှင့် ညှို့လိုနူးညံ့လှပသည့် နှင်းဆီသည် မည်ကဲ့သို့ ဆက်သွယ်လေသနည်း။ သို့သော် ဆရာပိန်၏ ကောက်ချက်ကား ကိုစန်းလွင်၏ ကောက်ချက်ထက် ပိုမိုနီးစပ်မည်ဟု ယူဆမိလေသည်။

သို့သော် ထိုခေတ်အခြေအနေအရ မိန်းမတစ်ယောက် သေနတ်ကို ကိုင်တွယ် အသုံးချဖို့ကိစ္စမှာ ခက်ခဲလှသည်။ အထူးသဖြင့် နဖူးတည့်တည့်ကို မှန်အောင် ပစ်နိုင်ဖို့ကား ပို၍ ခက်ခဲလှလေသည်။ သူတို့၏ ၏အုပ်စုထဲမှာ ကြောင်နှုတ်ခမ်းမွေးနှင့် ကိုလက်ဂျာ ကမူ...

"သေသူရဲ့ မျက်လုံးဟာ ပြူးကျယ်နေတာ၊ ဒါဟာ အကြောက်လွန်နေတာကိုပြတာ။ ဒီလူဟာ တစ္ဆေခြောက်လို့ သေတာပဲ ဖြစ်မယ်။ ခင်ဗျားတို့ သူဘယ်ဘယ်လက်ကို ကြည့်၊ လက်ညှိုးတွေနဲ့ မြေပြင်ပေါ်မှာ ရေးသွားတဲ့ စာကို တွေ့ရမယ်။ ဖတ်ကြည့်ကြပါဦး။ တစ္ဆေတဲ့။ ဒါက သေတဲ့သူက သတင်းလာပေးသွားတာပဲ။ ဒီလို





ခြံကြီးတွေ ယာကြီးတွေမှာ တစ္ဆေရှိတတ်တယ်လို့လည်း ကျုပ် ကြားဖူးတယ်။ အခုတောင် ပြောရင်းနဲ့ ကြက်သီးထလာပြီ။ အဲဒီတော့ အလုပ်ရှုပ်ခံမနေနဲ့ အားလုံးပြန်ကြမယ်။ မင်းကြီးနဲ့ တွေ့ပြီး တစ္ဆေခြောက်လို့ သေတာပါလို့ ပြောလိုက်ရင် ကိစ္စ ပြတ်ကရော"

ကိုစန်းလွင်က

"အင်း...ကျုပ်မမြင်တဲ့အချက်ကို ခင်ဗျားမြင်တာကတော့ ချီးမွမ်းမိပါရဲ့။ ဒါပေမယ့် တစ္ဆေခြောက်လို့ သေတာတော့ မဟုတ်ဘူး။ သူ့နဖူးက အပေါက်ကလေးကို ခင်ဗျားဘယ်လိုရှင်းမလဲ။ ဒါ ကျည်ဆန်ဝင်သွားတဲ့ အပေါက်ဆိုတာ ထင်ရှားတယ် တစ္ဆေက ခြောက်လုံးပြူးကို အသုံးပြုသွားတယ်လို့တော့ မပြောနဲ့နော်။ ခင်ဗျားကို ပုလိပ်မင်းကြီးက အရူးထောင်ထဲ ဖမ်းထည့်ထားလိုက်လိမ့်မယ်" ဟု ဂိုက်ထုတ်ကာ လေလုံးထွား ပြောဆိုလိုက်လေသည်။ ဘိလပ်ပြန် ဆရာ့ပိန်က...

"ဒါဆိုရင် ဒီနှစ်ခုကို ဆက်စပ်ပြီး ခင်ဗျားဘယ်လိုကောက်ချက်ဆွဲယူမလဲ"

"လွယ်ပါတယ်။ သူမသေခင် တစ္ဆေလို့ ရေးသွားတာဟာ သူ့ကို သတ်တဲ့လူကို သွယ်ဝိုက်ပြီး အသိပေးသွားတာပဲ။ ဒီယာနဲ့ လေးငါးခြံကျော်လောက်မှာ အင်းစိန်မှာ တစ္ဆေခြောက်တယ်လို့ အင်မတန် နာမည်ကြီးနေတဲ့ အိမ်ကြီးတစ်လုံးရှိတာ လူအတော်များများ သိကြပါတယ်။ သူ့ကို သတ်သွားတဲ့လူက အဲဒီအိမ်ကြီးက ခြံစောင့်လူငယ်ပဲ။ သူ့ကို ဖမ်းလိုက်ရင် အမှုပြီးပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ရင်ကော့ကာ ပြောလေရာ ဘိလပ်ပြန်ဆရာပိန်က

"အင်း ကိုစန်းလွင် ကိုစန်းလွင်၊ တော်ရှာပါပေတယ်။ ကျုပ်လောက်နီးနီး တော်ရှာပါပေတယ်"

ဟု အသားလွတ်မှတ်ချက်ချ၍ နေလေသည်။ ကျွန်ုပ်နှင့် ဦးထင်ကြီးသည် ကိုစန်းလွင်တို့ လူစု၊ အထုပ်ရှုပ်နှင့် အလုပ်ရှုပ်နေသည်ကို ခေတ္တမျှ ငေးမောကြည့်နေစဉ် ဆားပုလင်းရဲခေါင်ကား အနီးတွင် တွေ့ရသော ခြေရာတစ်ခုအား ပေကြိုးတိုင်းခြင်း၊ အနီးရှိ တဲထရံပေါ်မှ ပေစွန်းနေသည့်အရာများအား သေချာစွာ ကြည့်ရှုနေခြင်း၊ ပတ်ဝန်းကျင်အား လှည့်ပတ်ကြည့်ရှုခြင်းတို့ တရစပ်ပင် ပြုလုပ်နေကာ ထိုသို့ ပြုလုပ်ပြီးသောအခါ အနီးခြံရှိ အလုပ်သမားတချို့အား သူသိလိုသော အချက်တချို့ကို မေးမြန်းသည်ကို တွေ့ရှိရလေသည်။

ကိုစန်းလွင်တို့လူစုကား တပျော်တပါးပင် ကားနဲ့ ပြန်ထွက်သွားကာ တာရွှေခြောက်သည် နာမည်ကြီးသော အိမ်ကြီးတွင်ရှိသည့် လူငယ်အား ဖမ်းဆီးခေါ်ဆောင်သွားကြလေတော့သည်။ ကိုရဲခေါင်က ခေါင်းညိတ်အချက်ပေးသဖြင့် ကျွန်ုပ်သည် စောင့်ဆိုင်းနေသော ပုလိပ်ကလေးများအား အလောင်းကို ဆေးရုံသို့ သယ်ယူခွင့် ပြုလိုက်လေသည်။

"နဂိုက ကျွန်တော်က သာမန်အမှုထင်ပြီး ပေါ့ပေါ့ဆဆ လိုက်လာခဲ့တာ၊ အခုတော့ တကယ့်အမှုကြီးနဲ့ တိုးရတော့မယ် ထင်တာပဲ။ အင်း ရေငတ်တုန်း ရေတွင်းထဲကျဆိုတာတာ ဒါမျိုးထင်ပါရဲ့"





ဟု ဆားပုလင်းရဲခေါင်က စီးကရက်ခဲရင်း ဆိုလေရာ ဦးထင်ကြီးက "အင်း ခင်ဗျားကတော့ လူတကာနဲ့ ဆန့်ကျင်ဘက်ပဲ။ ဘယ်စုံထောက်ကမှ ခက်ခက်ခဲခဲအမှုကို ရင်မဆိုင်ချင်ကြဘူးဗျ"

ပြောလိုက်၏၊ ဆားပုလင်းရဲခေါင်က ခပ်ယဲ့ယဲ့ပြုံးကာ...

"ဓားတွေဟာ အသုံးပြုပေးနေမှ ထက်တာမဟုတ်လား အိုင်ဗီရဲ့။ ကျွန်တော်တို့ စုံထောက်တွေလည်း ခက်ခက်ခဲခဲ ဖြေရှင်းရတဲ့ အမှုအခင်းတွေနဲ့ ရင်ဆိုင်ပြီး အတွေ့အကြုံ များလေ ပညာတိုးလေဆိုသလိုပေါ့"

ကျွန်ုပ်က...

"ကဲပါ ကိုရဲခေါင်ရယ်၊ ဒီအမှုကို ခင်ဗျားဘာကြောင့် စိတ်ဝင်စားသွားရတာလဲ လင်းစမ်းပါဦး"

ဟု မေးမြန်းလိုက်ရာ ကိုရဲခေါင်က

"အချက်နှစ်ချက်ကြောင့်ပဲ။ တစ်အချက်က သေတဲ့နေရာမှာ နှင်းဆီတစ်ပွင့် တွေ့ရတယ်။ နှစ်အချက်က ကျည်ဆန်ရာက နဖူးတည့်တည့်မှာ ရှိနေတယ်။ အညာကို ကျွန်တော် ကျွန်းပြန်ကြီး ဗဟိန်းကိစ္စနဲ့ သွားခဲ့တာ အိုင်ဗီတို့အသိ။ ညောင်ပင်သာရွာမှာ ဗဟိန်း အသတ်ခံရပြီးပြီးချင်း ကျွန်တော်ရောက်သွားတယ်။ အဲဒီအခါ သူ့အလောင်းမှာလည်း ခုလို နှင်းဆီနီတစ်ပွင့်တွေ့ရတယ်။ ပြီးတော့ သေနတ်ဒဏ်ရာကလည်း နဖူးက အပေါက်ကလေး ဖြစ်နေတယ်"ဟု ပြောလိုက်လေရာ ကျွန်ုပ်ရော ဦးထင်ကြီးပါ အံ့အားသင့်သွားကာ



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ခင်ဗျားဆိုချင်တာက လူသတ်သမားဟာ တစ်ယောက်တည်းဖြစ်ရမယ်လို့ ဆိုချင်တာလား"

"သေချာတာပေါ့။ ဒီလူသတ်မှုနှစ်ခုဟာ ဆက်နွယ်မှုရှိတယ်။ သေသူရဲ့ နာမည်က ကိုသာဒွန်းတဲ့။ သူ့ညာဘက် လက်မောင်းပေါ်မှာ အမောက်ထောင်နေတဲ့ နဂါးရုပ်ရှိတယ်။ ဒီလူဟာ နဂါးမောက်ဂိုဏ်းဝင်တစ်ယောက် ဖြစ်ရမယ်။ ဘေးခြံက လူတွေ မေးကြည့်တော့ စကားပြောရင် အညာသားအသံပေါက်တယ်တဲ့။ တစ်ရပ်ဒေသနဲ့တစ်ရပ်ဒေသ မတူတာ အိုင်ပီတို့လည်း သိမှာပေါ့။ ပြီးတော့ ခြံနီးနားချင်းတွေနဲ့လည်း သိပ်တရင်းတနီးမဆက်ဆံဘဲ တသီးတခြား နေတတ်တယ်တဲ့"

ဦးထင်ကြီးက မှတ်ချက်တစ်ခု ချသည်။

"လူသတ်သမားဟာ အတော်ရက်စက်ပုံတော့ ရတယ်ဗျ။ ဘာဖြစ်လို့လဲဆိုတော့ လက်နက်မဲ့တစ်ယောက်ကို လက်နက် အသုံးပြုပြီး သတ်ဖြတ်သွားလို့ပဲ"

"မဟုတ်ဘူးအိုင်ပီရဲ့။ သူတို့နှစ်ယောက် သေနတ်ချင်း ယှဉ်ပစ်ကြတာပဲ"

"ဒါဆိုရင် သေသူရဲ့ သေနတ်က ဘယ်ရောက်သွားသလဲ၊ သူ့လက်ထဲမှာလည်း မရှိဘူး၊ အနီးအနားက မြေပြင်မှာလည်း မတွေ့ဘူး"

ဟု ကျွန်ုပ်က ဝင်၍ အထွန့်တက်လိုက်ရာ...

"သူ့ဘေးက ရေအိုင်ထဲမှာ လွင့်စဉ်ကျနေတာပဲ။ ဟောဒီ





နေရာလေးမှာ နိုက်ရှာရင် တွေ့လိမ့်မယ်"

ဟု ရေကြည်ကြည်အိုင်ကလေးတွင် အနည်းငယ် ရွံ့နှစ်ထ၍ နောက်နေသည့် နေရာကလေးအား ညွှန်ပြပြောဆိုလေရာ ဦးထင်ကြီးက စမ်းနိုက်ရှာဖွေသောအခါ ဆားပုလင်းရဲခေါင်ပြောသည့်အတိုင်းပင် သေနတ်ကို တွေ့ရသဖြင့် ကျွန်ုပ်တို့လည်း သိမ်းဆည်းလိုက်ရလေတော့သည်။

"အင်း ကိုရဲခေါင် တွေးကြည့်တာက ပြေးကြည့်တာထက် မှန်နေပြီ"

"ဘာမှ ခက်တဲ့ကိစ္စလေးတွေ မဟုတ်ပါဘူး အိုင်ပီရယ်၊ မျက်စိရှင်ရှင်နဲ့ အကဲခတ်ပြီး ဆက်စပ်စဉ်းစားကြည့်တတ်ဖို့ပဲ လိုပါတယ်"

ဟု ဆားပုလင်းရဲခေါင်က မထူးခြားသော လေသံဖြင့် ဆိုလေသည်။ ထို့နောက် ကျွန်ုပ်တို့သည် ထိုခြံကြီးအတွင်းမှ ကားဖြင့် ပြန်လည်ထွက်ခွာလာခဲ့ရာ ကားပေါ်တွင် ကိုထင်ကြီးက

"ကိုရဲခေါင် တရားခံကို မှန်းဆလို့ ရပြီလား"

"အချက်အလက်လေးတွေ ပြည့်စုံဖို့ လိုသေးတယ်လေ။ အချက်အလက် မပြည့်စုံဘဲ အလောတကြီး မှန်းဆရင် မှန်းဆချက်ဟာ တစ်လွဲဖြစ်တတ်တယ်။ အကြမ်းဖျဉ်း ကျွန်တော် ပြောနိုင်တာကတော့ တရားခံဟာ သေနတ်ပစ်ကျွမ်းကျင်တဲ့ ယောကျ်ားတစ်ဦးဖြစ်ပြီး သူ့အရပ်က ၅ပေ ၈လက်မလောက် ရှိတယ်။ မျက်နှာ နီစပ်စပ်ရှိပြီး စိတ်လှုပ်ရှားမှုပြင်းထန်တတ်တဲ့လူဖြစ်တယ်။ ဒါဟာ



www.burmeseclassic.com

www.burmeseclassic.com

ကလုံစားချေလိုစိတ်နဲ့ သတ်ဖြတ်တာဖြစ်ပြီး နောက်ဆက်တွဲလူသတ်မှုတွေလည်း ဖြစ်ပေါ်လာစရာ အကြောင်းရှိနေတယ်။ ဒီအမှုဟာ ညောင်ပင်သာရွာလူသတ်မှုနဲ့ ပတ်သက်နေတော့ ကျွန်တော်တော့ ညောင်ပင်သာရွာကို ပြန်သွားရဦးမယ်နဲ့ တူတယ်ဗျို့။ နောက်တစ်ခုကတော့ ဒီအမှုမှာ မိန်းကလေးတစ်ယောက်လည်း ပါဝင်ပတ်သက်နေပုံရတယ်"

"အင်း…ခင်ဗျား ခန့်မှန်းတယ်ဆိုတာကလည်း ကွက်တိမျက်လုံးနဲ့ မြင်လိုက်ရသလိုပါပဲလား။ နေစမ်းပါဦး၊ အရပ်အမောင်းတို့ မျက်နှာနီတာတို့၊ စိတ်လှုပ်ရှားတတ်တယ်ဆိုတဲ့ ကောက်ချက်တွေက ဘယ်လိုထွက်ပေါ်လာတာလဲ။ ခင်ဗျားများ အကြားအမြင်ရနေတာလား"

ဦးထင်ကြီး၏ စကားကို ဆားပုလင်းရဲခေါင်က ရယ်မောပစ်လိုက်ကာ

"ဘာမှ ခက်တာတွေ မဟုတ်ပါဘူး။ ပြောပြလိုက်ရင်တော့ အိုင်ပီတို့က လွယ်လှချည်လားလို့တောင် ထင်ကြဦးမယ်။ ငါးပေ ရှစ်လက်မလို့ ပြောနိုင်က အလောင်းဘေးမှာ တွေ့ရတဲ့ သူ့ ရှူးဖိနပ်ခြေရာကို ၆.၉" နဲ့ မြှောက်ကြည့်တာပဲ"

"ဟာ ဒါတွေ စုံထောက်ကျောင်းမှာ သင်ခဲ့ရတာပဲ။ ကျုပ်တို့မေ့နေတာ…"

ဦးထင်ကြီးဟာ နဖူးကို လက်ဝါးနှင့် ရိုက်ကာ အော်လေသည်။ (လူတစ်ယောက်၏ ခြေရာကို ၆.၉" နဲ့ မြှောက်လျှင် ထိုသူ၏ အရပ်ရလေသည်။)

"ဒီလူဟာ နှာခေါင်းသွေးလျှံတတ်တဲ့လူမျိုးဗျ။ အထူးသဖြင့် အဲဒီလို လူမျိုးတွေဟာ စိတ်လှုပ်ရှားရင် ပိုပြီး နှာခေါင်းသွေးလျှံတတ်တယ်။ သူ့နှာခေါင်းက ထွက်တဲ့ သွေးတွေကို တဲနံရံမှာ သုတ်သွားတာ ကျွန်တော်တွေ့ခဲ့တယ်။ ဒီလိုလူမျိုးတွေရဲ့ မျက်နှာက နီနီရဲရဲ ရှိတတ်တာ မမွှတာပဲ"

ယခုကဲ့သို့ ဆားပုလင်းရဲခေါင်က ရှင်းပြလိုက်တော့လည်း ကျွန်ုပ်တို့အဖို့ လွယ်ပေသည့်ဟု တွေးထင်မိ၏။ ရှင်းမပြဘူးဆိုပါကလည်း ဤသို့ သဘောပေါက်ရန် မလွယ်လှကြောင်း ဝန်ခံအပ်ပါသည်။

ကျွန်ုပ်တို့ အင်းစိန် စီအိုင်ဒီသို့ ရောက်သောအခါ ပုလိပ်မင်းကြီး၏ ရုံးခန်းထဲတွင် အရေးပိုင် ဦးထွန်းအောင်ကြွယ်ရောက်နေသည်ကို တွေ့ကြရလေရာ အင်း…တို့တော့ ဦးထွန်းအောင်ကြွယ်ပြန်သွားလျှင် မင်းကြီး၏ အကြိမ်းအမောင်းကိုတော့ ခံရချည်သေးရဲ့ဟု တွေးကာ ရင်လေးမိကြလေသည်။

ဖြစ်ပုံမှာ လွန်ခဲ့သော သီတင်းပတ်အနည်းငယ်က ရန်ကုန်မြို့ ပြည်လမ်းတွင် နေထိုင်သည့် အရေးပိုင် ဦးထွန်းအောင်ကြွယ်၏ သမီးကလေးမှာ အိမ်မှ ပျောက်ချင်းမလှ ပျောက်ရှ၍ သွားလေသည်။ မပျောက်ဆုံးခင်က သူမ၏ အသက် ၂၀ပြည့်မွေးနေ့ပွဲကို တခမ်းတနားပင် ကျင်းပခဲ့ကာ မနက်မိုးလင်းသောအခါ လုံးဝပျောက်ဆုံးသွားခြင်း ဖြစ်လေသည်။ လူသတ်မှုဆိုလျှင် အလောင်းကို






www.burmeseclassic.com

www.burmeseclassic.com

တွေ့ရလောက်လေပြီ။ လူငယ်တို့အာဝ ချစ်သူနောက် လိုက်ပြေးသည်ဆိုလျှင်လည်း သတင်းအစအန ရလောက်ပေသည်။

အခုတော့..

မြေလှိုးကာ မိုးပျံသွားသည့်အလား၊ အစရှာမရဘဲ ရှိလေတော့၏။

*

## ၃။ တရုတ်တန်းမှ တိုက်ပွဲ

ဆားပုလင်းရဲခေါင်သည် နောက်တစ်နေ့ကစ၍ ခရီးထွက်ခွာသွားလေတော့သည်။ ထုံးစံအတိုင်းပင် သူသည် ပျောက်ကွယ်နေသော နေ့များ၌ စာမလာသတင်းမကြားဘဲ လုံးဝပင် စုတ်စမြုပ်စ ပျောက်နေလေတော့၏။ စုံထောက်ကိုငနန်းလွင်တို့ လူစုမှာ ဆားပုလင်း၊ ရဲခေါင်မရှိလျှင် သူတို့အထက်မှ မော်နိုင်ကြွားနိုင်မည့်သူ မရှိဟူသော အသိဖြင့် ပြုံးရွှင်ပီတိဖြစ်နေကြသော်လည်း

ကျွန်ုပ်နှင့် ဦးထင်ကြီးတို့သည်ကား ဆားပုလင်းရဲခေါင်ကို မျှော်လင့်စောင့်စားနေမိကြသည်။ ကိုရဲခေါင်နှင့် ကြုံလျှင် ပညာအမျိုးမျိုး ရကြရ၏။ ကျွန်ုပ်တို့ မကြားဖူးခဲ့သော သတင်းထူး သတင်းဆန်းများကိုလည်း ကြားရလေ့ ရှိ၏။ အစားကောင်း အသောက်ကောင်းလေးများလည်း စားရလေ့ ရှိ၏။ သူကား မြေအောက် ဒုစရိုက်လောကီသား လူဆိုးလူယုတ်မာတို့၏ အထာကို သိသလောက်ပင်။ စားသောက်ဆိုင်ဘယ်နေရာတွင် ကောင်းကောင်း ရှိသည်။ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



အစားအစာကို ရနိုင်သည်ဟူသော အထာကို သိတတ်၏။

ကျွန်ုပ်နှင့် ဦးထင်ကြီးတို့ သဘောအကျဆုံးအချက်ကား စားသောက်ပြီး ကုန်ကျစရိတ်ကို ပေးချေရာ၌ သူက ရာထူးငယ်သူ ဟူ၍ တွက်ကမ်ခြင်း မရှိဘဲ ရှေ့မှ ကြိုတင်ပေးချေတတ်ခြင်း ဖြစ်၏။ သဒ္ဒါတရားကောင်းသူဟု ခေါ်ရပေတော့မည်။ သူသည် ကမ္ဘာ အရပ်ရပ်တွင် ရှိသော သူဌေးသူကြွယ်များ၊မဟာရာဇာများ၊အထက် တန်းအရာရှိကြီးများနှင့် ဆက်သွယ်ကာ လိုအပ်သောအမှုအခင်းများ ကို လိုအပ်သလို ကူညီဖြေရှင်းပေးခဲ့သူဖြစ်လေရာ ထိုသူတို့ ဆုချ သော ငွေကြေးတို့ဖြင့် ချောင်ချောင်လည်လည် နေနိုင်သူဖြစ်၏။ သို့သော် ထိုငွေတို့ကို အစုအဆောင်းမရှိ ဖြုန်းတီးပစ်လေ့ရှိ၏။

တစ်ညသ၌ ကျွန်ုပ်နှင့် ဦးထင်ကြီးသည် ထမင်းစား မကောင်း သည်မှာ ကြာပြီဖြစ်သဖြင့် တရုတ်တန်းရှိ စားသောက်ဆိုင်တစ်ဆိုင် သို့ သွားရောက်ကာ စားသောက်ကြရန် အကြံအစည်ဖြစ်၏။ ထို့ နောက် မည်သူက ဒကာခံသင့်သည်ဟု မဲနှိုက်ဆုံးဖြတ်ကြရာ ကံအား လျော်စွာပင် ဦးထင်ကြီး မဲပေါက်သွားလေသည်။ ထို့နောက် ကျွန်ုပ် တို့သည် ကျွန်ုပ်၏ကားကလေးကို မောင်းကာ တရုတ်တန်းဘက် ထွက်လာခဲ့ကြလေသည်။

ညမှောင်စပြုကာ မီးထွန်းချိန်ဖြစ်သဖြင့် တရုတ်တန်းကား စည်ကားရှုပ်ထွေးနေ၏။ ထို့ကြောင့် ကားကို လူရှင်းသော တစ် နေရာတွင်ရပ်ကာ ကျွန်ုပ်တို့ စားသောက်လိုသော စားသောက်ဆိုင် ရှိရာ (ထိုအချိန်က တရုတ်တန်းတွင် ဤရွှေနန်းတော် စားသောက်





ဆိုင်သည် ထင်ရှားအကျော်ကြားဆုံးဖြစ်ခဲ့လေသည်။)သို့ အေးအေး ဆေးလူ စကားပြောရင်း လျှောက်လာခဲ့မိကြလေသည်။

စားသောက်ဆိုင်ထဲ ဝင်မည်ပြုသောအခါ ဆိုင်ပေါက်ဝတွင် နံရံကို ကျောမှီကာ ငိုက်မျဉ်းနေသော တရုတ်ဘိန်းစားတစ်ယောက် ၏ ခြေထောက်ကိုပင် ကျွန်ုပ်ခလုတ်တိုက်ခဲ့ပါသေး၏။ ဘိန်းစားကား အသိမမှတ်ရှိဟန်မတူ။ သူ့ကိုယ်နှင့် မတော်သော ကုတ်အင်္ကျီ စုတ် တတ်ပြတ်ပြတ် တစ်ထည်ကို ဝတ်ကာ ဦးထုပ်ဝိုင်းအနားစုတ်တစ်လုံး ကို ဆောင်း၍ ငိုက်မျဉ်းနေ၏။ ဤကဲ့သို့ လမ်းဘေးတွင် နေထိုင် တတ်သော တရုတ်ဘိန်းစားများကို ထိုခေတ်က တရုတ်တန်းရှိ လမ်း ဘေးများတွင် တွေ့ရတတ်သည်မှာ မဆန်းလှသော မြင်ကွင်းဟုပင် ဆိုနိုင်လေသည်။

"ဟဲ့ တရုတ် တော်ရာသွားစမ်း"

ဟုပင် ကျွန်ုပ်က အော်ငေါက်ခဲ့ရသေး၏။ (ထိုစဉ်က ဘိန်း စားသည်ဆိုသောကိစ္စကို အသစ်အဆန်းဟု မဆိုနိုင်ချေ။ ဘိန်းစား သူများကို မှတ်ပုံတင်ထားကာ ဘိန်းခန်းများကို အင်္ဂလိပ်အစိုးရက လိုင်စင်ဖြင့် တရားဝင်ခွင့်ပြုထားသောအခါ ဖြစ်၏။ အင်္ဂလိပ်တို့သည် တရုတ်ပြည်ကြီးကို ဘိန်းကျွေးကာ ဖြိုခွဲခဲ့သောမှုကို မြန်မာနိုင်ငံ၌ ဆက်လက်အကောင်အထည်ဖော်လိုဟန်ရှိသည်။ မြန်မာတစ်မျိုး သားလုံး ပျက်စီးအောင် ယခုကဲ့သို့ ခွင့်ပြုထားပုံရလေသည်။)

ကျွန်ုပ်တို့ကား စားသောက်ဆိုင်ထဲရှိ စားပွဲတစ်လုံးတွင် ဝင်ထိုင်ကာ တရုတ်စာနှင့် ပတ်သက်သော စားစရာမျိုးစုံတို့ကို မှာ



www.burmeseclassic.com

www.burmeseclassic.com



ကြားကြလေသည်။ ကုန်းဘောင်ကြီးကြော်၊ တောက်တော့ကြော်၊ ဆယ့်နှစ်မျိုးဟင်းချို၊ အစိမ်းကြော် စသဖြင့် စုံလင်လှရာ

"ကိုထင်ကြီး ကျုပ်တို့နှစ်ယောက်တည်း စားမှာဗျာ၊ တော်လောက်ရောပေါ့"

ဟုပင် တားမြစ်ယူရလေသည်။

"အေးဗျာ၊ ကျုပ်ကလည်း သတိလစ်သွားတယ်။ ဆားပုလင်းရဲ့ခေါင်လည်း ပါတယ်ထင်ပြီး မှာနေတာ။ အရင်က ကျုပ်တို့က သုံးယောက်စားနေကျမဟုတ်လား"

ဟု ဆိုလေရာ ကျွန်ုပ်လည်း ပို၍ပင် ကိုရဲခေါင်အား သတိရလာပေတော့သည်။ စကားကောင်းကောင်းနှင့် စကား တပြောပြောစားကြလေရာ အချိန်အတန်ပင် လင့်သွား၏။ ထိုစားသောက်နေစဉ်အတွင်း ကျွန်ုပ်တို့ အများဆုံး ပြောဖြစ်ခဲ့ကြသည်မှာ ဆားပုလင်းရဲ့ခေါင်အကြောင်းပင် ဖြစ်လေသည်။

အတန်ကြာမှ ငွေရှင်းကာ ကျွန်ုပ်တို့ ဆိုင်ထဲက ထွက်ခဲ့ကြ၏။ ထိုအခါ ဆိုင်ရှေ့မှ တရုတ်ဘိန်းစားသည် ယခုအချိန်အထိပင် အုတ်ခုံရံကို မှီကာ ဘိန်းငိုက်နေဆဲဖြစ်နေသည်ကို တွေ့ရ၏။ ထမင်းစားရင်း ကျွန်ုပ်တို့သည် ဘီယာကလေး အနည်းငယ်သောက်ထားလေရာ ခေါင်းထဲတွင် ရီတီတီ ဝေတေတေ ဖြစ်နေကြောင်း ဝန်ခံရပေမည်။ မူးယစ်စေတတ်သောအရာများကား ကောင်းကျိုးပေးတတ်သည်မဟုတ်။ ကျွန်ုပ်သည် နဂိုက စိတ်နှလုံးနူးညံ့သူဖြစ်သော်လည်း ဘီယာကလေးဝင်နေသောအခါ ဆောင့်ကြွားကြွား စိတ်ဖြစ်ပေါ်လာ





ကာ အိပ်နေသော တရုတ်ဘိန်းစားကို ခြေထောက်နှင့် ကန်ကျောက်မည့်ဟန် ပြု၏။

"ဟာ ဒီတရုတ်ဘိန်းစား၊ ခုချိန်ထိ မသွားသေးဘူးလား"

သို့သော် စိတ်သဘောထားကောင်းသော ဦးထင်ကြီးက ဆွဲထားသဖြင့် မကန်ဖြစ်။

"မလုပ်ပါနဲ့ ကိုအောင်မင်းရယ်။ သူ့ဘာသာသူ နေပါစေ"

ကျွန်ုပ်တို့နှစ်ယောက်သည် ခပ်ယိုင်ယိုင်ဖြင့် ခပ်လှမ်းလှမ်းတွင် ရှိသော ကားရပ်ထားသည့်နေရာသို့ လျှောက်လာခဲ့ကြသည်။ ထိုနေရာကား လူအတော်ပင် ကျဲသော နေရာဖြစ်သည်။ ကားနားရောက်ခါနီးသောအခါ မှောင်ရိပ်ထဲမှ လူသုံးယောက်ထွက်လာကာ အရှေ့မှ ပိတ်ကာ ရပ်လိုက်တာနှင့် ကြုံရသေည်။

"ဟေ့ကောင်တွေ ဘာလုပ်တာလဲ သေချင်ကြပြီလား။ ငါတို့ ဘာကောင်တွေဆိုတာရော သိကြရဲ့လား"

ဦးထင်ကြီးက ဟိန်းဟောက်လိုက်ခြင်းဖြစ်၏။ ထိုလူတွေထဲမှ တစ်ယောက်က

"သိပ်ါ...ခင်ဗျားတို့ နှစ်ယောက်လုံး စီအိုင်ဒီက စုံထောက်ကြီးတွေ မဟုတ်လား"

အခြေအနေကမကောင်း။ ကျွန်ုပ်တို့ကို အန္တရာယ်ပေးမည့်သူတွေမှန်း သိသာလှသည်။ ကျွန်ုပ်က ကုတ်အင်္ကျီအိတ်ထဲသို့ လက်နှိုက်လိုက်သည်။ သို့သော် ခြောက်လုံးပြူးကို မစမ်းမိ။ အရေးကြီးသော အမှုအခင်းကို လိုက်ခြင်းမဟုတ်ဘဲ အပျော်ညနေစာစား



www.burmeseclassic.com

www.burmeseclassic.com



သောက်ရန် ထွက်ခွာလာခြင်းဖြစ်သဖြင့် ကျွန်ုပ်သည် သေနတ်ကို ယူဆောင်မလာခဲ့ခြင်းဖြစ်၏။ ကျွန်ုပ်၏နည်းတူပင် ကိုထင်ကြီးမှာလည်း ပါလာဟန်မတူချေ။

ကျွန်ုပ်တို့ရှေ့မှ လူသုံးယောက်ကား ကျွန်ုပ်တို့ထက် ငယ်ရွယ်ကာ ဆိုးနိုးတိုက်ခိုက်ခြင်း၌ အလေ့အကျင့်ရနေသူ ဖြစ်၏။ ကိုယ်လုံးကိုယ်ပေါက်မှာလည်း မာကြောကြံ့ခိုင်၏။ ကျွန်ုပ်တို့ နှစ်ယောက်ကား မိုက်ရွဲစပြုကာ လူပ်ရှားရာ၌ လေးလံနေရုံမက လောလောဆယ်တွင် မိမိကိုယ်ကိုမိမိ မဟန်နိုင်လောက်အောင် မူးယစ်နေကြသူများဖြစ်ရာ မည်သို့မျှ ခုခံနိုင်စရာ အခြေအနေ မမြင်ချေ။

ထိုအခိုက်မှာပင် ကျွန်ုပ်တို့ဘေး၌ လူတစ်ယောက် ပေါ်လာ၏။ ထိုသူကား ကျွန်ုပ်က စားသောက်အဆိုင်အပေါက်ဝတွင် ခြေထောက်ဖြင့် ကန်မည်ပြုခဲ့သော တရုတ်ဘိန်းစားပင် ဖြစ်လေသည်။ မှန်တဲ့အတိုင်း ဝန်ခံရလျှင် ကျွန်ုပ်တို့ဘက်မှ ကူညီရန် တရုတ်ဘိန်းစား တစ်ယောက်တိုးလာသည့်အတွက် ထူးထူးခြားခြား ဝမ်းသာစရာ မရှိလှပဟု ထင်ပါသည်။ တရုတ်ဘိန်းစားဆိုသည်မှာ ပျော့ပျော့ ခွေခွေသာ ဖြစ်လေရာ အဘယ်မှာ အားကိုးနိုင်ပါမည်နည်း။ သို့သော်

ထိုတရုတ်ဘိန်းစားကပင် ကျွန်ုပ်တို့ထံ ပြေးဝင်လာသော လူသုံးဦးကို ဆီးကြိုတိုက်ခိုက်လေရာ...

သူ၏ တံတောင်၊ လက်သီး၊ လက်ဝါးစောင်း၊ ခြေထောက်တို့ကို အသုံးပြုပုံမှာ လျင်မြန်စနစ်ကျလွန်းလှပေရာ ငမိုက်သား





သုံးကောင်မှာ တဗုန်းဗုန်း တခွပ်ခွပ်ပြိုလဲကာ နောက်ဆုံးတွင် ထိုနေရာမှ တစ်ချိုးတည်း ထွက်ပြေးသွားပါတော့သည်။ ဒီတော့မှ တရုတ်ဘိန်းစားသည် အံ့အားသင့်စွာ ငေးကြည့်နေသော ကျွန်ုပ်တို့နှစ်ယောက်အား တည်ငြိမ်သော လေသံဖြင့်...

"အိုင်ပီတို့နှစ်ယောက်ကလည်း ဒီလိုနေရာမျိုးကိုလာတာ သေနတ်ကလေးဘာလေးတော့ ယူလာမှပေါ့"

ဟု အပြစ်တင်စကားပြောကြားလိုက်လေရာ ကျွန်ုပ်လည်း ထိုလေသံကိုကောင်းစွာ ကျက်မှတ်မိသည်နှင့် နှုတ်မှ...

"ဟာ... ကိုရဲခေါင်"

ဟု လွှတ်ခနဲ ထွက်သွားလေတော့သည်။ ဒီတော့မှ ကိုရဲခေါင်သည် အနားကို လျှောက်လာကာ ဦးထုပ်အစုတ်နှင့် ကွတ်အကျီအစုတ်ကို အမှိုက်ပုံထဲသို့ ပစ်ထည့်လိုက်ရင်း...

"ဒီကောင်တွေက တစ်လောက ကျွန်တော်တို့ ဖမ်းပြီး ထောင်ထဲ ထည့်လိုက်တဲ့ လမ်းမတော်မောင်မောင်ကြီးရဲ့ တပည့်တပန်းတွေပဲ၊ ဒါပေမယ့် အစွန်အဖျားတွေပါ။ သူတို့ဆရာအတွက် အခဲမကြေလို့ အိုင်ပီတို့ကို ချောင်းတိုက်ခိုက်ဖို့ ကြံတာ။ အိုင်ပီတို့ ရောက်လာကတည်းက သူတို့ အနောက်က နောက်ယောင်ခံလိုက် လာကြတာ ကျွန်တော် သတိထားမိတယ်"

ထိုအခါ ဦးထင်ကြီးက...

"ခင်ဗျားကသာ သတိထားမိတာ။ ကျုပ်တို့ကတော့ ကိုယ့်အာရုံနဲ့ကိုယ် စကားတပြောပြောနဲ့ လာကြတော့ သတိမထားမိဘူး



www.burmeseclassic.com

www.burmeseclassic.com



ဗျို့၊ ဒါထက် ခင်ဗျားက ကျုပ်တို့ဒီလို အန္တရာယ်ဖြစ်မယ်ဆိုတာ ကြိုသိလို့ လာစောင့်နေတာလား"

ဟု မေးမြန်းလိုက်ရာ...

"မဟုတ်ရပေါင်ဗျာ။ အိုင်ဗီတို့ လာမယ်ဆိုတာတောင် သိတာမဟုတ်ဘူး။ တရားခံပြေးတစ်ယောက်ကို ဖမ်းဖို့ လာစောင့်နေတာ။ ဆွမ်းခံရင်း ငှက်သင့်တာဆိုပါတော့။ ကဲ...ကျွန်တော်လည်း အိုင်ဗီတို့ ဆိုင်ထဲမှာ မှာပြီးစားသောက်နေတာ မြင်ကတည်းက ဗိုက်ထဲက တဗွီဗွီဆာနေတယ်။ အိုင်ဗီတို့က ခေါ်မကျွေးတဲ့အပြင် ဟောဒီက ကိုအောင်မင်းကဆို ခြေထောက်နဲ့တောင် ကန်မယ်လုပ်သေးတယ်"

ဟု ပြောလိုက်ရာ ကျွန်ုပ်လည်း ကိုရဲခေါင်အား ဆောရီး အခါခါပြော၍ ရယ်မောနေလိုက်ကြရလေသည်။ ထို့နောက် ရဲခေါင်သည် လမ်းဘေးဆိုင်ကလေးတွင်ပင် ဆီချက်ခေါက်ဆွဲကို မှာယူစားသောက်ပြီးနောက် နှုတ်ဆက်၍ ပြန်သွားလေရာ ကျွန်ုပ်ကကားဖြင့် လိုက်ပို့မည် ပြောသည်ကိုပင် လက်သင့်ခံခြင်း မရှိချေ။

"ကျွန်တော့်မှာ တခြားကိစ္စကလေးတွေ ရှိသေးတယ်"

ဟု ဆိုကာ ထွက်ခွာသွားလေရာ သူဘယ်တုန်းက ရန်ကုန်ပြန်ရောက်သနည်း၊ အမှုအခြေကရော ဘယ်လိုလဲ စသဖြင့် ကျွန်ုပ်တို့ သိလိုသမျှကို မေးခွင့်မရဘဲ လက်လျှော့ကာသာ ပြန်လာခဲ့ရပါလေတော့သတည်း။

•





နောက်တစ်နေ့တွင်ကား ကိုရဲခေါင်သည် သပ်သပ်ရပ်ရပ် ကျော့ကျော့မော့မော့ ဝတ်စား၍ ရောက်ရှိလာလေရာ မနေ့ညက တွေ့ခဲ့သော တရုတ်ဘိန်းစားပုံစံနှင့် အပုံကြီးခြားနားနေလေသည်။ ဆားပုလင်းရဲခေါင်သည် ကျွန်ုပ်တို့ကို ခေါင်းတစ်ချက်ဆတ်ကာ နှုတ်ဆက်၍ ပုလိပ်မင်းကြီးရုံးခန်းထဲသို့ ဝင်သွားကာ ရှင်းလင်းဗီသလန်ဒန်မြို့ကြီးသားလေသံဖြင့် ပုလိပ်မင်းကြီးနှင့် အင်္ဂလိပ်လို ပြောဆိုနေသံ ကြားရလေသည်။ ကျွန်ုပ်တို့ စီအိုင်ဒီရုံးတွင် ပုလိပ်မင်းကြီး၏ ရုံးခန်းအတွင်းသို့ တံခါးမရှိ ဓားမရှိ အချိန်မရွေး ဝင်ထွက်ခွင့်ရသူဟူ၍ သူတစ်ဦးတည်းသာ ရှိလေသည်။

အတန်ကြာသောအခါ ဆားပုလင်းရဲခေါင်သည် ပုလိပ်မင်းကြီးအခန်းထဲက ထွက်လာကာ ကျွန်ုပ်စားပွဲရှေ့တွင် ဝင်ထိုင်လေသည်။ ဤစီအိုင်ဒီရုံးတွင် ဆားပုလင်းရဲခေါင်သည် သူ့စားပွဲမဟုတ်ဘဲ ထိုင်လေ့ရှိသော စားပွဲမှာလည်း ကျွန်ုပ်စားပွဲတစ်လုံးသာရှိလေရာ၊ ကျွန်ုပ်ကား ထိုကိစ္စအတွက် အင်မတန်ဂုဏ်ယူမိကြောင်း အခွင့်ကြုံခိုက် ပြောကြားလိုပေသည်။

"ကိုရဲခေါင်ရေ ခင်ဗျားလိုက်ခဲ့တဲ့ အမှုအခြေအနေက ဘယ်လိုလဲ"

ကျွန်ုပ်စားပွဲဆီသို့ ဦးထင်ကြီးပါ ရောက်လာကာ မေးလိုက်ခြင်း ဖြစ်လေ၏။ ကိုရဲခေါင်က နေဗီကာဒ်စီးကရက်တစ်လိပ်ကို မီးညှိလိုက်ပြီးမှ...

"အင်း အမှုကတော့ တော်တော်စိတ်ဝင်စားစရာကောင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



အမှုပဲဗျ။ ကျွန်တော် လိုက်ဖူးခဲ့တဲ့ အမှုတွေ များလှပြီ။ ဒါပေမယ့် ဒီအမှုကတော့ ဘယ်အမှုနဲ့မှ မတူတဲ့ အမှုလို့ ဆိုရမှာပဲ"

ဆားပုလင်းရဲခေါင်လို အတွေ့အကြုံများသော လူကိုယ်တိုင်က ယခုကဲ့သို့ ထုတ်ဖော်ပြောဆိုခြင်းကို ထောက်ရလျှင် ဤအမှုကား ပေါ့သေးသေးအမှုဖြစ်ဟန်မတူချေ။

"အင်း တရားခံကို ဖမ်းမိဖို့ကလွဲရင် အမှုကတော့ ဆုံးခန်းတိုင်သွားပြီလို့ ယူဆလို့ရပါပြီ။ သူ့လူထပ်သတ်စရာလည်း မကျန်တော့ပါဘူး။ ကျွန်တော် သတိမေ့ပေါ့လျော့တာနဲ့ ဖမ်းမိခါနီး ဆဲဆဲက လက်မတင်လေး လွတ်မြောက်သွားတာပါပဲ"

ဤကိစ္စအတွက် ကိုရဲခေါင်သည် တကယ်ပင် မချင့်မရဲဖြစ်နေပုံရ၏။ ဆားပုလင်းရဲခေါင်သည် စီးကရက်မီးခိုးများကို လေထဲသို့ မှုတ်ထုတ်လိုက်ရာမှ ကျွန်ုပ်ဘက် ရုတ်တရက်လှည့်ကာ...

"ဒါထက် စကားမစပ် ပျောက်နေတဲ့အရေးပိုင် ဦးထွန်းအောင်ကြွယ်ရဲ့ သမီးကလေးကိစ္စ အခြေအနေဘယ်လိုရှိလဲ"

ဟု မေးလိုက်လေသည်။ အရင်ကမူ ဤကိစ္စကို ကိုရဲခေါင်သည် အလေးအနက် မထားချေ။ ကျွန်ုပ်က...

"ကျုပ်တို့ ထင်တဲ့အတိုင်းပါပဲ။ ကိုရဲခေါင်ရယ်၊ အခုတော့ ဘယ်သူမှ လိုက်ရှာစရာမလိုဘဲ ဒီကောင်မလေးက အိမ်ပြန်ရောက်နေပြီ။ ဒါကြောင့် ဦးထွန်းအောင်ကြွယ်ကတောင် အမှုကို လာပိတ်သွားပြီ။ ဒီအရွယ်ကောင်မလေးတွေဟာ စိတ်ရှုးပေါက်ပြီး ဒီလိုထင်သလို လုပ်တတ်ကြတာပဲ မဟုတ်လား။ တစ်ခုထူးခြားတာက





ဒီကောင်မလေးက အိမ်ပြန်ရောက်လာတော့ စိတ်ကောင်းကောင်း မနှံ့တော့ဘူးတဲ့။ ရူးသလို ကြောင်သလိုဖြစ်နေလို့ အထက်လမ်းဆရာတွေပင့် ကုသနေရတယ်ဆိုလားပဲ"

ကျွန်ုပ်စကားကြောင့် နားထောင်နေသော ဆားပုလင်းရဲခေါင်၏ မျက်ခုံးတစ်ဖက်သည် ပင့်တက်သွားကာ...

"စိတ်ဝင်စားစရာပဲ။ ကျွန်တော်တို့ သွားလေ့လာကြည့်ရအောင်"ဟု ဆိုလိုက်လေ၏။

ကျွန်ုပ်က...

"မလွယ်ဘူး ကိုရဲခေါင်၊ ဦးထွန်းအောင်ကြွယ်ဟာ အရေးပိုင် ဆိုပေမယ့် တော်ရုံအရေးပိုင်မဟုတ်ဘူး။ ဘုရင်ခံထိ ပေါက်ရောက်တဲ့သူ။ သူက အမှုကို ပိတ်လိုက်ပြီဆိုတဲ့နောက်တော့ ကျုပ်တို့နဲ့လည်း မသက်ဆိုင်တော့ဘူး။ အကြောင်းပြချက်မရှိဘဲ သူ့အိမ်သွားရင် ကျုပ်တို့အားလုံး အလုပ်ပြုတ်ကုန်လိမ့်မယ်ထင်တယ်"

"ဒါဆိုလည်း တစ်နည်းကြံရသေးတာပေါ့ခင်ဗျာ၊ အိုင်ဝီတော့ ကူရမယ်နော်"

ဟုဆိုလေရာ ကျွန်ုပ်ကလည်း ဘာမှန်းမသိဘဲ ခေါင်းညိတ်ပြလိုက်ရလေသည်။ ထိုခေါင်းညိတ်ပြသော ဒဏ်ကို ကျွန်ုပ်သည် မကြာခင် ခံစားရလေတော့သသည်။

*

www.burmeseclassic.com

www.burmeseclassic.com

## ၄။ မနောမယျအောင်ဇေယျ

နောက်တစ်နေ့မနက်တွင် ကျွန်ုပ်တို့သည် ဆားပုလင်းရဲခေါင်၏ အိမ်သို့ ဖိတ်ခေါ်ထားသည့်အတိုင်း ရောက်ရှိသွားလေသည်။ ဆားပုလင်းရဲခေါင်သည် သူ၏ ဧည့်ခန်းထဲတွင် ထိုင်ကာ ထူးခြားသော အဝတ်အစားများကို ကြည့်ရှုနေသည်ကို တွေ့ရလေ၏။ ကျွန်ုပ်တို့လည်း သူ့ဘေးခုံများတွင် ဝင်ထိုင်လိုက်ကာ

"ဘာတွေများလဲ ကိုရဲခေါင်ရဲ့"

ဟု မေးလိုက်မိလေသည်။ ဆားပုလင်းရဲခေါင်က မထူးခြားသော လေသံဖြင့်...

"ယောဂီဘိုးတော် ဝတ်စုံနဲ့ ဖိုးသူတော်ဝတ်စုံတွေလေ။ ကျွန်တော့်မိတ်ဆွေ ဇာတ်အဖွဲ့တစ်ခုက သွားငှားလာတာ။ သူတို့လည်း ဇာတ်နားနေရတယ်ဆိုတော့ လွယ်လွယ်တူကူ ငှားရလာခဲ့ပါတယ်"

"ဒါတွေ ငှားလာတော့ ဘာလုပ်ရမှာလဲ ကိုရဲခေါင်ရဲ့"





"ဪ... အိုင်ပီကလည်း ဒုန်းဝေးလိုက်တာ၊ အရေးပိုင်ဦးထွန်းအောင်ကြွယ်အိမ် ဝင်ဖို့အတွက် ကျွန်တော်တို့ ဗုလိပ်အရာရှိတွေ ပုံစံနဲ့ မဖြစ်နိုင်ဘူးဆို။ ဒီတော့ ဟောက်စေဆရာတွေပုံစံနဲ့ ဝင်ကြတာပေါ့။ ကောင်မလေးရဲ့အမေက သူ့သမီးအတွက် သိပ်ပူပန်နေတော့ လာသမျှ ဘိုးတော်တွေကို ပင့်ဖိတ်ပြီး သူ့သမီးကို ပြနေတယ်"

ထိုစကားကို ကြားသောအခါ ဆားပုလင်းရဲခေါင်အား ကျွန်ုပ်က ပျာပျာသလဲငြင်းဆန်လိုက်သည်။

"ကိုရဲခေါင်၊ ကျုပ်တော့ ယောဂီဝတ် မဝတ်နိုင်ဘူးနော်"

"မပူပါနဲ့ အိုင်ပီရယ်၊ အိုင်ပီကိုလည်း ယောဂီအဝတ် မဝတ်ခိုင်းဘူး၊ ဖိုးသူတော်အဝတ်ပဲ ဝတ်ရမှာပါ"

ကျွန်ုပ်၏ပုံကား မည်းမည်းမိုက်ရွဲ့ ဖြစ်လေရာ ဖိုးသူတော်ဝတ်စုံနှင့်ဆိုပါက အင်မတန် အကြည့်ရဆိုးမည်မှာ သေချာလှသည်။

"နေပါဦး ကိုရဲခေါင်ရယ်။ ဒီလောက်အထိ လုပ်ဖို့ လိုလို့လား။ ဒီကောင်မလေးကို တွေ့ဖို့ကိစ္စက ဒီလောက်တောင် အရေးကြီးလို့လား"

"အရေးကြီးတာပေါ့အိုင်ပီ။ အင်းစိန်ကမ်းနားလမ်း ယာခင်းထဲက ကိုသာဒွန်း အသတ်ခံရမှုအပါအဝင် လူသတ်မှုလေးမှု ကျူးလွန်ထားတဲ့ ရာဇဝတ်ကောင်ကို ဖမ်းဖို့ပဲ။ တကယ်လို့ အိုင်ပီမှ ဖိုးသူတော် မလုပ်ချင်ဘူးဆိုလည်း ကျွန်တော်တို့ ဒီတရားခံကို လက်လွှတ်လိုက်ကြတာပေါ့"

ထိုစကားက ကျွန်ုပ်အား မလှုပ်နိုင်အောင် ချည်တုပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သကဲ့သို့ ဖြစ်သွားသည်။ ဤလူသတ်တရားခံကို မမိသည့် ကျွန်ုပ်တို့ စီအိုင်ဒီရှိ စုံထောက်တစ်စုမှာ ပုလိပ်မင်းကြီး၏ အဆူအကြိမ်းကို နေ့စဉ်နှင့်အမျှ ခံစားနေရလေရာ ဤဒုက္ခမှ ကင်းဝေးရန်မှာ ဤတရားခံကို အမြန်ဆုံး ဖမ်းဆီးပေးနိုင်ဖို့ပင် ဖြစ်လေသည်။

"အင်းလေ ဝက်ဖြစ်မှတော့ မစင်ကြောက်နေလို့ ဘယ်ဖြစ်တော့မလဲဗျာ။ ဒါပေမယ့် တစ်ခုတော့ ရှိတယ်။ ကျုပ်က ဒီလိုဘိုးတော်တို့ ပျောက်စေဆရာတို့ ပြောတဲ့စကားတွေကို လုံးဝပြေတတ်တာ မဟုတ်ဘူး။ ကျုပ်ကို ပြောခိုင်းရင်တော့ အိုးနင်းခွက်နင်းနဲ့ အကုန်ပေါ်ကုန်လိမ့်မယ်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဆားပုလင်းရဲခေါင်က...

"ကျွန်တော်နားလည်ပါတယ် အိုင်ပီရယ်...၊ အိုင်ပီက ကျွန်တော့်နောက်လိုက်အနေနဲ့ နောက်ကလိုက်ပြီး လိုအပ်ရင် ကြေးစည်လေး ဘာလေး ထုပေးရုံပါပဲ။ ရှေ့ကနေပြီး ပြောစရာ ရှိတာတွေကိုတော့ အားလုံးပဲ ကျွန်တော် ဦးဆောင်ပြောသွားမှာပါ"

ဆားပုလင်းရဲခေါင်က ယောဂီဝတ်စုံကို ဝတ်ဆင်ကာ နှုတ်ခမ်းမွေးအတုနှင့် မျက်မှန်ဝိုင်းကလေးကို တပ်ဆင်လိုက်သောအခါ တကယ်ပင် ပျောက်စေဆရာ ဘိုးတော်အသွင်ပေါက်၍ သွားလေသည်။ ကျွန်ုပ်ကား အသားကမည်းမည်း ဗိုက်က ရွှဲရွဲတွင် အောက်တွင် နံ့ယေပိုင်းအဖြူဝတ်၍ အပေါ်တွင် ဝိတ်ဖြူတစ်စကို တစ်ပတ်လျှိုပတ်လိုက်သောအခါ အတော်ပင် အကြည့်ရဆိုးသွားလေသည်။ ဦးထင်ကြီးက...





"ကိုအောင်မင်း၊ ခင်ဗျားရုပ်က သိသိသာသာ ပြောင်းသွားဘူး၊ ဦးထွန်းအောင်ကြွယ်က ကျုပ်တို့ စီအိုင်ဒီမှာ ဝင်ထွက်နေတာဆိုတော့ ခင်ဗျားကို ရိပ်မိသွားနိုင်တယ်"

ဟုဆိုလေရာ ကျွန်ုပ်လည်း အကြံအိုက်၍သွားကာ

"ဒီလိုဆို ကိုရဲခေါင်လိုပဲ နှုတ်ခမ်းမွေးအတုတပ်လိုက်မယ်ဗျ"

ဟု ဆိုလိုက်မိလေ၏။ ထိုအခါ ကိုရဲခေါင်က ပြုံးကာ...

"အိုင်ပီရယ်၊ ဖိုးသူတော်နဲ့ နှုတ်ခမ်းမွေး ဘယ်လိုလုပ် လိုက်ဖက်မှာလဲဗျ။ အိုင်ပီရဲ့ ပုံစံက ဖိုးသူတော်အင်္ဂါရုပ်နဲ့ မပြည့်စုံသေးဘူး။ ပြည့်စုံအောင် ကတုံးတုံးရဦးမယ်"

"ဗျာ..."

ဟု ကျွန်ုပ်က ရေရွတ်လိုက်ရာ ဦးထင်ကြီးက...

"မဗျာနဲ့လေ။ ခင်ဗျားပဲ ဝက်ဖြစ်မှ မစင်ကြောက်နေလို့ မဖြစ်ဘူးဆို"

ဟုဆိုကာ အဆင်းကို ဘီးတပ်ပေးလေသည်။ သို့ဖြင့် ကျွန်ုပ်သည် ဘိုကေတစ်လုံး အဆုံးခံလိုက်ရလေတော့သည်။ ကိုရဲခေါင်ကပင် ကျွန်ုပ်အား ကတုံးတုံးပေးလေသည်။ ကတုံးတုံးပြီး၍ ကျွန်ုပ်အား မှန်ပြသောအခါ ကျွန်ုပ်၏ ရုပ်ရည်မှာ ကျွန်ုပ်ကိုယ်တိုင် မမှတ်မိအောင်ပင် ပြောင်းလဲနေသည်ကို တွေ့ရလေသဖြင့် အင်း ဘိုကေအဆုံးခံရကျိုးနပ်လေရဲ့ဟု ဆိုကာ ကိုယ့်ကိုယ်ကို ဖြေလိုက်ရလေတော့၏။

သို့ဖြင့် ကျွန်ုပ်နှင့် ဆားပုလင်းရဲခေါင်တို့လည်း အရေးပိုင်



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းအောင်ကြွယ်တို့၏ နှစ်ထပ်တိုက်တည်ရှိရာ ခြံရှေ့သို့ ရောက်ရှိလာခဲ့ကြလေသည်။ ကျွန်ုပ်ကား လက်ထဲမှ ကြေးစည်ကို တနောင်နောင် ထုနေရကာ ကျွန်ုပ်ရှေ့မှ ဆားပုလင်းရဲခေါင်ကမူ ပုတီးနက်တစ်ကုံးကို မျက်လွှာချကာ စိပ်လျက်ရှိ၏။

ခဏချင်းမှာ ခြံစောင့်အဘိုးကြီးရောက်လာကာ...

"ဘာကိစ္စများရှိပါသလဲ ခင်ဗျာ"

"ကျုပ်က ပုပ္ပါးမှာ စခန်းဝင်နေရာကနေ အထက်ဆရာကြီးများရဲ့ ညွှန်ကြားချက်အရ ခာတ်ချပေးလို့ ရောက်လာခြင်း ဖြစ်ပါတယ်။ ဒီနေရာမှာ ကျုပ်ကယ်တင်ရမယ့် ဝေဒနာသည်လေး တစ်ယောက်ရှိနေပါတယ်။ ကျုပ်နာမည်က ဇမ္ဗူတလူ ရွှေဘုန်းလူတဲ့။ ဟောဒါက ကျုပ်နောက်က လိုက်ပါ ပါရမီဖြည့်နေတဲ့ ဖိုးသူတော် ကျော်ခဲ ဆိုတာပဲ"

"ခဏလေး စောင့်ပါဘိုးတော်။ ဒီအိမ်မှာ ဝေဒနာရှင် မိန်းကလေးတစ်ယောက် ရှိနေတာတော့ အမှန်ပါပဲ"

"ကောင်းပြီ သားတော်ကြီး၊ အမြန်ဆုံး သွားအကြောင်းကြားပေတော့"

ဆားပုလင်းရဲခေါင်၏ လေယူလေသိမ်းနှင့် အမူအရာကို ကြည့်ကာ ကျွန်ုပ်မှာ ရယ်ချင်စိတ်ပေါ်လာလေရာ ထိုရယ်ချင်စိတ်ကို ဖုံးရအောင် ကြေးစည်ကို ခပ်နာနာထုလိုက်ရလေသည်။ ကျွန်ုပ်၏ အဖြစ်ကို ကိုရဲခေါင်ကလည်း ရိပ်စားမိဟန်တူ၏။ ထို့ကြောင့်...

"အိုင်ပီ မှင်သေသေသာ နေစမ်းပါ"





ဟု လှည့်ကာ ငေါက်လေတော့သည်။ မကြာခင် ခြံစောင့်အဘိုးအိုသည် ကပျာကသီပြန်ရောက်လာကာ ဝင်းတံခါးကို ဖွင့်၍ ကျွန်ုပ်တို့အား တရိုတသေလမ်းပြခေါ်ဆောင်သွားလေသည်။

မကြာမီ ကျွန်ုပ်တို့သည် အပေါ်ထပ်ရှိ ကျယ်ဝန်းသော ဘုရားခန်းကြီးသို့ ရောက်ရှိသွားလေသည်။ ထိုအခန်းထဲတွင် စုန်းပူးနတ်ပူးကို ဝါသနာပါသော ဘိုးတော်မယ်တော် ကိုးကွယ်သူများ၊ အတော်အတန်စုဝေးရောက်ရှိနေသည်ကို တွေ့ရလေသည်။

ဘုရားခန်းပြည့်ပင် ကော်ဇောနီ ခင်းထားကာ သန့်ရပ်ခံ့ညားသော ဘုရားစင်ရှေ့ကွင်မှ ကျွန်ုပ်တို့ကို ကျောပေးကာ ဘုရားစင်ကို မျက်နှာမူ၍ ငြိမ်သက်တည်ကြည်စွာ ပုတီးစိပ်နေသည့် ပိတ်ဖြူဝတ်စုံဝတ် သျှောင်တစောင်းထုံးထားသော လူတစ်ဦးကို တွေ့ကြရလေသည်။ သူ့နောက် မလှမ်းမကမ်းတွင်မူ ခေါင်းငုံ့ကာ ငြိမ်ငြိမ်သက်သက် ခပ်ပုံ့ပုံ့လေး ထိုင်နေသော အသက်၂၀ ကျော်အရွယ် မိန်းမချောလေးတစ်ဦးကို တွေ့ရလေရာ ထိုမိန်းကလေးသည်ကား ပျောက်ဆုံးသွားရာမှ ပြန်လည်ရောက်ရှိလာသော အရေးပိုင်ဦးထွန်းအောင်ကြွယ်၏သမီး ခင်လေးမူပင် ဖြစ်သည်ဟု တွေးဆရလေတော့သည်။

အသက်လေးဆယ်ကျော်ခန့်ရှိ ခံ့ညားသော ရွှေထည်လက်ဝတ်လက်စားများ ညွှတ်နေအောင် ဝတ်ဆင်ထားသူ မိန်းမတစ်ယောက်က ဆားပုလင်းရဲခေါင်အား နေရာထိုင်ခင်းပေးကာ ဦးချကန်တော့ရင်း...



www.burmeseclassic.com

www.burmeseclassic.com

"ဘယ် အရေးကိစ္စနဲ့ ကြွလာတယ်ဆိုတာ အမိန့်ရှိတော်မူပါ"

ဟု ဆိုလေရာ ဆားပုလင်းရဲခေါင်က သူ့အမေလောက် ရှိမည့် မိန်းမကြီးအား တည်ကြည်အေးချမ်းသော လေသံဖြင့်...

"ကျွန်ုပ်ရဲ့ အမည်ကတော့ ဇမ္ဗူတလူ ရွှေဘုန်းလူ ဖြစ်ပါတယ်။ နယ်လှည့်သာသနာပြုနေတဲ့ ပုဂ္ဂိုလ်တစ်ဦးဆိုပါတော့။ အခုလည်း ပုပ္ပါးတောင်မကြီးပေါ်မှာ စခန်းတက်ဖို့အတွက် အမိဋ္ဌာန်ဝင်နေတုန်း အဘဘိုးမင်းခေါင်၊ ဘိုးဘိုးအောင်၊ ဘားမွဲဆရာတော်၊ ရှင်အဇ္ဇဂေါဏ၊ ရှင်မထီးနဲ့ သိုက်ချုပ်ဘိုးတော်တို့က ဒီနေရာ ဒီဒေသမှာ တို့နဲ့ ပဋ္ဌာန်းဆက်ရှိတဲ့ သမီးတော်လေးတစ်ပါး အမှောင့်ပယောဂဝင်နေတာ သွားကယ်တင်ဖို့ ညွှန်ကြားစေခိုင်းလိုက်တာနဲ့ ယခုလိုရောက်ရှိလာရတာပဲ ဖြစ်ပါတယ်။ ဟောဒါကတော့ ကျုပ်ရဲ့ နောက်လိုက် ဖိုးသူတော်ကြီး ဦးကျောက်ခဲပါပဲ"

ဟု ဆိုလိုက်လေသည်။ အရေးပိုင်ကတော်က ရိုရိုသေသေ လက်အုပ်ချီကာ...

"သမီးတော်ကြီးတို့ကို ချီးမြှောက်ဖို့ အဝေးကြီးကတောင် ဘိုးတော်ကြွလာရတာဆိုတော့ အထူးပဲ ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် သမီးကလေးဟာ အခု အိမ်ကို ကြွရောက်ပြီး ကုသနေတဲ့ ဘိုးတော် မနောမယ အောင်ဇေယျနဲ့ပဲ ရောဂါက တော်တော်လေးတော်လေး သက်သာပျောက်ကင်းနေပါပြီ။ သမီးကလေးကို အဲဒီဘိုးတော်ဆီမှာ အပ်နှံထားရတယ်ဆိုတော့ အခု ချက်ချင်း ဒီက





ဘိုးတော်တို့နဲ့ လွဲပြောင်းကုဖို့ မဖြစ်နိုင်တဲ့အတွက် တောင်းပန်ပါတယ်"

"မလိုဘူး သမီးကြီး၊ ကျုပ်တို့က သတ္တဝါတွေကို ကယ်တင်ဖို့ပဲ အလေးထားပါတယ်။ ဘယ်သူပဲ ကုကု၊ ရောဂါပျောက်ကင်းဖို့က အဓိကပါ။ ကျုပ်အာရုံယူကြည့်တော့ အခု ကုသနေတဲ့ ဘိုးတော်လေးဟာလည်း လူကို ငယ်ပေမယ့် ပညာက မငယ်လို့ သင့်တော်ပါပေတယ်။ ကျုပ်လည်း ပုပ္ပါးပြန်ရောက်ရင် အဝေးကနေ မေတ္တာပို့ပေးပါ့မယ်"

ထိုအခိုက်မှာပင် ဘုရားစင်မှ ပိတ်ဖြူစင်ကြယ်နှင့် သျှောင်တစောင်းဘိုးတော်သည် ထိုင်ရာမှပင် ကျွန်ုပ်တို့ဘက်သို့ မျက်နှာမူကာ လှည့်လိုက်သည်။ ထိုသူကာ ငယ်ရွယ်ချောမောသောသူတစ်ဦး ဖြစ်နေသည်ကို တွေ့ရလေသည်။ သူသည် သူတရား ထိုင်ခဲ့က ရှေ့တွင်ချထားသော ဖန်ခွက်ကို ယူကာ ညာဘက် လက်ချောင်းများကို ရေတွင် နှစ်၍ အနီးတွင်ထိုင်နေသော ခင်လေးမူအား ရေဖြင့် တောက်လိုက်လေ၏။ ထို့နောက် ဖန်ခွက်ထဲမှ ရေကို ကုန်အောင် သောက်ခိုင်း၏။

မင်းစိုးရာဇာကတော်များကား ထိုသျှောင်တစောင်း ဘိုးတော်လုပ်သမျှကို မျက်တောင်မခတ် စိုက်ကြည့်နေကြ၏။ သျှောင်တစောင်းဘိုးတော်သည် သူ့အိတ်ထဲမှ စီးကရက်ဘူးကို ထုတ်ကာ စီးကရက်တစ်လိပ်ကို ထုတ်ယူကာ သူ့ကို ဆက်ကပ်ထားသည့် လိမ္မော်ရည်ဖန်ခွက်အတွင်းမှ ရေခဲတုံးကို တို့လိုက်သောအခါ စီး



www.burmeseclassic.com

www.burmeseclassic.com



ကရက်ထိပ်သည် မီးထတောက်လောင်လာသည်ကို တွေ့ရလေရာ ကျွန်ုပ်သည်ပင် ထိုဘိုးတော်အစွမ်းကို အံ့အားသင့်၍ သွားလေသည်။

ထိုအခိုက်မှာပင် အခန်းထဲသို့ အရေးပိုင် ဦးထွန်းအောင်ကြွယ် ကိုယ်တိုင် ဝင်ရောက်လာခဲ့လေရာ ကျွန်ုပ်မှာ ဦးထွန်းအောင်ကြွယ်က ကျွန်ုပ်ကို မြင်လျှင် မှတ်မိသွားမှာစိုးသည့်အတွက် ခေါင်းကို ငုံ့၍ ထားရလေတော့သည်။ တကယ်ဆိုလျှင်မူ ပုံစံအပြောင်းကြီးပြောင်းနေသော ကျွန်ုပ်အား ဦးထွန်းအောင်ကြွယ်အနေဖြင့် မှတ်မိနိုင်စရာလမ်း မရှိပါချေ။ ကျွန်ုပ်၏ အကျပ်အတည်းကို ဆားပုလင်းရဲခေါင်က ရိပ်စားမိဟန်တူ၏။ သူသည် အောင်ဇေယျ ဆိုသော ဘိုးတော်ကို အကဲခတ်နေရာမှ အရေးပိုင်ကတော်ကို နှုတ်ဆက်ကာ ထပြန်လာခဲ့လေသည်။ ကျွန်ုပ်လည်း သူ့နောက်မှ ကြေးစည် တနောင်နောင် ထုရင်း လိုက်ပါလာခဲ့ရပါလေတော့သည်။

*



## ၅။ လက်မတင်လေး လွှတ်မြောက်ခြင်း

နောက်တစ်နေ့ ရုံးတက်သောအခါ ကျွန်ုပ်သည် ကျွန်ုပ်၏ ကတုံးအဖြစ်ကို လူမြင်မခံဝံ့သည်နှင့် ရုံးအတွင်းစားပွဲခုံမှာ ထိုင်နေရင်းပင်လျှင် ခေါင်းကို ဦးထုပ်ကို မချွတ်ဘဲ ရှိနေလေရာ အတွင်းဝန်ဖြစ်သော ကိုထင်ကြီးက ကျိတ်၍ ရယ်မောနေလေတော့သည်။ ဤကိစ္စအား ကျွန်ုပ်တို့၏ ပြိုင်ဘက် ကိုစန်းလွင်တို့ လူစုမသိသည်မှာ ကျွန်ုပ်အတွက် ကံကောင်းလှပြီဟု ဆိုရပေတော့မည်။

မကြာမီ ရုံးခန်းထဲသို့ ဆားပုလင်းရဲခေါင်သည် အေးအေးလူလူ လျှောက်လှမ်းဝင်လာကာ ကျွန်ုပ်၏ စားပွဲရှေ့တွင် ဝင်ထိုင်လိုက်ရင်း

"ခေါင်းက ဦးထုပ်ကြီး ချွတ်ထားလိုက်ပါအိုင်ပီရယ်။ ပူလိုက်အိုက်လိုက်တာ"

ဟု ဆိုလေ၏။ ကျွန်ုပ်က...

"ကျုပ်တော့ ဘိုကေတစ်လုံး အဆုံးခံလိုက်ရပြီးပြီ။ တစ္ဆေကို ဘယ်တော့ ဖမ်းနိုင်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်ရ... ဆားပုလင်းရဲခေါင်က

"သိပ်နီးကပ်နေပါပြီ။ ဒါထက် ကျွန်တော် နယ်ကို သွား... တုန်းက ဓာတ်ပုံလေးတစ်ပုံ ရခဲ့တယ်။ အိုင်ပီ ကြည့်ကြည့်စမ်းပါ... ဓာတ်ပုံထဲက ကောင်မလေးဟာ ဘယ်သူနဲ့ တူသလဲ"

ဟု ဓာတ်ပုံတစ်ပုံကို ထုတ်ပေးရင်း မေးမြန်းလိုက်လေ... ဓာတ်ပုံမှာ အတော်ပင် ဟောင်းနွမ်းလှပြီဖြစ်သည်သာမက ကောင်... စွာ ထိန်းသိမ်းထားခြင်းမရှိပုံဖြင့် နှုတ်ခမ်းထောင့်စွန်းများ စုတ်ပြဲ... နေလေသည်။ ဓာတ်ပုံထဲတွင် အသက် ၂၀ ပတ်ဝန်းကျင်ရှိ မိန်း... ကလေးတစ်ဦးနှင့် ယောက်ျားလေးတစ်ဦး ယှဉ်တွဲရပ်နေပုံကို တွေ့... ကာ ထိုအထဲမှ မိန်းကလေးမှာ မနေ့က ကျွန်ုပ်တို့ တွေ့ခဲ့သော... အရေးပိုင်သမီးခင်လေးမူနှင့် အတော်ပင် တူနေသည်ကို သတိထား... လိုက်မိလေသည်။

"အိုင်ပီ ဒီဓာတ်ပုံထဲက ကောင်မလေးဟာ ခင်လေးမူ... မဟုတ်လား"

"မဟုတ်ဘူးအိုင်ပီ၊ ဒီဓာတ်ပုံရိုက်ထားတာဟာ အနှစ် ၂... ကျော်ပြီလေ၊ ဒီဓာတ်ပုံရိုက်တုန်းကဆို ခင်လေးမူဟာ မွေးတော... မမွေးသေးဘူး"

"ဟုတ်ပြီ အခုမှ သတိထားကြည့်မိတယ်။ ဝတ်ပုံစားပုံ... နဲ့ခေတ်နဲ့မတူဘူး။ ဒါပေမယ့် မျက်လုံးနှာခေါင်းကအစ ကောင်... မလေးရဲ့ ပုံကတော့ တော်တော်တူနေပါလားဗျ။ အင်းလေ လောက... မှာ လူတူမရှား နာမည်တူမရှားပဲ"





ဟု မှတ်ချက်ချရာ ဆားပုလင်းရဲခေါင်က

"တူမှာပေါ့ဗျ အိုင်ပီရ၊ သူတို့နှစ်ယောက်ဟာ တစ်ဦးတည်း... လူဝင်စားလေဗျာ"

ဟု ပြောလိုက်လေသည်။ ကျွန်ုပ်လည်း အံ့အားသင့်၍ သွား... လေတော့၏။

"ဒါကြောင့် ကျွန်တော် ပြောတာပေ့ါ။ ဒီအဖြစ်က ထူးဆန်း... လေးနက်တယ်လို့။ ကျွန်တော် အထက်မြန်မာပြည်သွား စုံစမ်းရင်းနဲ့... ရခဲ့တာ၊ ဒါရတာဟာ အမှုအတွက် အတော်ကို အထောက်အကူ... ဖြုခဲ့တယ်လို့ ခေါ်ရမှာပဲ အိုင်ပီ"

ဟု ဆားပုလင်းရဲခေါင်က ဆိုကာ...

"ဒါထက် အိုင်ပီတို့ကို ဇဟုသုတရစရာ ကျွန်တော် ထုတ်ပြ... စရာ ရှိတယ်"ဟုဆိုရင်း တစ်ဆယ်တန် ငွေစက္ကူလေးတစ်ရွက် ထုတ်... ပြလေ၏။ တစ်ဖက်တွင် ဘုန်းကြီးတစ်ပါးပုံရိုက်နှိပ်ထားကာ တစ်... ဖက်တွင်တော့ ဘိုးမင်းခေါင်ပုံ ရိုက်နှိပ်ထားပါသည်။

ဦးထင်ကြီးက ငွေစက္ကူကို ဆွဲယူကာ လှန်လှောကြည့်ကာ

"အဲဒီငွေစက္ကူ တကယ်သုံးလို့ ရရဲ့လားဗျာ၊ ဘယ်တုန်းက သုံးတာလဲ"

ဟုမေးလေသည်။ ကိုရဲခေါင်က...

"ဂျပန်ခေတ်တုန်းက သာယာဝတီနယ်ဘက်ဝိုက်မှာ တကယ် သုံးခဲ့တာပါအိုင်ပီ၊ အဲဒီတုန်းက အင်္ဂလိပ်ငွေစက္ကူတွေက လည်း အသုံးမဝင်၊ ဂျပန်ငွေစက္ကူတွေလည်း ဖောင်းပွဆိုတော့



www.burmeseclassic.com

www.burmeseclassic.com

(ထိုငွေစက္ကူကို စာဖတ်သူတို့ ဗဟုသုတ ရစေရန် အလို့ငှာ ဖော်ပြလိုက်ပါသည်။)








* အမှာကဲ စတုရောဝိဇ္ဇာ
ဒီယာယုကာ မဟိဒ္ဓိတာ
ပါလယန္တု သဟ သိဒ္ဓေဟိ
သဗ္ဗ သမ္ပတ္တိ သိဒ္ဓိယား

* ဝိနောဝမေ ဒေတု ကုဋ္ဌိတဲ
စိရံ တိဋ္ဌတု မေ ဗာယူ
လာဘော လဘတုမေ သဒါ
သောကော ရောဂေါ ဝိနဿန္တု
ဧယျာ သုခါ ဘဝန္တု မေး ။

(အထက်တွင် အလိုရှိသူများ အသုံးပြုနိုင်ရန်၊ အချုပ်အနှောင်မှ လွတ်မြောက်စေရုံမက အခက်အခဲ၊ အကျဉ်းအကျပ်၊ အတိုက်အခိုက်များအားလုံး အောင်မြင်စေနိုင်သည့် အဘဘိုးမင်းခေါင် ပေးသည့် ဂါထာကို ဖော်ပြထားပါသည်။ ငါးပါးသီလခံယူပြီး သက်စေ့ (သို့မဟုတ်) ၁၀၈ခေါက်၊ အခေါက်တစ်ထောင် စသဖြင့် အဓိဋ္ဌာန်ပြီး ရွတ်ဖတ်ပါ)



www.burmeseclassic.com

www.burmeseclassic.com



အိုင်ပီတို့ ကြုံခဲ့ဖူးတာပဲ။ ဂျပန်စစ်တပ်တစ်ခုမှာ ငွေရိုက်တဲ့ စက်တစ်ခုရှိပြီး လိုသလောက် ရိုက်ထုတ်နေကြတာပဲ၊ ထောင်မထဲ သဲကော်မှ လက်ခံတဲ့ ခေတ်။ အဲဒီအချိန်မှာ သာယာဝတီနယ်မှာလည်း ဒီငွေစက္ကူတွေ ထုတ်ပြီး သတ်မှတ်ထားတဲ့ နယ်မြေအတွင်းမှာ သုံးစွဲခဲ့တယ်။ အမှန်တော့ တိုကင်သဘောပါပဲလေ"

ဟု ဆိုလေသည်။

ထိုအခိုက်မှာပင် အရေးပိုင်ဦးအောင်ကြွယ်သည် ကျွန်ုပ်တို့ စီအိုင်ဒီရုံးအတွင်းသို့ သုတ်သီးသုတ်ပျာ ဝင်ရောက်လာကာ ပုလိပ်မင်းကြီး၏ အခန်းထဲသို့ ဝင်သွားလေသည်။ ဆားပုလင်းရဲခေါင်က...

"ကျွန်တော်တို့ ခြေတစ်လှမ်းနောက်ကျသွားပြန်ပြီဗျို့။ တရားခံက ခြေတစ်လှမ်းဦးသွားပြန်ပြီထင်ပါရဲ့"

ဟု ဆိုလိုက်လေသည်။ ကျွန်ုပ်ကား ထိုစကားကို မည်သို့မှ နားမလည်နိုင်ပဲ ဖြစ်၍ နေလေသည်။ မကြာမီ ဦးထွန်းအောင်ကြွယ်သည် မျက်စိမျက်နှာ မကောင်းစွာ ပုလိပ်မင်းကြီးအခန်းထဲမှ ပြန်ထွက်သွားလေသည်။

မကြာမီ ပုလိပ်မင်းကြီးက ခေါ်သဖြင့် ကျွန်ုပ်တို့ စုံထောက်အားလုံး သူ့ရုံးခန်းထဲ ဝင်သွားကြရလေသည်။ ဆားပုလင်းရဲခေါင်ကမူ သူနှင့် မည်သို့မှ မသက်ဆိုင်သည့်နှယ် သူ့စားပွဲတွင် အေးအေးလူလူ ထိုင်ကာ စီးကရက် သောက်၍ ကျန်ခဲ့လေသည်။ ပုလိပ်မင်းကြီး မစ္စတာရောဘတ်ကား မီးဖိုပေါ် ထိုင်မိသော မျောက်တစ်ကောင်





တဲ့သို့ မျက်နှာကြီးရဲရဲနီကာ...

"အိုး...ဂေါ့ ဘာတွေ ဖြစ်ကုန်ပြီလဲ။ အရေးပိုင်သမီး ခင်လေးခ့ကို သူတို့အိမ်ပင့်ထားတဲ့ အောင်ဇေယျဆိုတဲ့ ဘိုးတော်က ခိုးပြေးပြီတဲ့။ ကျုပ်တို့ ဘာလုပ်ရတော့မလဲ၊ ပုလိပ်မင်းကြီးဖြစ်ရတာ ဘာကောင်းသလဲ။ အရေးပိုင်သမီးလင်နောက်လိုက်ပြေးတဲ့ကိစ္စကို ကိုင်တွယ်နေရရင် ကျုပ်ပခုံးက တံဆိပ်တွေကို ဖြုတ်ပြီး အမှိုက်ပုံးသွားလွှင့်ပစ်ဖို့ပဲ ရှိတော့တယ်။"

ဟု ဆိုလေသည်။ ပြီးလျှင်...

"မောင်မင်းတို့ စုံထောက်တွေ အမြန်ဆုံး တွေ့အောင် ရှာကြ"

ဟု အော်ငေါက် အမိန့်ပေးလေတော့သည်။

ရုံးခန်းထဲက ထွက်လာပြီးနောက် ကျွန်ုပ်နှင့် ကိုထင်ကြီးတို့လည်း ဆားပုလင်းရဲခေါင်စားပွဲတွင် သွားထိုင်ကြလေသည်။ ကိုရဲခေါင်က စီးကရက်ကို စားပွဲပေါ်မှ ပြာခံခွက်ထဲ ထိုးချေလိုက်ကာ...

"ကျွန်တော်က ဒီလောက်မြန်မြန်လစ်ပြေးကြလိမ့်မယ်လို့ မထင်ဘူး။ ဒီလူက ကျွန်တော်ထင်ထားတာထက်တောင် လည်နေတာပဲ"

ဟု ညည်းတွားလိုက်၏။ ကျွန်ုပ်က နားမလည်သဖြင့်

"ဘယ်လူကို ဆိုလိုတာလဲ ကိုရဲခေါင်"

ဟု မေးသောအခါ...

"ဘယ်သူရမလဲ၊ အရေးပိုင်အိမ်မှာ တွေ့ခဲ့တဲ့ မနေ့ကမယ



www.burmeseclassic.com

www.burmeseclassic.com



အောင်ဇေယျဆိုတဲ့ ဘိုးတော်ပေါ့။ လူသတ်မှုအားလုံးရဲ့တရားခံက သူပဲခင်ဗျ"

ဟု ဆိုလိုက်လေရာ ကျွန်ုပ်က ပိုအံ့ဩ၍ သွားလေသည်။

"အခုမှ တွေ့ပြီး လိုက်ပြေးတာ မဟုတ်ဘူးဗျ။ နဂိုကတည်းက သူတို့က အချိတ်အဆက်တွေ။ ကိုအောင်မင်း စဉ်းစား ကြည့်စမ်း၊ တရားခံပြေးတစ်ယောက်ပုန်းနိုဖို့အတွက် အရေးပိုင်မင်းရဲ့ အိမ်ဆိုတာ အကောင်းဆုံး ဖြစ်မနေဘူးလား။ အညာက ပျောက်ခြင်းမလှ ပျောက်သွားပြီးကတည်းက သူ့ကို ခြေရာခံမရဘူး။ အရေးပိုင်သမီးလည်း အိမ်ပြန်ရောက်နေပြီကြားတော့ ဒီအချက်ကို စဉ်းစားမိသွားတယ်။ ကောင်မလေးအကူအညီနဲ့ ဒီအိမ်ထဲ ရောက်နေတာပဲ။ ဒါကြောင့် ကျွန်တော်က အကဲခတ်ချင်လို့ အိမ်ထဲ ဝင်လို့ရအောင် ကြံဆောင်ရတာ"

ဟု ဆိုလေသည်။ ကျွန်ုပ်က...

"ဒါဆို မနောမယအောင်ဇေယျဆိုတာ ဘိုးဘော်အတုပေါ့"

ဟု ဆိုလေရာ...ကိုရဲခေါင်က...

"ဟုတ်ပဗျာ၊ အတုပါပဲ"ဟု ပြောလေ၏။ ကျွန်ုပ်က...

"ဒါဆို သူက ဘာကြောင့် ဒီလောက်စွမ်းနေတာလဲ"

"ဘာများစွမ်းလို့လဲ"

"ကျွန်တော်တို့ရှေ့မှာပဲ ရေခဲနဲ့ စီးကရက်မီးညှိပြတယ်လေ"

"ဒါက ဘာဆန်းလို့လဲဗျ၊ စီးကရက်ထိပ်မှာ ဖော့စရုပ်ကို ကပ်ထားတာပေါ့။ ဒီဓာတ်က ရေနဲ့ထိရင် မီးထထောက်တာပဲ။ မသိတဲ့လူတွေကတော့ အထင်ကြီးမှာပေါ့"

ဟု စိတ်ခမ်းတိုတိုပုံစံဖြင့် ပြောလိုက်လေရာ ထိုစကားမှာ ကျွန်ုပ်ကို အနည်းငယ်ထိသလို ရှိသဖြင့် ငြိမ်ကုပ်နေလိုက်ရလေသည်။

"ဒီလူက တော်တော်လေးပါးနပ်တယ်၊ ကျုပ်တို့နှစ်ယောက်ရပ်ဖျက်ပြီး လာစုံစမ်းတာကို ရိပ်မိသွားပုံရတယ်။ ဒါကြောင့် ကောင်မလေးကို ခေါ်ပြီး ထွက်ပြေးတာပဲ"

ဟု ဆားပုလင်းရဲခေါင်က ဆက်ပြောလေသည်။

"အင်း ဒီတစ်ခါ လွတ်သွားတာတော့ နာတယ်ဗျာ။ သူက ပိုပြီး သတိထားတော့မယ်။ အဲဒီတော့ ပိုဖမ်းရခက်တော့မှာပဲ။ မတတ်နိုင်ဘူးလေ ကြိုးစားရမှာပေါ့"

ဟုဆိုကာ ကျွန်ုပ်ကို ခေါ်၍ ဆူးလေတစ်ဝိုက်က ဓာတ်ပုံဆိုင်များဆီ သွားကာ သူ မကြာခင်က ပြခဲ့သော စုံတွဲတစ်ပုံကို ဓာတ်ပုံ နှစ်ဆယ်ခန့် အကူးခိုင်းလေသည်။

ကျွန်ုပ်က "ဒီလောက်အများကြီး ဘာလုပ်ဖို့လဲ"

ဟု မေးသောအခါ

"ကျွန်တော့်ရဲ့ ဂုဏ်သရေရှိ လူကလေးမင်းများအဖွဲ့ကို ခွဲဝေပေးထားရမယ်။ ရန်ကုန်တစ်မြို့လုံး နေရာအနှံ့အပြား ချောင်ကြိုချောင်ကြားပါမကျန် ရောက်တာက သူတို့ပဲ ရှိတယ်။ အခုတော့ ကံကြမ္မာနဲ့ သူတို့ကိုပဲ အားကိုးရတော့မှာပဲ"

ဟု ဆိုလေသည်။ ထို့နောက်တွင်မူ ကျွန်ုပ်သည် ဘုန်းကြီး





www.burmeseclassic.com

www.burmeseclassic.com

ကျောင်းတစ်ကျောင်းတွင် မှီကပ်နေသည့် သျှောင်ပေစုနှင့် ဟာစ်တစ်လုံး ဆိုသော ကောင်လေးကို သွားတွေ့၏။ ထိုကောင်လေးကား ထိုအဖွဲ့၏ ခေါင်းဆောင်ပင်ဖြစ်သည်။

"အဖွဲ့ဝင်တွေအားလုံးကို ဒီဓာတ်ပုံတစ်ပုံစီပေးပြီး စောင့်ကြည့်ဖို့ တာဝန်ပေးလိုက်၊ တွေ့တာနဲ့ ငါ့ဆီ ချက်ချင်း အကြောင်းကြား၊ အရေးကြီးတယ်၊ တွေ့တဲ့လူကိုလည်း ထိုက်ထိုက်တန်တန် ဆုပေးမယ် ပြောလိုက်"

ဟု ဆားပုလင်းရဲခေါင်က ဓာတ်ပုံများပေးကာ မှာကြားနေလေသည်။ ထို့နောက် ကားပေါ် ပြန်ရောက်သောအခါ ကျွန်ုပ်က...

"ကဲ ဘယ်မောင်းပို့ရမလဲ ကိုရဲခေါင်"

ဟုမေးရာ

"ကျွန်တော်တော့ ဗိုက်သိပ်ဆာနေပြီ၊ အနီးဆုံး စားသောက်ဆိုင်သာ မောင်းပေတော့"

ဆားပုလင်းရဲခေါင်က ဩဇာသံပါပါ ပြောလိုက်လေတော့သတည်း။



၆။ ပါးနပ်လွန်းသော ထောင်ချောက်တစ်ခု

ရန်ကုန် ကမ်းနားလမ်းရှိ နိုင်ငံခြားသို့ ထွက်ခွာမည့် သင်္ဘောများဆိုက်ကပ်ရန် ဆိပ်ကမ်းမှာ ခရီးသည်တို့ဖြင့် စည်ကားရှုပ်ထွေးနေလေသည်။ ယခု ထွက်ခွာမည့် ခရီးစဉ်မှာ ရန်ကုန်မှ အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့သို့ ဖြစ်လေရာ ရောက်ရှိနေသော ခရီးသည်များထဲတွင် အိန္ဒိယလူမျိုးက အများစုဖြစ်နေတာ သဘာဝကျလှပေသည်။

ထိုအထဲတွင် မုတ်ဆိတ်မွေးဖွားကုလားကြီးများသာမက ဆာရီဝတ်ကုလားမချောချောကလေးများ၊ ခေါင်းတွင် ပေါင်းထုပ်ထားသော ပန်ချာပီကုလားများ၊ အရုပ်ထောင်ထောင်မောင်းမောင်းနှင့် ပထန်ကုလားများ၊ မည်းမည်းကြုတ်ကြုတ် ဂေါ်ရင်ဂျီကုလားများ၊ ချစ်တီးကုလားများစသည်ဖြင့် စုံလင်လှလေရာ ကုလားမျိုး (၁၀၁)ပါးဟု ဆိုရတော့မည့်ကဲ့သို့ ဖြစ်နေလေသည်။

ဆားပုလင်းရဲခေါင်က ဒီနေ့ကံကောင်းလျှင် တရားခံကို ဖမ်းမိလိမ့်မည်။ ကမ်းနားဆိပ်ကမ်းကို လာခဲ့ပါဆိုသဖြင့် ကျွန်ုပ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ကိုထင်ကြီးသည် ရောက်ရှိလာခဲ့ကြသော်လည်း ဆားပုလင်းရဲခေါင်ကိုကား အရိပ်အယောင်မျှ ရှာမတွေ့ဘဲဖြစ်နေရလေသည်။ ဦးထင်ကြီးက...

"ကိုရဲခေါင်ကို ရှာပါဦး"

ဟု ဆိုလေသည်။ ကျွန်ုပ်က...

"ဒီလူဟာ ကတိဖျက်တတ်တဲ့သူတော့ မဟုတ်ဘူး။ ရောက်အောင်လာမှာတော့ သေချာတယ်။ တစ်ခုပဲ ရှိတယ်။ ဒီအတိုင်းတော့လာမှာ မဟုတ်ဘူး၊ တရားခံက သူ့ကို မမှတ်မိအောင် ရုပ်ဖျက်လာမှာ သေချာတယ်"

ဟု ကျွန်ုပ်က ဆိုလိုက်လေသည်။ ဦးထင်ကြီးက ခပ်လှမ်းလှမ်းရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ကို ညွှန်ပြကာ...

"ကျုပ်တို့ ဒီအတိုင်း လိုက်ရှာနေရရင်တော့ ခြေတိုလိမ့်မယ်။ ဟောဟို လက်ဖက်ရည်ဆိုင်ထဲက သွားထိုင်စောင့်ကြရအောင်။ ဒီနေရာတစ်ခုလုံးကိုလည်း ကျွန်တော်တို့ ကောင်းကောင်း မြင်နေရတယ်။ ပြီးတော့ ထိပ်စားပွဲမှာ ထိုင်နေရင် ကျွန်တော်တို့လည်း ကိုရဲခေါင်လာရင် ကောင်းကောင်း မြင်ရမယ်"

ဟု အကြံပေးသဖြင့် ကျွန်ုပ်လည်း သဘောကျကာ ထိုဆိုင်ဆီ လျှောက်လာခဲ့လေသည်။ ဆိုင်ထဲ ဝင်ခါနီးတွင် ကျွန်ုပ်၏နှမော်နမဲ့ နိုင်မှုကြောင့် ဆိုင်ထဲက စားသောက်ပြီး ထွက်လာဟန်တူသော ကုလားမြေးအဘိုးနှစ်ယောက်နှင့် ဝင်ကာ တိုက်မိလေတော့သည်။





အဘိုးကြီးမှာ မွတ်စလင်လူမျိုးတို့ထုံးစံအတိုင်း တစ်ထွာခန့်သာသာရှိသော မုတ်ဆိတ်ဖြူဖြူများ ပေါက်နေကာ ခါးတွေ ကိုင်းလောက်အောင်ပင် အိုမင်းနေကာ၊ သူ့မြေးကုလားမလေးက တွဲကာသွားလာနေရ၏။ ဆာရီနီနီဝတ်ထားသော ကလေးမလေးမှာမူ ငယ်ရွယ်ချောမောသူလေးဖြစ်ကြောင်း ကျွန်ုပ်၏ မျက်လုံးများကအကဲခတ်လိုက်မိ၏။

ကျွန်ုပ်၏ အားတောင့်အားနာတောင်းပန်စကားကိုပင် ဂရုစိုက်ဟန်မတူဘဲ ကုလားမလေးကား သူ့အဘိုးကို ဆွဲကာ ထိုနေရာမှခပ်တည်တည် ထွက်ခွာသွားလေတော့သည်။ ကိုထင်ကြီးက...

"ကုလားမလေးကို အားနာစရာဗျာ။ ခင်ဗျားလုပ်လိုက်ရင်ဒီလိုချည်းပဲ"

ဟု ကျွန်ုပ်အား အပြစ်တင်နေသဖြင့်...

"ခင်ဗျားက ကုလားမလေးကို ဘာကြောင့် အားနာနေတာလဲ၊ လှလို့လား"ဟု သူ့ကို ပြန်ပက်လိုက်ရလေသည်။

ကျွန်ုပ်တို့နှစ်ဦးကား ထိုလက်ဖက်ရည်ဆိုင်ထိပ်စားပွဲတွင် ၁၅မိနစ်ခန့်ကြာအောင် ဆက်ကာ ထိုင်၍ စောင့်စားနေပါသော်လည်း ကိုရဲခေါင်ကိုလည်း မတွေ့၊ ကျွန်ုပ်တို့ကိုလည်း လာရောက် မဆက်သွယ်သဖြင့် ဘာဆက်လုပ်ရမှန်းမသိရုံမက ပျင်းရိ၍ လာလေသည်။ ထိုအချိန်မှာပင် သဘောကလည်း ထွက်ခွာမည့် ခရီးသည်များကိုစတင်ကာ တင်တော့မည့်အကြောင်း ကြေညာလေ၏။

ဆိပ်ကမ်းက လူတွေအားလုံး လှုပ်လှုပ်ရွရွ ဖြစ်ကုန်တော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် သင်္ဘောကြီးကလည်း အင်မတန်ကြီးမားကာ လူအုပ်ကြီးကလည်း အင်မတန်များပြားလှပေရာ ဤကိစ္စမှာ တော်ရုံ အချိန်ကာလနှင့် ပြီးပြတ်နိုင်လိမ့်မည်မထင်ချေ။ ထို့ကြောင့် ကျွန်ုပ်က ထိုင်ရာက ထလိုက်ကာ

"ကိုထင်ကြီးရေ... တော်တော်ကြာ သင်္ဘောထွက်လိမ့်မယ်။ ကျွန်တော်တို့ ဆက်စောင့်နေလည်း ထူးမယ်မထင်ဘူး။ ပြန်ကြရအောင်"

ဟု အဖော်ညှိလိုက်မိလေသည်။

ထိုအခိုက်မှာပင် ကမ်းနားရေစပ်ဆီမှ ဝုန်းခနဲအသံနှင့်အတူ လူတွေ ရုတ်ရုတ်သဲသဲဖြစ်နေတာ တွေ့လိုက်ရလေသည်။ ထိုအချိန်မှာ ရေတက်ချိန်ဖြစ်လေရာ ရန်ကုန်လှိုင်မြစ်ရေသည် ကမ်းနား ပခုံးစပ်နှင့် ထိလုထိခင် ဖြစ်၍ နေလေ၏။ ဦးထင်ကြီးက...

"သင်္ဘောပေါ် တက်ဖို့ တိုးကြဝှေ့ကြရင်း လူတစ်ယောက် ယောက်တော့ ရေထဲလိမ့်ကျနေပြီထင်ပါရဲ့ သွားကြည့်ရအောင်"

ဟုဆိုကာ ကျွန်ုပ်တို့နှစ်ယောက်သည် ကမ်းနားရေစပ်ဆီသို့ ခပ်သွက်သွက် လျှောက်သွားလေသည်။ ရှေ့ဆုံးရောက်သောအခါ ဖြစ်နေသော အခြေအနေကို ကောင်းစွာ တွေ့မြင်ရလေတော့သည်။

အသက် ၅၅နှစ်ခန့်ရှိ မိန်းမကြီးတစ်ဦးသည် ရေထဲကို ကျကာ ငုပ်ချည်ပေါ်ချည်ဖြစ်နေလေသည်။ ရုတ်တရက် ရေနစ်သူကို ဘယ်သူကမှ ဆင်းမဆယ်ဘဲ ကြောင်ငေးကာ ကြည့်နေကြ၏။ ထိုနေရာမှာ ကမ်းစပ်ဆိုသော်လည်း ရေတက်သောအခါ ဝါးတစ်ရိုက်မက





င့်နေသည်ကို သိနေကြလေရာ ရုတ်တရက် မည်သူမျှ မဆင်းရဲဘဲ ဖြစ်နေကြပုံရ၏။ ဤအတိုင်းသာဆိုလျှင် ထိုမိန်းမကြီးမှာ ရေနစ် သေဖို့သာ ရှိတော့သည်။

ထိုအချိန်မှာပင် ကျွန်တော်တို့ ရှေ့မလှမ်းမကမ်းမှ မုတ်ဆိတ် ဖြူနှင့် ကုလားအဘိုးကြီးသည် သွက်လက်လျင်မြန်စွာ ရေထဲသို့ န်းခနဲ ခုန်ဆင်းသွားလေသည်။ သူ့နောက်က ဆာရီအနီနှင့် ကုလား လေးက လှမ်းဆွဲလိုက်သော်လည်း မမီဘဲ ရှိနေလေသည်။ ဒီတော့ ကျွန်ုပ်သည် ဤမုတ်ဆိတ်ဖြူအဘိုးကြီးနှင့် ကုလားမလေးမှာ န်ုပ်နှင့် လက်ဖက်ရည်ဆိုင် အပေါက်ဝတွင် ဝင်တိုက်မိမလို ဖြစ် သွားသော မြေးအဘိုးဖြစ်ကြောင်း မှတ်မိလိုက်လေသည်။

မကြာမီ ထိုအဘိုးကြီးသည် ရေထဲက မိန်းမကြီးကို ဆယ်သွား ာ ကမ်းခြေသို့ ကူးခတ်လာလေသည်။ ဒီတော့မှ အဘိုးကြီး ခေါင်း ွင် စွတ်ထားသော ခေါင်းစွတ်နှင့် မုတ်ဆိတ်မွေးဖြူဖြူ အတုကြီး မှာ ရေစိုကာ ပြုတ်ထွက်ကုန်ကြောင်း တွေ့လိုက်ရလေသည်။ သူကား ကုလားအဘိုးကြီးလို ဝတ်ဆင်ထားသော်လည်း မြန်မာ မျိုးလူငယ်တစ်ဦးမှန်း သိလိုက်ရလေသည်။

ကမ်းခြေရောက်သောအခါ ကျွန်ုပ်နှင့် ကိုထင်ကြီးက ထိုမိန်းမ ကြီးနှင့် လူငယ်ကို ကုန်းပေါ်ဆွဲတင်ရန် ကြိုးစားကြလေသည်။ ထို ခိုက်မှာပင် ကျွန်ုပ်တို့၏ နောက်ကျောဘက်ဆီမှ ဆားပုလင်း ခေါင်၏ အသံထွက်ပေါ်လာလေသည်။

"အိုင်ပီရေ၊ အဲဒီလူကိုသာ လက်ထိပ်ခတ်လိုက်ပေတော့"



www.burmeseclassic.com

www.burmeseclassic.com



လူသတ်မှုတွေရဲ့တရားခံ ရန်ရှင်းဆိုတာ ဒီလူပါပဲ"

ဟူ၍ ဖြစ်လေသည်။ ထို့ကြောင့် ကျွန်ုပ်လည်း လက်ထိပ်ကို ထုတ်ယူကာ လက်ထိပ်ခတ်ရန် ပြင်ဆင်သောအခါ ထိုသူက...

"ဒီအခြေအနေရောက်မှ မထူးတော့ပါဘူးဗျာ။ ကျွန်တော်လည်း ထွက်ပြေးမနေတော့ပါဘူး။ လက်ထိပ်ခတ်မနေပါနဲ့။ ကျွန်တော် ကတိပေးပါတယ်"ဟု ဆိုလေရာ ကိုရဲခေါင်ကလည်း သဘောတူပါသည်ဟု ခေါင်းညိတ်ပြသဖြင့် ကျွန်ုပ်လည်း လက်ထိပ်မခတ်ဘဲ ထားလိုက်ရလေသည်။ ပြီးလျှင် ဘေးမှ မိန်းမကြီးဘက် လှည့်ကာ ကြင်နာယုယစွာ...

"အမေ ဘာမှ မဖြစ်ဘူးမဟုတ်လား"

ဟု မေးလေသည်။ ထိုမိန်းမကြီးက

"ဘာမှ မဖြစ်ပါဘူး။ သားရယ်၊ ဟောဒီစုံထောက်ကြီးက သားကို တွေ့ချင်ရင် လိုက်ခဲ့ဆိုလို့ အမေလည်း နောက်ဆုံးအနေနဲ့ နှုတ်ဆက် ရအောင် လိုက်လာတာ၊ နောက်ကနေ အမေ့ကို ဘယ်သူက ရေထဲ တွန်းချမှန်းမသိဘဲ လိမ့်ကျသွားတာပဲ"

ဟု ဆိုလေသည်။ ထိုစဉ်မှာပင် ဆာရီအနီရောင် ဝတ်ထားသော ကုလားမလေးသည် လူများကို တိုးဝှေ့၍ ရောက်လာကာ လူငယ်ရင်ခွင်ထဲဝင်၍ ငိုကြွေးနေလေတော့သည်။

"အင်း လက်မတင်လေး လွတ်ဖို့ပဲ လိုတော့တယ်။ ဘယ်တတ်နိုင်မလဲ၊ ကံတရားလို့ပဲ ဆိုရတော့မှာပေါ့။ လူယုတ်မာတစ်သိုက်ကို ကလဲ့စားချေလိုက်ရတဲ့အတွက် ဘယ်လိုပြစ်မှုမျိုးပဲ ခံရခံရ





ကျွန်တော် ခံရပါပြီ။ ဒါထက် ဒီကမိတ်ဆွေက ဆားပုလင်းရဲခေါင် ထင်ပါတယ်။ ခင်ဗျားလို နာမည်ကျော်စုံထောက်တစ်ယောက်ရဲ့ အမ်းကိုခံရတဲ့အတွက် ကျွန်တော်ဂုဏ်ယူပါတယ်"

ဟု ရန်ရှင်းဆိုသော လူငယ်က ပြတ်သားစွာ ဆိုလေသည်။ ဆားပုလင်းရဲခေါင်က...

"အိုင်ပီရေ အဲဒီကုလားမလေးက အရေးပိုင်သမီးခင်လေးမှုပဲ" ဟု ကျွန်ုပ်အနားကပ်၍ ခပ်တိုးတိုးပြောပြီးမှ အားလုံးဘက်လှည့်ကာ

"ကဲ...ရေစိုနေတဲ့လူတွေလည်း အဝတ်အစားလဲရင် ကောင်းမယ်။ ဒီတော့ ကျွန်တော့်အခန်းကို အရင်သွားကြမယ်။ မခင်လေးမှုလည်း လိုက်ခဲ့။ ပြီးရင်တော့ သူ့ကို စီအိုင်ဒီ ခေါ်သွားရမယ်။ မင်းကိုတော့ အိမ်ပြန်ပို့ပေးရမယ်"

ဟုဆိုကာ ကျွန်ုပ်၏ကားနှင့် မဆန့်သည်နှင့် ကမ်းနားတွင် တွေ့ရသော အငှားကားတစ်စီးကို ငှားကာ ဆားပုလင်းရဲခေါင်အိမ်သို့ ထွက်ခဲ့ကြလေသည်။ ကိုရဲခေါင်၏ အရပ်အမောင်းနှင့် တရားခံ ရန်ရှင်းဆိုသူ လူငယ်တို့၏ ကိုယ်လုံးကိုယ်ပေါက်အရပ်မောင်းမှာ သိပ်မကွဲရှိသည့်အတွက် ကိုရဲခေါင်အဝတ်အစားများကိုပင် ရေစို အဝတ်နှင့် လဲလှယ်ပေးရလေသည်။

အဒေါ်ကြီးအတွက်မူ ခင်လေးမှုအား အနီးရှိ ဆိုင်သို့ လွှတ်ကာ အဝတ်အထည်အသစ်များ ဝယ်ယူစေ၍ လဲလှယ်နိုင်းရလေသည်။ ဆားပုလင်းရဲခေါင်ကမူ သူကိုယ်တိုင် ကော်ဖီပူပူဖျော်ကာ အားလုံးအား ပေါင်မုန့်မီးကင်ထောပတ်သုတ်နှင့် ကျွေးမွေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တရားခံရန်ရှင်းအား အင်းစိန်စီအိုင်ဒီသို့ ခေါ်ဆောင်သွားမည်ပြုသောအခါ ချစ်သူနှစ်ဦး မခွဲနိုင်မခွာရက်ဖြစ်၍ ငိုကြွေးနေမှုမှာ ဘေးမှမြင်တွေ့ရသူများကိုပင် ရင်ထုမနာဖြစ်စေပါသည်။ သို့သော် ဥပဒေနှင့် ဝတ္တရားကိုသာ ဦးစားပေးရသည့်လူသားများပီပီ ကျွန်ုပ်တို့သည် ရင်ထဲက ခံစားမှုများကို ဘေးဖယ်ထားကာ ဆောင်ရွက်စရာရှိသည့်အတိုင်း ဆောင်ရွက်ရတော့သည်။

ကိုရဲခေါင်နှင့် ကျွန်ုပ်က တရားခံရန်ရှင်းအား ကျွန်ုပ်၏ကားနှင့် စီအိုင်ဒီသို့ ခေါ်ဆောင်သွားကာ ဦးထင်ကြီးမှ ခင်လေးမူအား သူ့အိမ်ပြန်ပို့ရန် တာဝန်ယူလေသည်။ ခင်လေးမူသည် ဒေါ်မြ ဟုခေါ်သော မိန်းမကြီးကို သူ့အိမ်တွင် တည်းခိုနေနိုင်ရန် ခေါ်ဆောင်သွား၏။ ဒေါ်မြက သူ့သားဖြစ်သူ (အမှန်တော့ အရင်ဘဝက သားတော်ခဲ့ဖူးသူသာ ဖြစ်တော့သည်။) ရန်ရှင်း၏ အမှုပြီးသည်အထိ ရန်ကုန်တွင်နေမည်ဟု ဆိုလေသည်။

ထိုနေ့ညနေရောက်သောအခါကျွန်ုပ်၊ ဦးထင်ကြီးနှင့် ဆားပုလင်း ကိုရဲခေါင်တို့သည် စိတ်ရောလူရော အနားပေးသည့်အနေနှင့် တရုတ်တန်းရှိ ရွှေနန်းတော်စားတော်ဆက်တွင် ညနေစာကို အေးအေး လူလူ စားသောက်လျက်ရှိလေသည်။ ဆားပုလင်းရဲခေါင်က ရန်ရှင်းခြေရာခံခဲ့ပုံများအား ပြန်လည်ပြောပြနေလေရာ စိတ်ဝင်စားစရာ ကောင်းလှသဖြင့် တစ်ခါတစ်ရံ ကျွန်ုပ်နှင့် ဦးထင်ကြီးမှာ ထမင်းစားဖို့ကိုပင် မေ့လျော့နေလေသည်။

"အိုင်ပီ စဉ်းစားကြည့်လေ။ တရားခံတစ်ယောက်အတွက်





အလုံခြုံဆုံး ပုန်းခိုလို့ အကောင်းဆုံးနေရာဟာ အရေးပိုင်မင်းရဲ့အိမ်ပဲ မဟုတ်ဘူးလား။ သူနဲ့ ခင်လေးမူက စည်းဝါးရိုက်ထားတယ်။ အရေးပိုင်ကတော်ကလည်း သူ့သမီးရဲ့ ရောဂါကို ပျောက်ကင်းအောင် ကုသနိုင်တယ်ဆိုတော့ ဒီမနောမယ အောင်ဇေယျ ဆိုတဲ့ လူကို မြေတောင်မြှောက်ပေးထားတာပေါ့။ သူတို့က အခြေအနေအခွင့်ကောင်းရရင် ထွက်ပြေးဖို့ အစီအစဉ် ရှိပါလိမ့်မယ်။ ဒါပေမယ့် အိုင်ပီနဲ့ ကျုပ် သူတို့ အိမ်ထဲ ရောက်လာတာလည်း တွေ့ရော၊ ချက်ချင်းရိပ်မိပြီး နောက်တစ်နေ့မှာ ထွက်ပြေးသွားကြတော့တာပဲ"

ကျွန်ုပ်ကား ဘိုကေတစ်လုံး အဆုံးခံကာ ဖိုးသူတော် အယောင်ဆောင်ခဲ့ရပုံအား ပြန်တွေးမိပြီး ဆံပင်ငုတ်တိုများ ပေါက်စပြုနေသော ခေါင်းအား လက်တစ်ဖက်ဖြင့် ပွတ်မိလေသည်။ ကိုထင်ကြီးက...

"အဲဒီလို ခြေရာဖျောက်သွားတာကို ခင်ဗျားက ဘယ်လိုလုပ် ခြေရာခံမိတာလဲ"

ဟု သိလိုဇောဖြင့် မေးလိုက်လေသည်။ ဆားပုလင်းရဲခေါင်က

"ကျွန်တော့်ရဲ့ ဟာစ်တစ်လုံးခေါင်းဆောင်တဲ့ ဂုဏ်သရေရှိ လူကလေး မင်းများအဖွဲ့ကို ဓာတ်ပုံတွေ ခွဲဝေပြီး ဖြန့်ထားလိုက်တာပေါ့။ သူတို့အားလုံးက အယောက် ၂၀လောက်ရှိတယ်။ ရန်ကုန်တစ်မြို့လုံး သူတို့မရောက်တဲ့နေရာ မရှိအောင်ကို နှံ့စပ်ကြတဲ့ကလေးတွေ၊ အဲဒီအထဲက ကလေးတစ်ယောက်က ရန်ရှင်း သင်္ဘောရုံထဲက ထွက်သွားတာကို မြင်ပြီး ကျွန်တော့်ဆီ အကြောင်းကြားတယ်"

"ဒီကလေးဟာ ရန်ရှင်းနောက်တော့ လိုက်မကြည့်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်ုပ်က မေးလိုက်ရာ

"ရန်ရှင်းက အငှားကားနဲ့ ထွက်သွားတာတဲ့။ ဒီကလေး
ဘယ်အငှားကားနဲ့ နောက်က လိုက်နိုင်မှာလဲ၊ တစ်ခုတော့ ရှိတယ်
ရန်ရှင်းငှားစီးသွားတဲ့ ကားနံပါတ်ကို မှတ်လိုက်ရင်တော့ ရတယ်
ဒါပေမယ့် ဒီကလေးဟာ အခုမှ ဝင်လာတဲ့ လူသစ်ကလေးဆိုတော့
ပာစ်တစ်လုံးတို့လို မပါးနပ်ဘူး"

ဟု ဆားပုလင်းရဲခေါင်က ပြော၏။

"ကဲ ဆက်စမ်းပါဦး"

"အဲဒီသင်္ဘောရုံးက အိန္ဒိယကို သွားတဲ့ နိုင်ငံကူးသင်္ဘော
လက်မှတ်တွေ ရောင်းတဲ့နေရာပဲ။ ဒါကြောင့် ခင်လေးမူနဲ့ ရန်ရှင်းဟာ
အိန္ဒိယကို ထွက်ပြေးတော့မယ်ဆိုတာ ကြိမ်းသေတွက်ဆလို့
သွားတယ်။ ကာလကတ္တားကို နောက်သုံးရက်ကြာရင် ထွက်မယ့်
သင်္ဘောလည်း ရှိတယ်။ ဘာပဲဖြစ်ဖြစ် သူတို့ဟာ မြန်မာပြည်က
အမြန်ဆုံး ခွာချင်နေဘာဆိုတော့ ဒီသင်္ဘောနဲ့ လိုက်မှာပဲ ယူဆ
လိုက်တယ်။ ဒါကြောင့် ဒေါ်မြကို နယ်ကနေ သွားခေါ်လာခဲ့တယ်"

"ဘာအဓိပ္ပာယ်လဲဗျ"

ဟု ကျွန်ုပ်က သဘောမပေါက်သလို မေးလိုက်မိ၏။

"ရန်ရှင်းဟာ ကျွန်တော်တို့ မမြင်အောင် ပုန်းနေတာကိုး။ ဒီ
တော့ သူထွက်လာအောင် ငါးစာအဖြစ် အသုံးချပြီး မျှားခေါ်ဖို့ပေါ့
ဒါတောင် တကယ်လည်း ဖြစ်ရော အခက်ကြုံရသေးတယ်။ ဒီနေ့ပဲ
ကြည့်လေ။ ကမ်းနားရောက်တော့ နိုင်ငံခြားကုလားလူမျိုးတွေချည်း
ဖြစ်နေတယ်။ သူတို့နှစ်ယောက်ဟာလည်း ကုလားလူမျိုးတွေလို
ရုပ်ဖျက်လာလိမ့်မယ်ဆိုတာ တွေးမိတာပဲ။ ဒါပေမယ့် ရာနဲ့ချီပြီး ရှိ
နေတဲ့သူတွေကြားထဲမှာ ရွေးထုတ်ဖို့ ခက်နေတာပေါ့။ ဒါကြောင့်
ဒေါ်မြကို ရှေ့က တင်ပြီး လိုက်ရှာခိုင်းတယ်။ ရန်ရှင်းကလည်း ပါး
တယ်။ ဒေါ်မြကို သူမြင်ပေမယ့် ထွက်မလာဘူး"

ဟု ဆိုလေရာ ဦးထင်ကြီး

"ဒါဆို ဒီမိန်းမကြီး ရေထဲ မတော်တဆလိမ့်ကျသွားတာပဲ ခပ်
ကောင်းကောင်းပေါ့"ဟု မှတ်ချက်ချလေ၏။ ကိုရဲခေါင်က

"မတော်တဆ လိမ့်ကျတာ မဟုတ်ဘူးဗျ။ နောက်ကနေ
ကျွန်တော်က တမင်တွန်းပစ်လိုက်တာ"

ဟု ဆိုလေသည်။

"ဒီလိုမှ မလုပ်ရင် မဖြစ်တော့ဘူးလေ။ ရန်ရှင်းဟာ ဒီမိန်းမကြီး
ရေနစ်သေမှာကိုတော့ ကြည့်မနေရက်ဘူး။ အရင်ဘဝကတည်းက
တော်လာတဲ့ အမေကိုး။ ဒါကြောင့် ဘာကိုမှ အလေးမထားတော့ဘဲ
ရေထဲ ခုန်ဆင်းပြီး ဆယ်တော့တာပဲ။ ဒီတော့ ကျွန်တော်တို့က
အလွယ်တကူနဲ့ ဖမ်းလိုက်ရုံပဲ ရှိတော့တာပေါ့"

"အင်း ကိုရဲခေါင်ကတော့ တတ်လဲတတ်နိုင်ပါရဲ့ဗျာ၊ ငါးကြင်း
ဆီနဲ့ ငါးကြင်းကြော်ဆိုတာ ဒါမျိုးထင်ပါရဲ့"

ဟု ကိုထင်ကြီးက ရယ်ပြုံးပြကာ မှတ်ချက်ချလိုက်ပါတော့
သတည်း။







www.burmeseclassic.com

www.burmeseclassic.com



မကြာမီမှာပင် ရန်ရှင်း၏ အမှုကို ရုံးတင်စစ်ဆေးလေသည် ရုံးမှာ စစ်ဆေးနေစဉ်အတွင်း ခင်လေးမူ ဒေါ်မြတို့နှင့်အတူ အရေး ပိုင်နှင့်အရေးပိုင်ကတော်တို့ပါ မပျက်မကွက် ရုံးချိန်းရှိတိုင်း လာ ရောက်နားထောင်လေ့ရှိသည်။ ခင်လေးမူ၏ တိုက်တွန်းချက်ကြော အရေးပိုင်မင်းသည် ရန်ကုန်မြို့တွင် ရှိသော အကောင်းဆုံး ဘိလ ပြန်ဝတ်လုံများကိုသာမက အိန္ဒိယမှ နာမည်ကျော်ရှေ့နေများကို ငွေကုန်ကြေးကျခံ၍ ငှားရမ်းကာ တရားခံအပြစ်လျှော့ပေါ့စေရ လျှောက်လဲခုခံချေပစေသည်။

တရားခံတရားလိုတို့၏ လျှောက်လဲချက်များ သက်သေတို့ ထွက်ဆိုချက်များ၊ ရုံးမှတ်တမ်းများ၊ ဆားပုလင်းရဲခေါင်၏ စုံစမ်း ထောက်လှမ်းစဉ် တွေ့ကြုံခဲ့ရသော ပြောပြချက်များကို စုပေါင်း ရေးမှုကာ

အင်မတန် လျှို့ဝှက်နက်နဲ ဆန်းကြယ်၍ စိတ်ဝင်စားဖွယ် ကောင်းလှသော ဤဇာတ်လမ်းကို

"နှစ်ဘဝပြန် ရန်ရှင်း"

ဟူသော အမည်ဖြင့် ဝတ္ထုသဖွယ် ဖတ်ရှုနိုင်အောင် ဒုတိယ ပိုင်းအနေဖြင့် ရေးသားတင်ပြလိုက်ရပေတော့သတည်း။



# ဒုတိယပိုင်း

၁။ နဂါးဆက်လော သိုက်ဆက်လော
၂။ သင်္ချိုင်းထဲမှ ဖုန်းစာရင်
၃။ အိပ်မက်ထဲမှ ဘုရားကျောင်းပျက်
၄။ အတိတ်ဘဝ၏ သဲလွန်စ
၅။ မိခင်ဟောင်းနှင့် ပြန်လည်တွေ့ဆုံခြင်း
၆။ မဏိစောတပတ္တမြားကြီး
၇။ စက္ကိန္နှင့် နဂါးမောက်ဂိုဏ်း
၈။ ပုန်းညှက်မြိုင်အကျဉ်းစံဆောင်
၉။ ယာတောထဲမှ သေနတ်သံ
၁၀။ နဂါးခံတွင်းသို့အဝင်
၁၁။ ဦးစက္ကိန္ဒ၏ထောင်ချောက်
၁၂။ တစ်ဖက်လပ် ညိုကြီး၏ကလဲ့စား
၁၃။ ကာလီမကျောင်းပျက်ထဲမှ မြွေဟောက်မြူ
၁၄။ ပယောဂလား၊ စိတ္တဇလား
၁၅။ ဂုဏ်သရေရှိ လူကလေးမင်းများ



www.burmeseclassic.com

www.burmeseclassic.com

# ၁။ နဂါးဆက်လော သိုက်ဆက်လော

ပြည်လမ်းတွင်ရှိသော ကြီးမားကျယ်ဝန်းသည့် ခြံကြီးထဲတွင် ခမ်းနားသော နှစ်ထပ်တိုက်ကြီးတစ်လုံးရှိရာ ယင်းမှာ အရေးပိုင်ဦးထွန်းအောင်ကြွယ်နှင့် သူ့ဇနီးဒေါ်ခင်မမတို့၏ တိုက်ဖြစ်ကာ ယနေ့ညတွင် သူတို့၏ တစ်ဦးတည်းသော သမီးလေး ခင်လေးမူ၏ အသက်(၂၀)ပြည့် မွေးနေ့ပွဲ ကျင်းပနေသည့်အတွက် ထူးထူးခြားခြားပင် စည်ကား၍ နေလေတော့သည်။

အရွယ်ရောက်ကာ လှပချောမောသော ခင်လေးမူကို မိဘနှစ်ပါးက နေရာချထားပေးချင်သကဲ့သိုပင် ခင်လေးမူအား လိုချင်သော သူဌေးသူကြွယ်သားများ၊ မင်းစိုးရာဇာသားများမှာ ရိုက်သတ်၍ မကုန်အောင်ပင် များပြားလှသော်လည်း ခင်လေးမူက မည်သူတစ်ဦးတစ်ယောက်မှ စိတ်မဝင်စားဘဲ ရှိလေရာ မိဘများမှာလည်း သမီးလေး အလိုကျအတိုင်း အလိုက်သင့်ပေးနေထိုင်ခဲ့ကြလေသည်။

ခင်လေးမူသည် အခြားကလေးတွေနှင့်မတူ၊ အနည်းငယ်



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားသည်ကို မိဘနှစ်ပါးစလုံးကပင် ငယ်စဉ်ကတည်းက သတ် ထားမိ၏။ ခင်လေးမှုသည် ငယ်စဉ်ကမှု အငိုအရယ်နည်း၏ တစ်ကိုယ်တည်းရှိလျှင် တမှိုင်မှိုင်တတွေတွေ ငေးတေးတေး နေတတ် ၏။ အထူးသဖြင့် ရာသီဉတု အုံ့ဆိုင်းမှိုင်းပျသော မိုးနှင့် ဆောင်းလို ကာလမျိုးတွင် ပြတင်းပေါက်မှ ထိုင်ကာ အဝေးကောင်းကင် တစ်နေ ရာသို့ မျှော်ငေးနေတတ်၏။

"သမီး ဘာတွေများ တွေငေးနေတာလဲ သမီးရယ်၊ အမေ့ကို ပြောပါဦး၊ သမီးမှာ ဘာများ သတိရတမ်းတစရာတွေ ရှိလို့လဲ"

ဟု မိခင်ဖြစ်သူက ချော့မော့မေးလျှင်လည်း ဟုတ္တိပ္ပတ္တိ မပြော တတ်။

"ဘာရယ်မဟုတ်ပါဘူး မေမေရယ်"

ဟု ပြော၏။

"အဲဒီကောင်းကင်ကြီး အုံ့ဆိုင်းမှိုင်းမျနေတာ မြင်ရရင် ရင်ထဲက တစ်ခုခုကို သတိရနေသလိုပဲ။ ဒါပေမယ့် ဘာရယ်လို့တော့ တိတိ ကျကျ သမီးလည်း မပြောတတ်ဘူး မေမေရဲ့"

ဟုသာ ပြောတတ်၏။ တတ်ကျွမ်း နားလည်သူများကို ပင့်ဖိတ် မေးမြန်းကြည့်တော့လည်း တချို့က သိုက်ဆက်ဟု ဆို၏။ ဥစ္စာ စောင့် ဘဝက ရောက်လာတာ၊ အချိန်တန်ရင် သူ့နေရာသူ ပြန် မယ်ဟု ဆိုလေသည်။ တချို့ကတော့ နဂါးသိုက်က လာတာဟုပင် ပြော၏။ တချို့က လူဝင်စားဟု ဆို၏။ မေးမိတော့မှ ပို၍ ပင် ရှုပ်ထွေးလာ၏။





နောက်ဆုံးတွင်တော့ ဒီလို မှိုင်မှိုင်တွေတွေ နေသော်လည်း သူ့ကို မည်သို့မှ ဥပဒ်အန္တရာယ်မပေးသဖြင့် နေပါစေတော့ဟု ဆို ကာ လွှတ်ပေးထားလိုက်ရလေတော့သည်။ ယနေ့လည်း ကြွရောက် လာသူများကို လိုက်လံဧည့်ခံနေရာမှ တစ်နေရာတွင် မိုက်ခနဲဖြစ်ကာ သတိလစ်၍ လဲကျသွားလေတော့သည်။

ထို့ကြောင့် အဖေနှင့်အမေမှာ ပျာပျာသလဲဖြစ်ကာ အိပ်ရာဆီ သို့ ပွေ့ချီသွားကြရကာ သရာဝန်ခေါ်၍ စစ်ဆေးကြည့်ရှုစေသည်။ ဆရာဝန်ကမူ

"ထူးထူးခြားခြားမဟုတ်ပါဘူး။ ပင်ပန်းလို့ ဖြစ်တာပါ။ စိတ် ရောကိုယ်ပါ အနားယူလိုက်ရင် ကောင်းသွားပါလိမ့်မယ်"

ဟု ဆိုလေသည်။ မွေးနေ့ဧည့်ခံပွဲကိုလည်း အချိန်မတိုင်ဘဲ ရုတ်သိမ်းလိုက်ရလေသည်။

ခင်လေးမှု ကောင်းစွာ သတိပြန်ရလာတော့မှ သူ့မိဘများက စိတ်အေးသွားကာ အခန်းထဲက ပြန်လည်ထွက်ခွာသွားကြသည်။ သူ့ မိဘများထွက်သွားလေမှ ခင်လေးမှုသည် ခုတင်မှ ထကာ အနီးရှိ ပြတင်းပေါက်ကို သွားဖွင့်လိုက်၏။ အပြင်မှာ ညလေအေးတို့ တိုးဝှေ့ ဝင်ရောက်လာသဖြင့် လူလည်း အနည်းငယ် လန်းဆန်းကြည်လင်၍ သွားသည်။

အိပ်ရာပေါ် ပြန်ကာ လှဲနေရင်း ခင်လေးမှု၏ အာရုံများသည် လွင့်မျောသွားကာ ထူးခြားသော အိပ်မက်တစ်ခုကို မြင်မက်လေ သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုးအဝေးတစ်နေရာမှ အညာမြို့ကလေးတစ်မြို့။

မြို့ပြင် အဝေးပြေးလမ်းမကြီး။

လမ်းမှ ကြည့်လိုက်လျှင် မြင်ရသော အနည်းငယ် မို့မောက်သော ကုန်းအထက်က၊ ကျောင်းပျက်လိုလို သိမ်ပျက်လိုလို အရာကြီးတစ်ခု။

အတန်ငယ်ကြီးမားကာ အုတ်ကျိုး အုတ်ပဲ့များနှင့် ချုံနွယ်ပိတ်ပေါင်းများ ယှက်နွယ်ဖုံးအုပ်နေသည့် ထိုအဆောက်အဦမှာ သေသေချာချာကြည့်ရှုလိုက်သောအခါ ပျက်စီးနေသော ရှေးဟောင်းဟိန္ဒူဘုရားကျောင်းပျက်ကြီးတစ်ခုဖြစ်နေလေတော့သည်။

အထဲတွင် လက်တွေအများကြီးနှင့် နတ်ရုပ်ကြီးတစ်ခု ရှိသည်။ မြင်ရသည်မှာ ချောက်ချားစရာ။ ထိုအရုပ်ကြီးလက်များတွင် ကြောက်စရာကောင်းသော လူသတ်လက်နက်များဖြစ်သည့် ဓားလှံ၊ ပုဆိန်၊ မိန်းခွ စသည်များကို ကိုင်ဆောင်ထား၍ သူစီးနင်းထားသည့် အကောင်ကား ခြင်္သေ့နီကြီးတစ်ကောင်ဖြစ်၏။

အိပ်မက်လိုလို တကယ်လိုလိုနှင့် ခင်လေးမူသည် ထိုဘုရားကျောင်းပျက်ကြီးထဲ ရောက်ရှိနေလေသည်။ ခင်လေးမူသည် ဤနေရာတွင် ကြာရှည်လေးမြင့်စွာ သိရှိနေခဲ့ဖူးသလို စိတ်ထဲက ထူးခြားနေလေသည်။

ဂီးခနဲ အော်သံကြားသဖြင့် ကြည့်လိုက်သောအခါ အနီးရှိ သစ်ကိုင်းခြောက်တစ်ခုပေါ်တွင် နားနေသော အဖြူရောင် ဇီးကွက်ကြီးတစ်ကောင်ကို တွေ့လိုက်ရလေသည်။





"ဂီး"ခနဲ အော်သံကြောင့် သူမျက်လုံးများကို ဖွင့်ကြည့်လိုက်သည်။ သူသည် အိပ်ရာထဲတွင် ယှဲလျက်ရှိသေးသည်။ သူအိပ်မက်မက်နေတာပဲပေါ့။ သို့သော်...

"ဂီး"ခနဲ အော်သံကြားပြန်သဖြင့် ကြည့်လိုက်သောအခါ သူ့အိပ်ခန်း ပြတင်းပေါက်ဘောင်ပေါ်တွင် နားနေသော အဖြူရောင် ဇီးကွက်ကြီးတစ်ကောင်ကို တွေ့လိုက်ရလေသည်။ အိပ်မက်ထဲတွင် တွေ့ခဲ့ရသော ဇီးကွက်နှင့် တထေရာတည်းတူသော ဇီးကွက်ကြီးပင် ဖြစ်သည်။ အိပ်မက်ထဲက ဇီးကွက်ကြီးက ဘာကြောင့် အိပ်မက်အပြင်ကို ရောက်နေရသနည်း။

ခင်လေးမူက အိပ်ရာထဲက လူးလဲကာ ထလိုက်သည်။ အခုတော့ သူ့စိတ်အာရုံထဲတွင် အနည်းငယ် နားလည်စ ပြု၍ လာလေပြီ။ လူမှန်းသိတတ်စအရွယ်ကတည်းက ဘာမှန်းမသိဘဲ ရင်တွင် လွမ်းသလို ဆွေးသလို တစ်စုံတစ်ခုကို တမ်းတသတိရနေသလို ခံစားနေခဲ့ရသော လျှို့ဝှက်နက်နဲသည့် ဘဝပဟေဠိတစ်ပုဒ်၏တံခါးကို ယနေ့ည မြင်မက်သော အိပ်မက်က ဖွင့်လှစ်ပေးခဲ့လေပြီ။ သူ့အနေဖြင့် ဤပွင့်နေသော တံခါးအတိုင်း အထဲသို့ လျှောက်ဝင်သွားရုံပင်။

ခင်လေးမူက ပြတင်းပေါက်အနီးရှိ ဇီးကွက်ဖြူကြီး အနီးရောက်သောအခါ ဇီးကွက်ဖြူကြီးက ရုတ်တရက်ထပျံကာ အဝေးရှိ အမှောင်ထဲ တိုးဝင်ပျောက်ကွယ်သွားလေသည်။ ဤ ဇီးကွက်ဖြူကြီးက သူ့နောက်ကို လိုက်ခဲ့ရန် လမ်းပြခေါ်ဆောင်သွားသည်ဟု ခင်လေးမူက ယူဆလိုက်ကာ ဤအိမ်ကြီးမှ ထွက်ခွာ၍ ဘဝ၏လျှို့ဝှက်ချက်ကို ရှာဖွေရန် ဆုံးဖြတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

သူသည် ယခုဘဝတွင် မင်းစိုးရာဇာ၏သမီးဖြစ်ကာ ရွှေဘုံပေါ်မှာ စံနေရပြီး လိုအပ်သမျှ တောင့်တသမျှ ပြည့်စုံနေပါလျက်၊ ဘာကြောင့် စိတ်ထဲမှာ မရွှင်မပျဖြစ်နေရသနည်း။ ဤအဖြေကို သူ ယခု သိချိန်တန်လေပြီ။ ထို့ကြောင့်... ခင်လေးမူသည် လိုအပ်သော အဝတ်အစားအနည်းငယ်နှင့် ငွေကြေး တချို့ကိုယူကာ အိမ်ကြီးထဲမှ တိတ်တဆိတ် ထွက်ခွာလာခဲ့သည်။

ခြံစောင့်ကြီးကား တခေါခေါဟောက်ကာ အိပ်ပျော်နေသဖြင့် ဘေးမလွယ်ပေါက်မှ အသာအယာထွက်လာခဲ့သည်။ လမ်းဓာတ်မီး ရောင်တချို့ကလွဲ၍ လမ်းမကြီးသည် လူသူခြောက်ကပ်တိတ်ဆိတ်ကာ မှောင်မည်း၍ နေလေသည်။ သို့သော် ခင်လေးမူသည် ကြောက်ရွံ့ခြင်းအလျဉ်းမရှိသော စိတ်ဖြင့် လမ်းမကြီးအတိုင်း အေးအေး လူလူ လမ်းလျှောက်၍ ထွက်ခွာသွားလေတော့သည်။

*

အရုဏ်ကျင်းစအချိန်တွင် ရန်ကုန်မြို့မှ ထွက်ခွာသွားသော အဝေးပြေးခရီးသည်တင်ကားတစ်စီးပေါ်တွင် ခင်လေးမူသည် ထိုင်လျက်ပါသွားသည်။ ခင်လေးမူသည် ချမ်းသာသော မိဘများက ပေါက်ဖွားလာသူပီပီ ဘယ်သွားသွား ကိုယ်ပိုင်ကားဖြင့်သာ သွားလာခဲ့သူဖြစ်ရာ ဤခရီးကား သူ့အတွက် အသစ်အဆန်းပင် ဖြစ်သည်။

သူသည် ရန်ကုန်မြို့မှလွဲ၍ မည်သည့်မြို့ကိုမှလည်း ရောက်ဖူးခဲ့သူ မဟုတ်ချေ။ ယခု ခရီးထွက်လာရသည်မှာ အသိုက်ကို စွန့်ခွာလာသော ငှက်ငယ်ကလေးတစ်ကောင်သဖွယ် ဖြစ်၍ နေလေသည်။





...သော် ဆိုးသည်ကား သူ့ခရီးသည် ဘယ်တွင်ဆုံးလိမ့်မည်ဟု ...မှန်း၍ မရသော ခရီးဖြစ်နေခြင်းပင် ဖြစ်လေသည်။ ယခု ခရီးသွား ...ချိန်မှာပင် သူသည် ဘယ်ကို ခရီးသွားနေခြင်းဖြစ်သည်ဟု သူ ...ယ်တိုင် ကွဲကွဲပြားပြား နားလည်ထားနိုင်ခြင်းမရှိခြင်းပင် ဖြစ် ...ည်။

တစ်ခုတော့ ရှိသည်။ သူ့အိပ်မက်ထဲတွင် မြင်လိုက်ရသည့် ...နှုဘုရားရှိခိုးကျောင်းပျက်ကြီး။ တစ်ညတာ အိပ်မက်ထဲတွင် ...သမျှ မြင်လိုက်သော်လည်း နှစ်ရှည်လများ ကြုံနှတွေ့ရင်နှီးလာ ...လို၊ သူ့စိတ်ထဲက ဖျောက်ဖျက်မရအောင် စွဲထင်နေခြင်း ဖြစ်သည်။ ဤကျောင်းပျက်ကြီးကို တွေ့အောင် ရှာရမည်။ သူ့ဘဝ၏ လျှို့ဝှက် ...က်များသည် ဤကျောင်းပျက်ကြီးနှင့် အသေအချာပင် ပတ်သက် ...က်စပ်နေပေမည်။ သို့သော် ဤကျောင်းပျက်ကြီးကို ဘယ်မှာ ...ရမည်နည်း။ ဤကျောင်းပျက်ကြီးသည် ဘယ်အရပ်ဒေသ ဘယ် ... ဘယ်ရွာတွင် ရှိလေသည်ဟု သူသည် တစ်စွန်းတစ်စမှ မသိခဲ့။ ဤအတိုင်းဆိုလျှင်တော့ သမုဒ္ဒရာထဲကျသွားသော ရေတစ်ပေါက်ကို ...ရသလို ခက်ခဲပေတော့မည်။

သို့သော် ခင်လေးမူကတော့ လုံးဝစိတ်လျှော့လိုသော သဘော ...ရှိ။ အိမ်က ထွက်လာခဲ့ကတည်းက သူသည် အားလျှော့ညှိုးငယ်နေ ...ည့်အစား မည်သည့်နေရာမှ စီးဝင်လာမှန်းမသိသော စွမ်းအား ...ဘွနှင့် အားပြည့် ခွန်ပြည့်ဖြစ်နေသည်ကလည်း ဆန်းကြယ်သလို ...၍ နေလေသည်။


www.burmeseclassic.com

www.burmeseclassic.com

ခင်လေးမူသည် အိပ်ငိုက်ခြင်းမရှိဘဲ လမ်းဘေးဝဲယာ ရှုခင်းများကို ကြည့်ရှု၍ လာသည်။ ရှုခင်းများမှာ သူ့အတွက် အသစ်အဆန်းများ ဖြစ်၍ နေလေသည်။ သူသည် ကားပေါ်တွင် ထိုင်ကာလိုက်ပါလာရင်း လမ်းဘေးဝဲယာ၌ အိပ်မက်ထဲတွင် သူမြင်ခဲ့သည့် ဘုရားရှိခိုးကျောင်းပျက်ကြီးကို တွေ့ရလေမလားဟု ကြည့်ရှုလာခဲ့ခြင်း ဖြစ်၏။

လယ်ကွင်းများ မိုးကုပ်စက်ဝိုင်း၊ ထန်းပင်အုပ်များ၊ ကျေးရွာကလေးများနောက် စေတီငယ်များ ဘုန်းကြီးကျောင်းများ၊ တစ်ခါတစ်ရံ ဟိန္ဒူ သို့မဟုတ် မွတ်စလင်ဗလီကျောင်းငယ်များကို မြင်တွေ့လာခဲ့သော်လည်း အိပ်မက်ထဲက ဘုရားကျောင်းပျက်ကြီးကိုမူ လုံးဝပင် မမြင်မတွေ့ရဘဲ ရှိလေသည်။

အတန်ကြာသော် နေလည်း အတော်ပူပြင်းလာကာ ခင်လေးမူသည် မနက်ကတည်းက ဘာမှ မစားသောက်ခဲ့ရသဖြင့် ဆာလောင်မွတ်သိပ်၍ လာလေသည်။ ကားက စားသောက်ဆိုင်ရှေ့တွင် ရပ်သောအခါ တခြားလူများလည်း ကားပေါ်မှဆင်းကာ နီးစပ်ရာ စားသောက်ဆိုင်များထဲသို့ ဝင်၍ အလိုရှိရာ စားသောက်ကြလေသည်။ ခင်လေးမူက အချိန်စောသေးသော်လည်း ထမင်းသာ မှာစားလိုက်လေသည်။

ထိုဆိုင်မှ ကားပြန်ထွက်ပြီး မကြာမီမှာပင် ဗိုက်ထဲတွင် အစာပြည့်သဖြင့် မျက်ခွံများ လေးလံလာသည်ကတစ်ကြောင်း၊ ညက ကောင်းစွာ မအိပ်စက်ရသည်ကတစ်ကြောင်း၊ လမ်းဘေးဝဲယာကို





ကြည့်လာရသဖြင့် မျက်စိညောင်းညာလာသည်က တစ်ကြောင်းတို့ကြောင့် ခင်လေးမူသည် ထိုင်လျက်ပင် အိပ်ပျော်သွားပါလေတော့သည်။


www.burmeseclassic.com

www.burmeseclassic.com

## ၂။ သချိုင်းထဲက ဖူးစာရှင်

"အစ်မလေး၊ အစ်မလေး…ထတော့လေ၊ ကားက ဂိတ်ဆုံးနေပြီ"

ဆိုသောအသံနှင့်အတူ ကားစပယ်ယာကလေးက ခန္ဓာကိုယ်ကို ကိုင်လှုပ်ကာ နှိုးနေသဖြင့် ခင်လေးမူ အိပ်နေရာမှ နိုး၍လာသည်။ သူ ဘယ်အချိန်လောက်ကြာအောင် အိပ်မောကျသွားသည် မသိ၊ ကားသည် မြို့ကလေးတစ်မြို့ဈေးအနီးတွင် ထိုးဆိုက်ရပ်ကာထားသည်ကို တွေ့ရကာ ကားပေါ်မှ ကျန်ခရီးသည်များလည်း ဆင်းသွားကြပြီဖြစ်သဖြင့် သူတစ်ယောက်တည်းသာ ကျန်ရှိနေသည်ကို တွေ့ရှိရသည်။

သူ့လွယ်အိတ်ကလေးကို လွယ်ကာ ကားပေါ်က ဆင်းလာခဲ့သည်။ မြို့ကား မြို့ကြီးမဟုတ်သော်လည်း အတော်အတန်စည်ကားပုံရ၏။ ညနေစောင်းတော့မည်ဖြစ်သဖြင့် အလင်းရောင်က အားနည်းစ ပြုနေလေသည်။ ဤမြို့သည် ဘယ်မြို့ဖြစ်လေသနည်း။





ဤမြို့တွင် ဟိုတယ်တော့ ရှိလိမ့်မည် မဟုတ်တာ သေချာသည်။ တည်းခိုခန်းရော ရှိပါသလား။ တည်းခိုခန်းတွင် မိန်းကလေးတစ်ဦး အိပ်စက်ရန် သင့်တော်မတော် စဉ်းစားရပြန်သည်။ ယောကျ်ားလေးတစ်ဦးသာ ဆိုပါက သိပ်ကိစ္စမရှိ၊ ဘုန်းကြီးကျောင်းတစ်ကျောင်းသို့ သွားကာ ရှိခိုးလျှောက်ထား၍ တည်းခိုခွင့်တောင်းရုံပင်။ သို့သော် မိန်းကလေးတစ်ယောက်အနေဖြင့်မူ ဤကိစ္စမှာ ပို၍ မသင့်တော်သလိုဖြစ်၍ နေလေသည်။

လမ်းဘေးတစ်နေရာ၊ ဇရပ်စသည်တို့မှာ အိပ်ဖို့ကား စဉ်းစား၍ပင်မရ၊ အခုမှ လုံခြုံအေးချမ်းသောအိမ်မှ စိတ်ရှုပေါက်ကာတစ်ကိုယ်တည်း ထွက်လာခဲ့ခြင်းမှာ မိုက်မဲမှုတစ်ခုပင် ဖြစ်လေသည်လားဟု စဉ်းစားမိစပြုလာသည်။ ယခုအချိန်ဆိုလျှင် အဖေနှင့်အမေသည် သူပျောက်ဆုံးသည့်အတွက် ခေါင်းမီးတောက်နေလောက် နေပြီ။

ဈေးတစ်ဝိုက်တွင် လှုပ်ရှားသွားလာနေသူများသည် မိမိတို့ဗာဟီရကိစ္စများနှင့် ခင်လေးမူကို မည်သူမှ ဂရုပြုမိကြဟန်မရှိချေ။ သို့သော် ထိုဈေးတစ်ဝိုက်တွင် လှုပ်ရှားကျင်လည်နေတတ်သော သံခဲခေါင်းဆောင်သည့် ဈေးလူမိုက်သုံးယောက်မှု အမဲကောင်တစ်ကောင်တော့ တွေ့လေပြီဟု ခပ်လှမ်းလှမ်းက မသိမသာ အကဲခတ်နေကြလေသည်။ သံခဲက…

"ဒီကောင်မလေး ဝတ်စားထားပုံက ထူးခြားတယ်ကွ၊ ဒီမြို့က မဟုတ်တာ သေချာတယ်။ ပြီးတော့ သူ့မျက်နှာကလည်း ကြောင်တောင်တောင်နဲ့ဆိုတော့ အသိအကျွမ်းလည်း ဒီမြို့မှာ ရှိပုံမရဘူး၊ ဒီတော့…"



www.burmeseclassic.com

www.burmeseclassic.com



"ကိုသိခဲ့ရေ တကယ့် အမဲကလေးပဲဗျ။ ကိုယ်မှာ ဝတ်လာတဲ့ ရွှေတွေကလည်း မနည်းဘူး။ ဒီရတနာသိုက်ကလေးကိုတော့ လက်လွှတ်ခံလို့ မဖြစ်ဘူး"

"ကျွန်တော်ကတော့ သူ့လက်ဝတ်လက်စားတွေထက် သူ့ကိုယ်လုံး လှလှကလေးကို ပိုစိတ်ဝင်စားနေတာ အမှန်ပဲဗျ"

ဟု သုံးယောက်သား အတိုင်အဖောက်ညီညီ ပြောဆိုနေကြလေသည်။

မျက်စိသူငယ်နားသူငယ်ဖြစ်နေသော ခင်လေးမူက အနီးရှိ ညှောင်ပင်အောက်ကွပ်ပျစ်ပေါ်တွင် မျက်နှာကို သင်္ကလပ်ဦးထုပ်အစုတ်တစ်လုံးဖုံးကာ ပက်လက်လှဲနေသော လူတစ်ဦးဆီသို့ ချဉ်းကပ်သွားကာ...

"ဒီမှာ ဦးလေး...ဦးလေး"

သူ့ခေါ်သံကြောင့် ကာကီဘောင်းဘီခပ်နွမ်းနွမ်းနှင့် ရှပ်အင်္ကျီလက်တို ခပ်နွမ်းနွမ်းဝတ်ထားသူက မျက်နှာပေါ်က ဦးထုပ်ကို လှန်ကာ ကြည့်လိုက်၏။ ထိုသူနှင့် မျက်နှာချင်း ဆုံသည်နှင့် ခင်လေးမူ၏ နှလုံးသည် ဒိန်းခနဲ အသံမြည်အောင်ပင် လှုပ်ခါ၍ သွားသည်။ ထိုသူကား မျက်နှာကို အုပ်ထားသဖြင့် ကြီးရင့်သည်ထင်ခဲ့ရသော်လည်း သူယူဆထားသကဲ့သို့ ဦးလေးအရွယ်မဟုတ်ဘဲ သူနှင့် သက်တူရွယ်တူ လူငယ်တစ်ဦးဖြစ်နေသည်ကို မြင်တွေ့ လိုက်ရလေသည်။

သူ့မျက်လုံးနက်နက်များ၏ အကြည့်က ရင်ထဲသို့ ထိုးဖောက်





ဝင်ရောက်သွားသည်ဟု ထင်ရလောက်အောင်ပင် စူးရှပြင်းထန်၏။ သူ့နှုတ်ခမ်းတွေ တင်းတင်းစေ့ထားပုံကလည်း မာကြောခက်ထန်သည့် အသွင်ဆောင်၍နေလေသည်။ ထိုသူ့မျက်နှာကို မြင်လိုက်ပြီးသည်နှင့် ခင်လေးမူသည် စကားဆက်မပြောနိုင်ဘဲ ခေတ္တမျှ ကြက်သေသေ၍ နေလေတော့သည်။ ဒီတော့မှ လေသံမာမာဖြင့် ထိုလူ၏ အသံ ထွက်ပေါ်လာလေ၏။

"မင်း ငါ့အိပ်နေတာ လာနှိုးတာ ဘာလုပ်ဖို့လဲ။ ငါ့မျက်နှာကို ကြည့်ဖို့ သက်သက်ပဲလား"

လေသံ က မာကြောရုံမက အပေါ်စီးလည်း ဆန်လှ၏။ အများက အမြဲပင် အောက်ကျို့ဆက်ဆံတာ ခံလာရသော အရေးပိုင်သမီးမှာ ရုတ်တရက် အခံရခက်၍သွား၏။ သို့သော် စိတ်ကို ချိုးနှိမ်ကာ

"ကျွန်မမေးစရာတစ်ခုရှိလို့ပါရှင်။ ဒီမြို့မှာ တည်းလို့ခိုလို့ ရတဲ့ တည်းခိုခန်းများ ရှိသလားရှင်"

"တည်းခိုခန်း ဟုတ်လား"

"ဟုတ်တယ်"

"မသိဘူး"

သူ့လေသံက ပြတ်တောက်လွန်းအားကြီးသည်။

"ရှင့်ကို အကူအညီတောင်းတဲ့လူတစ်ယောက်ကို ရှင်ဒီလို ဘု မပြောသင့်ပါဘူး"

"နေပါဦး၊ မင်းဟာမင်း ဖွဲချက်တင်၊ မင်းဟာမင်း စီရင်ချက်ချနေပါလား၊ ဘာလဲ မင်းက အရေးပိုင်သမီးလား"

"မသိဘူးဆိုတာ ဘုပြောတာ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မသိတဲ့လူက မသိဘူးပြောတာ ဘုပြောတာလား၊ ငါလည် ဒီမြို့ကို အရင်က တစ်ခါမှ ရောက်ဖူးတာ မဟုတ်ဘူး။ နေ့လယ် ဆိုက်တဲ့ အဝေးပြေးကားနဲ့ ပါလာတာ"

ဒီတော့မှ ခင်လေးမူက သူ့စကားလွန်သွားတာ သတိပြုမိ

"မသိလို့ ပြောမိတာ တောင်းပန်ပါတယ်ရှင်။ ဒီတော့ ကျွန်မ မြို့ထဲသွားပြီး တည်းခိုခန်း ရှာကြရအောင်။ မှောင်စတောင် လာပြီ။ ရှင်လည်း တည်းခိုခန်းတစ်ခုခုမှာ တည်းရမှာပဲ မဟုတ်လား

လူငယ်က ပက်လက်လှန် အိပ်နေရာမှ ထထိုင်လိုက်သည်။

"မင်းဟာ တော်တော် ဒုံးဝေးသေးတာပဲ။ တည်းခိုခန်း တည်းခိုနိုင်လောက်အောင် ပိုက်ဆံပါမှတော့ ငါက ဒီညောင် အောက် ကွပ်ပျစ်မှာ အိပ်နေပါ့မလား"

"ဒီလိုဆို ဒီလိုလုပ်ပါလားရှင်။ ကျွန်မကို တည်းခိုခန်းတစ် ကိုပဲ ခေါ်သွားပေးပါ။ ကျွန်မရှင့်အတွက် တည်းခိုခပေးပါ့မယ်"

"မင်း စကားက ငါ့ကို စော်ကားရာရောက်နေပြီ။ ငါဟာ ဘ တုန်းကမှ မိန်းမတစ်ယောက်ရဲ့ အကူအညီကို ယူခဲ့တဲ့ ကော မဟုတ်ဘူး"

"ရှင့်ဟာ တော်တော်ရိုင်းတဲ့လူ။ စေတနာကို စေတနာ မသိတဲ့လူ။ ဒုက္ခရောက်နေတဲ့ မိန်းကလေးတစ်ယောက်ကိုလည် ကူညီရမှန်းမသိတဲ့လူ။ ရှင့်လိုလူကို အချုပ်ထဲ ထည့်ထားဖို့ပဲ ကော တယ်"

"မင်းတော်တော်မောက်မာပါလား။ မင်းကိုယ်မင်း အရေး သမီးမှတ်နေလား"





"အရေးပိုင်သမီးမှတ်နေတာ မဟုတ်ဘူးရှင့်။ ကျွန်မက တကယ့်ကို အရေးပိုင်သမီးပဲ"

ထိုစကားကို ကြားလိုက်ရသော လူငယ်၏ ခပ်တည်တည် ဖြစ်နေသော မျက်နှာမှာ တဖြည်းဖြည်း စပ်ဖြီးဖြီး ဖြစ်လာရာမှ အသံထွက်အောင်ပင် ဝါးလုံးကွဲအော်ဟာစ်ရယ်လိုက်သည်။ ခင်လေးမူက ထိုလူငယ်ကို ဆက်စကားပြောနေတော့ဘဲ ညောင်ပင်အောက်က ထွက်လာခဲ့လေသည်။

ထိုအချိန်၌ ဈေးကွဲပြီဖြစ်သဖြင့် ဈေးတစ်ဝိုက်တွင် တိတ်ဆိတ်ခြောက်ကပ်စပြုလာသည်။ ပတ်ဝန်းကျင်တွင် အမှောင်ရိပ် သန်းလာ၏။ ဤဈေးကလေးမှာ မြို့စွန်ကားဂိတ်ဈေးကလေးသာ ဖြစ်လေရာ တည်းခိုခန်းများရှိရာ မြို့လယ်ရောက်သည်အထိ အတော်ဝေးဝေး လျှောက်ရဦးမည်ဟု သိလိုက်၏။

ခင်လေးမူက ခပ်သွက်သွက် လျှောက်လာစဉ် ရှေ့သစ်ပင်အကွယ်မှ လူသုံးယောက်ထွက်လာကာ ပိတ်ဆို့ရပ်လိုက်၏။ ထိုသူတို့ကား ခင်လေးမူကို စောင့်ကြည့်နေသော သံခဲတို့ လူစု ဖြစ်သည်။

"ရှင်တို့ ဘယ်သူတွေလဲ၊ ဘာလို့ ရှေ့က ပိတ်ရပ်နေရတာလဲ"

"ကဲ...မိန်းကလေး၊ မင်းအသက်မသေချင်ဘူးဆိုရင်တော့ မင်းမှာပါလာတဲ့ ပစ္စည်းတွေကို အသာတကြည် ထုတ်ပေးလိုက်ပေတော့"

ဒီတော့မှ သူ အလုအယက်ခံနေရမှန်း သိလိုက်သည်။ သူသာ



www.burmeseclassic.com

www.burmeseclassic.com



ပါသမျှ ရွှေငွေလက်ဝတ်လက်စားတွေ ပေးလိုက်ရလျှင် သူ့အခြေ အနေမှာ ပို၍ ဆိုးသွားပေမည်။ အသိအကျွမ်းမရှိသောအရပ်တွင် ငွေမရှိဘဲ ဘယ်လိုဆက်၍ ရပ်တည်နိုင်ပါမည်နည်း။

ထိုအခိုက်မှာပင် တစ်ယောက်က ခါးကြားထဲမှ ဓားမြှောင် တစ်လက်ကို ထုတ်လိုက်ရာ အမှောင်ထုထဲမှာပင် ဓားသွားက လင်း လက်သွား၏။ အနီးအနားတွင် အော်ဟစ်အကူအညီတောင်းရအောင် လူရိပ်လူခြည်လည်းမမြင်။ ခင်လေးမူ၏ ဘဝမှာ ကျားသနားမှ နွား ချမ်းသာရမည့်အခြေအနေသို့ ရောက်ရှိနေလေသည်။

ထိုအခိုက်မှာ မှောင်ထဲမှာ ပြေးလာသော ခြေသံကြားရကာ အနားကို လူငယ်တစ်ယောက် ရောက်လာ၏။ ထိုလူငယ်မှာ ညောင် ပင်အောက်က ကွပ်ပျစ်တွင် မျက်နှာကို သင်္ကန်းလပ်ဦးထုပ်ဖုံး၍ အိပ် နေခဲ့သော လူငယ်ပင် ဖြစ်လေသည်။ လူငယ်က ပြေးလာရင်းပင် အရှိန်ဖြင့် ခုန်ကာ ကန်လိုက်ရာ ဓားကိုင်ထားသော လူဆိုးမှာ လွင့်စဉ်လဲကျသွားလေသည်။

သံခဲနှင့် ကျန်တစ်ယောက်က ဒေါသဖြစ်ကာ ဝင်ရောက် တိုက်ခိုက်သော်လည်း လူငယ်ကို တိုက်ခိုက်ရာ၌ မယှဉ်နိုင်ဘဲ ရှိ လေသည်။ သံခဲတို့ကား ဈေးနားတစ်ဝိုက်တွင် လူသာမန် အရပ် သားတို့အပေါ်တွင်သာ ဗိုလ်ကျရုံလောက် အစွမ်းရှိသူတွေ ဖြစ်၏။ လူငယ်က တကယ့်တိုက်ခိုက်ရေးသမားစစ်စစ်ဖြစ်နေလေရာ နောက် ဆုံးတွင် မခံနိုင်တော့ဘဲ ထိုနေရာမှ ထွက်ပြေးသွားလေတော့သည်။

လူငယ်ကား သံခဲတို့လူစု ထွက်ပြေးသွားသည်နှင့် ခင်လေးမူ အား စကားတစ်ခွန်းမှ မပြောဘဲ သူလည်း ထိုနေရာမှ ကျောခိုင်း ထွက်သွားလေတော့သည်။ ခင်လေးမူမှာ ရှေ့ပဲ ဆက်သွားရ ကောင်း မလား၊ သူ့ကို ကျောပေးသွားသည့် လူငယ်နောက်လိုက်သွားရ ကောင်းမလား ဝေခွဲမရဘဲ အတန်ကြာအောင်ပင် လူသူကင်းမဲ့ သော လမ်းလယ်ကောင်တွင် ရပ်နေမိသည်။ နောက်ဆုံးတွင်မူ တစ် ကိုယ်တည်း မနေရဲတော့ဘဲ လူငယ်သွားရာနောက်သို့ ပြေးလိုက် သွားပါလေတော့သည်။

*

လူငယ်သည် သူ့နောက်လိုက်လာသော ခင်လေးမူကို လှည့် ကြည့်ကာ

"ဘယ်လိုလဲ အရေးပိုင်သမီး၊ ဘာလို့ ကျုပ်နောက် လျှောက် လိုက်နေတာလဲ"

ဟု ခပ်တည်တည်မေးလိုက်၏။ ခင်လေးမူက ဒီလူ့အကြောင်း သိ၍ သွား၏။ ဒီလူက စကားအပြောအဆိုက ဆိုးသော်လည်း သဘောထားဆိုးသူမဟုတ်။ ဒါကြောင့် သူ့ကို လုယက်မည့် လူ သုံးယောက်လက်ထဲမှ ဝင်ရောက်ကူညီကယ်တင်ခဲ့တာပေါ့။

"ကျွန်မမှာ တခြားလည်း သွားစရာမှ မရှိပဲ။ ရှင့်ကြည့်ရတာ လူဆိုးဟုတ်ပုံမရဘူး"

"အရေးပိုင်သမီး အကဲခတ်မှားနေပြီ။ ကျုပ်က လူဆိုးပဲ"

"ဘာပဲဖြစ်ဖြစ်၊ ဒီအချိန်တော့ ရှင့်ပဲ အားကိုးရတော့မှာပဲ။ ရှင်အခု ဘယ်သွားမလို့လဲ"

"ကျုပ်သွားအိပ်မလို့"





www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလည်း လိုက်ပါရစေ"

လူငယ်က အတန်ကြာအောင် ငြိမ်သက်နေပြီးမှ

"ကောင်းပြီလေ၊ ခင်ဗျားလိုက်ချင်ရင်လည်း လိုက်ခဲ့ပေါ့"

ဟု ရှေ့က ဦးဆောင်၍ သွားလေသည်။ ခင်လေးမူက ထို နောက်က လျှောက်လိုက်လာခဲ့ရာ မကြာမီ သစ်ပင်တချို့ အုပ်အု ဆိုင်းဆိုင်းရှိနေသော ကွင်းတစ်ကွင်းထဲ ရောက်သွား၏။ ကွင်း မကျယ်ပြန့်။ လကွယ်ညဖြစ်သည့်အပြင် သစ်ပင်ရိပ်အောက် ရော နေသဖြင့် ဘာမှ မမြင်ရဘဲ မကြာခဏ ခင်လေးမူမှာ ခလုတ်တိုက် နေလေတော့သည်။

"သိပ်မှောင်နေတယ်။ ကျုပ်မီးပုံတစ်ပုံ ဖိုလိုက်မယ်၊ ခင်ဗျ အဲဒီမှာ ခဏထိုင်ဦး"

ဟု တစ်တောင်ခန့်ရှိသော အုတ်ခုံတစ်ခုံကို ညွှန်ပြသဖြင့် ခ လေးမူက ထိုအုတ်ခုံပေါ်တွင် ထိုင်နေလိုက်သည်။ လူငယ်သည် အ ရှိ သစ်ကိုင်းခြောက်များကို လိုက်လံစုဆောင်းကောက်ယူကာ မွှေးလေရာ မကြာမီ မီးပုံတစ်ပုံရလာလေသည်။ သူ့ကို လုံးဝ မစိုက်ဘဲ သူလုပ်စရာရှိတာ လုပ်နေသော လူငယ်ကို ခင်လေး ငေးကြည့်ရင်း မေးလိုက်လေသည်သည်။

"ကျွန်မတို့ အခုရောက်နေတာ ဘယ်နေရာလဲဟင်"

"သင်္ချိုင်းကုန်းလေ"

လူငယ်၏စကားက ခင်လေးမူအား ချောက်ချားတုန်လှုပ်သွ စေသည်။

"သင်္ချိုင်းကုန်း ဟုတ်လား"





"ဟုတ်တယ် ဘာလဲ၊ မင်းက မန္တလေးနန်းတော်ထဲ ရောက် နေတယ်ထင်လို့လား"

အခုမှပင် မီးဖိုမှ အလင်းရောင်ဖြင့် ပတ်ဝန်းကျင်ကို အကဲခတ် ကြည့်မိသည်။ မြေပုံမို့မို့များ၊ မှတ်တိုင်အကျိုးအပဲ့များ၊ အုတ်ဂူပျက် တချို့။

သတိရကာ ကြည့်လိုက်တော့ သူထိုင်နေသည်ကပင် လူသေ အလောင်းမြှုပ်နှံထားရာ အုတ်ဂူတစ်ခုဖြစ်နေသည်ကို တွေ့လိုက်ရ လေသည်။ ထို့ကြောင့် အလန့်တကြား ခင်လေးမူက ထရပ်လိုက်၏။ ပြီးလျှင်...

"ကျွန်မကြောက်တယ်"

ဟု ပြောကာ လူငယ်လေးသို့ လာထိုင်လေသည်။

"မင်းက ဘာကို ကြောက်နေတာလဲ။ သေနေတဲ့လူတွေ မင်းကို ဘာမှ ဒုက္ခမပေးနိုင်ဘူး၊ မင်းကို ဒုက္ခပေးနိုင်တာက ရှင်နေတဲ့လူ တွေပဲ၊ အဲဒါ မြဲမြဲမှတ်ထား"

အဝေးဆီမှ ခွေးအူသံသဲ့သဲ့ထွက်ပေါ်လာသည်။ ဒီတော့ သူ့ ဘေးကို မသိမသာ တိုး၍ ရွှေ့လိုက်၏။

လူငယ်က သူ့ခါးပြတ်ကြားထဲတွင် ထိုးထည့်ထားသော ဓား အိမ်ငယ်ထဲမှ ဓားမြှောင်တစ်လက်ကို ဆွဲထုတ်လိုက်သည်။ ဓားက မီးရောင်ဖြင့် တလက်လက် တောက်ပနေ၏။ ခင်လေးမူက ပို၍ ထိတ်လန့်တုန်လှုပ်သွား၏။ သူ့ကို သင်္ချိုင်းထဲခေါ်လာကာ သတ်ပစ် ၍ ပစ္စည်းများကို ယူသွားမည်ဆိုပါ လူငယ်အတွက် လွယ်ကူလှ သော အခြေအနေဖြစ်နေသည်။ ဒါကြောင့်ပင် ခုနလူဆိုးသုံးယောက်



www.burmeseclassic.com

www.burmeseclassic.com

လက်ထဲမှ ကယ်တင်ခဲ့ခြင်းလော။ ဒါဆို စေတနာကောင်းနှင့် ကယ်တင်တာ မဟုတ်တော့။

လူငယ်က ခင်လေးမူ သူ့ဘာသာအတွေးဖြင့် ချောက်ချား ထိတ်လန့်နေတာကို ဂရုပြုမိဟန်မတူ။ သူ့အင်္ကျီရင်အုံကြားထဲ လက်ထိုးထည့်၍ နှိုက်ထုတ်လိုက်သောအခါ အထဲမှ ပန်းသီးနီနီ တစ်လုံး ပါလာသေသည်။ ထိုပန်းသီးကို ဓားဖြင့် ထက်ခြမ်းခွဲလိုက်ကာ–

"ရော့ ပန်းသီးတစ်ခြမ်းစားလိုက်၊ မင်း ရင်ထိတ်နေတာ ငြိမ်သက်သွားလိမ့်မယ်။ ဆာလည်းဆာနေတယ်မဟုတ်လား"

ဟု ဆိုကာ တစ်ခြမ်းပေးလေသည်။ အမှန်အတိုင်း ပြောရလျှင် ညစာမစားရသေးသဖြင့် ခင်လေးမူသည် ဆာလောင်လျက်ရှိသည်။ သို့သော် သူ့အင်္ကျီရင်ကြားထဲမှ ပန်းသီးကို ဆွဲထုတ်ယူလိုက်တာ မြင်ရသဖြင့် စားသောက်ရန် ရွံရှာ၍နေလေသည်။ ဤနေရာတွင် ပန်းသီးကို ဆေးရန်ရေလည်း မရှိ။ အိမ်မှာဆိုလျှင်တော့ ပန်းသီးကို ရေခဲသေတ္တာထဲမှ ထုတ်ယူကာ စားလေ့ရှိသည်မဟုတ်ပါလား။

သို့သော် ဆာလောင်လွန်းနေသဖြင့် မတတ်သာတော့ဘဲ ထိုပန်းသီးကိုပင် လက်ကိုင်ပဝါနှင့် အထပ်ထပ်ပွတ်သပ်ကာ ကိုက်စားလိုက်မိလေသည်။ သူ့အပြုအမူကို လူငယ်က မကျေနပ်သလို မျက်လုံးဖြင့် အကဲခတ်ကြည့်နေ၏။ ပန်းသီးမှာ ရင်ထဲရောက်အောင်ပင် ချိုအေးသွားလေရာ လူငယ်ပြောခဲ့သည့်အတိုင်းပင် မောပန်း ဆာလောင်မှုသာမက ထိတ်လန့်မှုပါ အတန်ငယ်ပြေပျောက်သွားလေတော့သည်။ ဒီတော့ ဆက်တိုက်ပင် ကိုက်ဝါးစားလိုက်လေရာ ခဏချင်းမှာပင် ကုန်၍ သွားလေတော့သည်။





"ရှင်ပဲ ပိုက်ဆံမရှိဘူးဆို၊ ဒီပန်းသီး ဘယ်က ရလာတာလဲ"

"လမ်းက ခြံတစ်ခြံက ခိုးပြီး ခူးလာတာ"

သူ့စကားကြောင့် ခင်လေးမူသည် စားထားသော ပန်းသီးကို ပြန်အန်ထုတ်ချင်စိတ် ပေါက်သွား၏။

"ရှင်...ခိုးလာတာ ဟုတ်လား"

"ဟုတ်တယ်၊ ကျုပ်ပြောသားပဲ။ ကျုပ်ဟာ လူကောင်း မဟုတ်ပါဘူးလို့"

ပြောပြောဆိုဆို သူ ထိုင်နေရာမှထကာ ထွက်သွားမည်ပြုလိုက်ရာ ခင်လေးမူက ပြာပြာသလဲ...

"ဒီမယ်၊ ရှင်ဘယ်သွားမလို့လဲ"

"ဟော ဟိုခပ်လှမ်းလှမ်းက ဂူတစ်ဂူပေါ် သွားအိပ်မလို့လေ"

"ကျွန်မကို ဒီအတိုင်း မထားခဲ့နဲ့လေ၊ ကျွန်မအနားမှာပဲနေ"

"ခက်တာပဲ။ ကဲ...ဒါဆို မင်းအဲဒီဂူပေါ်တက်အိပ်။ ငါက ဒီ မီးပုံဘေး မြေကြီးပေါ်မှာပဲ အိပ်တော့မယ်"

"ကျွန်မက ဒီအုတ်ဂူကြီးပေါ်မှာ တက်အိပ်ရမှာပေါ့"

"အေးလေ...ဒီဂူထဲမှာက အလောင်းတစ်လောင်းပဲ ရှိတယ်။ မြေကြီးပေါ်မှာ အိပ်မယ်ဆိုရင်တော့ ဒီမြေကြီးထဲမှာ မြှုပ် ထားတဲ့ အလောင်းတွေက အများကြီးပဲ"

သူ့စကားက မှန်သင့်သလောက် မှန်နေလေရာ နောက်ဆုံး ခင်လေးမူသည် ကြောက်ကြောက်ရွံ့ရွံ့နှင့်ပင် အုတ်ဂူပေါ်တက်ကာ အိပ်စက်လိုက်ရလေတော့သတည်း။

*


www.burmeseclassic.com

www.burmeseclassic.com

## ၃။ အိပ်မက်ထဲမှ ဘုရားကျောင်းပျက်

အရုဏ်ဦးအလင်းရောင်သည် မြို့စွန်သင်္ချိုင်းအပေါ်သို့ ဖြန့်ကြက် ကျဆင်း၍ နေသည်။ အုတ်ဂူပေါ်တွင် ခင်လေးမူသည် ခပ်ကွေးကွေးကလေးပင် နှစ်ခြိုက်စွာ အိပ်မောကျ၍ နေသည်။ လူငယ်ကတော့ အုတ်ဂူအောက်ခြေ မြေပြင်တွင် သစ်တုံးတစ်တုံးကို ခေါင်းအုံးကာ သူ့ပုံစံအတိုင်း မျက်နှာပေါ်တွင် သက္ကလပ်ဦးထုပ် တင်၍ ပက်လက်အိပ်စက်နေလေသည်။

ထိုအချိန်မှာ လူငါးယောက်က သင်္ချိုင်းထဲသို့ ချဉ်းကပ် ဝင်ရောက်လာလေသည်။ ထိုအဖွဲ့ကို လမ်းပြခေါ်ဆောင်လာသူကား ဈေးလူမိုက်သံခဲပင် ဖြစ်လေသည်။ သံခဲသည် သူမနိုင်သဖြင့် ထွက်ပြေးခဲ့ရသည်ကို အခဲမကျေဖြစ်ကာ သူ့ဆရာမြို့ခံလူမိုက်ဖြစ်သော ကြီးမောင်အား သွားရောက်ခေါ်လာခြင်း ဖြစ်သည်။ သူတို့သည် ၅ယောက်ပေါင်းကာ မြို့ထဲတွင် ခင်လေးမူတို့အား လိုက်လံ ရှာဖွေကြည့်ရာ တစ်ညလုံး ရှာဖွေကြပါသော်လည်း ရှာဖွေမတွေ့ ဖြစ်နေ





သည်။ မနက်မိုးလင်းခါနီးတွင်မှ သတိရကာ သင်္ချိုင်းဘက်သို့ ရှာရန်ထွက်လာခဲ့ကြရာ သူတို့ထင်သည့်အတိုင်းပင် ခင်လေးမူနှင့် လူစိမ်းကို သင်္ချိုင်းထဲတွင် တွေ့ကြရလေတော့သည်။

လူနှစ်ယောက်က အုတ်ဂူပေါ်တွင် အိပ်နေသည့် ခင်လေးမူထံ ချဉ်းကပ်သွားသည်။ ကျန် ၃ ယောက်က မြေပြင်တွင် ပက်လက်အိပ်နေသည့် လူငယ်ထံ ချဉ်းကပ်သွားသည်။ သံခဲက အနီးတွင် ဒူးထောက်ထိုင်ကာ လူငယ်၏ မျက်နှာပေါ်မှ ဦးထုပ်ကို မယူလိုက်သောအခါ...

လူငယ်သည် သံခဲတို့အုပ်စု သင်္ချိုင်းထဲ ဝင်လာကတည်းက ခြေသံများကို ကြားကာ နိုးနေပြီဖြစ်သဖြင့် အသင့်ပြင်ထား၏။ ဆန့်တန်းထားသော သူ့လက်တစ်ဖက်က ကျောက်တုံးတစ်တုံးကို လှမ်း၍ ဆုပ်ကိုင်ထားကာ ခေါင်းအောက်သွင်းထားသော လက်တစ်ဖက်မှ ခေါင်းအုံးထားသော သစ်ကိုင်းစကို ဆုပ်ကိုင်ထား၍ တိုက်ခိုက်ရန် အသင့်စောင့်စားနေလေသည်။

ဦးထုပ်ကို မယူလိုက်သော သံခဲသည် မျက်လုံးများပွင့်ကာ သူ့ကို စူးစိုက်ကြည့်နေသော လူငယ်ကို မြင်၍ အံ့အားသင့်သွားစဉ်မှာပင် လူငယ်၏ သစ်တုံးကိုင်ထားသော လက်က ထွက်လာကာ မျက်နှာကို ဖြတ်ရိုက်တာ ခံလိုက်ရလေသည်။ တစ်ဆက်တည်းမှာပင် သူက ခုန်ကာ ထလိုက်ပြီး ရှေ့တည့်တည့်မှ ဓားရှည်ကိုင် တစ်ယောက်အား ကျောက်ခဲဖြင့် ခေါင်းကို ပစ်လိုက်ကာ ပြေးဝင်လာသော သူ့ကို ဓားဖြင့် ပိုင်းလိုက်သည့်။ ကြီးမောင်၏ ဓားချက်အား လက်ထဲမှ သစ်ကိုင်းဖြင့် ခံလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ဆက်တည်းပင် လွှတ်နေသော ခြေထောက်ဖြင့် ရင်ဝကို ဆောင့်ကန်လိုက်ရာ၊ ကြီးမောင်သည် နောက်ပြန် လွင့်စဉ်လဲကျသွားလေသည်။ ထိုအချိန်၌ ခင်လေးမူသည် နိုးနေပြီဖြစ်ရာ လူဆိုးနှစ်ဦး၏ ဆွဲငင်ချုပ်နှောင်ခြင်းခံနေရသဖြင့် ရုန်းကန်ဟစ်အော်နေ၏။

လူငယ်က ပြေးဝင်ကာ တစ်ယောက်တစ်ချက်စီ လဲကျသွားအောင် တိုက်ခိုက်ပြီး ခင်လေးမူကို လက်ဆွဲကာ ထိုနေရာမှ ထွက်ပြေးလာခဲ့လေတော့သည်။ ဤတစ်ကြိမ်တွင် သူတို့က လက်နက်ကိုယ်စီပါ၍ လူအင်အားလည်း များပြားနေလေရာ ဆက်လက်တိုက်ခိုက်ရန် မလွယ်ကူသောကြောင့် ဖြစ်လေသည်။ ကြာလျှင် သူပဲခံရလိမ့်မည်။

နောက်က သံခဲတို့အုပ်စုက ဒဏ်ရာရသူများကို ပြုစုကာ နောက်ကနေ ပြေးလိုက်လာကြလေသည်။ သူတစ်ယောက်တည်းဆိုရင်တော့ ဒီလူတွေနှင့် တစ်ပွဲတစ်လမ်း အကဲစမ်းချင်သည်။ သို့သော် ဤမိန်းကလေးတစ်ယောက်၊ ကန့်လန့်ကန့်လန့် ပါနေ၏။ သူ့ကို မထိခိုက်အောင် ကာကွယ်နေရတာက သူတိုက်ခိုက်ရာမှာ နှောင့်နှေးကြန့်ကြာစေသည်။

ယခုလည်း ကောင်မလေးက သွက်သွက်လက်လက် မပြေးနိုင်။ ဒီနှုန်းအတိုင်းသာဆို မကြာမီ နောက်က လိုက်လာသူတွေက မီ၍ သွားနိုင်သည်။ သူတို့သည် သစ်ပင်အုပ်တောတန်းကလေး တစ်ခုကို ဖြတ်ကာ ပြေးလွှားလာခဲ့ကြသည်။ နောက်က လိုက်လာသူများ၏ ခြေသံကိုလည်း ကြားရ၏။



သူတို့နှစ်ယောက် သစ်ပင်တောအုပ်အတန်းကလေးမှ ထွက်လိုက်သောအခါ အဝေးပြေးကားလမ်းမဆီ ရောက်၍ သွား သည်။ ထိုအနီးတွင် ကုန်တင်လော်ရီကားကြီးတစ်စီးရပ်၍ ထားလေသည်။ ဒီအတိုင်း ဆက်ပြေးနေလျှင် သူတို့ လွတ်နိုင်ပုံမပေါ်။ ထို့ကြောင့် လူငယ်က ခင်လေးမူ၏ လက်ကို ဆွဲကာ ကားပေါ်တက်လိုက်သည်။ ကားသည် ဆန်တင်သော ကားဖြစ်ကာ ကားထဲတွင် ဆန်အိတ်များ အပြည့်နီးပါး တင်ထားသော်လည်း လူနှစ်ယောက် ချောင်ချောင်ထိုင်နေနိုင်လောက်သော အကျယ်အဝန်းလည်း ရှိနေ၏။ သူတို့အထဲရောက်ပြီးသည့်နောက်တွင် ကားနောက်ပိုင်းမှ တာလပတ်ဖျင်ကြီးကို ဖြင့်ဆွဲချလေလိုက်သောအခါအထဲတွင်ပုန်းနေသောသူတို့နှစ်ယောက်ကို အပြင်မှ မမြင်နိုင်တော့ချေ။

သူတို့တက်ကာ ပုန်းနေသော ဆန်တင်လော်ရီကားကြီး၏ ဒရိုင်ဘာနှင့် စပါယ်ယာမှာ အန္တရာယ်လွယ်မထားနိုင်သဖြင့် ကားကို ရပ်ကာ လမ်းဘေးတွင် အပေါ့အပါး စွန့်နေကြခြင်း ဖြစ်၏။ လူငယ်နှင့် ခင်လေးမူတို့ ကားထဲရောက်ပြီးသည်နှင့် မရှေးမနှောင်းမှာပင် သူတို့သည် အလုပ်ကိစ္စပြီးသည်နှင့် ချုံထဲက ထွက်လာကြကာ ကားပေါ်တက်၍ ကားကို စက်နှိုးမောင်းထွက်သွားကြလေတော့သည်။

သူတို့ကား ထွက်စမှာပင် တစ်ဖက်တောအုပ်ထဲမှ သံခဲတို့လူစု ထွက်လာ၏။ သူတို့ပတ်ဝန်းကျင်ကို လှေ့လာအကဲခတ်၍ ခင်လေးမူတို့၏ အရိပ်အယောင်ကိုမှ မမြင်ရသောအခါ...





www.burmeseclassic.com

www.burmeseclassic.com



"ဟိုနှစ်ကောင် မတွေ့ဘူး၊ ခုနထွက်သွားတဲ့ ကားပေါ်များပ
သွားလားမသိဘူး"

ဟု ကြီးမောင်က ဆိုလိုက်၏။ သံခဲက...

"မဖြစ်နိုင်ဘူး၊ ရှေ့ဆက်ပြေးတာပဲဖြစ်ရမယ်၊ အမြန်လိုက်ကြ
မယ်"

ဟုပြောကာ လမ်းတစ်ဖက်တောအုပ်ထဲသို့ ပြေးဝင်သွားတော
သည်။

•

နေအတော်မြင့်လာလေပြီ။ ကားထဲမှာ လှောင်အိုက်က
အနေခက်လှ၏။ ရန်သူလက်မှ လွတ်လာတာကိုပင် ဘုရားတန်ခိုး
တော်ဟု ခင်လေးမူက တွေး၍နေ၏။ သူ အိမ်က ထွက်လာခဲ့တာ
တစ်ရက်သာ ရှိသေးသည်။ မကြုံဖူးသော ချောက်ချားဖွယ်ရာတေ
နှင့် ဆက်တိုက် ကြုံတွေ့ခဲ့ရသဖြင့် နှလုံးခုန်၍လည်း နေ၏။

လူတစ်စုက သူ့အသက်ကို ရန်ရှာကာ သူ့ပစ္စည်းများကို
လုယက်ရန် ကြံစည်မှုနှင့် နှစ်ကြိမ်တိုင် ကြုံခဲ့ရသည်။ ပြီးတော
ညစာလည်း ငတ်ခဲ့ရသည်။ သချိုင်းကုန်းထဲမှာလည်း ညအိပ်ခဲ့ရ၏
အရေးပိုင်သမီးတစ်ယောက်၏ဘဝနှင့် လားလားမှ မဆီလျော်သော
အဖြစ်အပျက်များသာ ဖြစ်လေရာ သူ့မိဘများ ဤကိစ္စများကို သိ
လျှင် ရင်ထုမနာဖြစ်ရှာပေမည်။ ပြီးတော့ သူသည် ရှုးသွတ်မိုက်
စွာပင် အိပ်မက်ထဲက ဘုရားပျက်ကြီးကို ရှာဖွေရန် ထွက်လာခဲ့သည်
သို့သော် ထိုဘုရားကျောင်းပျက်ကြီး ဘယ်နေရာဘယ်ဒေသတွ
ရှိသည်ဟုလည်း လုံးဝသိရှိခြင်းမရှိ၊ တစ်ခုပဲ ရှိသည်။ ယခု သူန





ကြုံခဲ့ရသော လူငယ်ကတော့ လူဆိုးဟု သူ့ဘာသာပြောနေသော်
လည်း စိတ်သဘောထား ကောင်းမွန်ပုံရ၏။

"အရေးပိုင်သမီး ဘာတွေစဉ်းစားနေသလဲ"

ဤလူငယ်က သူမကို အရေးပိုင်သမီးဟု တွေ့ကတည်းက
နောက်ပြောင်ခေါ်ဝေါ်နေခဲ့သည်။

"ရှင် ကျွန်မကို အရေးပိုင်သမီး အရေးပိုင်သမီးနဲ့ ခေါ်မနေပါနဲ့"

"ကျုပ်ကမှ အမိနာမည်မသိတာကိုး"

"ကျွန်မနာမည် ခင်လေးမူ"

"ခင်လေးမူ အင်း...လှူနဲ့ နာမည်နဲ့ လိုက်တာပဲ"

"ဘယ်လိုလိုက်တာလဲ"

"သူကလည်း လှတယ်။ နာမည်ကလည်း လှတယ်"

BURMESE CLASSIC .com

သူကား စကားကို မကွယ်မဝှက် ဖြောင်ကျကျ ပြောတတ်ပုံရ
၏။

"ရှင့်နာမည်ကရော"

"ရန်ရှင်းတဲ့"

"အင်း လူနဲ့နာမည်နဲ့ လိုက်တာပဲ"

"ဘယ်လို လိုက်တာလဲ"

"ရှင်က ကျွန်မရဲ့ ရန်တွေကို ရှင်းပေးတယ်လေ"

လူငယ်၏ မျက်နှာတွင် ရှားပါးလှသော အပြုံးတစ်ခု ဖြစ်
ပေါ်လာ၏။ ခင်လေးမူက အတန်ငယ်ရဲတင်းသွားကာ...

"ကိုရန်ရှင်း၊ ဒီကားက ဘယ်ကိုသွားနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်လည်း မသိဘူးလေ။ ဟိုလှူရမ်းကားတွေရန်က လွ
အောင်သာ တက်ဗုန်းနေလိုက်ရတာ။ သူတို့ ဘယ်သွားမယ် ဘယ်
သိမလဲ။ ကျုပ်အဖို့တော့ ဘယ်သွားသွား အရေးမကြီးဘူး။ ကျုပ်မှာ
ဘယ်သွားမယ်ဆိုတဲ့ ရည်ရွယ်ချက်မရှိဘူး၊ ကြည့်ရတာ မင်းမှာ
လည်း ရှိပုံမရဘူး။

ထိုအခိုက်မှာ ခင်လေးမူသည် ကြောက်လန့်တကြားအော်က
ရန်ရှင်းကို ခုန်ကာ ဖက်လိုက်သည်။ ဆန်အိတ်တွေကြားထဲမှ ကြွ
တစ်ကောင် ပြေးထွက်လာကာ သူ့ပေါင်ပေါ် တက်လိုက်သောကြော
ဖြစ်သည်။ ရှေ့တွင် ကားမောင်းနေသော ကားဒရိုင်ဘာသည်နော
ခန်းထဲမှ အော်သံကြောင့် ကားကို ရပ်ပစ်လိုက်သည်။ ထို့နော
စပယ်ယာကိုခေါ်ကာ အနောက်ခန်းကို လာကြည့်သောအခါ ရန်ရှ
နှင့် ခင်လေးမူတို့ကို တွေ့သွားလေသည်။

"မင်းတို့ ဘယ်တုန်းကတည်းက လိုက်ခဲ့ကြတာလဲ"

"ရှေ့နားက မြို့ကလေးကပါ"

"အင်း မိဘသဘောမတူလို့ ခိုးရာလိုက်ပြေးလာကြတာ ထင်
တယ်။ ဘာပဲဖြစ်ဖြစ် ဆက်ခေါ်သွားလို့ မဖြစ်ဘူး။ ကောင်မလေး
မိဘတွေက မကျေနပ်လို့ ဂိတ်တိုင်ပုလိပ်တိုင် လုပ်နေရင် ငါတို့
သက်ဘရှင်းနေမယ်။ အဲဒီတော့ မင်းတို့ ဒီကပဲ ကားပေါ်က ဆင်း
တော့"

အတင်းနှင်ချသဖြင့် သူတို့ ဆင်းလိုက်ရသည်။ နေရာမှာ မြို့
ထဲလည်း မရောက်သေး။ လမ်းခုလတ်နေရာကြီး ဖြစ်၏။





"အဲဒါမှ ဒုက္ခပဲ"

ရန်ရှင်းက ညည်းတွားလိုက်သည်။ သို့သော် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုနေသော ခင်လေးမူသည် တစ်နေရာကို ကြည့်ကာ ဝမ်းသာအားရ အော်လိုက်၏။

"ဝမ်းသာလိုက်တာ"

ရန်ရှင်းက လှည့်ကာ...

"ကားပေါ်က နှင်ချတာ ဝမ်းသာစရာလို့ ပြောရလား"

ခင်လေးမူက ခပ်လှမ်းလှမ်း ကုန်းမြင့်ပေါ်တွင် တွေ့ရသော ဘုရားကျောင်းပျက်ကြီးတစ်ခုကို လက်ညှိုးထိုးပြ၍...

"မဟုတ်ဘူးရှင့်၊ ဟောဟိုဘုရားကျောင်းပျက်ကြီးကို မြင်ရလို့ ဝမ်းသာတယ်ပြောတာ"

"ငါတော့ နားမလည်နိုင်တော့ဘူး။ ဒီကျောင်းပျက်ကြီးက လူရှိဟန် မတူဘူး။ အကူအညီသွားတောင်းလည်း ပေးနိုင်မှာ မဟုတ်ဘူး"

"ဒါကြောင့် မဟုတ်ဘူး၊ ကျွန်မမှာ အခြားအကြောင်းရှိလို့။ ဟိုရောက်ရင် ရှင့်ကို ကျွန်မပြောပြမယ်၊ ကဲလာ အခု အဲဒီဘုရားကျောင်းပျက်ကြီးဆီ သွားကြည့်ရအောင်"

နောက်ဆုံးတော့ စိတ်ပျက်လက်ပျက်နှင့်ပင် ရန်ရှင်းသည် ခင်လေးမူနောက် လိုက်သွားရလေသည်။ တောင်ကုန်းကမူလေး အထက် တောစပ်တွင်ရှိသည့် အုတ်ကျိုးအုတ်ပဲ့များပေါ်တွင် ချုံနွယ်များက ရစ်သိုင်းလွှမ်းခြုံထား၏။ ခင်လေးမူသည် စိတ်အားထက်



www.burmeseclassic.com

www.burmeseclassic.com



သန်စွာပင် ချုံနွယ်များ၊ မြက်ပင်ရှည်များကို တိုးဝှေ့ကာ ရှေ့မှ သွားနေ၏။ ရန်ရှင်းက နောက်က လိုက်ရင်း…

"အင်း မြွေပါးကင်းပါးဒုက္ခကတော့ ရောက်တော့မှာပဲ"

ဟိန္ဒူဘုရားကျောင်းပျက်ကြီးအနီးရောက်၍ ဂီးခနဲအော်သံကြားသဖြင့် ကြည့်လိုက်သောအခါ ဇီးကွက်ဖြူကြီးတစ်ကောင်သည် အုတ်ကျိုးအပုံတစ်ပုံပေါ်တွင် နားနေသည်ကို တွေ့လိုက်ရလေသည်။ ခင်လေးမူက ပို၍ ပျော်ရွှင်သွား၏။ ဒီဇီးကွက်ဖြူကြီးပင် ထိုအိပ်မက်မက်သောညက သူ့ပြတင်းဝတွင် လာရောက်နားခဲ့သည် မဟုတ်လား။

ယခုလည်း သူမ ဤဘုရားကျောင်းပျက်ကြီးဆီသို့ ရောက်လာသည့်အတွက် ဇီးကွက်ကြီးက ကြိုဆိုနှုတ်ဆက်လိုက်ဟန် ရှိ၏။ သူတို့နှစ်ဦးလုံး ကျောင်းထဲသို့ ဝင်လာခဲ့သည်။ တကယ်ကို နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သော လူမနေသည့် ဟိန္ဒူဘုရားကျောင်းပျက်ကြီးတစ်ခု ဖြစ်၏။

ကျောင်းပျက်ကြီးတစ်ဖက်နံရံတွင် လူတစ်ကိုယ်စာမျှ ကြီးမားသော အိပ်မက်ထဲမှာ မြင်ခဲ့ရသည့် ချောက်ချားဖွယ်အသွင် သဏ္ဌာန်နှင့် နတ်ဘုရားရုပ်တုကြီးကို တွေ့ရလေသည်။ အိပ်မက်ထဲတွင် မြင်ဖူးခဲ့သည့်တိုင်အောင်ပင် ခင်လေးမူသည် ထိုရုပ်တုကြီးကို မြင်သောအခါ ကြောက်ရွံ့နောက်တွန့်၍ သွားလေသည်။

"မကြောက်ပါနဲ့ ဒါစန္ဒီလို့လည်း ခေါ်တဲ့ ကာလီမယ်တော်ရုပ်ထုပါ။ ဒါအရင်က ဟိန္ဒူနတ်ဘုရားကျောင်းတစ်ခု ဖြစ်ခဲ့မယ်။ အခုတော့

တွေ အသုံးမပြုတာ ကြာပြီထင်ပါရဲ့"

ကာလီမယ်တော်ရုပ်တုသည် ရဲရဲနီအောင် ဆေးသုတ်ထားသော ခြင်္သေ့ယဉ်ကို စီးနင်းထားသည်။ လက်ယာဘက် လက် (၅) တ်တွင် ဓားလွယ်၊ သံလျက်၊ လှံ၊ သံချွန်၊ ဓားမြှောင်တို့ကို ကိုင်ဆောင်ထားသည်။ လက်ဝဲလက် (၅)ဖက်တွင်မူ ဒိုင်း၊ ထီး၊ လေးမြား၊ တီး၊ ခရုသင်းတို့ကို ကိုင်ဆောင်ထားလေသည်။

"ကျွန်မ ဒီထဲကို ရောက်ဖူးတယ်"

ဟု ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ကာ ခင်လေးမူက ပြောလိုက်လေသည်။ ရန်ရှင်းက…

"အေးလေ မင်းအခုရောက်နေပြီပဲဟာ"

"မဟုတ်ဘူး…အရင်က ရောက်ဖူးတာ ပြောတာ"

"အရင်ကဆိုတော့ ငယ်ငယ်ကလား…"

"မဟုတ်ဘူး၊ မွေးကတည်းက ကျွန်မ ရန်ကုန်မြို့အပြင်ကို တစ်ခါမှ မရောက်ဖူးဘူး"

ငါတော့ မင်းစကားကို နားမလည်တော့ဘူး"

"ဒီလိုပါ၊ ကျွန်မ အရင်ဘဝက ရောက်ဖူးတယ်လို့ ပြောတာ…"

ရန်ရှင်းက သူမကို အံ့သြသော မျက်လုံးများဖြင့် စိုက်ကြည့်လိုက်ကာ

"အရင်ဘဝ ဟုတ်လား၊ မင်းရူးနေလား"

"ရှင့်ကို ရှင်းမပြရင်တော့ ကျွန်မကို ရူးနေတယ်ထင်တော့မှာပဲ"

ဟု ဆိုကာ ခင်လေးမူက သူ့အသက် ၂၀ပြည့်မွေးနေ့တွင် [illegible]

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပုံ၊ ထိုညတွင် ထူးခြားသော အိပ်မက်ကို မြင်မက်ခဲ့ပုံ၊ ဗီးကွက်
ကြီးတစ်ကောင်က သူမထံ ရောက်လာပုံ။ ထို့နောက် ဤဘု
ကျောင်းပျက်ကြီးကို တွေ့အောင် ရှာမည်ဆိုသော စိတ်ကူးဖြင့် အိမ်
ထွက်လာခဲ့ပုံမှ နောက်ဆုံး သူနှင့် စတင်တွေ့ဆုံခဲ့ပုံအကြောင်းများ
ပြန်လည်ပြောပြလိုက်လေသည်။

ရန်ရှင်းက သေသေချာချာ ငြိမ်သက်စွာ နားထောင်နေ
ပြီးမှ

"မင်းဟော်တော်ရူးမိုက်သေးတာပဲ။ ဘာမှန်းမသိတဲ့ အရာ
ရှာဖို့ အိမ်က ထွက်လာခဲ့တယ်ဆိုတာ ရူးမိုက်မှုတစ်ခုပေါ့"

"အခုတော့ အခုတော့ ကျွန်မရှာဖွေချင်တာကို တွေ့နေ
လေ။ ဒီတော့ ကျွန်မကို ရူးမိုက်တယ်လို့ ခေါ်လို့ မရတော့ဘူး
အမှန်အတိုင်း ဝန်ခံလိုက်ရရင် အိမ်က ထွက်လာကတည်းက ကျွန်
ကြုံခဲ့ရတဲ့ ဒုက္ခတွေကြောင့် ကျွန်မလန့်ဖျပ်သွားတယ်။ ရှင်နဲ့ ဆ
တင်ကားကြီးနောက်မှာ ပုန်းပြီး လိုက်ပါလာခဲ့တုန်းက ရှေ့
ရောက်ရင် ပြီးခဲ့တာတွေကို မေ့ပစ်လိုက်ပြီး အိမ်ပြန်တော့မယ်
တောင် စိတ်ဆုံးဖြတ်ခဲ့တယ်။ ဒါပေမယ့် ရှင်စဉ်းစားကြည့်စမ်း
ဘယ်ဲလောက်ဆန်းကြယ်သလဲ။ ကားသမားတွေက ကျွန်မတို့ကို န
ချတဲ့နေရာဟာ ကျွန်မလိုက်ရှာနေတဲ့ ဘုရားကျောင်းရှေ့မှာ ဖြစ်နေ
တယ်။ ဒီတော့ ဒီကိစ္စမှာ ကျွန်မနောက်ကြောင်းပြန်လှည့်ဖို့ လိုပါဦး
မလား"

"ဒါဆို မင်း ရှေ့ဆက် ဘာလုပ်ဦးမလို့လဲ"





"မသိဘူး၊ ဒီကျောင်းကို တွေ့သလိုပဲ။ ကျွန်မအတိတ်ဘဝနဲ့
ပတ်သက်တဲ့ အရာတွေကို တစ်ခုပြီးတစ်ခု တွေ့ပြီး အစပေါ်လာ
လိမ့်မယ်လို့ ထင်ပါတယ်။ ရှင့်ကို ကျွန်မတစ်ခုတော့ အကူအညီ
တောင်းချင်တယ်"

"ဘာများလဲ"

"ရှင်နဲ့ကျွန်မဟာ ရက်ပိုင်းသာ ဆုံခဲ့ရသေးပေမယ့် ရှင်ဟာ
အားကိုးလောက်တဲ့ ယောက်ျားတစ်ယောက်ဆိုတာ ကျွန်မ သိပါ
တယ်။ အဲဒီတော့ ကျွန်မရဲ့ကိစ္စမှာ ခုလိုပဲ ဘေးက လိုက်ပြီး အကူ
အညီပေးပါလားရှင်"

ဟု ခင်လေးမူက အလေးတယူ တောင်းပန်လိုက်သော်လည်း
ရန်ရှင်းက လက်ကာပြကာ...

"တော်ပြီဟေ့၊ မင်းနဲ့ တွေ့ကတည်းက ငါ့ဘဝဟာ တစ်စက်
ကလေးမှ အငြိမ်မနေရဘူး။ ထိုးဟယ်ကြိတ်ဟယ်၊ ပြေးဟယ်လွှား
ဟယ်ပဲ လုပ်နေရတယ်။ ဒီတော့ ငါတို့ချင်း မြန်မြန်လမ်းခွဲမှ ဖြစ်မယ်"

"ရှင်က ဘယ်ကို သွားမှာလဲ"

"အဲဒါတော့ ငါလည်း ငါ့ဘာသာ မဆုံးဖြတ်ရသေးဘူး"

"ရှင်ကရော ဘာကြောင့် ယောက်ျားတန်မဲ့ အိမ်က ထွက်ပြေး
လာရတာလဲ"

ဒီတော့မှ ရန်ရှင်းက သူ့အဖြစ်အပျက်အား ခင်လေးမူကို ပြန်
လည်ပြောပြခဲ့သေလည်။ ရန်ရှင်းသည် မြေလတ်ဒေသရွာကလေး
တစ်ရွာမှဖြစ်ကာ ဆင်းရဲသော မိဘများမှ ပေါက်ဖွားလာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမွေးသောအခါ သူ့အမေမရှိ။ သူ့အဖေသည် မိုးလုံး ဟူသော ဓားပြတစ်ဦးဖြစ်ကာ ထောင်ကျနေသည်။ သူ(၇)နှစ်သားခန့်တွင် အမေဖြစ်သူက ဆုံးသွားခဲ့လေရာ ရွာထဲတွင် ထမင်းတစ်လုတ်အတွက် လူတကာ၏ ခိုင်းဖတ်အဖြစ် အနှိမ်ခံဘဝဖြင့် ကြီးပြင်းခဲ့ရ၏။

နေ့လယ်တွင် ရွာထဲမှ တောက်တိုမယ်ရအလုပ်များလုပ်ကာ ညဘက်တွင် ဘုန်းကြီးကျောင်း၌ မှီခိုအိပ်စက်ခဲ့ရ၏။ စေတနာ ကောင်းသော ဦးပဥ္စင်းလေးတစ်ပါးကြောင့်သာ သူ စာရေးစာဖတ် တတ်ခဲ့ရခြင်း ဖြစ်သည်။ သူသည် အချိန်အားရလျှင်ဘုန်းကြီးကျောင်း မှ စာအုပ်စာပေများကို ဖတ်ရှုကာ ဗဟုသုတ တိုးပွားလာခဲ့ရသည်။

သူ ၁၃နှစ်သားခန့်တွင် သူ့အဖေထောင်က လွတ်ကာ ပြန် လာခဲ့၏။ သူသည် ရွာထဲတွင် သူ့အဖေနှင့်အတူ ပြန်နေရသဖြင့် ပျော်ရွှင်ခဲ့၏။ ထောင်ထွက်ကြီးဟူသော သူ့အဖေ၏ အရှိန်အဝါ ကြောင့် ယခင်ကလို ရွာထဲက လူများသည် လူကို စော်ကားမော်ကား မပြုရဲတော့ချေ။ သူ့အဖေကလည်း သူ့ကို ကိုယ်ခံပညာတိုက်ခိုက် နည်းများကို လက်ထပ်သင်ကြားပေးခဲ့လေသည်။

သူ ၁၅နှစ်ပြည့်သောနေ့တွင် သူ့အဖေက သူ့ကို မွေးနေ့လက် ဆောင်အဖြစ် ခြောက်လုံးပြူးသေနတ်တစ်လက် ပေးခဲ့လေသည်။ သူ သိပ်ပျော်သွား၏။ သူ့အဖေက ရွာပြင်တောစပ်သို့ ခေါ်သွားကာ သေနတ်ပစ်သင်ကြားပေးခဲ့ရာ သူသည် သုံးနှစ်အတွင်းမှာပင် သေနတ်ပစ်ထူးချွန်သူတစ်ဦး ဖြစ်လာခဲ့လေသည်။

သူ့အဖေသည် သူမသိအောင် တပည့်တွေ မွေးကာ ဓားပြ





တိုက် လုယက်မှုများကို ကျူးလွန်နေသည်ဆိုသော သတင်းများကို သူတစ်စွန်းတစ်စ ကြားလာခဲ့ရ၏။ ဤကိစ္စကို သူက မနှစ်မြို့။ သူက ခြောင်ဖွင့်ဟကာ တားမြစ်သောအခါ သူ့အဖေက အေးအေးလူလူ ဝင်။

"အေး မင်းဒီလို သိနေတာလည်း ကောင်းတာပါပဲကွာ၊ မင်း ကို ငါ သိုင်းပညာသင်ပေးတာ၊ သေနတ်ပစ်သင်ပေးတယ်ဆိုတာ တစ်နေ့ မင်းကို ဒီအလုပ်ထဲ ဆွဲသွင်းမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပဲ၊ မင်းဟာ ငါ့ရဲ့ ဓား၂မိုလ်ဆိုတဲ့ အမွေကို ဆက်ခံရမယ်"

သူက မလုပ်နိုင်ကြောင်း ငြင်းသောအခါ ကြိုးနှင့်တုပ်ကာ ကြာပွတ်နှင့် ရိုက်တော့သည်။ ကြာတော့ သူ သည်းမခံနိုင်တော့။ ထို့ကြောင့် အိမ်က ထွက်ပြေးလာခဲ့ခြင်း ဖြစ်သေလည်။

"ဒါကြောင့် မင်းကိုငါပြောတာပေါ့။ ငါဟာ လူကောင်းမဟုတ်ပါ ဘူးလို့။ ငါ့အဖေက ဓားပြဗိုလ် ထောင်ထွက်ကြီးပဲ"

"ဘာဆိုင်လို့လဲ။ ရှင်လူကောင်းဆိုတာ ကျွန်မယုံတယ်။ ဒါ ကြောင့်သာ ရှင်က ရှင့်အဖေရဲ့အလိုကျ မလိုက်နာနိုင်ခဲ့တာပေါ့"

ထိုအခိုက်မှာပင် လူတစ်သိုက် သူတို့ရှိရာ ဘုရားကျောင်းပျက် ဆီသို့ ဦးတည်လျှောက်လာသံကြားသဖြင့် ရန်ရှင်းက ခင်လေးမူ၏ လက်ကို ဆွဲကာ ကာလီမယ်တော်ရုပ်ထုရှိရာ အုတ်ခုံနောက်သို့ ဝင်ရောက် ပုန်းကွယ်လိုက်ကြသည်။ ထိုအထဲသို့ ဝင်ရောက်သော သူများမှာ ကြမ်းတမ်းသော ရုပ်ရည်ရှိကာ၊ သေနတ်လက်နက်များ ကိုယ်စီ ကိုင်ဆောင်ထားကြသည်။ စုစုပေါင်း လူ ၅ ဦး ဖြစ်ကာ



www.burmeseclassic.com

www.burmeseclassic.com



သူတို့ထဲတွင် လူပုံခပ်ထွားထွား၊ မျက်လုံးတစ်ဖက်ကို ရုပ်ပြ ဓာတ်လမ်းများထဲမှ ပင်လယ်ဓားပြများလို သားရေနက်အဝိုင်းလေးတစ်ခုစွပ်ကာ ဖုံးကွယ်ထားသော သူသည် ခေါင်းဆောင် ဖြစ်ဟန်တူ၏။ သူက အမိန့်သြဇာသံပါပါနှင့် ကျန်လူများကို ညွှန်ကြား ပြောဆိုနေလေသည်။

သူတို့ ပြောဆိုနေသော စကားသံများကို ကြားရသောအခါ ရန်ရှင်းနှင့် ခင်လေးမူသည် အံ့သြတုန်လှုပ်၍ သွားကြလေသည်။ သူတို့သည် အိမ်တစ်အိမ်ကို ဓားပြတိုက်ရန် တိုင်ပင်ဆွေးနွေးကြခြင်း ဖြစ်သောကြောင့်ဖြစ်လေသည်။ ပုန်းနေသော ရန်ရှင်းတို့နှစ်ယောက်ကိုသာ တွေ့ရှိပါက ဘယ်နည်းနှင့်မှ ခွင့်လွှတ်ကြလိမ့်မည်မဟုတ်ချေ။ ထိုအခိုက်မှာပင် ခင်လေးမူက…

"အဲဒီ မျက်စိတစ်ဖက်လပ်လူကြီးကို ကျွန်မ သိသလိုလို၊"

လေသံဖြင့် ပြောလိုက်လေသည်။ ခင်လေးမူ အသံကို ကြားသွားမည်စိုးသဖြင့် ရန်ရှင်းက ခင်လေးမူ ပါးစပ်အား လက်ဖြင့် ဖမ်းပိတ်လိုက်လေသည်။ သို့သော် ကံဆိုးစွာ လှုပ်ရှားလိုက်သော သူ့လက်က အုတ်ခုံပေါ်မှ အုတ်ခဲကျိုးတစ်လုံးကို တိုက်မိကာ အောက်ကို ပြုတ်ကျ၍ အသံမြည်သွားလေရာ…

"ဟာ…အသံကြားတယ်ဟေ့၊ ဒီထဲမှာ လူပုန်းနေတယ်။ တွေ့အောင်ရှာကြစမ်း"

ဟု ခေါင်းဆောင်လုပ်သူက အမိန့်ပေးလိုက်သည်။

သူတို့နှစ်ယောက် ဆက်ပုန်းနေရန် မဖြစ်တော့။ ထို့ကြောင့်





ရှင်းက ခင်လေးမူ၏ လက်ကို ဆွဲကာ သူတို့နောက်ဘက် မြစ်ကမ်းပါးကျ်အပျက်ကြီးမှတစ်ဆင့် တုန်းထွက်ကာ ထွက်ပြေးခဲ့ကြလေသည်။ လူဆိုးတစ်ချို့က မြင်ကာ သေနတ်ဖြင့် လှမ်းပစ်ကြလေသည်။ ခေါင်းဆောင်လုပ်သူက…

"ဟေ့ကောင်တွေ ရမ်းမပစ်မနေနဲ့။ မင်းတို့ပစ်တွေး ပုလိပ်တွေရောက်လာလိမ့်မယ်။ နောက်ကလိုက်၊ မလွတ်စေနဲ့"

ရန်ရှင်းနှင့် ခင်လေးမူမှာ ကျောင်းပျက်၏ အနောက်ဘက်တွင်ရှိသော တောအုပ်ထဲသို့ ဝင်သာ ပြေးလာခဲ့ရသည်။ သူတို့ မရောက်ဖူးသော ဒေသဖြစ်ရာ ဘယ်ရောက်ဘယ်ပေါက်မည် မှန်းဆမရကြ။ တောထဲတွင် လမ်းဟူ၍လည်း မရှိသဖြင့် ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ဖြတ်သန်းကာ သစ်ကိုင်းသစ်ခက်များကို ခေါင်းငုံ့ကာ ရှောင်တိမ်းကာ ပြေးလွှားခဲ့ကြလေသည်။

ခင်လေးမူက…

"ဒီမယ်ကိုရန်ရှင်း၊ ရှင့်ဘာသာသာ လွတ်အောင် ပြေးပါတော့။ ကျွန်မဆက်မပြေးနိုင်တော့ဘူး။ ကျွန်မတို့ ထားခဲ့ပါတော့။ ကျွန်မကံနဲ့ ကျွန်မကံသာ ရှိပါစေတော့"

ဟု မောဟိုက်နွမ်းနယ်သံနှင့် ပြောလိုက်လေသည်။ ရန်ရှင်းက

"မဖြစ်ဘူးခင်လေးမူ… ငါတို့က သူတို့ တိုင်ပင်နေတာတွေ အားလုံး ကြားသွားပြီဆိုတာ သိတော့ တို့ကိုမိရင် ဘယ်နည်းနဲ့မှ ရှင်ထားမှာ မဟုတ်ဘူး။ နှုတ်ပိတ်ဖို့ သတ်ပစ်မှာ အမှန်ပဲ။ ဒီတော့ အားတင်းထားစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



နောက်က လူအုပ်က ညာသံပေးကာ လိုက်လာကြတာ
လှမ်းမြင်နေရသည်။ ရန်ရှင်းနှင့် ခင်လေးမူ တိုးဝှေ့ကာ ပြေးထွက်
သော ချုံနွယ်ပိတ်ပေါင်းများက အပိုင်းပိုင်း အပြတ်ပြတ် ကျိုး
ကျန်ရစ်ခဲ့လေရာ သူတို့ ပြေးရာလမ်းကို လွယ်လွယ်ကူကူ ခြေရာ
မိအောင် ဖော်ပြပေးနေသကဲ့သို့ ဖြစ်နေလေသည်။

သူတို့ အားသွန်ပြေးခဲ့ရာမှ ရှေ့တစ်နေရာရောက်သောအ
ရပ်တန့်၍ သွားလေတော့သည်။ သူတို့ရှေ့တွင် အတော်ပင် မြင့်မော
နက်ရှိုင်းသော ချောက်ဇာစ်ခုက ဆီးကြိုကာဆီးထားသောကြော
ဖြစ်လေသည်။ ထိုချောင်၏ အောက်ခြေတွင် ရေစီးသန်သော ချော
တစ်ချောင်း စီးဆင်းနေသည်ကို တွေ့ရလေသည်။ ရန်ရှင်းက…

"ပြေးစရာလည်း မြေမရှိဆိုတာ ဒီလိုအဖြစ်မျိုးပဲ။ နောက်
လူငါးယောက်က သေနတ်ကိုယ်စီနဲ့၊ ငါတို့ ခုခံလို့လည်း မဖြစ်ဘူး
ဒီတော့ တစ်လမ်းပဲ ရှိတယ်။ ဒီချောက်ထဲ ခုန်ချကြမယ်"

"ရှင်ရူးနေလား"

"မရူးပါဘူး။ အောက်မှာ ချောင်းရှိတယ်။ ဒီချောင်းထဲ ကျသွား
ရင် တို့မသေနိုင်ပါဘူး။ နောက်က လူတွေ လက်ထဲ ရောက်သွား
တော့ သေမှာ အသေအချာပါပဲ"

အောက်ကို ခုန်ချရန် ရန်ရှင်းက ခင်လေးမူ၏ လက်ကို ဆွဲ
လိုက်၏။ ခင်လေးမူက လက်များကို ရုတ်အတင်းပင် ရုန်းဖယ်
ပစ်ကာ…

"ကျွန်မ ခုန်မချရဲဘူး၊ ခုန်မချရဲဘူး"





ထိုအခိုက်မှာပင် နောက်မှ လိုက်လာသူများက သူတို့ကို မြင်
တွေ့နိုင်လောက်သော နေရာသို့ ရောက်လာကာ…

သေနတ်ဖြင့် လှမ်း၍ ပစ်ခတ်ကြလေသည်။ နောက်မှ ရောက်
လာသော ခေါင်းဆောင်လုပ်သူက ဟန့်တားလိုက်၏။ သို့သော်…

သေနတ်ကျည်ဆန်တစ်တောင့်က ရန်ရှင်း၏ ပခုံးစွန်းကို မှန်
ကာ ရန်ရှင်းလည်း ချောက်ထဲသို့ ထိုးကျသွားလေတော့သည်။ ခင်
လေးမူ၏ ကြောက်လန့်တကြားအော်လိုက်သံ တောအလုံးကို ဖုံး
လွှမ်းသွားသည်။

မျက်စိတစ်ဖက်လပ်နှင့်လူက ခင်လေးမူအနားရောက် လာ
ကာ…

"အော်မနေနဲ့"

ဟုပြောရင်း ခင်လေးမူ မျက်နှာကို လက်ဝါးဖြင့် ဖြတ်ရိုက်လိုက်
လေသည်။ ကြမ်းတမ်းလှသော လက်ဝါးနှင့် ပြင်းထန်သော ရိုက်
ချက်ကြောင့် ခင်လေးမူသည် မြေပြင်ပေါ်သို့ လဲကျကာ သတိလစ်
သွားလေတော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com

## ၄။ အတိတ်ဘဝ၏သဲလွန်စ

ခင်လေးမူ သတိရသောအခါ သူမသည် ခမ်းနားသော အိပ်ခန်းကျယ်ကြီးတစ်ခု၏ ကောင်းမွန်စွာ ခင်းကျင်းထားသော ခုတင်တစ်လုံးပေါ်တွင် ဖြစ်နေလေသည်။ သူ့ကိုယ်ပေါ်တွင် အကောင်းစား ငွမ်းစောင်တစ်ထည်ကို လွှမ်းခြုံထားသည်။ သူက ထထိုင်ဖို့ ကြိုးစားလိုက်သည်။ အသက်သုံးဆယ်ခန့် ရှိသော မိန်းမတစ်ဦးက ခင်လေးမူအနား ရောက်လာသည်။

"ညီမလေး သတိရပြီလား"

ထိုမိန်းမကိုယ်ပေါ်မှ အဝတ်အစားများမှာ ခပ်နွမ်းနွမ်းသာ ဖြစ်နေလေရာ၊ ဤခမ်းနားလှသည့် အိမ်ကြီး၏ပိုင်ရှင် ဖြစ်နိုင်ပုံမရဘဲ၊ အိမ်ကြီးရှင်၏ အခိုင်းအစေတစ်ယောက်သာ ဖြစ်ပုံရလေသည်။ ခင်လေးမူက....

"ကျွန်မဘယ်ကိုရောက်နေသလဲ"

ဟု မေးလိုက်ရာ





"ညီမလေးရောက်နေတာ ပုန်းညက်မြိုင်စံအိမ်လေ"

"ရှင်..."

အလန့်တကြားနှုတ်က ထွက်သွားမိသည်။ ဒိုင်းခနဲ သူ့ခေါင်းထဲကို သွေးတစ်ချက်ဆောင့်ထိုးသလို ခံစားလိုက်ရကာ၊ ပုန်းညက်မြိုင် စံအိမ်ကြီး ဆိုသောစကားက ခေါင်းထဲတွင် ပဲ့တင်ရိုက်ခတ်သွား၏။ ဒီစကားလုံးကို သူကြားဖူးသလိုလိုရှိ၏။ ဘယ်မှာကြားဖူးတာလဲ။ ဘယ်တုန်းကကြားဖူးတာလဲ။

သူ ပြန်စဉ်းစားကြည့်လိုက်တော့၊ သတိလစ်မသွားခင်က အခြေအနေကို သတိရလာသည် သူနှင့်ရန်ရှင်း တောအုပ်တစ်ခုထဲ လက်ချင်း တွဲကာပြေးကြသည်။ နောက်က လူဆိုးတစ်သိုက်က ပြေးသွားလိုက်ပါလာ၏။ ရှေ့တွင် ချောက်တစ်ခုက ဆီးကြိုနေသောအခါ ရန်ရှင်းက လက်ချင်းတွဲကာ ခုန်ချဖို့ အဖော်ညှိသည်။ သူကငြင်းဆန်သည်။ ဒီလိုနှင့် နောက်က လှမ်းပစ်လိုက်သော သေနတ်ကျည်ဆန် ထိမှန်ကာ ရန်ရှင်းသည် ချောက်ထဲသို့ ပြုတ်ကျသွားလေသည်။ သူအသက်ရှင်နိုင်ပါဦးမလား။ စကားအပြောအဆို ဘုကျသော်လည်း စိတ်ကောင်းရှိသော ယောက်ျားတစ်ယောက်။

နောက်တော့ သူ့ဘေးကို မျက်စိတစ်ဖက်လပ်နေသော လူဆိုးခေါင်းဆောင် ရောက်လာကာ၊ မျက်နှာကို လက်ပြန်ရိုက်ခဲ့သည်။ ထိုဒဏ်ကြောင့် သူမေ့မျောသွားခဲ့၏။

"ကျွန်မ ဒီကိုဘယ်လိုလုပ် ရောက်နေတာလဲ လူဆိုးတွေရော"



www.burmeseclassic.com

www.burmeseclassic.com



ဟု ခင်လေးမူက အထိတ်တလန့် မေးလိုက်၏။ ထိုမိန်းမက

"ညီမလေးကို အစ်မတို့ သခင်ကြီးတွေ့ပြီး သယ်လာတာပါ။ သူနဲ့တပည့်တွေ တောလိုက်သွားရင်း လူဆိုးတွေနဲ့ တွေ့တယ်။ ပစ်ကြခတ်ကြတော့ လူဆိုးတွေ ထွက်ပြေးသွားတယ်။ မေ့လဲနေတဲ့ ညီမလေးကို တွေ့တာနဲ့ ဒီခေါ်လာတာပဲ"

"ရှင်တို့သခင်ကြီးက ဘယ်သူလဲ"

"ရှင်စက္ကိန်တဲ့။ မြေရှင်ကြီးဦးစက္ကိန်ဆိုရင် ဒီဒေသတစ်ဝိုက်မှာ မသိတဲ့ သူမရှိပါဘူး"

ခေါင်းထဲတွင် ဒိန်းခနဲ တစ်ချက်မြည်ဟိန်းသွားပြန်၏။ ဒီနာမည်ကိုလည်း သူရင်းနှီးနေသည်။ ဘယ်မှာဘယ်တုန်းက ကြားဖူးခဲ့တာလဲ။ မေးလိုက်သောအခါ အဖြေကိုရှာမရပဲ၊ ခေါင်းတွေသာ ရှုပ်ထွေးနောက်ကျိလာသည်။

"မိန်းကလေး သတိရနေပြီလား"

ညင်သာသော စကားသံနှင့်အတူ အခန်းထဲသို့ လျှောက်လာသော ကြားရသည်။

အသားဖြူဖြူ၊ အရပ်ခပ်ကောင်းကောင်း၊ မွန်ရည်သော ရုပ်ရည်ရှိသည့် အသက်(၅၀)ခန့်ရှိသော လူတစ်ယောက်၊ သူ့ခုတင်အနီးကို ရောက်လာသည်။ နှုတ်ခမ်းမွေးရေးရေးနှင့် နှစ်လိုဖွယ်ပြုံးပြနေသော်လည်း ခင်လေးမူက မြင်မြင်ချင်း ဟင်... ထိုသူကား ကောက်ကျစ်သော၊ အန္တရာယ် ကောင်းကောင်းပေးနိုင်သူ ဖြစ်ကြောင်း သိလိုက်သည်။ သူ၏ကျဉ်းမြောင်းကာ အေးတိအေးစက်





နိုင်လှသော မျက်လုံးများက ထိုအခြေအနေကို ဖော်ပြနေသည်။

ထိုသူက ခုတင်ဘေးကခုံတွင် ထိုင်ကာ ဖြစ်သမျှအကြောင်းတွေ၊ ပြန်ပြောင်းပြောပြနေသည်။ သူနှင့် သူ့တပည့်တစ်သိုက် တောထဲကို အမဲပစ်ထွက်ရာမှ လူဆိုးတွေနှင့်တွေ့ကာ ပစ်ခတ် ကယ်ဘင်ပြီး သူ့အိမ်ကို ခေါ်လာခဲ့သည့် အကြောင်း။

"ဒီရောက်နေပြီဆိုတော့ မင်းဘာမှ ပူစရာမလိုတော့ဘူး။ မင်းကို ဘယ်သူတမှ လက်ဖျားနဲ့တောင် မတို့စေရဘူး။ ပုန်းညက်မြိုင်ထဲကို ကျူပ်ခွင့်ပြုချက်မရဘဲ ဝင်ရဲတဲ့သူ မရှိဘူး။ ဒီတော့ မင်းအေးအေးဆေးဆေး အနားယူနေ"

"ကျွန်မကို ကယ်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်မအခုပဲ သွားတော့မယ်"

"မင်းက ဘယ်ကိုသွားမှာလဲ"

"ကျွန်မနဲ့ပါလာတဲ့အဖော်က သေနတ်မှန်ပြီး... ချောက်ထဲလိမ့်ကျသွားတယ်။ ကျွန်မသူ့ကို သွားရှာရမယ်"

"မင်းအားနည်းနေသေးတယ်၊ ဒီမှာပဲနေပါ။ ငါနဲ့ ငါ့လူတွေအခုပဲ သွားရှာလိုက်မယ်။ ဟုတ်လား။ သူ့နာမည်က ဘယ်လိုခေါ်သလဲ"

"ရန်ရှင်းတဲ့"

"ဘာမှ စိတ်မပူနဲ့၊ သူ့ကိုတွေ့တာနဲ့ ငါဒီကိုခေါ်လာခဲ့မယ်ဟုတ်လား၊ ဒါနဲ့ မင်းနာမည်ဘယ်လိုခေါ်သလဲ"

"ခင်လေးမူပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ၊ ခင်လေးမူ၊ မင်းဘေးမှာ ခင်စိန်အမြဲရှိနေလိမ့်မယ် လိုတာရှိရင် သူ့ကိုတောင်း"

ခင်စိန်ဆိုသည်မှာ သတိရလာခါစက သူ့ဘေးတွင် ရှိနေသော မိန်းမပင် ဖြစ်သည်။ ဦးစက္ကိန်နှုတ်ဆက်ကာ အခန်းထဲက ထွက်ခွာသွားလေသည်။ ခင်လေးမူက ခုတင်ပေါ်က ထ,ကာ ပြတင်းပေါက်ဆီ သွားရပ်ပြီး,အပြင်ကို အကဲခတ်ကြည့်လိုက်သည်။ ခြံဝင်းကြီးမှာ အတော်ပင်ကြီးမားကျယ်ဝန်းကာ ခြံထဲတွင် ပုန်းညက်ပင်တွေပေါက်နေတာ မြင်ရသည်။ ဒါကြောင့် ပုန်းညက်မြိုင်အမည်တွင်နေတာ ဖြစ်မည်။ ခြံထဲတွင် လက်နက်ကိုင်ဆောင်ထားသော လူတချို့ လမ်းလျှောက်နေတာ တွေ့ရသည်။

သူ့ကြည့်နေစဉ်မှာ ဦးစက္ကိန်သည် တပည့်နှစ်ယောက်နှင့်အတူ မြင်းကိုယ်စီနှင့် ခြံထဲက ထွက်သွားတာ မြင်လိုက်ရသည်။ သူ့တပည့် နှစ်ယောက်၏ ကျောပေါ်လွယ်ထားသော နှစ်လုံးပြူးရိုင်ဖယ် သေနတ်များကို တွေ့လိုက်ရ၏။ ဘာကြောင့် ဒီပုန်းညက်မြိုင်က လူတွေက သေနတ်တွေ ကိုယ်စီနှင့် ဖြစ်နေရသနည်း။ တွေးကြည့်ရင်းနှင့် ဘာမှန်းမသိဘဲ ခင်လေးမူ ရင်ထဲတွင် စိုးရိမ်စိတ်များ ဖြစ်ပေါ်နေသည်။

ခင်လေးမူ သူ့အိပ်ခန်းထဲက ထွက်လာခဲ့သည်။ အပေါ်ထပ်မှ အောက်ထပ်သို့ဆင်းကာ လှေကားဆီ လျှောက်လာခဲ့သည်။ လှေကားကြီးမှာ ကျွန်းသားပွတ်လုံး လက်ရန်းများနှင့် ခန့်ညားထည်ဝါလှပလှ၏။ ကျယ်ဝန်းသော လှေကားထစ်များမှတစ်ဆင့် သူ





အောက်ထပ်သို့ ဆင်းလာခဲ့သည်။

အောက်ထပ်တွင် ကြီးမားကာ ကနုတ်ပန်းခက်ဖော်ထားသည့် စားပွဲ ကုလားထိုင်များနှင့် အဖိုးတန်ကော်ဇောများ ခင်းထားလေရာ၊ ထည်ဝါခံ့ညားလှသည်။ နံရံတွင် ဆတ်ခေါင်း၊ ကျားခေါင်း၊ ဝက်ဝံခေါင်းများကို ချိတ်ဆွဲထားသည်ကို တွေ့ရသဖြင့် အိမ်ရှင်ဦးစက္ကိန်သည် အမဲလိုက်ဝါသနာထုံသူတစ်ဦး ဖြစ်ကြောင်း သိသာနိုင်လေသည်။ နံရံတွင် ဓာတ်ပုံများ ချိတ်ဆွဲထားရာ ယခု ဦးစက္ကိန်း၏ပုံလည်းပါ၏။

ခင်လေးမူက နံရံအနားကိုကပ်၍ ဓာတ်ပုံများကို လှေ့လာကြည့်ရှုရာ တစ်နေရာတွင် တွေ့လိုက်ရသည့် ဓာတ်ပုံတစ်ပုံကြောင့် တုန်လှုပ် ချောက်ချားသွားသည်။ ထိုပုံမှာ အမဲပစ်ရိုင်ဖယ်တစ်လက်ကို ပခုံးပေါ်ထမ်းကာ ဟန်ပါပါ ရိုက်ကူးထားကာ အသက် ၃၀ခန့် လူရွယ်တစ်ဦး၏ ပုံဖြစ်၏။ ထိုပုံထဲတွင် ထိုသူသည် ပြုံးပြသော်ငြား၊ ကောက်ကျစ်စဉ်းလဲသော အပြုံးပုံစံ ပေါ်လွင်နေလေသည်။

ယခင် ဤအိမ်ကြီးကို ရောက်စက၊ ခံစားရသော ခံစားမှုမျိုး ခင်လေးမူ၏ ရင်ထဲတွင် ပေါ်ပေါက်လာပြန်သည်။ ဒီလူကို သူ သေသေချာချာ သိခဲ့၏။ ဘယ်မှာသိခဲ့သလဲ၊ ဘယ်တုန်းက သိခဲ့သလဲ။ တိတိကျကျ ဝေခွဲ၍မရ။

"ဪ အောက်ကိုရောက်နေတာကိုး"

နောက်ဖေးခန်းမှ ခင်စိန်ဆိုသော မိန်းမက ထွက်လာကာ ပြောလိုက်ခြင်း ဖြစ်သည်။ ခင်လေးမူက သူ့ရှေ့က ဓာတ်ပုံကို



www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုးထိုးပြကာ

"သူက...ဘယ်သူလဲဟင်"

"ဒါ သခင်ကြီး ငယ်ငယ်ကပုံလေ"

"ဒါဆို...ဒါ...ဒါ ဦးစက္ကိန်ပဲပေါ့"

"ဟုတ်တယ်"

ခင်လေးမူ တစ်ကိုယ်လုံး နုန်းချွေသွားကာ အနီးဆုံး ကုလားထိုင်တွင် ထိုင်ချလိုက်ရ၏။ ခေါင်းတွေ ချာချာလည်၍ နေ သည်ကအတိတ်၏ ဖြစ်ရပ်များက ရုပ်ရှင်ကားကြည့်သလိုပင် တစ်စတစ်စ ဆက်စပ်ကာ ပုံပေါ်လာ၏။

ကိုစက္ကိန် ပြီးတော့ သွေးဆက်၊ ပြီးတော့ မဏိဓော ပတ္တမြားကြီး ပြီးတော့ နှင်းနုဆိုသော ကောင်မလေးတစ်ယောက်

လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်က ဖြစ်ပျက်ခဲ့သော ကြေကွဲ ဖွယ် ထိတ်လန့်ချောက်ချားဖွယ် ဖြစ်ရပ်ဆန်းများ။

ပထမတော့ မှုန်ဝါးဝါး။

နောက်တော့ ကြည်ကြည်လင်လင် ပြတ်ပြတ်သားသား

ခင်လေးမူ မျက်နှာကို လက်ဝါးနှင့် အုပ်ကာ အားရပါး ငိုကြွေးလိုက်သည်။ သူမသည်ကား စက္ကိန်ဆိုသည့် ယုတ်မာ ရက်စက် သူ တစ်ဦး၏ သားရဲတွင်းထဲသို့ မိုက်မဲစွာ နှစ်ကြိမ်ဆင်းသက်ခဲ့သော သားကောင်ဖြစ်၍ နေလေသည်။

✻



## ၅။ မိခင်ဟောင်းနှင့် ပြန်လည်တွေ့ဆုံခြင်း

ရေစီးသန်စွာ စီးဆင်းနေသော တောင်ကျချောင်းကလေးကား ဤနေရာတွင် ညင်သာသောအသွင်ကို ပြောင်းလဲသွားသည်။ ထိုနေရာတွင် သေးငယ်သော ယာခင်းလေးတစ်ခု ရှိသည်။ ယာခင်း ဘေးတွင် အရိပ်ကောင်းသော သစ်ပင်အုပ်ကလေးရှိကာ ထိုအရိပ် ထဲ၌ တဲငယ်တစ်လုံးလည်း ရှိ၍နေ၏။ ဤနေရာကား တိတ်ဆိတ် အေးချမ်း ငြိမ်သက်သောနေရာ ဖြစ်သည်။

ချောင်းကမ်းပါးရှိ ထိုတဲကလေးအတွင်းမှာတော့ အသက် ခြောက်ဆယ်ခန့်ရှိသော အမယ်အိုတစ်ယောက် ဆင်းရဲနွမ်းပါးခြင်း၊ စိတ်ထောင်းကိုယ်ကြေဖြစ်ခြင်းတို့ကြောင့် ရှိရင်းစွဲအသက်ထက်ပို၍ ကြီးနေသည် ထင်ရလေသည်။ ထိုမိန်းမကြီး၏အမည်ကား ဒေါ်မြ ဖြစ်၏။ ဒေါ်မြသည် ဓာတ်ပုံကလေးတစ်ပုံကို စူးစူးစိုက်စိုက်ကြည့် ကာ မျက်လုံးထဲမှ မျက်ရည်တွေ တတွေတွေ စီးကျလာသည်။ ပြီးလျှင် နှုတ်မှလည်း၊

www.burmeseclassic.com

www.burmeseclassic.com



"ဪ...သွေးဆက် သားကလေးသွေးဆက် အမေ့ကို စွန့်ခွာသွားတာ ဘာလိုလိုနဲ့ အနှစ်နှစ်ဆယ်ကျော်ခဲ့ပြီ။ အမေကတော့ သားလေးကို ဘယ်တော့မှ မမေ့နိုင်ပါဘူးကွယ်'

ဟုကြေကွဲဆွေးမြည့်စွာ တမ်းတရင်း ရွတ်နေလေသည်။ မှန်ပါသည်။ လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်က သွေးဆက် ဆိုသော သူအင်မတန် ချစ်သည့် သားကလေးသည် လူယုတ်မာတို့လက်ချက်ဖြင့် လောကကြီးက စွန့်ခွာသွားရသည်။ သားကလေး မရှိသည့်နောက်ပိုင်း အနှစ် (၂၀)ကား အင်မတန်မှပင် ရှည်လျားပျင်းရိဖွယ် ကောင်းလှသည်။ သားလေးရှိစဉ်က လုပ်ကိုင်ခဲ့သော ယာကို သားလေး၏သူငယ်ချင်း ကံကြီးမောင်က လာရောက် ကူညီလုပ်ကိုင် ပေးနေသည့်အတွက် စားဝတ်နေရေးကတော့ မပူပန်ရရှာပေ။

မဖြစ်နိုင်မှန်းသိလျက်နှင့်ပင် "ငါ့သားလေး အသက်ရှင်ပြီး ပြန်လာပါစေ" ဟု အခါခါ ဆုတောင်းခဲ့မိသည်။ ထိုအချိန်မှာပင် သူ့အိမ်ထဲကို တစုံတစ်ယောက်ဝင်လာတာ သိလိုက်ရ၏။ လှည့်ကြည့်လိုက်တော့ ရေတွေစိုရွှဲနေသော ခန္ဓာကိုယ်တစ်ခုက ဝါးကြမ်းခင်းပေါ် မှောက်လျက် လဲကျသွားတာ တွေ့လိုက်ရလေသည်။

ဒေါ်မြက အနီးသို့သွားကာ ခန္ဓာကိုယ်ကို ဆွဲလှန်လိုက်သည်။ မြင်လိုက်ရသောမျက်နှာက ဒေါ်မြကို အထိတ်တလန့် ဖြစ်သွားစေသည်။ ပြီးလျှင် နှုတ်မှလည်း...

"သား သား သားလေး"





ဟု ရေရွတ်နေလေ၏။ မှန်ပါသည် ဝါးကြမ်းပေါ်တွင် လဲကျကာ သတိလစ်နေသော လူငယ်ကလေးမှာ ကွယ်လွန်သွားသော သူ့သား သွေးဆက်နှင့် တထေရာတည်း တူနေသောကြောင့် ဖြစ်လေသည်။ လဲကျနေသူ၏ ပခုံးစွန်းတွင် သေနတ်ရှပ်၍ မှန်သော ဒဏ်ရာရနေကာ ထိုဒဏ်ရာမှ သွေးထွက် နေလေသည်။ ဒဏ်ရာရသူသည် အိမ်ဘေး စမ်းချောင်းထဲမှ တက်လာဟန်တူ၏။ သူသည် သူ့ကိုယ်သူ အခြေအနေ ဆိုးဝါးနေကြောင်း ရိပ်စားမိပုံရ၏။ ထို့ကြောင့်လည်း အနီးဆုံးတွေ့သော အိမ်ထဲကို အကူအညီရလိုရငြား ဝင်ရောက်လာခြင်း ဖြစ်ဟန်တူသည်။

ဒေါ်မြသည် အိမ်ထဲက ပြေးထွက်လာကာ သူ့ယာနှင့်ကပ်လျက် ကံကြီးမောင်တို့ ယာတဲသို့ ရောက်သွားလေသည်။

"ကံကြီးမောင်ရေ ကံကြီးမောင်"

"ဘာလဲဒေါ်ကြီး ဘာဖြစ်လို့လဲ"

"ငါနဲ့ အိမ်ကို အမြန်လိုက်ခဲ့စမ်းပါ"

ဘာမှန်းညာမှန်း မသိပဲ ဒေါ်မြခေါ်ဆောင်ရာ ပါလာကာ ကံကြီးမောင်သည် အိမ်ထဲက ကြမ်းပြင်ပေါ်တွင် လဲနေသော လူငယ်ကိုတွေ့ရတော့အခါ အံ့သြစွာဖြင့်...

'ဒေါ်ကြီး သူဘယ်သူလဲ။ သွေးဆက်တော့ မဟုတ်ပါဘူးနော်၊ သွေးဆက်နဲ့ တထေရာတည်းတူနေပါလား"

"အဲဒါတွေနောက်မှပြော။ ရေစိုအကျီအဝတ်အစားတွေ အရင်လဲပေး။ ပြီးတော့ ပခုံးက ဒဏ်ရာကိုဖြည်း ဆေးထည့်ရအောင်။ ငါကြိတ်မှန်ရွက် သွားခူးလိုက်ဦးမယ်'



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်အဝတ်အစားတွေ လဲပေးမှာလဲ"

"ငါ့သားသွေးဆက်ရဲ့ အဝတ်အစားတွေပေ့ါ။ သူနဲ့ သွေးဆက်က ကိုယ်လုံးကိုယ်ပေါက်လည်း တထေရာတည်းပဲ'

ဒေါ်မြက အိမ်ဘေးယာခင်းအစပ်သို့ ထွက်သွားကာ ကြိတ်မှန်ရွက်တွေခူးပြီး ပြန်လာသောအခါ ကံကြီးမောင်က လူငယ်အား အဝတ်အစားတွေ လဲပေးပြီး ဖြစ်နေသည်။ လူငယ်ကို သွေးဆက် အိပ်နေကျ အိပ်ရာထဲသို့လည်း ရွှေ့ပေးထားပြီး ဖြစ်နေ၏။ ပခုံးက ဒဏ်ရာကို ရေနွေးဖြင့် ဆေးကြောကာ ကြိတ်မှန်ရွက်အုံ၍ ပုဆိုးသန့်သန့်တစ်ထည်ကိုဆုတ်ဖြဲပြီး ပတ်တီးစည်းပေးလိုက်ကြသည်။

"ဒေါ်ကြီး သူ့ကို ဘာလုပ်မလဲ"

ကံကြီးမောင်က မေးလိုက်၏။

"သူ့ပခုံးမှာ ရလာတဲ့ဒဏ်ရာကတော့ သေနတ်ဒဏ်ရာပဲ။ ရာဇဝတ်မှုမကင်းတဲ့ ဒုစရိုက်သမားများ ဖြစ်နေမလား မသိဘူး။ ကျွန်တော်တို့ သက်ဆိုင်ရာကို သွားအကြောင်းကြားရင် ကောင်းလိမ့်မယ် ထင်တယ်"

"မလုပ်ပါနဲ့ ကံကြီးမောင် သမ္မာဒေဝနတ်ကောင်းနတ်မြတ်တွေက ငါ့ဆီကိုမှ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်အောင် တမင်ပို့လိုက်တာပါ။ ဒါ...ငါ့ကို သားအစားပြန်ပေးတာပဲ။ ပြီးတော့ သူ သတိရပြီး သူပြောတဲ့အကြောင်းတွေကို ငါနားမထောင်ရသေးပဲနဲ့ ပုလိပ်လက်ကိုမအပ်နိုင်ဘူး။ ဒီကိစ္စ မင်းဘယ်သူ့ကိုမှ မပြောပါဘူးလို့ ကတိပေးပါ"





ဟု ကတိတောင်းရာ ကံကြီးမောင်လည်း ပေးလိုက်ရလေတော့သည်။

*

ရန်ရှင်း ပြန်သတိရလာသောအခါ နွေးထွေးသော အိပ်ရာတစ်ခုထဲ ရောက်နေတာ တွေ့ရသည်။ အိမ်က တဲကုပ်ကလေးပင် ဖြစ်သော်လည်း သန့်ရှင်းသပ်ရပ်နေသည်။ သူပြန်စဉ်းစားမိတော့ ဖြစ်ခဲ့သမျှတွေကို ပြန်လည် သတိရလာသည်။

သူနှင့် ခင်လေးမူက ဟောအုပ်ထဲတွင် ပြေးလွှားနေကြသည်။ နောက်က မျက်စိတစ်ဖက်လပ် လူဆိုးဗိုလ်နှင့် သူ့လူတစ်သိုက်က နောက်က လိုက်ကြသည်။ နောက်ဆုံး ချောင်းကမ်းပါးထိပ်ကို ရောက်သွားသည်။ ဆက်ပြေးစရာ လမ်းမရှိတော့။

နောက်က ပစ်လိုက်သော ကျည်ဆန်တစ်တောင့်က သူ့ကို မှန်ကာ ဟန်ချက်ပျက်၍ သူချောင်းကမ်းပါးထဲ ထိုးကျသွားသည်။ သူ ထင်မှတ်ထားသည့်အတိုင်းပင် အောက်က စမ်းချောင်းထဲ သူ ကျသွားသည်။ ရေစီးအတိုင်း ကိုယ်ဖော့ကာ မျှောလိုက်သွားသည်။ ကမ်းခြေတွင် တဲကလေးတစ်လုံးကို တွေ့သောအခါ သူကုန်းပေါ် တက်လိုက်သည်။ သူထိုတဲအိမ်ကလေးဆီသို့ အကူအညီတောင်းရန် ဒယိမ်းဒယိုင် ခြေလှမ်းများဖြင့် လျှောက်သွားလိုက်သည်။

တဲဝအရောက်တွင် သူ့ကိုလှည့်ကြည့်လိုက်သော အဘွားကြီးတစ်ဦးကို တွေ့လိုက်ပြီး၊ သူလဲ သတိလက်လွတ်ဖြစ်ကာ ကြမ်းပြင်ပေါ် မှောက်လျက် လဲကျသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သား သတိရနေပြီကိုး"

တဲထဲကို အဘွားကြီးတစ်ယောက် ဝင်လာကာ နူးညံ့ကြင်နာသော လေသံဖြင့် ပြောလိုက်သည်။

"ကျွန်တော် ဘယ်ရောက်နေတာလဲ အမေ"

သူက အမေဟု သုံးနှုန်းလိုက်သည့်အတွက် အဘွားကြီးမှာ ကျေနပ်ပီတိဖြစ်သွားပုံရ၏။

"သားက အမေ့အိမ်ရောက်နေတာလေ။ ဒီမှာ ဘာမှ ပူပန်စရာမရှိဘူး။ ကဲ အားရှိသွားအောင် ဆန်ပြုတ်ပူပူလေး သောက်လိုက်ဦး"

အဘွားကြီးက မီးဖိုထဲမှ အငွေ့တထောင်းထောင်းထနေသော ဆန်ပြုတ် တစ်ပန်းကန်ကို ယူဆောင်လာသည်။ သူသည် ဆာလောင်နေသည့်အတွက် အငမ်းမရသောက်လိုက်မိသည်။ လူလည်း လန်းဆန်း အားပြည့်သွား၏။

"သားက နှစ်ရက်လုံး သတိလစ်နေလို့ အမေက စိတ်ပူနေရတာ အခုတော့ စိတ်အေးရပါပြီ။ ပခုံးက ဒဏ်ရာရော ဘယ်လိုနေသေးလဲ"

"တော်တော်သက်သာပါတယ် အမေ၊ ဒါထက် ဒီတဲမှာ အမေတစ်ယောက်တည်းနေတာလား'

"ဆိုပါတော့ကွယ်။ အမေက အရင်တုန်းကတော့ အမေ့သားနဲ့အတူနေခဲ့တာ'

"အခုရော...သူကဘယ်သွားနေလို့လဲ"





"သူကွယ်လွန်သွားတာ အနှစ် ၂၀ ကျော်ပါပြီ"

အဘွားကြီးမျက်နှာက ချက်ချင်းပင် ညှိုးနွမ်းသွားသည်။ ရန်ရှင်းက...

"ကျွန်တော် မသိလို့မေးမိတာ ခွင့်လွှတ်ပါ"

"ကိစ္စမရှိပါဘူး"

"ကျွန်တော်လည်း အမေကို ဒုက္ခမပေးချင်ပါဘူး။ ဒဏ်ရာက နည်းနည်းကောင်းတာနဲ့ ကျွန်တော် ဒီကထွက်သွားမှာပါ"

"အို ထွက်မသွားပါနဲ့ကွယ်။ မင်းရောက်လာတာ အမေ့ကို ဒုက္ခပေးရာ မရောက်ပါဘူး။ သုခပေးရာတောင် ရောက်ပါသေးတယ်"

"ဒါဖြင့် မင်းကို ငါမေးမယ် မင်းဘာဖြစ်လို့ ငါ့ကိုအမေလို့ ခေါ်တာလဲ"

"အမေအရွယ်မို့ လေးစားမှုနဲ့ အမေလို့ ခေါ်ခဲ့တာပါ။ အမေကရော ဘာလို့ ကျွန်တော့်ကို သားလို့ခေါ်တာလဲ။

"ငါကတော့ မင်းကို တကယ့်သားအမှတ်နဲ့ ရင်ထဲကနေ လိုက်လိုက်လှဲလှဲ သားလို့ ခေါ်တာ။ ငါ့ကို နတ်ကောင်း နတ်မြတ်တွေက သားအစားပေးဖို့ မင်းကို လွှတ်လိုက်တာဖြစ်မယ်"

"ကျွန်တော်တော့ အမေ့စကားကို နားမလည်နိုင်တော့ဘူး"

"ဒါဆို မင်းနားလည်အောင် အမေတစ်ခုပြမယ်"

အဘွားကြီးက ဓာတ်ပုံတစ်ပုံ ထုတ်ပြလိုက်သည်။ ကြည့်ကာ ရန်ရှင်း အံ့အားသင့်သွားသည်။

"ပုံကကလူက ကျွန်တော် မဟုတ်ဘူး။ ဒါပေမဲ့ ကျွန်တော်နဲ့



www.burmeseclassic.com

www.burmeseclassic.com

ရွေးမရအောင် တူတာပဲ"

"ဟုတ်တယ်။ ဓာတ်ပုံထဲက သူက လွန်ခဲ့တဲ့အနှစ် ၂၀ ကျော်က ကွယ်လွန်သွားတဲ့ အမေ့ရဲ့သား သွေးဆက်ပဲ"

ရန်ရှင်း အံ့သြသွားသည်။ အရင်ဘဝ သူသည် တကယ်ပဲ သွေးဆက်ဆိုသူဖြစ်ခဲ့သလား။ တိုက်ဆိုင်မှုပေလား။ သူက ဘာကြောင့် အရင်ဘဝက နေခဲ့သည်ဟု ထင်ရသော ဤအိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့သနည်း။

"နေဦး သားကို တခြားပုံတစ်ပုံ ပြစရာရှိသေးတယ်'

ဟု ဆိုကာ အဘွားကြီးက ထန်းခေါက်ဖာအဟောင်းထဲမှ ပုံကလေး တစ်ပုံကို ထုတ်ယူကာ ပြ၏။ ထိုပုံကို မြင်ရသောအခါ ရန်ရှင်းပို၍ တုန်လှုပ် အံ့သြသွား၏။ ဓာတ်ပုံက ချစ်သူသမီးရည်းစားဟု ဆိုရမည့် စုံတွဲပုံတစ်ပုံ ဖြစ်၏။ ဓာတ်ပုံထဲက သူ့အရင်ဘဝဟု ဆိုသော သွေးဆက်၏လက်မောင်းကို ကိုင်ကာ ပြုံးပြုံးလေးရပ်နေသောသူမှာ ခင်လေးမူ ဖြစ်နေသောကြောင့် ဖြစ်သည်။ ထို့ကြောင့် အလန့်တကြား။

"သူက...သူက ဘယ်သူလဲ အမေ'

"သူက နှင်းနုတဲ့။ သားသွေးဆက်ရဲ့ ချစ်သူလေ။ သူတို့ ချစ်သူနှစ်ဦးဟာ လှူယုတ်မာတစ်သိုက်ရဲ့ လက်ချက်ကြောင့် တစ်ရက်တည်း တစ်နေ့ရာတည်းမှာပဲ သေဆုံးသွားကြတယ်"

ရန်ရှင်းအဖို့ ကမ္ဘာကြီးသည် အိုးထိန်းစက်ပမာ ပတ်ချာလည်သွားသည်ဟု ခံစားလိုက်ရလေသည်။

✻



## ၆။ မဏိဇောတပတ္တမြားကြီး

ဆေးခန်းထဲတွင် မူးလဲသွားသော ခင်လေးမူကို မခင်စိန်က တွဲကာ သူမအခန်းသို့ ပြန်ပို့ပေးခဲ့လေသည်။ အခုတော့ ဖြစ်ပျက်ခဲ့သမျှ အတိတ်ဘဝက ဓာတ်လမ်းအဖုံဖုံကို ရုပ်ရှင်ကြည့်ရသလို တရိပ်ရိပ် စိတ်ကာစဉ်ကာ ပြန်လည် မြင်ယောင်လာလေသည်။

ခဏကြာသောအခါ ဦးစက္ကိန်သည် ပြန်ရောက်လာကာ ခင်လေးမူ အခန်းထဲသို့ ဝင်ရောက်လာလေသည်။ ခင်လေးမူက ခုတင်ပေါ်က ထထိုင်မည်ပြုသောအခါ...

"မထနဲ့ကလေးမ၊ ခုနဆေးခန်းထဲမှာ မူးလဲသွားတယ်ဆို။ ဘယ်လိုလဲ သက်သာရဲ့လား။ ဦး ဆရာဝန်ခေါ်လိုက်ရမလား"

"မလိုပါဘူးဦး၊ အခုကောင်းသွားပါပြီ။ ဦးသွားခဲ့တဲ့ ကိစ္စက..."

ခင်လေးမူက သူသိလိုသောအကြောင်းကို မေးလိုက်သည်။

"မင်းရဲ့အဖော်ကို၊ ငှါနဲ့ငှါလူတွေ တောင်ခြေချောက်ထဲ ဆင်းရှာ



www.burmeseclassic.com

www.burmeseclassic.com

ခဲ့တယ်။ အစအနတောင် မတွေ့ရဘူး။ တွေ့ရရင်လည်း အသက်ရှင် လျက်တွေ့မှာ မဟုတ်ဘူး။ သေနတ်လည်း မှန်သေးတယ်။ ဒီလော မြင့်တဲ့ချောက်ထဲ ကျသွားတယ်ဆိုတော့ အသက်ရှင်စရာလမ်း မရှိ ဘူး။ အလောင်းကတော့ ရေထဲ မျောပါသွားပြီထင်တယ်။ ဒီချောင် က ရေစီးသိပ်သန်တယ်'

ခင်လေးမူ စိတ်နှလုံးထိခိုက်ကြေကွဲသွားလေသည်။ သူကိုယ် တိုင်လည်း ဦးစက္ကိန်ပြောသလို ရန်ရှင်း အသက်ရှင်နိုင်လိမ့်မည်ဟု မယူဆခဲ့ပေ။ ရန်ရှင်းနှင့် ခဏလေးသာ တွေ့ခဲ့ရသော်လည်း သူတို့ နှစ်ယောက်အကြား နိုင်မာသော သံယောဇဉ်တစ်ခုကို ဘာကြောင့် တည်ဆောက်နိုင်ခဲ့သနည်း ဆိုသော မေးခွန်း၏အဖြေကို အခုတော့ ရှာဖွေတွေ့ရှိသွားသည်။ သူတို့ နှစ်ဦးသည် အတိတ်ဘဝက ချစ်သူ များဖြစ်ခဲ့သောကြောင့် ဖြစ်လေသည်။

အခုမှ ခင်လေးမူ နောင်တကြီးစွာရခဲ့သည်။ ရန်ရှင်းက လက် ချင်း တွဲကာ ချောက်ထဲခုန်ချဖို့ အဖော်ညှိတုန်းက ငြင်းပယ်ခဲ့သော ကိစ္စကို ဖြစ်သည်။ ဤကဲ့သို့ သေဆုံးရခြင်းမှာ ယခုကဲ့သို့ လူယုတ် မာကြီး ဦးစက္ကိန်၏ လက်တွင်းကို ဒုတိယအကြိမ် သက်ဆင်းရခြင်း ထက်စာလျှင် ပိုကောင်းမွန်ပေလိမ့်မည်။

ဦးစက္ကိန်းထွက်သွားသောအခါ ခင်လေးမူသည် ခုတင်ပေါ်တွင် ပက်လက်လှန် လဲလျောင်းရင်း အတိတ်ဘဝကို ပြန်လည် စဉ်းစား ခဲ့မိလေသည်။

ပုံရိပ်တွေက တဖျတ်ဖျတ်ပေါ်လာသည်မှာ...။

*





လွန်ခဲ့သော အနှစ် ၂၀ ကျော်က ဤ တောမကျ မြို့မကျ ...ရာကလေးတွင် သူသည် နှင်းနုဆိုသော အမည်ဖြင့် ချောမော ...သောအပျိုကလေးတစ်ဦး ဖြစ်ခဲ့သည်။

...င်းနု၏အဖေ ဦးသန့်ဇင်မှာ တစ်ခါက မန္တလေးမြို့မှ ...င်ရှားသော ရတနာကုန်သည်တစ်ဦး ဖြစ်သည်။ အကြောင်းကိစ္စ ...စ်ခုကြောင့် ဤမြို့ကလေးတွင် ဇာတ်မြှုပ်ကာ လာရောက် နေထိုင် ...င်း ဖြစ်သည်။ ဘယ်လိုကိစ္စမျိုးဆိုသည်ကို သူ့သမီးနှင်းနုပင် မသိ ...ချေ။

သူတို့သားအဖသည် မြို့စွန်ခြံကျယ်ကြီးတစ်ခြံတွင် တစ်ထပ် ...ိမ်လေးတစ်လုံးနှင့် ရိုးရိုးကုပ်ကုပ်ပင် နေထိုင်ကြလေသည်။

တစ်နေ့၌ နှင်းနုသည် သူငယ်ချင်းတစ်စုနှင့်အတူ သူတို့မြို့ကို ...တ်စီးသွားသည့် တောင်ကြားချောင်းကလေးတွင် ရေသွားချိုးရာမှ ...ဆိပ်ရှိသော မြွေတစ်ကောင် ကိုက်ခဲခြင်းကို ခံလိုက်ရသည်။ သူ ...ယ်ချင်းများ၏ အော်ဟစ် အကူအညီတောင်းမှုကြောင့် ချောင်းဘေး ...ာခင်းတွင် အလုပ်လုပ်နေသော သွေးဆက်ဆိုသော လူငယ်တစ်ဦး ...ရောက်လာကာ...

နှင်းနုခြေဖမိုးမှ မြွေကိုက်ဒဏ်ရာကို သူ့ပါးစပ်ဖြင့် ငုံကာ ...မြွေဆိပ်များကို စုပ်ထုတ်ပေးခဲ့သည်။ ပြီးတော့ အနီးတွင်ရှိသော သူတို့အိမ်ကလေးသို့ ပွေ့ချီကာ ခေါ်သွားလေသည်။

နှင်းနု၏ သူငယ်ချင်းတချို့က နှင်းနုအဖေ ဦးသန့်ဇင်ကို သွား ...ရောက် အကြောင်းကြားကြလေသည်။ ဦးသန့်ဇင်က မြွေဆိပ် နိုင်



www.burmeseclassic.com

www.burmeseclassic.com

သည်ဆိုသော မြန်မာဆေးဆရာကြီးတစ်ဦးကို ခေါ်ကာ ထို
ကလေးသို့ ရောက်ရှိသောအခါ...

နှင်းနုသည်ကောင်းစွာ သတိရနေပြီ ဖြစ်သည်။ နှင်းနု ဒဏ်
မှ မြွေဆိပ်များကို ပါးစပ်ဖြင့် စုပ်ပေးခဲ့သော သူငယ်သည် သူ
အဆိပ်တွေ ပြန်ထွေးထုတ်ပစ်သော်လည်း အဆိပ်တချို့က ဝမ်း
ကို ကျသွားဟန် တူ၏။ အဆိပ်တက်ကာ မိန်းမူးနေသည်ကို တွေ
သည်။

"စိုးရိမ်စရာ မရှိပါဘူး။ အဆိပ်နည်းနည်း ကိုယ်ထဲဝင်သွား
ရတယ်။ ကျုပ်ကုနိုင်ပါတယ်"

မြန်မာမြွေဆရာကြီး ဦးသိဒ္ဓိက အန်ဆေးအရင်တိုက်သည်
အန်ပြီးတော့မှ လိုအပ်သော ဆေးများပေးကာ ကုသရာ မကြာ
သွေးဆက်သည် သတိလည်ကာ ကောင်းမွန်လာလေသည်။ နှင်း
နှင့် ဦးသန့်ဇင်က သွေးဆက်ကို ကျေးဇူးတင်၍ မဆုံးတော့။

ဒီကိုနှင့် နှင်းနုသည် အဖော်မပါ တစ်ကိုယ်တည်းလည်း သွေး
ဆက်တို့ ယာတဲအိမ်ကလေးသို့ စက်ဘီးလေးတစ်စီးနှင့် ရောက်
လာတတ်သည်။ ဤအိမ်ကလေးတွင် သွေးဆက်နှင့် သူ့အမေ
ဒေါ်မြသာရှိသည်။ ဆင်းရဲသဖြင့် ဧည့်သည်အလာနည်းသော သွေး
ဆက်တို့ကလည်း နှင်းနုကို ဝမ်းသာအားရ ကြိုဆိုသည်။ သမီးမ
သော ဒေါ်မြသည် နှင်းနုကိုပင် သမီးအရင်းကလေးလို တွယ်တာ
ချစ်ခင်နေသည်။

သွေးဆက်သည် ရိုးသားကြိုးစားသော မုဆိုးမမိခင်ကြီး





ပ်ကျွေးနေသူဖြစ်ကာ၊ ယောကျ်ားပီသ ခံ့ညားသူဖြစ်သဖြင့်၊ နှင်း
ာ လေးစားကာ ချစ်ခင်လာခဲ့မိသည်။ သို့ဖြင့် သူတို့နှစ်ယောက်
ည် မကြာခင် ချစ်သူများဘဝသို့ ရောက်ရှိသွားကြလေသည်။

သူတို့ အချစ်လမ်း ခရီးမှာ သာမန်အားဖြင့်ဆိုလျှင် ဖြောင့်ဖြူး
နေသည်ဟု ဆိုနိုင်သည်။ ဦးသန့်ဇင်ကလည်း အဆင့်အတန်း မခွဲခြား
တက်သူဖြစ်သဖြင့် သူတို့ ချစ်နေသည်ကို မကန့်ကွက်။ သွေးဆက်
အမေကလည်း နှင်းနုကို သမီးအရင်းလို ချစ်ခင်နေသဖြင့် သူ့သား
င့်သာ လက်ထပ်မည်ဆိုပါက ဝမ်းမြောက်ဝမ်းသာ လက်ခံမည့်သူ
ဖြစ်လေသည်။ သို့သော်...

သူတို့နှစ်ဦးအကြားထဲသို့ မြေပိုင်ရှင် သူဌေးကလေး ကိုစက္ကိန်း
င်ရောက်လာသောအခါ အချစ်ခရီး လှိုင်းဆန်ရေဆန် လာခဲ့လေ
သည်။

ကိုစက္ကိန်ကား အသက်သုံးဆယ်ခန့်ရှိကာ ဤနယ်တစ်ဝိုက်
တွင် လူတိုင်းက လေးစားရိုသေရသော မြေပိုင်ရှင်သူဌေးလေး ဖြစ်
သည်။ သူသည် တစ်ဖက်လှည့်၍ ဗဟိန်း၊ ညိုကြီး၊ သိန်းဒန်တို့လို
ပည့်များ မွေးကာ ဤဒေသတွင်လုယက်မှု၊ ဓားပြမှုများ ကျူးလွန်
နေသူ ဖြစ်သည်။ ဤရာဇဝတ်မှုများကို သူက နောက်က ကြိုးကိုင်
ာ ဦးဆောင်ကျူးလွန်နေကြောင်း သိသူတွေ သိကြသော်လည်း
ုတ်ဖော်ပြောဝံ့သူဟူ၍ မရှိ။

သူ၏ ငွေကြေးအရှိန်လက်နက် လူသူအရှိန်အဝါကို အံတုနိုင်
သူ မရှိ။ သူ့ကို မချေမင်ပြောလျှင် သို့မဟုတ် သူ့ဒုစရိုက်များ

www.burmeseclassic.com

www.burmeseclassic.com



ကျူးလွန်သည်ကို တစ်စွန်းတစ်စ ထုတ်ဖော်ပြောဖို့ ကြံလျှင် ထိုသ သည် နေ့မကူးဘဲ မြေကြီးအောက် ရောက်သွားပေးမည်။

ကိုစက္ကိန်သည် အိမ်ထောင်မရှိသော်လည်း မိန်းမကိစ္စ ရှုပ်ေ သူ ဖြစ်သည်။ သူက ကြွေးနှင့်သိမ်းကာ ဖျက်ဆီးခဲ့သော မိန်း ပျိုလေးတွေ၊ လက်နက်အာဏာနှင့် ခြိမ်းခြောက်ကာ ဖျက်ဆီးခဲ့သော မိန်းကလေးတွေ မနည်းတော့။ သူက နှင်းနုကို မြင်တွေ့ကာ သဘော ကျနေတာကြာပြီ။ သို့သော် နှင်းနုက တည်ကြည်လွန်းသဖြင့် အန ကပ်မရ။ ဦးသန့်ဇင်ကလည်း စက္ကိန်အကြောင်း သိပြီးဖြစ်သဖြ သူ့သမီးနှင့် လက်ထပ်ပေးရန် သဘောမတူနိုင်။

ထိုအချိန်မှာပင် ကိုစက္ကိန်ဆီ လာလည်သော မိုးကုတ် ကျောက်ကုန်သည်တစ်ဦးက ဦးသန့်ဇင်ကို တစ်နေရာတွင် မမျှေ လင့်ဘဲ တွေ့ဆုံကာ၊ မှတ်မိသွားသည်။ သို့ဖြင့် ကိုစက္ကိန်အား...

"ဒီလူက ဒီရောက်နေတာကိုး၊ ခဗျားတော့ မှတ်ဆိတ် ပျားစွ တာပဲ ကိုစက္ကိန်"

"ဘာဖြစ်လို့လဲ"

"ဒီ ဦးသန့်ဇင်ဆိုတဲ့လူက အရင်က မန္တလေးမှာ အတော် ထင်ရှားတဲ့ကျောက်ကုန်သည်တစ်ဦးဗျ"

"အဲဒါလည်း ကျုပ်သိပါတယ်"

"သူ့ဆီမှာ အင်မတန်အဖိုးတန်တဲ့ မဏိဇောကတယို့ အမည် ပေးထားတဲ့ ပတ္တမြားကြီးတစ်လုံး ရှိတယ်။ အရွယ်အစားလည်း ကြီးတယ်။ အရည်အသွေးမှာလည်း ထိပ်တန်းပဲ။ ဒီပတ္တမြားကြီးက





ငမောက်ပတ္တမြားနဲ့ အမြွာပတ္တမြားလို့ ဆိုတယ်'

"အမြွာပတ္တမြား ဟုတ်လား'

"ဒီလိုလေ ချင်းတစ်ယောက်က အင်မတန်ကြီးတဲ့ ပတ္တမြား တစ်လုံး ရတယ်။ သူက တန်ဖိုးကို နားမလည်တော့ ထုခွဲလိုက်တာ နှစ်တုံး ဖြစ်သွားတယ်။ တစ်လုံးကို ငမောက်ဆိုတဲ့လူက ချင်းဆီက ဝယ်ပြီး ဘုရင်ကိုဆက်လို့ ငမောက်ပတ္တမြားလို့ နန်းစဉ်ရာဇဝင်မှာ အဖြစ် နဲ့ အမည်တွင်ခဲ့တယ် မဟုတ်လား'

"အဲဒါက ကာနယ်စလေဒင်လက်ထဲ ပါသွားတယ် ကြားတယ်"

"မှန်တယ်လေ။ ငမောက်ပတ္တမြားနဲ့ဆင်တူ ပတ္တမြားရှိတယ် ကြားလို့ ဘုရင်က လူလွှတ်ပြီး ချင်းကိုရှာပေမယ့် မတွေ့တော့ဘူး။ အဲဒီ ပတ္တမြားက ငမောက်ပတ္တမြားထက်တောင် ကြီးသေးတယ်လို့ ဆိုတယ်။ ကြက်ဥတစ်လုံးနီးပါး အရွယ်အစားရှိတယ်တဲ့"

"ခင်ဗျား မြင်ဖူးလား"

"မမြင်ဖူးပါဘူး။ မြင်ဖူးတဲ့သူတွေက ပြောတာ။ ဒီငမောက် အမြွာ ဆိုတဲ့ ပတ္တမြားကြီးဟာ သူတို့အဘိုးအဘွားတွေ လက်ထက် ကတည်းက သူတို့ဆီ ရောက်နေတာတဲ့ အဲဒီပတ္တမြားကို ကိုသန့်ဇင် က အင်မတန် တန်ဖိုးထားတယ်။ ဘယ်လောက်ပေးပေး မရောင်း ဘူး။ တကယ်တော့လည်း ဒီပတ္တမြားကို ထိုက်တန်အောင် တန်ဖိုး ပေးဖို့မလွယ်ပါဘူး။ တန်ဖိုး ဖြတ်မရတဲ့ ပတ္တမြားပဲ။ ဝယ်လို့မရတဲ့ အခါ လူတွေက ဒီပတ္တမြားကို လုယက်သတ်ဖြတ်ပြီး ယူဖို့ ကြိုးစား လာကြတယ်။ အဲဒီရန်တွေကို ကြောက်ပြီး ဦးသန့်ဇင်ဟာ မန္တလေးက



www.burmeseclassic.com

www.burmeseclassic.com



ခြေရာဖျောက်ထွက်ပြေးသွားတာပဲ'

ကိုစက္ကိန်၏ မျက်လုံးမှာ လောဘကြောင့် အရောင် တောက်ပလာသည်။

"ခင်ဗျားပြောတာ တကယ်ပဲနော်"

"ဘာလို့လိမ်ပြောရမှာလဲ။ ခင်ဗျား လက်ထဲကို ပတ္တမြားကြီး ရောက်လာရင်သာ ကျွန်တော်နဲ့ ဆက်သွယ်။ နယ်စပ်မှာ သွားရောင်းမယ်။ ဈေးကောင်းရမှာ သေချာတယ်။ ခင်ဗျား ဆယ်သက် စားမကုန်နိုင်မယ့် ငွေကြေးမျိုးပေါ့'

မိုးကုတ်မှ ရတနာကုန်သည် စကားများကို ကြားပြီးကတည်းက ကိုစက္ကိန်သည် လောဘတက်ကာ၊ စားလည်းဒီစိတ်၊ အိပ်လည်းဒီစိတ် ဖြစ်၍နေလေသည်။ နောက်ဆုံး ဦးသန့်ဇင်နှင့် ဖြောင်ပင် သွားရောက်တွေ့ဆုံကာ ပတ္တမြားကြီးအကြောင်းကို ထုတ်ဖော်မေးခဲ့သည်။ ဦးသန့်ဇင်က...

"ဒါတွေက ကောလာဟလ ယုံတမ်းစကားတွေပါ ကိုစက္ကိန်။ ကျွန်ုပ်မှာသာ ဒီလောက်တန်ဖိုးရှိတဲ့ ပတ္တမြားကြီး ရှိနေရင် ဒီလို နေရာမျိုးမှာဆင်းဆင်းရဲရဲ လာနေပါ့မလားဗျာ'

ဦးသန့်ဇင်စကားကို ကိုစက္ကိန်က မယုံကြည်သော်လည်း အချိုသပ်ကာ ယုံကြည်ဟန်ပြ၍ ပြန်သွားသည်။ သို့သော် နောက်တစ်ကြိမ်တွင်မူ နည်းတစ်မျိုးနှင့် ချဉ်းကပ်လာပြန်သည်။ နှင်းနုကို သူနှင့်လက်ထပ်ပေးဖို့ လာရောက်တောင်းရမ်းခြင်းပင်။ နှင်းနုသာ သူ့လက်ထဲရောက်လျှင် တစ်နေ့ ပတ္တမြားကြီးလည်း သူ့လက်ထဲ





ရောက်ရမည်ဟူ၍ ကိုစက္ကိန်က တွေးဆလေ၏။ သူတို့မှာ ဒီအဖေနဲ့ ဒီသမီးပဲရှိတာပဲ။

သို့သော် ဦးသန့်ဇင်က ငြင်းဆန်ပြန်သည်။

"နှင်းနုမှာ ချစ်သူရှိနေပြီ ကိုစက္ကိန်"

"ဒါတွေ ကျုပ်သိပါတယ်။ ယာလုပ်တဲ့ သွေးဆက်ဆိုတဲ့ ဆိုးမသား မဟုတ်လား။ ကျုပ်နဲ့ ဒီကောင်ကို ယှဉ်ကြည့်စမ်းပါ။ အစစအရာရာ မကွာဘူးလား"

"ကျုပ်ကတော့ ကျုပ်သမီးလေး စိတ်ချမ်းသာဖို့ပဲ မျှော်လင့်တယ်။ ပြီးတော့ သွေးဆက်က လူကောင်းတစ်ယောက်ပါ"

"ခင်ဗျား စဉ်းစားပါ ဦးသန့်ဇင်။ ကျုပ်ကို နှင်းနုနဲ့ လက်ထပ်ပေးပါ။ ခင်ဗျားတို့ သားအဖနှစ်ယောက်လုံးရဲ့ လုံခြုံရေးကို ကျုပ် တာဝန်ယူတယ်။ အခု ဒီနယ်တစ်ဝိုက်မှာ နဂါးမောက်ဂိုဏ်းဆိုပြီး အင်မတန် ဆိုးသွမ်းတဲ့ ဂိုဏ်းတစ်ဂိုဏ်း ပေါ်ပေါက်နေတာ ခင်ဗျား အသိပဲ မဟုတ်လား။ ခင်ဗျားဆီမှာ အဖိုးတန်ပတ္တမြား ရှိနေတဲ့ သတင်း သူတို့ဆီ ရောက်သွားရင် ဒီကောင်တွေက လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး။ ကဲ...ခင်ဗျားစဉ်းစားဖို့ (၇) ရက်အချိန်ပေးမယ်"

ဟု သွယ်ဝိုက်ခြိမ်းခြောက်သော စကားတွေဆိုကာ ကိုစက္ကိန် ပြန်သွားလေသည်။ ဦးသန့်ဇင် ဤကိစ္စသည် ဤမှာပင် ရပ်တန့်ကာ ရပ် လိမ့်မည်မဟုတ်ကြောင်း သဘောပေါက်၍သွားသည်။

မကြာခင် သူ့ခြံထဲကို နှင်းနုနှင့် သွေးဆက်ရောက်လာသည်။ သွေးဆက်က နှင်းနုကိုအိမ်ပြန်လိုက်ပို့ခြင်း ဖြစ်သည်။ နှင်းနုရင်ခွင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



တွင် အဖြူရောင် ဇီးကွက် ပေါက်စလေးတစ်ကောင်ကို ပွေ့ပိုက်ထားသည်။ လေပြင်းတိုက်ကာ တစ်ည သွေးဆက်တို့တဲသို့ အဖော်ကွဲကာ ရောက်လာခြင်းဖြစ်သည်။ သွေးဆက်က နှင်းနုကို လက်ဆောင်ပေးထားရာ နှင်းနုသည် ဇီးကွက်ဖြူလေးကို အလွန်ချစ်၍ သူနှင့်မခွဲမခွာထားသည်။ ယခု အတောင်အလက် စုံလင်၍ ကောင်းစွာပျံသန်းသွားနိုင်သည့် အခြေအနေရောက်သော်လည်း ဇီးကွက်ဖြူလေးသည် အဝေးသို့ ပျံထွက်မသွားဘဲ နှင်းနုနှင့်သာအတူ နေလေသည်။

သူတို့နှစ်ဦးကို ဦးသန့်ဇင်က ခေါ်ယူလိုက်ကာ အနီးတွင် ထိုင်စေပြီး...

"သမီးကို အရေးတကြီး စကားပြောစရာရှိတယ်။ လျှို့ဝှက်ချက် ဆိုပါတော့ သမီးရယ်။ သွေးဆက်လည်း နားထောင်။ မင်းကိုငါက ငါတို့မိသားစုဝင်တစ်ဦးလိုပဲ သဘောထားတယ်"

ဟုဆိုကာ မဏိဓောကပတ္တမြားကြီးအကြောင်း ပြောပြခဲ့သည်။

ပြီးတော့ ကတ္တီပါ အိတ်ရှုံ့အနက်ကလေးဖြင့်ထည့်ကာ သိမ်းဆည်းထားသော ပတ္တမြားကို ထုတ်ပြ၏။ ပတ္တမြားမှာ ကြက်ဥတစ်လုံးခန့် အရွယ်အစားရှိကာ လက်ဖဝါးပေါ်တင်သောအခါ ထိုပတ္တမြားမှ ထွက်သောအရောင်ဖြင့် ဦးသန့်ဇင်၏လက်ဖဝါး တစ်ပြင်လုံးမှာ ရဲရဲနီ၍ နေလေသည်။

ဦးသန့်ဇင်က...





"မင်း ဘယ်လိုမြင်သလဲ သွေးဆက်"

"ကျွန်တော်က ယာသမားပါဦး။ ကျောက်မျက်ရတနာတွေအကြောင်းကို လုံးဝ နားမလည်ပါဘူး။ ဒါပေမဲ့ ကျွန်တော်လို လူပြိန်းတစ်ယောက်တောင် ဒီပတ္တမြားကိုကြည့်ပြီး အင်မတန်တန်ဖိုး ရှိလိမ့်မယ်လို့ ယုံတယ်"

"အမှန်တော့ အဖိုးမဖြတ်နိုင်ဘူးကွ။ တို့ဘိုးဘွားလက်ထက်ကတည်းက ဒီပတ္တမြားကို ကိုယ်ကျိုးအတွက် ရောင်းချသုံးစွဲခြင်း မပြုပါဘူးလို့ သစ္စာဆိုခဲ့ကြတယ်။ တို့ရဲ့ ဆန္ဒကတော့၊ ဘုရားတစ်ဆူဆူမှာ ဌာပနာသွင်းပြီး မြှုပ်နှံပူဇော်ဖို့ပဲ။ ဒီလိုတန်ဖိုး သိပ်မြင့်မားတဲ့ ပတ္တမြားတွေဟာ ပိုင်ရှင်ကို ထိခိုက်တတ်တယ်'

နှင်းနုက...

"အရင်ကတော့ ဒီကိစ္စတွေကို လျှို့ဝှက်ထားခဲ့ပြီး အခုမှဘာလို့ဖွင့်ပြောရတာလဲ အဖေ'

"အင်မတန် အန္တရာယ်များတဲ့အကြောင်းရှိလို့ပေါ့ သမီးရယ် အခု ဒီပတ္တမြားကြီးအကြောင်းကို စက္ကိန် သိသွားပြီ'

"ဟင်..."

နှစ်ယောက်လုံး တုန်လှုပ်သွား၏။

"အဖေ သူ့ကို ထုတ်ပြလိုက်သေးလား'

"ဘယ်ထုတ်ပြပါ့မလဲ သမီးရယ်။ အဖေက တကယ်မရှိပါဘူး မဟုတ်ပါဘူးလို့ပဲ ညာပြောလိုက်တယ်။ ဒါပေမယ့် သူ့ပုံစံက ယုံတဲ့ပုံမပေါ်ဘူး။ ဒီနေ့မနက် သူရောက်လာတော့ နည်းလမ်းတစ်မျိုး ပြောင်းသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုပြောင်းလဲ သွားတာလဲ အဖေ"

"မြို့ထဲက လူကြီးတွေ ခေါ်လာပြီး သမီးကို လာတောင်းရမ်းတယ်။ သမီးနဲ့ လက်ထပ်လိုက်ရင် ပတ္တမြားကြီး သူ့လက်ထဲရောက်လာမယ်ဆိုတဲ့ အတွေးနဲ့ပေါ့"

"အဖေ လက်ခံလိုက်ပြီလား"

"အဖေ ဒီလောက်မိုက်ပါ့မလား သမီးရယ်။ ဒီ လူယုတ်မာ လက်ထဲကို ပတ္တမြားကြီး အရောက်မခံနိုင်သလို ငါ့သမီးကိုလည်း အရောက်မခံနိုင်ပါဘူး။ အေး ဒါပေမယ့် အဖေတို့မှာ အန္တရာယ်တွေတော့ ဝိုင်းနေပြီ။ သူက (၇) ရက် အချိန်ပေးထားတယ်။ ရက်စေ့လို့မှ သူလိုချင်တဲ့ အဖြေမရရင်..."

"သမီးတို့ ဘယ်လိုလုပ်ကြမလဲ"

နှင်းနုက အလန့်တကြား မေးလိုက်သည်။ ဦးသန့်ဇင်က...

"မီးစင်ကြည့်ကကြတာပေါ့ သမီးရယ်. သမီးတို့နှစ်ယောက်ကို အခု ဒီပတ္တမြားကြီး အပ်ထားမယ်။ အဖေ မရှိရင်တောင်မှ ဒီလူယုတ်မာ လက်ထဲကို ပတ္တမြားအရောက်မခံပါနဲ့"

နှင်းနုနှင့် သွေးဆက်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြလေသည်။ ပြီးတော့ နှင်းနုက ကတ္တီပါအိတ်ရှိ အနက်နှင့်ထည့်ထားသော ပတ္တမြားကြီးအား ရှုံ့ကြိုးနှင့်အတူ သွေးဆက် လည်ပင်းမှာ ဆွဲပေးလိုက်လေတော့သည်။

*



## ၇။ စက္ကိန်နှင့် နဂါးမောက်ဂိုဏ်း

(၇) ရက်စေ့သော မနက်တွင် ကိုစက္ကိန် ရောက်ရှိလာသည်။

"ခင်ဗျားဆီမှာ အဖြေတစ်ခုခု ရှိနေလောက်ပြီ ထင်ပါတယ် ဦးသန့်ဇင်"

အဖြေက အဲဒီနေ့ကတည်းက ခင်ဗျားကို ပေးလိုက်ပြီးသားပဲ။ ပတ္တမြားကြီးဆိုတာက ကျုပ်ဆီမှာ တကယ်မရှိဘူး။ ကျုပ်သမီးကိုလည်း ခင်ဗျားနဲ့ မပေးစားနိုင်ဘူးလို့"

ကိုစက္ကိန်က သရော်တော်တော် ပြုံးလိုက်ကာ...

"ခေါင်းမာလှချည်လား ဦးသန့်ဇင်။ ဘယ်သူ့အားကိုးနဲ့ ဒီလောက် မိုက်မဲနေတာလဲ။ မုဆိုးမသား အားကိုးနဲ့လား။ ဒီနယ်တစ်ဝိုက်မှာ ကျုပ်ဘယ်လိုကောင်ဆိုတာတော့ ခင်ဗျား ကောင်းကောင်း သိပါတယ်နော်။ ကျုပ်အဖို့ လူသတ်ရတယ်ဆိုတာ၊ သစ်ရွက်တစ်ရွက် ခြွေသလောက်တောင် ခက်ခဲတဲ့အရာမဟုတ်ဘူး။ ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



ရွေးတဲ့ လမ်းကိုသာ ခင်ဗျားအဆုံးတိုင်အောင် လျှောက်နိုင်ပါစေ”

ဟုပြောကာ ဦးသန့်ဇင်တို့ အိမ်မှ ဒေါသငကြီးပြန်၍ သွားလေသည်။ ထိုအချိန်၌ နှင်းနုနှင့် သွေးဆက်သည် မြို့ဦးဆုတောင်းပြည့်စေတီသို့ ရောက်ရှိလေသည်။ သူတို့သည် အနီရောင်နှင်းဆီပန်းများဖြင့် ဘုရားအား ကပ်လှူ ပူဇော်ကာ ဤဘဝတွင် မပေါင်းဆုံရပါက နောင်ဘဝတွင် ပြန်လည် တွေ့ဆုံ ပေါင်းဖက်နိုင်ပါစေဟု ရှိခိုး ဆုတောင်းနေခဲ့ကြလေသည်။ သူတို့ နှစ်ယောက်လုံး ရင်ထဲတွင် မကြာခင်၌ ဆိုးဝါးသော ကံကြမ္မာတစ်ခု ကျရောက် လာလိမ့်မည်ဟု ကြိုတင်သိရှိခံစားနေကြရသည်က ကြေကွဲစရာတစ်မျိုး ဖြစ်နေလေသည်။

ထိုနေ့ညတွင် နဂါးမောက်ဂိုဏ်းက ဦးသန့်ဇင်တို့ အိမ်ကို ဝင်ရောက် စီးနင်းခဲ့သည်။ ထိုဂိုဏ်းဝင်တိုင်းပင် လက်ဖျံ၌ နဂါးရုပ်ကြီးများ ထိုးထား၍ နဂါးမောက်ဂိုဏ်းဟု အမည်တွင်ခြင်း ဖြစ်၏။ အားလုံးသုံးယောက်။ သုံးယောက်ကတော့ ဗဟိန်း၊ ညိုကြီးနှင့် သိန်းဒန်တို့ပင် ဖြစ်ကာ သုံးယောက်စလုံး ကိုစက္ကိန်၏ လက်မရွံ့ လူသတ်သမားများ ဖြစ်ကြလေသည်။

သူတို့က အိမ်ကို မွှေနှောက်ရှာကြသည်။ ပတ္တမြားကြီးကို မတွေ့။ ဒီတော့ ဦးသန့်ဇင်ကို ရိုက်နှက်မေးကြပြန်သည်။ ဦးသန့်ဇင်က မပြော။

ထိုအချိန်မှာ နှင်းနု၏ ဖီးကွက်ဖြူက ထပျံသွားကာ သွေးဆက်ဆီ ရောက်သွားသည်။ သွေးဆက်က ဖီးကွက်ဖြူ ရောက်လာသည်နှင့် နှင်းနုတို့ အန္တရာယ်ကြုံနေပြီဟု ရိပ်စားမိသွားကာ ဓားရှည်ကိုလွယ်၍ အိမ်ကပြေးထွက်ခဲ့လေသည်။

ဦးသန့်ဇင်တို့ ြရောက်သောအခါ မှောင်ရိပ်ခို၍ အိမ်ဆီ ချဉ်းကပ်သွား၏။ အိမ်ထဲလှမ်းကြည့်သောအခါ အထဲက အခြေအနေကို ရိပ်စားမိသွားသည်။

“ကဲ ဒီလောက်တောင်ဖြစ်တဲ့လူ၊ ငရဲပြည်ပို့လိုက်ရမယ်”

ညိုကြီးက ခြောက်လုံးပြူးသေနတ်ကို ဦးသန့်ဇင်၏ နားထင်ကို တေ့ချိန်ကာ ပြောလိုက်၏။ နှင်းနုက...

“ကျွန်မ အဖေကို ပသတ်ပါနဲ့ရှင်။ ဘယ်မှာရှိတယ်ဆိုတာ ပြောပါ့မယ်”

ဟုဝင်ရောက်ဟန့်တားရင်း ပြောလိုက်၏။ ဦးသန့်ဇင်က...

“မပြောနဲ့သမီး၊ အဖေအသေခံမယ် မပြောနဲ့”

“အဖေ့ကိုသူတို့သတ်မှာ သမီးမကြည့်ရက်ဘူး”

သူ ဝင်ချိန်တန်ပြီဟု သွေးဆက်က ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် ပြတင်းပေါက်မှ ခုန်ဝင်ကာ...အနီးဆုံးဖြစ်နေသည့် ညိုကြီး၏မျက်နှာကို ဓားဖြင့်ပက်လိုက်ရာ ဓားချက်က ညိုကြီးမျက်လုံးကို ထိ၍ လက်ထဲမှသေနတ်လည်း လွတ်ကျသွားလေတော့သည်။

တစ်ဆက်တည်းမှာပင် ဘေးမှ ဓားရှည်ကိုင်ထားသော သိန်းဒန်ကို တိုက်ခိုက်လိုက်၏။ သိန်းဒန်က ဓားဖြင့် ဆီးခံလိုက်ရာ၊ ဓားသွားချင်းထိ၍ မီးပင် ပွင့်ထွက်သွားလေသည်။ ဦးသန့်ဇင်ကလည်း သေနတ်ကိုင်ထားသော ဗဟိန်းအား ခုန်အုပ်လိုက်ရာ နှစ်ဦးသား လုံးထွေးလဲကျသွား၏။ ဦးသန့်ဇင်က သတိမှတ်ရင်း...







www.burmeseclassic.com

www.burmeseclassic.com

"သမီးနဲ့ သွေးဆက် လွတ်အောင်ပြေးတော့"

ဟု အော်ဟစ်သတိပေးနေလေသည်။

ဓားချင်းယှဉ်ခုတ်နေရာမှ သွေးဆက်က ရင်ဝကို လှမ်းကန်လိုက်ရာ သိန်းဒန်သည် ပက်လက်လန်လဲကျသွားကာ တော်တော်နှင့် ပြ ထမလာနိုင်ပဲ ရှိ၏။ ထိုအခိုက်မှာပင် ဒိုင်းခနဲ သေနတ်သံထွက်ပေါ်လာသည်။ နှစ်ဦးသား လုံးထွေး တ်ပုတ်နေရာမှ ဗဟိန်းက ဦးသန့်ဇင်အား သေနတ်ဖြင့် ပစ်လိုက်ခြင်း ဖြစ်သည်။

"အဖေ..."

နှင်းနုက အလန့်တကြား အော်လိုက်၏။ သွေးဆက်က နှင်း လက်ကိုဆွဲ အိမ်ထဲက ပြေးထွက်လာခဲ့လေသည်။ နောက်တော အမှောင်ထုနှင့် တောအုပ်ထဲသို့ ပြေးဝင်ကာ ပျောက်ကွယ်သွားကြ တော့သည်။

*

လမ်းဘေးတောအုပ်ငယ်တစ်ခုအတွင်းမှ ချုံနွယ်ပိတ်ပေါင်းမျ ဖုံးအုပ်နေသည့် ဟိန္ဒူဘုရားကျောင်းပျက်ကြီးတစ်ခု။ နေရော ခြည်က ကျောင်းပျက်ပေါ် ထိုးကျလာသည်။

ကျောင်းပျက်အတွင်းရှိ မြင်ရသူစိတ်ချောက်ချားဖွယ် ကာ မယ်တော်ရုပ်တုကြီး၏ နောက်ကွယ်မှာတော့ သွေးဆက်နှင့် နှင်း ချစ်သူနှစ်ဦးသည် တစ်ဦးကိုတစ်ဦးဖက်ကာ အိပ်စက်လျက်ရှိသည် သူတို့သည် ညကပြေးလွှားရင်း ဤနေရာသို့ ရောက်လာခဲ့၏။

ညကြီးဆက်ပြေးနေ၍မဖြစ်၊ ဘယ်သွားရမှန်းလည်းမသိ





သို့ကြောင့် ဤကျောင်းပျက်ကြီးထဲတွင် ဝင်ရောက်ကာ တစ်ည ပုန်းခို ဆုံးဖြတ်လိုက်သည်။ နောက်တစ်နေ့ အရုဏ်တက် နေမထွက်ခင် သူတို့ ထကြသည်။ ကျောင်းပျက်ကြီးသည် အဝေးပြေးကားလမ်းမ တစ်ခုနှင့် သိပ်မဝေးလှရာ ကြုံရာကားကို တားဆီး၍ ဤမြို့ကလေး ထွက်ခွာသွားကြမည်ဟု ဆုံးဖြတ်ခဲ့ကြ၏။

သို့သော်...မောမောပန်းပန်းနှင့် အိပ်ပျော်နေသော ချစ်သူ နှစ်ဦးမှာ နေထွက်လာသည်ကိုလည်း ဂရုမပြုမိ။ လမ်းပေါ်မှ ကား များ ဖြတ်သန်းသွားသံကိုလည်း မကြားရပဲ အိပ်မောကျနေလေ သည်။ ထိုအခိုက် အဝေးပြေးကား တစ်စီးက ကျောင်းရှေ့မှ ဂူးခနဲ ဟွတ်မောင်းသွားလေရာ ထိုအသံကြောင့် သွေးဆက်က အရင်လန့်နိုး လာလေသည်။ အပြင်ကို ကြည့်လိုက်တော့ နေတောင်ထွက်နေလေ ပြီ။ သွေးဆက်က နှင်းနုကိုလှုပ်ကာ နှိုးလိုက်၏။

"နှင်းနုထ, ထ တို့သွားဖို့ နောက်တောင်ကျနေပြီ"

ဒီတော့မှ နှင်းနုက လူးလဲထ, လိုက်လေ၏။

သွေးဆက်က၊

"ညက သူတို့လှည့်ပြန်သွားပေမယ့် ဒီနေ့မနက်တော့ တို့ကို ရှာမှာ သေချာတယ်'

ထိုအခိုက်မှာပင် အဝေးမှ အမဲလိုက်ခွေးဟောင်သံနှင့် လူတစ်စု သူတို့ဘက် ဦးတည်လာနေသော အသံတွေကြားလိုက်ရ၏။

ကိုစက္ကိန်တို့လူစုက အမဲလိုက်ခွေးတစ်ကောင်နှင့် သွေးဆက် တို့ ပြေးရာလမ်းကို အနံ့ခံနိုင်းကာ လိုက်ပါလာခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဗဟိန်းက…

"သူတို့ ဒီနယ်မြေထဲမှာ ရှိသေးတာ သေချာတယ်။ တစ်ညလုံး ကျွန်တော်တို့မြို့အထွက် ကားတွေကို စစ်ဆေးနေခဲ့တာပဲ၊ ထွက်မသွားကြသေးဘူး"

"အေး… ဒီနယ်မြေထဲမှာ ဆိုရင်တော့ ငါလက်က လွတ်စရာအကြောင်းမရှိဘူးပေါ့ကွာ"

ကိုစက္ကိန်သည် မျက်လုံးနှစ်လုံး၊ နှာခေါင်း၊ ပါးစပ်ပေါက်တို့၌ အပေါက်ဖောက်ထားသော ခေါင်းစွပ်အနက်ကို ဝတ်ဆင်ထားရာ ကြိုးစင်၌ ဒေါက်ဖြုတ်လေ့ရှိသော လူနှင့်ပင် တူနေလေသည်။

ဘုရားကျောင်းပျက်ထဲမှ နှင်းနုတို့မှာ သူတို့မိသွားမှာထက် ပတ္တမြားကြီး မသမာသူလက်ထဲပါသွားမှာ ပိုစိုးရိမ်နေကြလေသည်။ ပတ္တမြားကြီးမှာ ကတ္တီပါအိတ်ရှုံ့ကလေးနှင့် သွေးဆက်လည်ပင်းမှာ ဆွဲထားလျက်ပင် ရှိလေသည်။

"ရှင့်ဆီမှာ ဒီအတိုင်းတွေ့သွားလို့ မဖြစ်ဘူး။ ဒီကျောင်းထဲမှာ ဝှက်ထားခဲ့ပြီး၊ ကျွန်မတို့ လွတ်အောင် ပြေးကြမယ်။ နောက်မှ ပြန်လာယူတာပေါ့"

"အေး၊ ဘယ်မှာဝှက်ကြမလဲ"

ကာလီမယ်တော် ရုပ်တုကြီးတင်ထားသော အုတ်ခုံတစ်နေရာတွင် ဒလက်ကလေးတစ်ခုကို တွေ့သဖြင့် သွေးဆက်က ဆွဲကြည့်လိုက်ရာ အုတ်ခုံအတွင်းမှာ တစ်တောင်ခန့်ရှိသော အံဝှက်ကလေးက အပြင်ထွက်လာတာ တွေ့ရသည်။ တစ်ဆက်တည်းမင် ထိုအံဝှက်





အောက်တွင်ရှိသော တွင်းကလေးထဲမှ ဖွေးဖွေးဖြူသော မြွေဟောက်တစ်ကောင် ထွက်လာလေသည်။

နှစ်ယောက်လုံးလန့်၍ သွားၾ၏။ သို့သော် မြွေဟောက်က သူတို့ကို ရန်မပြုဘဲ ထိုနေရာမှ လျှောဆင်းကာ အုတ်ခုံကြီးအောက် အုတ်ခဲကျိုးအပေါက်တစ်ခုမှ ပြန်ဝင်သွားတာ တွေ့ရသည်။ ထိုအပေါက်နှစ်ပေါက်ကား ဆက်စပ်နေပုံ ရ၏။ သွေးဆက်သည် ဦးစားမနေတော့ အိတ်ရှုံ့ထဲမှ ပတ္တမြားကိုထုတ်ကာ အံဝှက်ထဲထည့်၍ ခလုတ်ဆွဲလိုက်ရာ အံဝှက်က ပြန်ဝင်သွားလေသည်။ တော်ရုံလူ သိနိုင်လိမ့်မည်မဟုတ်။

အဝေးမှ အသံကလည်း တစ်စတစ်စ နီးစပ်လာလေပြီ။

"တို့ပြေးမှဖြစ်တော့မယ်"

သွေးဆက်က နှင်းနုလက်ကိုဆွဲကာ ဘုရားကျောင်းထဲမှ ပြေးထွက်မည်အပြုမှာပင်၊ ကိုစက္ကိန်တို့လူစုက ကျောင်းရှေ့ကို ရောက်လာကာ သူတို့ နှစ်ယောက်ရှေ့ကို ပိတ်ဆို့ရပ်လိုက်သည်။ မျက်နှာဖုံး စွပ်ထားသော…

ကိုစက္ကိန်က…

"ဟဲ…ဟဲ…သူရဲကောင်းလေးတွေ။ မင်းတို့ငါ့လက်က ပြေးမလွတ်ပါဘူး။ ဒီတော့ အပေးအယူလုပ်ကြရအောင်၊ မင်းတို့ဆီမှာရှိတဲ့ ပတ္တမြားကြီးကို ငါ့ဆီအပ်ခဲ့။ ဒါဆိုရင် မင်းတို့ချစ်သူနှစ်ယောက်ကို အသာတကြည် သွားခွင့်ပြုလိုက်မယ်။ ငါလိုက်လျောနိုင်တာ ဒါပဲရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ဘူး။ ပတ္တမြားကလည်း ကျွန်မဆီမှာ မရှိဘူး"

"အေး မင်းတို့က အနုနည်း မကြိုက်ရင်လည်း အကြမ်းနည်း သုံးရတာပေါ့"

"ကောင်မလေးကို အရင်ဖမ်းလိုက်။ မင်းဘယ်လောက် ခေါင်းမာနိုင်သလဲ ကြည့်ရမယ်"

သိန်းဒန်ဆိုသူက နှင်းနုကို နောက်မှ ဖမ်းချုပ်ကာ ဓားနှင့် ထောက်ထားလိုက်သည်။

"ကောင်မလေးကို အသက်အသေခံမှာလား။ ပတ္တမြား ထုတ်ပေးမှာလား"

"နှင်းနုက...

"ဘာမှမပြောနဲ့ ကိုသွေးဆက်"

အော်ဟစ်တားမြစ်လိုက်၏။ သွေးဆက်က...

"ခင်ဗျားတို့ နှင်းနုကိုသာ လွှတ်ပေးလိုက်၊ ပတ္တမြားကြီးက ကျုပ်ဆီမှာ"

ကိုစက္ကိန်က အချက်ပြသဖြင့် သိန်းဒန်က နှင်းနုကို လွှတ်ပေးလိုက်သည်။ သွေးဆက်က သူ့လည်ပင်းမှ ကတ္တီပါအိတ်အနက်ကလေးကို ဖြုတ်ကာ ကိုစက္ကိန့်ဆီ လှမ်းပစ်ပေးလိုက်သည်။ ကိုစက္ကိန်က ဖွင့်ကြည့်လိုက်တော့ ကျောက်ခဲတစ်ခဲသာတွေ့ရလေသည်။

သူတို့လွှတ်လိုက်သဖြင့် ခပ်လှမ်းလှမ်းရောက်နေသော နှင်းနုအား သွေးဆက်က...

"နှင်းနုရေ လွတ်အောင်ပြေး" ဟုပြောကာ သူ့ကျောတွင် လွယ်





ထားသော ဓားကိုဖြုတ်၍ တိုက်ခိုက်လေတော့သည်။ သို့သော် အင်အားက မမျှ။ သိန်းဒန် ညိုကြီးတို့နှင့် သွေးဆက်အကြိတ်အနယ် ဓားချင်းယှဉ်ပြိုင်နေစဉ်...

နှင်းနုက ဆက်မသွားတော့ပဲ နောက်ကြောင်းလှည့်ကာ ပြန်ပြေးလာလေသည်။ ပြီးလျှင် သွေးဆက်အား ဗဟိန်းက နောက်ကျောမှနေ၍ သေနတ်ဖြင့်ပစ်လိုက်သည်အား ဆီးကာခံလိုက်သည်။

သွေးဆက်က နောက်ပြန်လှည့်ကာ ရင်ဝတွင် သေနတ်မှန်သွားသော နှင်းနုအား ပွေ့ဖက်လိုက်စဉ်မှာပင် သိန်းဒန်၏ ဓားချက်က သူ့နောက်ကျော ဝင်လာ၏။ နောက်ဆုံး ဇာတ်သိမ်းသည့်အနေဖြင့် ဗဟိန်းက သွေးဆက်၏ နဖူးကို သေနတ်ဖြင့် ချိန်တွယ်ကာ ခလုတ်ကို ဆွဲညှစ်လိုက်လေသည်။

✻



www.burmeseclassic.com

www.burmeseclassic.com

## ၇။ ပုန်းညက်မြိုင်အကျဉ်းစံဒေဝီ

"အဖြစ်ကတော့ ဒီလိုပဲ မောင်ရန်ရှင်း"

ဟု သူနှင့်အရင် အတိတ်က သူငယ်ချင်းတော်ခဲ့သော ကိုကံကြီး မောင်က ပြောပြလေသည်။ အခုတော့ သူလည်း လေးဆယ်ကျော် နေလေပြီ။

"တောက် ဒီလောက်သောင်းကျန်းတဲ့ လူတွေကို ဥပဒေက အပြစ်မပေးဘူးလား"

"ငွေများတရားနိုင်တဲ့ခေတ်ကွာ။ ကိုစက္ကိန်ပါလာတာကို ခြေရာ ဖျောက်ပစ်လိုက်တယ်။ ဗဟိန်းကိုတော့ အမိက တရားခံဆိုပြီး ကျွန်း ကို ပို့လိုက်တယ်။ သူလည်း ဆယ့်ငါးနှစ်လောက်ကြာတော့ ပြန်လွတ် လာပြီ၊ အခုလည်း ကျွန်းပြန်ကြီး ဗဟိန်းဆို ဓားပြဗိုလ်လုပ်နေတယ် သိန်းဒန်နဲ့ ညိုကြီးတို့ကတော့ တောင်ထဲမှာ ဆယ်နှစ်လောက်ပဲ နေခဲ့ကြရတယ်။ မင်းတို့နဲ့ တွေ့ခဲ့တယ်ဆိုတဲ့ တစ်ဖက်လပ် ဓားပြ ဗိုလ်ဟာ ညိုကြီးပဲကွ။ သိန်းဒန်တစ်ယောက်ကတော့ အောက်ပြည်





ကို သွားတယ်။ သူတို့ချင်းတော့ အဆက်အသွယ် ရှိမှာပေါ့"

ရန်ရှင်းက တောက်တစ်ချက်ခေါက်လိုက်ကာ...

"ဒီလူယုတ်မာတွေကို ကျွန်တော်ကောင်းကောင်း ကလဲ့စားချေ ရမယ်"

"အန္တရာယ်များပါတယ်ကွာ။ သူတို့က လူအင်အား တောင့် တင်းတယ်"

"ကျွန်တော်မကြောက်ပါဘူး၊ ဦးကံကြီးမောင် ကျွန်တော့်ကို သာ ခြောက်လုံးပြူးတစ်လက်လောက် ရှာပေးနိုင်မလား"

"မင်းက သေနတ်ပစ်တတ်လို့လား"

"ကျွန်တော့်ဘဝမှာ အကျွမ်းကျင်ဆုံးအလုပ်ဟာ သေနတ် ပစ် တာပဲ"

"ဒါဆိုပြီးရော။ ဒီလိုခေတ် ဒီလိုနယ်မှာ သေနတ်တစ်လက် ရှာဖွေရတယ်ဆိုတာ သိပ်မခက်ပါဘူး"

"ကျွန်တော်လည်း ခင်လေးမှုအကြောင်းကို စုံစမ်းလိုက်ဦးမယ် သူဘယ်ရောက်နေလဲ မသိဘူး"

"မင်းမသွားနဲ့။ မင်းက လူစိမ်းဆိုတော့ မှတ်မိလွယ်တယ်။ ဒီ ကိစ္စကို ငါပဲ စုံစမ်းမယ်"

သို့ဖြင့် ရန်ရှင်းသည် ဒေါ်မြ၏အိမ်တွင် သောင်တင်နေပါလေ တော့သည်။

✻



www.burmeseclassic.com

www.burmeseclassic.com



ပုန်းညက်မြိုင်စံအိမ်ကြီးတွင် ခင်လေးမူတစ်ယောက်တည်း ငို
နေ၏။ မနက်စောစောကပင်၊ ဦးစက္ကိန်က မြင်းကိုယ်စီ တပည့်နှ
ယောက်နှင့်အတူ အပြင်ထွက်သွားသည်…

မခင်စိန်က နောက်ဖေးမီးဖိုချောင်ထဲတွင် ချက်ပြုတ်နေ၏
ဒီတော့ သူ့အခန်းထဲက အသာအယာထွက်ကာ၊ ဦးစက္ကိန်အခန်းထဲသို့
ကူးလာခဲ့သည်။ အရင်ဘဝက ဖြစ်ပျက်ခဲ့သမျှ တစ်စမကျန် ခင်လေး
မူ မှတ်မိနေလေသည်။ သူ နှင်းနုဘဝက ချစ်သူ သွေးဆက်မှာ ယ
ဘဝတွင် ရန်ရှင်းအဖြစ်နှင့် သူနှင့်ပြန်ဆုံလေသည်။ ရန်ရှင်းကတော့
ဤအဖြစ်တွေကို လုံးဝ သိရှိပုံမပေါ်။ ဒီတစ်ခါ ပြန်တွေ့ရင်တော့
သူ အတိတ်အကြောင်းစုံကို ပြန်ပြောပြလိုက်မည်။ သို့သော် ဤ
တစ်သက်ပြန်တွေ့ဖို့မှာ လွယ်ကူပါဦးမည်လော။

ဘာပဲဖြစ်ဖြစ် သူသည် အတိတ်ဘဝက သူလက်ထပ်ပ
ကြိုးစားခဲ့သော နှင်းနုဖြစ်သည်ကို ကိုစက္ကိန်ရိပ်မိပုံမရတာ၊ မိမိ
အတွက် တစ်ပန်းသာ၍ နေလေသည်။ ဒီတော့ ဦးစက္ကိန်ကို အချ
သတ်ကာ ဆက်ဆံပေမည်။ အခွင့်ကောင်းရလျှင် ဤခြံကြီးမှ ထွက်
ပြေးကာ ရန်ရှင်းကို မတွေ့ တွေ့အောင်ရှာမည်။ ပြီးတော့ သူတို့
ဝှက်ထားခဲ့သော နေရာက ပတ္တမြားကြီးယူကာ၊ လွတ်ရာ ထွက်ပြေး
ကြမည်ဟု စီစဉ်စိတ်ကူးနေ၏။ သို့သော် လက်နက်ကိုင်အစောင့်
တွေမပြတ်ရှိနေသော ခြံကြီးမှ ထွက်ပြေးလွတ်မြောက် ဖို့ဆိုတာ
မလွယ်ချေ။

ကျယ်ဝန်းလှသော ဦးစက္ကိန်၏ အခန်းထဲကို ဝင်လာရသည်





ကပင် စိတ်ချောက်ချားတုန်လှုပ်ဖွယ် ဖြစ်သည်။ အခန်းထဲတွင်
ထူးထူးခြားခြားကတော့ မရှိ။ ကော်ဇောအပြည့်ခင်းထားသော
ကျွန်းသားကနုတ်ပန်းဖော်ထားသည့် ရှေးဟောင်းကုလားထိုင် စားပွဲ
တွေ၊ ဗီရိုကြီးတွေ တွေ့ရသည်။ ဦးစက္ကိန်၏ ခုတင်ဘေးတွင် စားပွဲ
တစ်လုံးကိုတွေ့ရရာ၊ ခင်လေးမူက အံဆွဲများကို ဖွင့်၍ ရှာဖွေကြည့်
သည်။ အံဆွဲတစ်ခုတွင် ခြောက်လုံးပြူး သေနတ်တစ်လက်နှင့် ခေါင်း
စွပ်အနက်တစ်ခုကို တွေ့လိုက်ရလေသည်။

ခေါင်းစွပ်ကို ဆွဲယူကိုင်ကြည့်ကာ ခင်လေးမူ အံ့ဩတုန်လှုပ်
သွားသည်။ အရင်ဘဝက ဘုရားကျောင်းပျက်ကြီးအနီးတွင် လူသတ်
သမားတစ်စုကို ဦးဆောင်လာစဉ်က ဦးစက္ကိန်ခေါင်းတွင် စွပ်လာ
သော ခေါင်းစွပ်ဖြစ်သည်။

"မင်းဘာတွေကြည့်နေတာလဲ ခင်လေးမူ"

သူ့နောက်က ပေါ်ထွက်လာသော အသံကြောင့် လန့်ဖျပ်ကာ
နောက်လှည့်ကြည့်လိုက်သောအခါ၊ ဘယ်အချိန်က အခန်းထဲ ဝင်
လာမှန်း မသိသော ဦးစက္ကိန်ကို တွေ့လိုက်ရသည်။

ဦးစက္ကိန်က ခင်လေးမူကိုင်ထားသော ခေါင်းစွပ်ကို မြင်သွား
ကာ ကောက်ကျစ်စွာပြုံး၍…

"မင်းကိုကြည့်ရတာ၊ အတိတ်ကကိစ္စတွေအားလုံးကို မှတ်မိ
သွားပြီ ထင်ပါတယ်"

"ရှင်ကရော ဒါတွေကို သိနေသလား"

"သတိလစ်နေတဲ့မင်းကို ညီကြီးခေါ်လာကတည်းက ငါမှတ်မိ



www.burmeseclassic.com

www.burmeseclassic.com



သွားတာပဲ။ မင်းဟာ အရင်ဘဝက နှင်းနုနဲ့ တထေရာတည်း တူနေတာကိုး။ ဒီနှစ်ရဲ့ ဖူးစာက မဆန်းကြယ်လွန်းဘူးလား"

ခင်လေးမူက အံဆွဲထဲက သေနတ်ကို ရုတ်တရက်ဆွဲယူကာ ဦးစက္ကိန်ကို ချိန်လိုက်သည်။

"အရင်ဘဝက ရှင့်ကိုကျွန်မ မသတ်နိုင်ခဲ့ဘူး။ အခုသတ်မယ်။ ရှေ့တိုးမလာနဲ့နော်"

"မိန်းကလေး၊ ငါဟာ အသုံးမလိုပဲ ဘယ်တော့မှ သေနတ်ထဲကို ကျည်ဆန်ထည့်ထားလေ့ မရှိဘူး"

ခင်လေးမူ မယုံကြည်၍ ခလုတ်ကို ညှစ်ဆွဲလိုက်ကာ၊ ကျည်ဆန်ထွက်မလာပဲ 'ချောက်' ဟူသော အသံသာ ထွက်ပေါ်လာလေသည်။ ဦးစက္ကိန် အနားရောက်လာကာ သေနတ်ကိုလုယူလိုက်ကာ...

"မင်းက အားလုံးကို သတိရနေပြီဆိုတော့၊ အရင်ဘဝက ပတ္တမြားကြီးကို ဘယ်မှာဝှက်ခဲ့တယ်ဆိုတာကိုလည်း သတိရလောက်ရောပေါ့"

"မသိဘူး ဘာပတ္တမြားလဲ ကျွန်မဘာမှ မသိဘူး"

"အေးလေ။ ငါကလဲ အရင်မလိုပါဘူး။ မင်းအဖြေပေါ်တဲ့ အထိ အေးအေးလူလူ စဉ်းစားနေတာကို စောင့်ဆိုင်းနိုင်ပါတယ်။ အေးတစ်ခုတော့ရှိတယ်။ အဲဒီအတောအတွင်းမှာ မင်းဒီအိမ်ကြီးက တစ်ဖဝါးမှ ခွာသွားလို့မရဘူး။ ကဲ...မင်းအခန်းကိုသွားတော့"

ခင်လေးမူ သူ့အခန်းကို ပြန်လာကာ ခုတင်ပေါ်ပစ်လှဲလိုက်သည်။ အခုတော့သွားပြီ။ သူလည်း ဆက်ဟန်ဆောင်လို့ မရတော့။





အခုတော့ ဒီပုန်းညက်မြိုင်စံအိမ်ကြီး အကျဉ်းစံဒေဝီဘဝကို ရောက်ရှိသွားလေပြီ။

သူ့ကိုဘယ်သူကများ လာရောက်ကယ်တင်ပါ့မလဲ။

တစ်ရက်နှစ်ရက်အတွင်းမှာ ရန်ရှင်းလိုချင်သည်ဆိုသော ခြောက်လုံးပြူးတစ်လက်နှင့် ကျည်ဆန်များကို ကိုကံကြီးမောင်က ယူဆောင်လာခဲ့၏။ သူတို့ နှစ်ယောက်မှာ အရင်ဘဝ သူငယ်ချင်းတွေဆိုသော်လည်း ယခုအခါတွင် တစ်ဦးနှင့်တစ်ဦး အသက် ၂၀ခန့် ကွာခြားနေသဖြင့် သူငယ်ချင်းအဖြစ်နှင့် ဆက်ဆံ၍ မရချေ။

"ဒီကိစ္စကို အမေသိလို့ မဖြစ်ဘူး။ အရမ်းစိုးရိမ်နေတယ်'

ရန်ရှင်းမှာ ယခင်ဘဝက မိခင်လောင်းဒေါ်မြကိုပင် မိခင်အရင်းကဲ့သို့ တွယ်တာနေသည်။ ယခုဘဝမှာ သူ့မိခင်မှာ ငယ်စဉ်ကပင် သေဆုံးသွားရာ မိခင်မဲ့အဖြစ် ဖခင်လူဆိုး၏ အုပ်ထိန်းမှုဖြင့် ကြီးပြင်းလာခဲ့ရသည် မဟုတ်လား။ ယခုတော့ သူသည် ငတ်မွတ်တောင့်တခဲ့ရသော မိခင် မေတ္တာကို ဒေါ်မြထံမှ ရရှိခဲ့သည်။ ဒေါ်မြက လူ့ဘဝကို တစ်ခေါက်ပြန်လာသောသူ့သားကို သားအရင်းလိုပင် ချစ်ခင်နေသည်။

ဤနေရာကလေးမှာ အေးချမ်းသာယာသော နေရာကလေးဖြစ်ရာ သူ့အနေဖြင့် အတိတ်ဘဝဇာတ်ကြောင်းကို သိခဲ့ပြီး လက်စားချေရန် ဆုံးဖြတ်ချက်မရှိပါက ဤနေရာလေးတွင် ဇာတ်မြုပ်နေမိမည် ဖြစ်သည်။

အခုတော့...



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် ကံကြီးမောင်တို့ ယာတဲအိမ်ကလေးနှင့်ဝေးရာ တောအုပ်ထဲသို့ ဝင်လာခဲ့ကြသည်။ ထို့နောက် ကံကြီးမောင်က သစ်ပင်နှစ်ပင်ကို ကြိုးတန်းကာ ထိုကြိုးတန်းတွင် ပုလင်းအလွတ်များကို ကြိုးနှင့်ချိတ်ဆွဲထားလိုက်၏။ ထို့နောက် ကံကြီးမောင်က ကြိုးကိုလှုပ်လိုက်သောအခါ ပုလင်းခြောက်လုံးမှာ လေထဲတွင် ကြိုးတန်းလန်းနှင့် တွဲလောင်းလှုပ်ရမ်းနေ လေသည်။

အတော်ဝေးသောနေရာမှနေ၍ ရန်ရှင်းခြောက်လုံးပြူးသေနတ်ဖြင့်ချိန်တွယ်ပစ်ခတ်လိုက်ရာ၊ ကျည်ဆန်တစ်တောင့်လျှင် ပုလင်းတစ်လုံးဆီ မှန်ကာ ပေါက်ကွဲသွားလေတော့သည်။ ကံကြီးမောင်က အားရပါးရ လက်ခုတ်တီးကာ…

"ဒါမှ ငါ့သူငယ်ချင်း"

"ဦးကံကြီးမောင်၊ ခင်ဗျားနဲ့ကျုပ်က သူငယ်ချင်း မဟုတ်ဘူးလေ"

"အေး ငါမေ့သွားလို့ပါ၊ မင်းကိုတွေ့ရတာ ငါတော့ အသက် ၂၀ ပြန်ငယ်သွားသလိုပဲ"

"ဒါထက် ကျွန်တော်စုံစမ်းခိုင်းထားတဲ့ ခင်လေးမူကိစ္စရော"

"အေး အဲဒါပြောမလို့။ ငါစုံစမ်းကြည့်တော့ ဒီကောင်မလေး ဦးစက္ကိန်ရဲ့ ပုန်းညက်မြိုင်အိမ်ကြီးထဲ ရောက်နေတယ်တဲ့"

"ဟာ… ဒါဆို ကျားရှေ့မှောက်လျက်လဲတာပဲ။ ခင်ဗျားဟာက သေချာရဲ့လား"

"သေချာပါတယ်။ အဲဒီအိမ်ကြီးမှာ အလုပ်လုပ်တဲ့ မခင်စိန့်





ဆိုတာရဲ့ယောကျ်ားက ငါနဲ့ခင်တယ်။ သူ့ကို ထန်းရည်တိုက်ပြီး ချော့မော့ မေးတော့ ပြောပြတာပဲ။ ကောင်မလေးကို အကျယ်ချုပ်နဲ့ ဖမ်းထားတာတဲ့"

"ဒါဆို ကျွန်တော်တို့ ဘယ်လိုလုပ်မလဲ၊ သူ့အိမ်ထဲ ဝင်ကယ်ရမလား"

"သူ့ခြံက တော်တော်လုံခြုံတယ်။ ဝင်ဖို့ မလွယ်ဘူး။ ငါသဘောကတော့ ကောင်မလေးမှာ လောလောဆယ် အန္တရာယ်မရှိနိုင်သေးဘူး။ ဒီတော့ မင်းစန္ဒဂုတ် စစ်တိုက်သလိုလုပ်"

"ဘယ်လိုလဲဗျ"

"ဒီလိုလေ၊ မင်းစန္ဒဂုတ်ဟာ သူ့စစ်တပ်နဲ့ ရန်သူမြို့ကို ဝင်တိုက်တာ အမြဲရှုံးနေတယ်တဲ့။ ဒါနဲ့တစ်ရက်မှာ ရုပ်ဖျက် စုံစမ်းရအောင် ထွက်လာတုန်း ဗိုက်ဆာတာနဲ့ အကြော်ဆိုင်တစ်ဆိုင် ဝင်ထိုင်စားမိတယ်တဲ့။ အဲဒီမှာ ကလေးတစ်ယောက်က မုန့်ကြာခွက်ကို နှုတ်ခမ်းက မစားဘဲ အလယ်ကောင်က ဖောက်ကိုက်စားနေတာ တွေ့တော့၊ အကြော်သည်မိန်းမက နင်စစ်တိုက်နေတာ မင်းစန္ဒဂုတ် စစ်တိုက်တာနဲ့ တူနေပြီ၊ ဘေးနှုတ်ခမ်းကနေ တဖြည်းဖြည်း အလယ်ရောက်အောင် ကိုက်စားရမှာတဲ့။ အဲဒီစကားကိုကြားတော့ မင်းစန္ဒဂုတ်မှာ နေပြည်တော်ပတ်ဝန်းကျင်က ရွာသိမ်ရွာငယ်ကလေးတွေကို စပြီး တိုက်ခိုက်သိမ်းပိုက်တယ်။ နောက်ဆုံးမှ နေပြည်တော်ကို ဝင်တိုက်တော့ အောင်နိုင်တယ်တဲ့။

"ကျွန်တော် သဘောပေါက်ပြီ၊ ဦးကံကြီးမောင် ဘေးက လူတွေ



www.burmeseclassic.com

www.burmeseclassic.com

ကို အရင်ဖြိုပြစ်ရမယ်။ ဗဟိန်းရယ် ညိုကြီးရယ်၊ သိန်းဒန်ရယ်။ သူတို့ကိုဖြိုပြစ်လို့ ဦးစက္ကိန်အားနည်းသွားတော့မှ သူ့ကို တိုက်ဖို့ပေါ့”

“အေး…မှန်တယ်။ သူ့လူတွေ ထိခိုက်ကုန်တာမြင်ရရင် ဦးစက္ကိန် တုန်လှုပ်ချောက်ချားသွားမယ်။ ဒီတော့ အမှားမှားအယွင်းယွင်းတွေ လုပ်မိမှာပဲ။ အဲဒါကို တို့က အခွင့်အရေးအဖြစ် အသုံးချရမယ်”

ထို့နောက်တွင်မူ သူတို့ပြန်လာခဲ့ကြသည်။ ဒေါ်မြက…

‘ဟဲ့ သား၊ ဘယ်သွားနေတာလဲ။ အမေက ထမင်းစားဖို့စောင့်နေတာ’

“စားနှင့်ရောပေါ့အမေရယ်။ ဦးကံကြီးမောင်နဲ့အတူ တောထဲ လျှောက်လည်နေတာ”

“သား အဝေးကြီးလျှောက်သွားမနေနဲ့။ အန္တရာယ်များတယ်။ သူတို့ကလည်း သားအကြောင်း လိုက်စုံစမ်းမေးမြန်းနေတယ်လို့ ကြားရတယ်”

“ဟုတ်ကဲ့ပါအမေ”

သို့သော် နောက်တစ်နေ့ကစ၍ သူသည် သူ့ရန်သူများ လှုပ်ရှားမှုကို လိုက်လံစုံစမ်းထောက်လှမ်းနေခဲ့လေသည်။ ဒီလို စုံစမ်းရင်း ကျွန်းပြန်ကြီး ဗဟိန်းတို့အဖွဲ့ကို ဖြိုခွင်းရန် စီအိုင်ဒီက အင်မတန်တော်သည့် ဆားပုလင်းရဲခေါင် ဆိုသည့် စုံထောက်တစ်ယောက်ကို ဤနယ်မြေထဲသို့ စေလွှတ်ထားကြောင်း သတင်းကိုပါ ရရှိခဲ့လေတော့သည်။

✻



## ၉။ ယာတောထဲမှသေနတ်သံ

ရန်ရှင်းသည် ရုပ်ဖျက်ကာ လိုက်လံစုံစမ်းရင်း ညောင်ပင်သာရွာတွင် ကျွန်းပြန်ကြီးဗဟိန်းတို့လူစု ဓားပြတိုက်မည့်ကိစ္စကို စုံစမ်းသိရှိသွားကာ…

သူတို့ဓားပြတိုက်နေစဉ် ဝင်ရောက်တိုက်ခိုက်၍ ကျွန်းပြန်ကြီးဗဟိန်းကို ကလဲ့စားချေနိုင်ခဲ့သည်။ (ဤအဖြစ်အပျက် အပြည့်အစုံကို ရှေ့တွင် ဖော်ပြပြီးဖြစ်ပါသည်။)

တစ်ရက်တွင် ကိုကံကြီးမောင် သတင်းပေးလာပြန်သည်။

“သိန်းဒန်သတင်းကိုတော့ ငါရခဲ့ပြီဟေ့”

“ဟုတ်လား၊ သူဘယ်ရောက်နေလဲ ဦးကံကြီးမောင်”

“အင်းစိန်မှာ။ အင်းစိန်ကမ်းနားလမ်းမှာ ယာစိုက်နေတယ်တဲ့။ တို့မြို့က လူတစ်ယောက် ရန်ကုန်သွားရင်း ဆုံလာခဲ့တာ၊ သူ့ယာထဲမှာတောင် တစ်ညအိပ်ခဲ့ရသေးတယ်တဲ့”

“ဒါဆို ကျွန်တော်မနက်ဖြန် ရန်ကုန်လိုက်မယ်”


www.burmeseclassic.com

www.burmeseclassic.com



သူက ဒေါ်မြကို ခွင့်ပန်သောအခါ ဒေါ်မြက ခွင့်မပြုချင်။

"ဘာသွားလုပ်မှာလဲ လူကလေးရယ်။ အခု အမေနဲ့နေရတာ မအေးချမ်းဘူးလား။ ချမ်းတော့ မချမ်းသာဘူးပေါ့ကွယ်။ ဒါပေမယ့် ဘဝဆိုတာ ငြိမ်းငြိမ်းချမ်းချမ်းရှိဖို့က အဓိကပဲလို့ အမေထင်တယ်"

"ဟုတ်ပါတယ် အမေ၊ အခုဟာက မသွားမဖြစ်လို့ပါ။ သုံး လေး ရက်ပဲကြာမှာပါ၊ ကိစ္စပြီးတာနဲ့ ကျွန်တော်ချက်ချင်း ပြန်လာ ခဲ့မယ်"

ဒေါ်မြက သူစုဆောင်းထားသော ငွေကလေးတချို့ ထုတ်ပေးလိုက်၏။ ရန်ရှင်းက မလိုချင်သော်လည်း မလွှဲသာသဖြင့် ယူလိုက်ရသည်။ ရန်ကုန်သွားရင် ခရီးစရိတ်ကုန်မည် မဟုတ်လား။

"အမေ့ပိုက်ဆံကို ကျွန်တော်ခဏချေးတာပါ။ ပြန်ဆပ်ပါ့မယ်"

"မလိုပါဘူးသားရယ်၊ အမေ့ပိုက်ဆံဟာ သားပိုက်ဆံပဲပေါ့။ ကိစ္စပြီးရင်သာ ဆက်ဆက်ပြန်လာခဲ့နော်"

ဒေါ်မြသည် ယာတဲအိမ်ကလေးရှေ့တွင် လက်ပြရင်း ကျန်ရစ်ခဲ့လေသည်။ ရန်ရှင်းသည် ခရီးသည်တင်ကားတစ်စီးနှင့် ရန်ကုန်လိုက်ခဲ့သည်။ အင်းစိန်ရောက်သောအခါ ဆက်မလိုက်ဘဲ ဆင်းနေခဲ့သည်။ ထို့နောက် အင်းစိန် ကမ်းနားလမ်းဘက် လျှောက်ခဲ့သည်။ သူသည် အင်းစိန်စီအိုင်ဒီရုံးမှ ဖြတ်လျှောက်ခဲ့ရလေသည်။

ကျွန်းပြန်ဗဟိန်းလို နယ်မြေတွင်ဆူပူလှုပ်ရှားနေသော ဓားပြခေါင်းဆောင်တစ်ယောက် အသတ်ခံရခြင်းအတွက် စီအိုင်ဒီက တုန်လှုပ် ဝမ်းနည်းခြင်းပင် မရှိပေ။ ဆားပုလင်းရဲခေါင်ကိုပင် နှိမ်နင်းဖြိုခွင်းရန် ထိုနယ်မြေသို့ လွှတ်ထားခဲ့ရာ ယခုတော့ သူတို့ ဆောင်ရွက်ရမည့် အလုပ်တစ်ခု ပြီးသွားပြီဟုသာ ယူဆထားလေသည်။





ကမ်းနားတွင် ယာစိုက်ခင်းများ အတော်များများရှိရာ ဦးသိန်းဒန်၏ယာစိုက်ခင်းကို ခက်ခက်ခဲခဲ မရှာစမ်းလိုက်ရပေ။ အပြင်သို့လာကြည့်တော့ လှုပ်ရှားနေသော ဦးသိန်းဒန်ကို တွေ့ရလေသည်။ ကိုအိမ်တွင် သူတစ်ယောက်တည်း နေဟန်ရှိ၏။ ဝင်ရောက်တွေ့ဆုံရမည့်အချိန်ကို မနက်အရုဏ်တက်ဟု သူသတ်မှတ်လိုက်သည်။ ထို့ကြောင့် တစ်နေ့လုံး အင်းစိန်မြို့ထဲတွင် လှည့်ပတ် သွားလာရင်း အချိန်ဖြုန်းနေလိုက်သည်။

စားသောက်ဆိုင်များ ပိတ်ချိန်ရောက်သောအခါ၊ ကမ်းနားလမ်းဘက် လျှောက်လာခဲ့သည်။ မြို့ထဲတွင်လမ်းအတိုင်း လျှောက်သွားနေလျှင် ညဘက် ကင်းလှည့်နေသော ပုလိပ်ပတ္တရောင်နှင့် တိုးကာ စစ်ဆေးမေးမြန်းခံနေရမည်။ ထို့ကြောင့် ဦးသိန်းဒန်၏ ယာခင်းအစပ်မှ သရက်ပင်ကြီးပေါ်တက်ကာ ထိုညကို ကျော်လွှန်စေခဲ့သည်။ သူသည် သတိဝီရိယနှင့် ကြက်အိပ်ကြက်မှေးသာနေခဲ့ရာ အရုဏ်တက်စမှာပင် နိုးလာလေသည်။

ထိုအခါ ဝီရိယကောင်းစွာ ယာတဲတွင် ပေါက်တူးတစ်လက်နှင့် အလုပ်လုပ်နေသော ဦးသိန်းဒန်ကို တွေ့ရလေသည်။ နေကထွက်ပြူလာသေး၊ အလင်းရောင်က ပိုးတဝါး။ မြူမှုန်တွေ လွှင့်ပါးနေသော ကာလ။

"နေကောင်းတယ်နော် ဦးသိန်းဒန်"

နှုတ်ဆက်သံကြောင့် ဦးသိန်းဒန်က အလုပ်လုပ်နေရာမှ မော့ကြည့်၏။ ဘောင်းဘီရှည်၊ ကုတ်အကျီနှင့် ကက်ဦးထုပ်တစ်လုံးကို



www.burmeseclassic.com

www.burmeseclassic.com



ခပ်ငိုက်ငိုက် ဆောင်းထားသော အရပ်မြင့်မြင့်လူရွယ်တစ်ယောက်

"မင်းကြည့်ရတာ ကွန်စိမ်းပွဲစားနဲ့ မတူဘူး။ မင်းဘယ်သူလဲ"

ဟုမေးလိုက်သည်။ ရန်ရှင်းက တစ်ချက်ရယ်လိုက်ကာ...

"ပွဲစားတော့ ပွဲစားပါပဲ။ ကျွန်တော်က သေမင်းပွဲစား"

ဟု ပြောလိုက်၏ ဦးသိန်းဒန်က

"ကောင်လေး၊ စောစောစီးစီး လာနောက်မနေနဲ့။ ပေါက်တူးစာမိသွားမယ်။ မြန်မြန်ထွက်သွား"

"ခင်ဗျားက နဂါးမှန်းသိအောင် အမောက်ထောင်ပြတာလား"

ဒီစကားကတော့ ဦးသိန်းဒန်ကို တကယ်ပင် တုန်လှုပ်သွားစေသည်။ သူသည် တစ်ခါက အင်မတန်ဆိုးသွမ်းသော နဂါးမောက်ဂိုဏ်းဝင်တစ်ယောက် ဖြစ်ခဲ့၏။ သို့သော် ဤဒေသတွင် ဤအကြောင်းကို သိသူမရှိ။

"မင်း ဘာလိုချင်တာလဲ"

"ခင်ဗျားရဲ့ အသက်"

"မင်းဘာတွေလာပြောနေတာလဲ"

"လွန်ခဲ့တဲ့အနှစ် နှစ်ဆယ်က အကြွေးကိုလာတောင်းတာလေ နှင်းနုနဲ့သွေးဆက်ဆိုတဲ့ ချစ်သူနှစ်ယောက်ကို ခင်ဗျားတို့ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့တာ၊ အခုမေ့သွားပြီလား"

"မင်းဟာ သူတို့နဲ့ ဘယ်လိုပတ်သက်လို့လဲ"

"ကျုပ်က သွေးဆက်ပြန်ဝင်စားတဲ့လူပဲ။ ခင်ဗျားတို့ကို ငရဲပြည်ပို့ပေးဖို့ လူ့ဘဝကို တစ်ကြိမ် ပြန်လာတဲ့သူပေါ့။ ရန်ရှင်းတဲ့"





ပြောပြောဆိုဆို ရန်ရှင်းက သူခေါင်းပေါ်က ဦးထုပ်ကို ချွတ်ပြလိုက်သောအခါ မျက်နှာကို မြင်သည်နှင့် ဦးသိန်းဒန် အံ့သြတုန်လှုပ်သွား၏။

"မင်း...မင်း...တစ္ဆေသရဲတော့ မဟုတ်ပါဘူးနော်"

"ကျုပ် လူစင်စစ်ပါ ဦးသိန်းဒန် နှစ်ဘဝပြန်ရန်ရှင်းပေါ့"

စကားဆုံးသည်နှင့် ရန်ရှင်းက ခြောက်လုံးပြူးထုတ်ကာ ချိန်လိုက်ရင်း

"ကဲ ဘုရားတရားသာ အောက်မေ့ပေတော့"

ဦးသိန်းဒန်က ရုတ်တရက် မြေကြီးပေါ် ဒူးထောက်ထိုင်ချလိုက်ကာ လက်အုပ်ချီ၍...

"ငါ့အသက်ကို ချမ်းသာပေးပါကွာ။ ငါမှားမှန်းသိလို့ ငါ့အပြစ်တွေကိုဆေးကြောဖို့ ကြိုးစားနေတဲ့သူပါ။ ထောင်ထဲမှာလည်း ထိုက်သင့်တဲ့ အပြစ်ဒဏ်ခံခဲ့ရပြီးပါပြီကွာ။ ဒုစရိုက်မှုတွေ မကျူးလွန်ချင်တာကြောင့်၊ ဟိုလူတွေနဲ့ ဝေးတဲ့နေရာမှာ လာ ဇာက်မြှုပ်နေတာပါ။ ငါ့ကို မသတ်ပါနဲ့ကွာ။ ငါတောင်းပန်ပါတယ်"

ရန်ရှင်းဟာ ဦးသိန်းဒန်၏ စိတ်ဓာတ်ကို စမ်းသပ်ရန် ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့်...

"ခင်ဗျားတကယ်ပဲ အသိတရား ရခဲ့ပြီလား"

"တကယ်ပါကွာ။ မလိမ်ပါဘူး။ ငါမိုက်တော့ပါဘူး"

"အေးလေ၊ ဒါဆိုရင်လည်း ခင်ဗျားကို အခွင့်အရေးတစ်ခုတော့ ပေးလိုက်ရဦးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုကာ ခြောက်လုံးပြူးကို ခါးကြားထဲ ပြန်ထိုးထည့်ခဲ့ပြီး ထိုနေရာမှ ကျောခိုင်းထွက်ခဲ့လေသည်။ ရန်ရှင်းက သူ့ကို ကျော ခိုင်းသွားသည်နှင့် ဦးသိန်းဒန်သည် အိမ်ပေါ်ကို ပြေးတက်သွားကာ သူ့ခြောက်လုံးပြူးကို ယူလိုက်သည်။ သူက သူ့လက်ထဲတွင် လက် နက် မရှိသဖြင့် ပရိယာယ်ဆင် ဟန်ဆောင်ပြောခဲ့ခြင်းဖြစ်သည်။ ဒီလိုအန္တရာယ်ရှိ တောကောင်မျိုးကို ဆက်အသက်ရှင်ခွင့်မပေးသင့် ဟု သူအတွေ့အကြုံက သွန်သင်နေသည်။ ဒီ ရန်ရှင်းဆိုသော ကောင် သည် ဒီတစ်ကြိမ်လက်လျှော့သွားသော်လည်း အချိန်မရွေး နောက် တစ်ကြိမ် ပြန်လာနိုင်သည်။ သူတို့ လောကမှာက ရန်ကြွေးရှိ ဆိုသည်မှာ ကျူပင်ကျူငုတ်လိုပင် ထားကောင်းသောအရာမဟုတ်။

ထို့ကြောင့် သေနတ်ကိုဆွဲကာ၊ ကျောခိုင်းလျှောက်သွား သော ရန်ရှင်းနောက်မှ ပြေးလိုက်ရင်း ပစ်ခတ်ရန် ပြင်ဆင်လိုက် သည်။ ရန်ရှင်းကလည်း မသတ်ဘဲ လှည့်ထွက်ခဲ့သည်မှာ ဦးသိန်းဒန် ၏ စိတ်ကိုစမ်းသပ်ခြင်းသာဖြစ်သည်။ ဒီလိုမိုက်ခဲ့တေခဲ့တယ်ဆိုတဲ့ လူမျိုးသည် ခွေးမြီးကောက်ကျည်တောက်စွပ်ပင်။ တစ်သက်လုံး ဖြောင့်တန်းမည့်သူမဟုတ်။ ဦးသိန်းဒန်၏ ကံကြမ္မာကို ရန်ရှင်းက ဤနေရာတွင် အလောင်းအစားလုပ်ခဲ့ခြင်း ဖြစ်သည်။ ဤပွဲတွင်သူ အနိုင်ရမည်ဟုလည်း ကြိုတင်တွက်ဆထားဖြစ်၏။

နောက်က ခြေသံကြားသောအခါ ရန်ရှင်းသည် ခါးကြားထဲက သေနတ်ကို ဆွဲထုတ်ကာ နောက်ပြန်လှည့်၍ ဒူးထောက်ထိုင်ရင်း ခလုတ်ကို ဆွဲညှစ်လိုက်၏။ ဦးသိန်းဒန်၏ သေနတ်ပြောင်းဝမှ မီး





ပွင့်ကလေးကို သူမြင်လိုက်ရသည်။ သေနတ်များကို ပြိုင်တူပစ်ခတ် လိုက်သဖြင့် သေနတ်သံနှစ်ချက်သည် ဒိုင်းခနဲ တစ်ချက်တည်းသာ မြည်သံကြားလိုက်ရ၏။

သူက ဒူးထောက်မထိုင်လိုက်လျှင် သူ့နောက်စေ့ကို ဖောက် ထွင်းသွားမှာသေချာသော ဦးသိန်းဒန်၏ ကျည်ဆန်သည် ယခုတော့ သူ့ခေါင်းပေါ်မှ ပွတ်သီကျော်လွှား၍ သွားလေသည်။ သူပစ်ခတ် လိုက်သော ကျည်ဆန်ကမူ ဦးသိန်းဒန်၏ နဖူးကို ထွင်းဖောက် ဝင် ရောက်သွားလေသည်။

သူက လဲကျနေသော ဦးသိန်းဒန်အနီး လျှောက်သွားကာ နှင်းဆီ ပန်းအနီလေးတစ်ပွင့်ကို ပစ်တင်လိုက်သည်။ ဒီနှင်းဆီနီက အရင် ဘဝက သူတို့ ချစ်သူနှစ်ဦး မြို့ဦးဆုံတောင်းပြည့်ဘုရားတွင် နှင်းဆီ ပန်းနီနီတွေ လှူခဲ့သော အထိမ်းအမှတ်ဖြစ်သည်။ ထို့နောက် ဦးသိန်း ဒန်လက်ထဲက သေနတ်ကို ခြေဖြင့် ပိတ်ကန်လိုက်ရာ လွင့်စဉ်၍အနီး ရှိ ရွှံ့ဗွက်အိုင်ထဲသို့ ကျသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## ၁၀။ နဂါးခံတွင်းသို့အဝင်

အင်းစိန်တွင် လူသတ်မှု ကျူးလွန်ခဲ့ပြီးနောက် ရန်ရှင်းသည် ထိုမြို့ကလေးသို့ ပြန်လာကာ ဒေါ်မြအိမ်တွင် ခိုအောင်းနေပြန်သည်။ သူသည် ပုန်းညက်မြိုင်ခြံကြီးကိုသွားကာ တစေ့တစောင်း အကဲခတ်ကြည့်ရာ၊ လက်နက်ကိုင်အစောင့်အရှောက်တွေ များသဖြင့် နေ့ဘက်တွင် ဝင်ရောက်ရန် မလွယ်ကြောင်း တွေ့ရ၏။

ပြတင်းပေါက်တွင် တစ်ခါတလေ မှိုင်တွေသော ပုံစံဖြင့် ရပ်နေတတ်သော ခင်လေးမူကို မြင်ရသောအခါ သူစိတ်မကောင်းဖြစ်မိလေသည်။ ခင်လေးမူကိုထားသော အခန်းကိုမူ အသေအချာ မှတ်ထားလိုက်သည်။

အိမ်ထဲတွင်တော့ ဦးစက္ကိန်သည် ကျွန်းပြန်ဗဟိန်းနှင့် သိန်းအ တို့ အသတ်ခံရမှုအတွက် အကြီးအကျယ် စိတ်လှုပ်ရှားကာ ဒေါ လျက် ရှိ၏။ သူ့ရှေ့တွင် တစ်ဖက်လပ် ညီကြီးနှင့် တပည့်တချို့ နေသည်။





"ဒါဟာ လွှတ်သွားတဲ့ ဟိုကောင်လေးရဲ့ လက်ချက်ပဲ ဖြစ်ရမယ်။ မင်းတို့ ဒီကောင်လေးကိုတောင် တွေ့အောင်မရှာနိုင်ဘူးလား။ သူတို့နှစ်ယောက်ရဲ့အလှည့်ပြီးရင် မင်းနဲ့ငါရဲ့အလှည့်ရောက်လာမယ် ဆိုတာရော၊ မင်းသဘောပေါက်ရဲ့လား ညီကြီး"

"ပေါက်ပါတယ်ဆရာ၊ ဒါပေမယ့် ဒီနယ်မြေထဲကို ဆားပုလင်းခဲ့ခေါင် ဆိုတဲ့ စုံထောက်လည်း ရောက်နေတော့ ကျွန်တော်တို့ လွှတ်လွှတ်လပ်လပ် လှုပ်ရှားမရဘဲ ဖြစ်နေတယ်'

"ဆားပုလင်းမကလို့ ဆားအိုးပဲဖြစ်ဖြစ် တို့လမ်းမှာခလုတ်ကန်သင်း ဖြစ်နေရင် ရှင်းသာရှင်းပစ်လိုက်ကွာ။ အရေးအကြီးဆုံးက ဒီကောင်ကို အမြန်ဆုံးရှာဖွေဖို့ပဲ"

"ပတ္တမြားကြီးအကြောင်းရော ဆရာ့ကောင်မလေးကို မေးမရဘူးလား"

ဦးစက္ကိန်က ခေါင်းခါရမ်းကာ...

"ကောင်မလေးက ငါထင်တာထက် ခေါင်းမာနေတယ်"

"ကျွန်တော့်လက်အပ်လိုက်စမ်းပါ ဆရာ"

"အဲဒါဆိုရင်လည်း အသက်သာ အသေခံသွားမယ်။ မင်းဘာမှ သိလိုက်ရမှာ မဟုတ်ဘူး။ ဒီကိစ္စမျိုးက ခေါင်းသုံးမှ ဖြစ်မယ်။ ငါ အချိန်ယူ စဉ်းစားနေပါတယ်။ အခုလည်း ဒီကောင်မလေးက ငါ့လက်ခုပ်ထဲက ရေပဲဟာ"

"သူ့ကို ကြာရှည်ချုပ်ထားလို့တော့ ဖြစ်မယ်မထင်ဘူးဆရာ၊ ဒီကောင်မလေး အဖေက အထက်ကို ပေါက်ရောက်တဲ့ အရေးပိုင်

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်လို့ပြောတယ်။ ကောင်မလေးပျောက်ဆုံးတာကိုလည်း ပုလိပ်ဘက်ကို တိုင်ထားမှာ သေချာပါတယ်'

"ပုန်းညက်မြိုင် အိမ်ကြီးထဲမှာ ရှိနေသရွေ့တော့၊ လုံခြုံပါ တယ်ကွာ"

"မင်းသာ ဟိုကောင်ကို ခြေရာခံမိအောင်ကြိုးစား"

ညီကြီးတို့က ဦးညွတ်နှုတ်ဆက်ကာ ပြန့်လည်ထွက်ခွာသွားကြသည်။ ဦးစက္ကိန်က ခင်လေးမူ အခန်းရှိရာသို့ လျှောက်လာခဲ့သည်။ ပြတင်းပေါက်မှရပ်ကာ အပြင်သို့ ငေးကြည့်နေသော ခင်လေးမူအား

"ဘယ်လိုလဲ မိန်းကလေး ပတ္တမြားကြီး ဘယ်မှာဝှက်ထားခဲ့တယ်ဆိုတာ စဉ်းစားလို့ ရပြီလား"

"ကျွန်မစဉ်းစားနေတာတော့ ရှင့်ကိုဘယ်လို ထောင်ထဲပို့ရမလဲ ဆိုတာပဲ"

ဦးစက္ကိန်က ရယ်မောလိုက်ကာ...

"အရေးပိုင်သမီး တော်တော်ပီသတာပဲ။ မင်းဟာ အရင်က ဘာပဲ ဖြစ်ခဲ့ဖြစ်ခဲ့၊ အခုတော့ ငါ့လက်ခုပ်ထဲက ရေဆိုတာ မမေ့နဲ့ဦး။ မင်းဒီမှာရှိတယ် ဆိုတာ၊ ဘယ်သူမှမသိတော့၊ အကူအညီရောက်လာလိမ့်မယ်လို့လည်း မျှော်လင့်မနေလေနဲ့။ ဒီအိမ်ကြီးထဲမှာ မင်းဒီလို နေချင်တယ်ဆိုရင် ကြိုက်သလောက် နေနိုင်တယ်။ ငါကတော့ မင်းမှတ်ဉာဏ်တွေ ပြန်ကောင်းလာမယ့်ရက်ကို ကောင်းကောင်း စောင့်စားနိုင်ပါတယ်'

ဦးစက္ကိန်က ထိုစကားများကို ပြောပြီးသည်နှင့် အခန်းထဲက





ပြန်ထွက်သွားလေသည်။ ခင်လေးမူက ခုတင်ပေါ်တက်ကာ ခေါင်းအုံးတွင် မျက်နှာကိုမှောက်၍ ငိုကြွေးနေမိလေသည်။ ဦးစက္ကိန်ရှေ့မှာသာ သူက အားတင်းနေရသည်။ တကယ်တမ်းကျတော့ စိတ်အားငယ်နေမိတာအမှန်။ ရန်ရှင်းကရော ဘယ်ရောက်နေသနည်း။ ချောက်ထဲကျကာ၊ တကယ်ပင် သေဆုံးသွားခဲ့ပြီ ထင်ပါ၏။ သေသာ မသေဘူးဆိုပါက၊ ဘယ်လိုအခက်အခဲတွေရှိပါစေ ရန်ရှင်းသည် သူ့ဆီကို မရောက်ရောက်အောင် လာလိမ့်မည်ဟုယုံကြည်နေလေသည်။

ထိုညတွင်ပင် ရန်ရှင်းသည် အမှောင်ကိုခိုကာ ပုန်းညက်မြိုင် ခြံကြီးဆီ သူချဉ်းကပ်လာခဲ့သည်။ မနက်ကတည်းက အိမ်ထဲရောက်အောင် ဘယ်လို ဝင်ရမည်ကို သူချိန်တွယ်တွက်ဆပြီးသား ဖြစ်သည်။ ခြံကိုဖောက်ကာ မြေပြင်အတိုင်း ဝင်ဖို့မလွယ်။ လက်နက်ကိုင်အစောင့်အရှောက်တွေက နေရောညပါ စောင့်နေသည့်အပြင် အနံ့ခံကောင်းသော ခွေးကြီးများကိုလည်း ခြံထဲတွင် လွှတ်ပေးထားတတ်၏။ ထို့ကြောင့် အပေါ်ဘက်မှ ဝင်ရပေတော့မည်။

သူသည် ခြံနှင့်ကပ်လျက်ပေါက်နေသော သရက်ပင်ကြီးပေါ်တက်ခဲ့ကာ ခင်လေးမူ၏ အခန်းနှင့် တည့်တည့်ဖြစ်သော အကိုင်းဆီ ကူးခဲ့၏။ ထို့နောက် ထိုအကိုင်းအဖျားတွင် ကြိုးချည်လိုက်ကာ ကြိုးစတစ်ဖက်ကိုဆွဲ၍ နောက်ပြန်ဆုတ်လာခဲ့သည်။ ထို့နောက်တွင်မူ ထိုကြိုးစကို ဆွဲ၍ လွှဲခုန်လိုက်ရာ...

ကြိုးတွဲလောင်းနှင့်ပင် ခင်လေးမူအခန်းထဲသို့ ရောက်ရှိသွား



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ပထမတော့ ခင်လေးမူက လန့်အော်မည်ပြုသေးသည်။ သို့သော် ရန်ရှင်းကိုတွေ့လိုက်ရသဖြင့်…

"ရှင်…ရှင်မသေဘူးနော်"

ဟု တုန်အံ့တကြ မေးလိုက်၏။ ရန်ရှင်းက သူ့လက်ထဲက ကြိုးကို အနီးရှိ တိုင်တစ်တိုင်တွင် ချည်နှောင်လိုက်ကာ…

"မသေပါဘူး ခင်လေးမူ၊ မင်းဒီအိမ်ထဲရောက်နေတယ်ဆိုတာ သိကတည်းက လာတွေ့ဖို့ ကြံစည်နေတာပဲ။ ဝင်ဖို့မလွယ်လို့ အခြေအနေ စောင့်ကြည့်နေရတာ"

"ဘာပဲဖြစ်ဖြစ် ရှင်မသေဘူးဆိုတာသိတော့ သိပ်ဝမ်းသာသွားတယ်။ ရှင်က ဘာမှမသိဘူး။ ရှင်နဲ့ကျွန်မဟာ အရင်ဘဝက…"

ဆက်ပြောရမှာခက်သဖြင့် နှုတ်လေးနေစဉ် ရန်ရှင်းက…

"အရင်ဘဝက ချစ်သူတွေမဟုတ်လား မင်းက နှင်းနု၊ ငါက သွေးဆက်လေ။ ဒီဦးစက္ကိန်တို့ လူယုတ်မာတစ်သိုက်ရဲ့ လက်နက်နဲ့ မင်းရောငါပါ သေခဲ့ကြတယ်"

ထိုစကားကြားသောအခါ ခင်လေးမူက ထူးထူးခြားခြား အံ့သြတုန်လှုပ်သွားကာ…

"ရှင်…ဒါတွေကို ဘယ်လိုလုပ်သိနေတာလဲ"

"အနှစ် ၂၀ ကျော်ကြာခဲ့ပြီဆိုပေမယ့် နှင်းနုနဲ့ သွေးဆက်တို့ရဲ့ အချစ်ဇာတ်လမ်းက ဒီနယ်တစ်ဝိုက်မှာ အခုအချိန်ထိ လူတွေ တဖွဖွ ပြောဆိုနေကြတဲ့ ဇာတ်လမ်းပဲဟာ။ ပြီးတော့ ကိုယ်ဟာ သေနတ်ဒဏ်ရာကြီးနဲ့ စမ်းချောင်းထဲမှာ မျောပါသွားရင်း ဘယ်ကိုရောက်





သွားသလဲ၊ သိလား…"

"ဘယ်ကိုရောက်သွားသလဲ ဟင်"

"အရင်ဘဝက ကိုယ့်အိမ်ဆီကိုပေါ့"

ရန်ရှင်းက ဒေါ်မြနှင့်တွေ့ကာ ထိုအိမ်ကလေးတွင် သောင်တင်နေခဲ့ပုံတွေကို ပြောပြလိုက်သည်။

"အဲဒီတုန်းက နှင်းနုရဲ့ရုပ်က ဘယ့်လိုနေသလဲဟင်"

"မင်းနဲ့တထေရာတည်း တူတယ်"

"ဒါကြောင့် ကျွန်မကို မြင်တာနဲ့ သူတို့ရိပ်မိသွားတာကိုး"

"မင်း ဒီမှာနေရတာ အဆင်ပြေရဲ့လား"

"အကျယ်ချုပ်ပဲ။ ဦးစက္ကိန်က ပတ္တမြားကြီးကိစ္စကို အစပြန်ဖော်နေတယ်။ သူက ကျွန်မတို့ မသေခင် တစ်နေရာမှာ ဝှက်ထားခဲ့တယ်လို့ တထစ်ချ ယုံကြည်နေတယ်"

"မင်းကရော မှတ်မိတယ် မဟုတ်လား"

"မှတ်မိတယ်လေ။ ဒါပေမဲ့ ဒီလူယုတ်မာကြီးရဲ့ လက်ထဲကိုတော့ ဘယ်အရောက်ခံနိုင်မလဲ။ အရင်ကတောင် အသက်ပေးပြီး ကာကွယ်ခဲ့သေးတာပဲ"

"မင်းစိတ်ဓာတ်ကို ငါချီးကျူးတယ်"

"ကျွန်မ အခုရှင်နဲ့ တစ်ခါတည်း လိုက်ခဲ့မယ်"

"ဘယ်ဖြစ်မလဲ။ ငါက သစ်ပင်မှာကြိုးဆင်ပြီး၊ တာဇံနွယ်ကြိုးလွှဲသလိုလုပ်ဝင်လာတာ၊ ပြန်ထွက်ရင်လည်း ဒီအတိုင်းထွက်ရမယ်။ မင်း ဘယ်လိုလုပ်လိုက်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



ခင်လေးမူက ထိုစကားကြောင့် စိတ်ပျက်လက်ပျက် ဖြစ်သွားသည်။

"ဒါဆို ကျွန်မက ဒီနေရာမှာ ဘယ်လောက်ထိအောင် ဒုက္ခခံနေရမှာလဲ"

"မကြာပါဘူးကွာ။ အခွင့်သာတာနဲ့ မင်းကိုငါလာကယ်မှာပါ။ မင်း ဝမ်းသာစရာ ပြောရဦးမယ်။ အရင်ဘဝက တို့ကိုဒုက္ခပေးခဲ့တဲ့ ဗဟိန်းနဲ့ သိန်းဒန်ဆိုတဲ့ လူနှစ်ယောက်ကို ငါရှင်းပစ်လိုက်ပြီ"

ထိုအခိုက်မှာပင် ခင်လေးမူ အခန်းတံခါးကို တဒေါက်ဒေါက်ခေါက်သံ ထွက်ပေါ်လာသည်။ ပြီးလျှင် ဦးစက္ကိန်၏အသံဖြင့်...

"ခင်လေးမူ...တံခါးဖွင့်စမ်း တံခါးဖွင့်စမ်းဟေ့"

"ကဲရှင် မြန်မြန်သွားပေတော့"

ရန်ရှင်းက တိုင်တွင်ချည်ထားသော ကြိုးကိုလက်က ကိုင်ကာ ပြတင်းပေါက်ဘောင်ပေါ်တွင်တက်ရပ်၍ သစ်ပင်ရှိရာသို့ နွယ်ကြိုးလွဲကာ ရောက်ရှိသွားသည်။ ပြီးလျှင် သစ်ကိုင်းဆီတက်သွားကာ ကြိုးကိုဖြည်၍ သိမ်းလိုက်လေ၏။

ရန်ရှင်း လုံခြုံစိတ်ချရသော အခြေအနေရောက်မှ ခင်လေးမူက အခန်းတံခါးကို သွားဖွင့်ပေးလိုက်ရာ၊ ဦးစက္ကိန်က အခန်းထဲ ဝင်လာကာ အခြေအနေကို လှည့်ပတ်အကဲခတ်ပြီး...

"တံခါးဖွင့်ဖို့ ကိစ္စက ဘာလို့ ဒီလောက်ကြာနေတာလဲ"

"ကျွန်မ အိပ်ပျော်နေလို့ပါ"

"ငါ စကားပြောနေသံတွေ ကြားနေရတယ်။ မင်းဘယ်သူနဲ့ ပြောနေတာလဲ"





"ဒီအခန်းထဲမှာ ကျွန်မတစ်ယောက်တည်းရှိတာ ဘယ်သူနဲ့ စကားပြောရမှာလဲ။ အိပ်မက်မက်ပြီး ယောင်ပြောနေတာ ဖြစ်မှာပေါ့။ ကျွန်မက အိပ်ရင် ဒီလိုပဲ ယောင်နေကျ"

ဦးစက္ကိန်က ပြတင်းဝသို့သွားရစ်ကာ အပြင်သို့ အတန်ကြာအောင် လှေလာအကဲခတ်ကြည့်နေသည်။ ပြတင်းပေါက်တည့်တည့် သစ်ကိုင်းပေါ်မှ ရန်ရှင်းမှာ မလှုပ်မရှား ငြိမ်သက်နေရလေသည်။ ဘာကယ်တော့ သူသည် ရဲတင်းလွန်းစွာ နဂါးမောက်ကိုဏ်း ခေါင်းဆောင် နဂါးကြီးစက္ကိန်၏ ခံတွင်းထဲသို့ ဝင်ခဲ့သူ ဖြစ်သည်။

ဦးစက္ကိန်က ပြတင်းပေါက်မှ ပြန်လှည့်လာကာ...

"နောက် မင်းအိပ်မယ်ဆိုရင် ပြတင်းပေါက်ကို ပိတ်အိပ်ပါ။ ဟုတ်လား"

ဟု ပြောကာ အခန်းထဲမှ ခြေသံမာမာနှင့် ထွက်ခွာသွားလေတော့သည်။

✱



www.burmeseclassic.com

www.burmeseclassic.com

## ၁၃။ ဦးစက္ကိန့်၏ထောင်ချောက်

တစ်နေ့သ၌ မြေလတ်ဒေသ မြို့ကလေးတမြို့၏ မြို့လယ်ကောင်အနီး ဖွင့်လှစ်ထားသော အရိပ်ကောင်းသော ညောင်ပင်ကြီးတစ်ပင်အောက်ရှိ ထမင်းဆိုင်တွင် စားသုံးသူတို့နှင့် အတော်အတန်စည်ကား၍ နေလေသည်။

ဆိုင်ထဲရှိ စားသုံးသူများသည် ခေါင်းငုံ့ကာ ကိုယ့်စားပွဲရှိ အစားအစာများကို အေးအေးလူလူစားသောက်နေကြသော်လည်း အလယ်ရှိ လေးထောင့်စားပွဲတစ်လုံးမှ လူသုံးယောက်ကား တစ်ဆိုင်လုံးရှိလူများကို လူမထင်ဟန်နှင့် မောက်မာသောအမူအယာဖြင့် စကားကို အော်ကြီးဟစ်ကျယ် ပြောဆိုကြလေသည်။ သူတို့စားပွဲပေါ်တွင် အရက်ပုလင်းနှင့် ဖန်ခွက်များတင်ထားသည်ကို မြင်ရခြင်းကြောင့် သောက်စားမူးယစ်နေသူတွေဖြစ်ကြောင်းလည်း ရိပ်စားမိနိုင်လေသည်။

သူတို့အရက်မူးကာ ကျိုကျ၍ ချေးများနေသည်ကို ဆိုင်ရှင်အဘိုး





အိုနှင့် အမယ်အို၊ သူတို့မြေးအပျိုမလေးတို့က တတ်နိုင်သမျှ ဖြည့်ဆည်းပေးနေသော်လည်း အလိုမကျဖြစ်ကာ ကြိမ်းမောင်းနေ၏။

သူတို့နှင့် ခပ်လှမ်းလှမ်းအမှောင်ရိပ်ကျသော စားပွဲတစ်လုံးတွင် အသက် ၄၀ ကျော်အရွယ် ပုတုတုဂင်တိုတိုတစ်ဦးနှင့် ခေါင်းတွင်ပုဆိုးဟောင်းတစ်ထည် ပတ်ပေါင်းထားသည့် လုံချည်တိုတို စည်းထားသည့် လူငယ်တစ်ယောက်တို့သည် အတူတူထိုင်ကာ ထမင်းစားနေကြရင်း အခြေအနေကို အကဲခတ် စောင့်စားကြည့်နေကြ၏။ လူရွယ်က လေသံတိုးတိုးပြင့်…

"ဒီကောင်တွေ တော်တော်လွန်နေပါလား ဦးကံကြီးမောင်'

"စိတ်ကိုချုပ်ထိန်းထားစမ်းပါ ရန်ရှင်းရယ်။ ဒီကိစ္စကို မင်းဝင်ပါလိုက်ရင်ပြဿနာတွေက ရှုပ်ထွေးသွားလိမ့်မယ်၊ မင်းမှာ လုပ်စရာတွေ ရှိသေးတယ်၊ မဟုတ်လား။ အဲဒါကြောင့် ဒါကိုယ်နဲ့ မဆိုင်ဘူးသာ သဘောထားလိုက်'

"ဒီကောင်တွေက ဘယ်သူတွေလဲ"

"နဂါးမောက်ဂိုဏ်းရဲ့ အစွယ်အပွားတွေဖြစ်မှာပေါ့ကွာ။ ဒီနယ်တစ်ဝိုက်မှာ သူတို့ကိုပဲ ကြောက်နေရတာပဲ"

ထိုအခိုက်မှာပင် အရက်သမားတစ်ယောက်က ဆိုင်ရှင်မြေးအပျိုမလေးကို ခေါ်ကာ အရက်ငှဲ့ပေးခိုင်းသည်။ ကောင်မလေးက ကြောက်ကြောက်ရွံ့ရွံ့နှင့် ငှဲ့ပေးနေသည်ကို တဟားဟား ကြည့်ရယ်ကာ ခါးကိုဖက်သူက ဖက်၏။ လက်ကိုဆွဲသူက ဆွဲ၏၊၊ ဒီ အရူးသမားသုံးယောက်၏ဒဏ်ကို ကောင်မလေး အမျိုးမျိုးရုန်းကန်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ခံစားနေရသည်။ ဆိုင်ရှင်အဘိုးကြီး အဘွားကြီးမှာလည်း မပြောဝံ့ကြ။

ဆိုင်ထဲတွင်ရှိသော သူတချို့က မကြည့်ချင်တော့သဖြင့် စားလက်စကို အဆုံးသတ်ကာ ဆိုင်ထဲက ထွက်ခွာသွားလေရာ ဆိုင်ထဲတွင် အမူးသမားသုံးယောက်အပြင် ရန်ရှင်းတို့ဝိုင်းနှင့် ကျောပေးထိုင်နေသော ကက်ဦးထုပ်ဆောင်းထားသည့် လူတစ်ယောက်၏ဝိုင်း သုံးဝိုင်းသာ ကျန်လေတော့သည်။ ကျောပေးထိုင်ကာ တစ်ကိုယ်တည်း ထမင်းစားနေသူသည်။ နောက်ကို လှည့်မကြည့်သော်လည်း အမူးသမားသုံးယောက် ဆိုးသွမ်းနေပုံကို သူ့ရှေ့တည့်တည့် နံရံတွင် ကပ်ထားသော မှန်မှတစ်ဆင့် အားလုံးမြင်တွေ့နေရပြီး ဖြစ်နေလေသည်။

နောက်ဆုံးတွင် ဘယ်လိုမှ ကြည့်မရတော့သဖြင့် ရင်ဆိုင်တော့မည်ဟု ရန်ရှင်းက ထိုင်ရာမှထလိုက်စဉ်မှာပင်...

ကျောပေးထားသူထံမှ စကားသံထွက်လာလေသည်။

"ဟေ့လူတွေ ခင်ဗျားတို့ အပြုအမူတွေကသိပ်လွန်ကျူးနေပြီ။ ကျုပ်စိတ်တိုမလာခင် ဒီဆိုင်ထဲကအမြန်ဆုံးထွက်သွားရင် ကောင်းမယ် ထင်တယ်"

ထိုစကားကြောင့် အမူးသမားသုံးယောက်၏ အမူအရာမှာ ပြောင်းလဲသွား၏။ တစ်ယောက်က ကောင်မလေးကိုဖက်ထားရာမှ တွန်းဖယ်လိုက်ကာ မျက်ထောင့်နီကြီးဖြင့် စူးစိုက်ကြည့်ရင်း...

"မဆီမဆိုင် ဝင်ရှုပ်တာ ဘယ်ကောင်လဲကွ"





"မင်းတို့သုံးကောင်လုံးက ငါ့နာမည်ကိုသိလောက်အောင် တန်ဖိုးရှိတဲ့ကောင်တွေမဟုတ်ဘူး။ ဒီတော့ပြောစရာမလိုဘူး"

ထိုစကားက မီးလောင်ရာလေပင့်ဖြစ်သွားပုံရသည်။ တစ်ယောက်က ခါးကြားထဲမှ ဓားမြှောင်ကိုဆွဲထုတ်ကာ ကျောပေးထားသူဆီ ပြေးထွက်သွား၏။

ရန်ရှင်းက ဝင်ကူမည်လုပ်သော်လည်း ကံကြီးမောင်က လက်ကို အတင်းဆွဲကာ နေရာတွင် ပြန်ထိုင်ခိုင်းလိုက်သည်။ သူက လေသံဖြင့်–

"တစ်ဖက်က လူက တော်ရုံတန်ရုံသတ္တိနဲ့တော့ ဒီကောင်တွေကို ခုလို စိန်ခေါ်စကားပြောရဲမှာ မဟုတ်ဘူးကွ ဒီတော့ တို့ ခဏလောက်ပွဲကြည့်ပရိသတ် လုပ်လိုက်ကြရအောင်"

ကံကြီးမောင်စကားမှာ အမှန်ပင်ဖြစ်သည်။ နောက်ဘက်က လှုပ်ရှားသံမှ မှန်ထဲက တစ်ဆင့်မြင်နေရလေရာ ကျောပေးထားသူသည် ရုတ်တရက် နောက်ပြန်လှည့်ကာ ဓားကိုင်ပြေးလာသူ၏ ရင်ညွန့်ကို ရှူးဖိနပ်ဦးအမာဖြင့် ဆီးကန်လိုက်လေသည်။ အွတ်ခနဲ မြည်သံနှင့်အတူ ထိုသူမှာ နောက်ပြန် လွင့်စဉ်လဲကျသွားလေတော့သည်

ကျောပေးထားသူသည် ထရပ်လိုက်သောအခါ ကျစ်လျစ်သော ခန္ဓာကိုယ်ဖြင့် အတော်အတန် အရပ်မြင့်မားသူ တစ်ဦး ဖြစ်နေသာတွေ့ရ၏။ ကတ်ဦးထုပ်တစ်လုံးကို မျက်နှာအုပ်ကာ ဆောင်းထားသဖြင့် မျက်နှာကို ကောင်းစွာမမြင်ရသော်လည်း မေးရိုးထားကားနှင့် ပိရိသေသပ်သော နှုတ်ခမ်းကိုကြည့်၍ ယောကျ်ားပီသ



www.burmeseclassic.com

www.burmeseclassic.com

သူတစ်ဦးဟု အကဲခတ်ရနိုင်လေသည်။

သူသည် သူ့ဆီပြေးဝင်လာသော ပုလင်းကိုင်ထားသူနှင့် ဓားကိုင်ထားသူနှစ်ယောက်ကို လျှင်မြန်ဖြတ်လတ်စွာပင် အလွယ်တကူ မြေပေါ်လဲကျသွားအောင် တိုက်ခိုက်နိုင်သည်။ အမူးသမားနှစ်ယောက်မှာ အရက်ကလည်း မူးနေသည့်အပြင် စနစ်တကျ တိုက်ခိုက်တတ်သောသူတွေဖြစ်ပုံမရ။ ထို့ကြောင့် ခဏလေးဖြင့် တစ်ဖက်သတ် ပွဲသိမ်းတိုက်ခိုက်နိုင်ခြင်းဖြစ်သည်။

ထို့နောက်တွင်မူ ကုပ်ကဆွဲထူကာ ဆိုင်ထဲက နှင်ထုတ်လိုက်ရာ မကြာသေးခင်က မာန်တကြွကြွဖြစ်နေခဲ့သော လူမိုက်များမှာ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးကဲ့သို့ ခပ်ကုပ်ကုပ် ထွက်ခွာသွားကြလေသည်။

ကတ်ဦးထုပ်နှင့်လူက သူစားသောက်သမျှကို ဆိုင်ရှင်အဘိုးကြီးအား ခေါ်၍ ရှင်းလင်းပေး၏။ အဘိုးကြီးက ကျေးဇူးတင်သဖြင့် မယူပါ ဆိုသော်လည်းမရ အတင်းပင် ပေး၏။ သူဆိုင်က ထွက်သွားမည်အပြုတွင် အဘိုးကြီးက…

"ကျေးဇူးရှင်ရဲ့ နာမည်ကလေးမှတ်ထားပါရစေ"

ဟု မေးသောအခါ တည်ငြိမ်ပြတ်သားသောအသံဖြင့်

"ဆားပုလင်းရဲ့ခေါင်းပါ"

ဟု ပြောကာ အေးအေးလူလူ ထွက်ခွာသွားတော့သည်။

"အင်း ဆားပုလင်းရဲ့ခေါင်းတဲ့၊ ဒါကြောင့်လည်း ဒီလူ မြန်မာတစ်ပြည်လုံး ဟိုးလေးတကျော် နာမည်ကြီးနေတာကိုး"

ဟု ဦးကံကြီးမောင်က အပြန်လမ်းတွင် ရန်ရှင်းအား ပြောပြ





ခဲ့လေသည်။ ပြီးလျှင်ဆက်၍…

"ဒီလူ ဘာကြောင့် ဒီနယ်မြေကိုရောက်နေရတာလဲ"

"အကြောင်းတော့ ရှိမယ်ကွ။ မင်းကိုလည်း ငါတစ်ခုတော့ သတိပေးထားမယ်။ ဒီလူနဲ့ ဘာလုပ်လုပ် ထိပ်တိုက်မတွေ့မိအောင် ရှောင်ပေတော့"

သူတို့ အိမ်ပြန်ရောက်သောအခါ သူ့အမေ ဒေါ်မြက စောင့်ကြိုနေကာ…

"ဘယ်တွေလျှောက်သွားနေတာလဲသားရဲ့"

"မြို့ထဲဘက်ပါအမေ"

"ထမင်းစားတော့မလား"

"အပြင်မှာစားခဲ့ပြီအမေ"

"ဪ မင်းကို မိန်းမတစ်ယောက် စာလာပေးသွားတယ်"

"ဗျာ"

ရန်ရှင်း အံ့အားသင့်သွားသည်။ ဤအရပ်ဒေသတွင် သူက ဘယ်မိန်းမနှင့်မှ အဆက်အသွယ်ရှိခဲ့သည်မဟုတ်။

"ဘယ်သူတဲ့လဲ"

"လာပေးတဲ့မိန်းမဟာ ခင်စိန်တဲ့။ ပုန်းညက်မြိုင်အိမ်ကြီးဟာ ခင်လေးမူက ပေးခိုင်းလိုက်တာလို့ ပြောတယ်"

ဒေါ်မြက စာကိုပေးရင်းပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



*ကိုရန်ရှင်း*

*မနက်ဖြန်ဆို ဦးစက္ကိန်တို့ အလုပ်ကိစ္စနဲ့ မြို့ငသာကို ခရီးထွက်ကြလိမ့်မယ်။ ခြံထဲမှာ အစောင့်အကြပ်လည်း နည်းမယ်၊ ကျွန်မကိုရှင်လာခေါ်ဖို့ အခွင့်ကောင်းပဲ။ အဲဒီည မှောင်တာနဲ့ အိမ်ထဲကို ခိုးဝင်ခဲ့ပါ။ ကျွန်မစောင့်နေမယ်။ အခုစာလာပေးတဲ့ မခင်စိန်က ကျွန်မအဖြစ်ကိုသိပြီး သနားနေတယ်။ သူက သဘောလည်းကောင်းတယ်။ ဒါကြောင့် အကူအညီတောင်းပြီး စာသွားပေးခိုင်းလိုက်ရတာပဲ။ ဆက်ဆက်လာခဲ့ပါ။ ဒီလိုအခွင့်အရေးမျိုး နောက်တစ်ကြိမ်ရဖို့ မလွယ်ဘူး"*

*ခင်လေးမူ*

ဟူ၍ဖြစ်သည်။

ကံကြီးမောင်က စာကိုယူဖတ်ကြည့်ကာ

"မင်းဘယ်လိုသဘောရသလဲ"

"ဘယ်လိုသဘောရ ရမှာလဲ။ ကျွန်တော်သွားခေါ်ရမှာပေါ့"

"ဒါဟာ ခင်လေးမူလက်ရေးဆိုတာ သေချာရဲ့လား"

"အဲဒါတော့မသိဘူး။ သူ့လက်ရေးကို ဒီအရင်က ကျွန်တော် တစ်ခါမှ မမြင်ဖူးဘူးလေ"

ကံကြီးမောင်က ခေါင်းကုတ်လိုက်သည်။

"သေသေချာချာစဉ်းစားဦးကွ။ ဒါသူတို့ ဆင်ထားတဲ့ ထောင်ချောက် ဖြစ်နိုင်တယ်။ ဒီမခင်စိန်ဆိုတဲ့ မိန်းမက ယုံရပါ့မလား"

"မသိဘူးလေ။ ဒါပေမဲ့ ဒီအခွင့်အရေးကိုတော့ ကျွန်တော်လည်း





လက်လွှတ်မခံနိုင်ဘူး။ ထောင်ချောက်ပဲဖြစ်ဖြစ် ဇွတ်တိုးဝင်ရမှာပဲ"

"ငါတော့ ဒီကိစ္စကို သိပ်မသင်္ကာဘူးကွာ"

ကံကြီးအောင်က သံသယစိတ်ဖြင့် ညည်းတွားနေသည်။ ရန်ရှင်းက...

"တကယ်လို့ ဒီကိစ္စကို ဦးစက္ကိန်သာစီစဉ်တယ်ဆိုရင် ကျွန်တော် ဒီအိမ်မှာရှိနေတဲ့နောက် ဒီလိုရှည်ရှည်ဝေးဝေး စာတွေဘာတွေပေးပြီး မျှားခေါ်နေမှာ မဟုတ်ဘူး။ ဒီအိမ်မှာ အုပ်စုနဲ့လာတိုက်ပြီး ကျွန်တော့်ကို ဖမ်းသွားမှာပေါ့"

ဟု စောဒကတက်ကြည့်၏။ ကံကြီးမောင်က...

"မဟုတ်ဘူးလေ။ ဒီလိုလုပ်ဖို့ဆိုတာ ပတ်ဝန်းကျင်ကလည်း ရှိသေးတယ်။ မင်းအမေကလည်း ပုလိပ်တွေ သွားတိုင်ရင် သူတို့ ဖြေရှင်းရခက်သွားမှာပေါ့။ ဦးစက္ကိန်ဆိုတဲ့လူက အင်မတန်ဉာဏ်များတဲ့လူ မင်းစဉ်းစားဦး"

ဟုဆိုကာ အိမ်ပြန်သွားသည်။ ဒေါ်မြက နားမလည်စွာ...

"ဘာတွေဖြစ်နေတာလဲသား ၊ အမေ့ကို ပြောပါဦး"

ဆိုသောအခါ...

"ဘာမှမဟုတ်ဘူးအမေ။ စိတ်ပူမနေပါနဲ့"

ဟုဆိုကာ သူတစ်ကိုယ်တည်း စမ်းချောင်းကလေးဘေးတွင် သွားထိုင်ရင်း အတွေးနယ်ချဲ့နေမိလေသည်။

✱



www.burmeseclassic.com

www.burmeseclassic.com

## ၁၂။ တစ်ဖက်လပ်သိုကြီး၏ ကာလဲ့စား

နောက်တစ်နေ့ မနက်စောစောတွင်ပင် ရန်ရှင်းသည် အိမ်က ထွက်လာခဲ့ကာ ပုန်းညက်မြို့င်ခြံကြီးကို ကောင်းစွာမြင်နိုင်အောင် အရွက် ထူထပ်စွာရှိသည့် မလှမ်းကမ်းမှ သစ်ပင်ကြီး တစ်ပင်ပေါ်သို့ တက်ကာ အိမ်ကြီးကို စောင့်မျှော်ကြည့်ရှုနေခဲ့လေသည်။

ကိုးနာရီ ဆယ်နာရီခန့် ရှိသောအခါ ဦးစက္ကိန်နှင့်အဖွဲ့သည် မြင်းများကို ဒုန်းစိုင်းစီးကာ ခြံထဲက ထွက်သွားတာမြင်လိုက်ရသည်။ ဦးစက္ကိန်သည် သူဝတ်ဆင်နေကျ ရှမ်းဘောင်းဘီ ကတ္တီပါအနီရဲနှင့် လောင်းကွတ်အနက်ကြီးကို ဝတ်ဆင်ထားကာ ပဝါတစ်စကို ခေါင်းတွင်ပေါင်းထားတာ တွေ့ရ၏။ သူ့ကို ကံကြီးမောင်က မြို့ထဲသွားလည်နေခိုက် ပြထားသဖြင့် ဦးစက္ကိန်ကို ကောင်းစွာသိရှိပြီး ဖြစ်နေလေသည်။

သူသည် ထမင်းကို ထုပ်ယူလာခဲ့ကာ သစ်ပင်ပေါ်တွင်ပင် စား၍ တစ်နေ့လုံး ခြံကြီးကို စောင့်စားကြည့်ရှုနေခဲ့သည်။ ခြံထဲတွင်





လှုပ်ရှားသွားလာနေသော လက်နက်ကိုင်သုံးယောက်ကိုသာ တွေ့ရ၏။ တခြားသူများကိုမတွေ့ရ။ ခင်လေးမူအခန်းကို ကြည့်သောအခါ အခန်းထဲတွင် လှုပ်ရှားသွားလာနေသော ခင်လေးမူ၏ အရိပ်အယောင်ကို တွေ့ရ၏။ တစ်ခါတစ်ရံ ပြတင်းပေါက်ဝတွင် လာရပ်ကာ လက်ထောက်ငေးမျှော်နေသည်ကို မြင်ရတော့ သူ့ရင်ထဲတွင် နာကျင်စွာ ခံစားရလေသည်။ ခင်လေးမူ ပေးပို့လိုက်သောစာသည် အစစ်အမှန်ပင်ဖြစ်ရမည်ဟု ယူဆကာ ရန်ရှင်းသည် ညနေစောင်းသည်နှင့် သစ်ပင်ပေါ်က ဆင်းကာ အိမ်ပြန်လာခဲ့လေသည်။

ကံကြီးမောင်ကို တွေ့သောအခါ သူမြင်ခဲ့ရသမျှ အကြောင်းစုံကို ပြန်ပြောပြလိုက်၏။

"အေးလေ ဒီတစ်ခါက်သေချာရင်လည်းသွားပေါ့။ ညကျရင် ငါလည်းလိုက်ခဲ့မယ်"

"ဟာ...မဖြစ်ဘူး ဦးကံကြီးမောင်။ ဒီကိစ္စ ခင်ဗျား ဝင်ပါလို့ မဖြစ်ဘူး။ ကျွန်တော်က တစ်ခုခုဖြစ်သွားရင် အမေ့ကို ဘယ်သူကြည့်မလဲ။ အဲဒီဟာလည်း အရေးကြီးပါတယ်"

ဟု တောင်းပန်သဖြင့် လိုက်ဖို့ ကိစ္စကို ဦးကံကြီးအောင်က လက်လျှော့သွားလေသည်။

ညရောက်သောအခါ ခြောက်လုံးပြူးကို ကျည်အပြည့် ဖြည့်ကာ ရန်ရှင်းသည် အိမ်က ထွက်လာခဲ့သည်။ ပုန်းညက်မြို့င်အနားရောက်သောအခါ ခြံထဲသို့ကျော်ဝင်ကာ ခုန်ချလိုက်ပြီး ပုန်းညက်ပင်ကြီး တစ်ပင်နောက်တွင် ဝင်ပုန်းနေလိုက်သည်။ ခြံထဲတွင် လက်နက်ကိုင် တစ်ယောက်ကား လှည့်ပတ်ကင်းစောင့်နေသာ တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုကင်းသမား သူ့အနားရောက်လာသောအခါ နောက်ကနေ၍ ခေါင်းကို သေနတ်ဒင်ဖြင့် ဆတ်ထုလိုက်လေ၏။ ကင်းသမားမှာ ပျော့ခွေလဲကျသွားသည်။ တော်တော်နှင့် ပြန်ထလာနိုင်မှာမဟုတ်။ သူက အိမ်မကြီးဆီသို့ ချဉ်းကပ်လာကာ မှန်ပြတင်းမှအတွင်းသို့ ချောင်းကြည့်လိုက်သည်။ အစောင့်နှစ်ယောက်သည် ဧည့်ခန်းထဲရှိ စားပွဲတွင်ထိုင်ကာ သောက်စားနေကြသည်ကို တွေ့ရသည်။ သူတို့သည် အလှည့်ကျကင်းစောင့်ရမည့်ပုံပေါ်၏။

သူသည် တံခါးမကြီးဆီသို့ ချဉ်းကပ်သွားသည်။ တံခါးနှစ်ရွက်မှာ စေ့ရုံစေ့ထားသဖြင့် သူက အသာအယာ တွန်းဖွင့်ကာ ဝင်ဖို့ပြင်လိုက်သော်လည်း တံခါးရွက်ပတ္တာများက ကျွီခနဲမြည်၍သွားသည်။

စားပွဲခုံမှ လူနှစ်ယောက်က သူ့ဆီလှည့်ကြည့်လိုက်ကြ၏။ တော်သေးသည်မှာ စားပွဲပေါ်မှ မှန်အိမ်အလင်းရောင်သည် တံခါးဆီ ကောင်းစွာမရောက်ဘဲမှောင်မည်းနေခြင်းဖြစ်၏။ တစ်ယောက်က...

“ဘာလဲဟေ့ မောင်ချင်း၊ ကင်းလဲချိန်ကျနေပြီလား”

ဟု အပြင်က သူတို့အဖော်ဟု ထင်ကာ လှမ်းမေးလိုက်၏။ ရန်ရှင်းက သူတို့ထံ စကားမပြန်တော့ပဲ ပြေးထွက်သွားသည်။ အလင်းရောင်ထဲ ရောက်လာသော ရန်ရှင်းကို မြင်သည်နှင့် တစ်ယောက်က စားပွဲပေါ်တင်ထားသော သေနတ်ကို လှမ်းကောက်လိုက်သည်။ သို့သော် လေထဲတွင် ခုန်ဝင်လာသော ရန်ရှင်းက ထိုသူ၏မေးစေ့ကို ခြေထောက်ဖြင့် ခတ်လိုက်ရာ ထိုသူလွင့်စဉ်လဲကျသွား၏ ။

အနားက တစ်ယောက်ကိုမူ ဒူးတွေ တံတောင်တွေ အဆက်မပြတ် ပစ်သွင်းလိုက်ရာ ခဏချင်းမှာပင် ပျော့ခွေလဲကျသွား၏။





ခေတ္တရပ်ကာ အတွင်းက အခြေအနေကို သူလေ့လာကြည့်လိုက်သည်။ တစ်အိမ်လုံးပင် တိတ်ဆိတ်ငြိမ်သက်နေ၏။ ထူးခြားမှုတစ်စုံတစ်ရာမရှိ။

သူက အပေါ်ထပ်သို့ လှေကားအတိုင်း တက်လာခဲ့သည်။ အပေါ်ထပ်တွင်လည်း စင်္ကြံတစ်လျှောက် ထွန်းထားသော မီးတိုင်များက လွဲ၍ လှုပ်ရှားမှုအသံဗလံ တစ်စုံတစ်ရာကိုမျှ မတွေ့ရ။ သူက ခင်လေးမူ အခန်းဆီ လျှောက်သွားကာ တံခါးကိုတွန်းလိုက်ရာ အသာအယာပင် ပွင့်သွားလေသည်။ သူလာလိမ့်မည်ဆိုတာ ကြိုတင်သိသဖြင့် ခင်လေးမူက ဖွင့်ထားဟန် တူ၏ ။

ရန်ရှင်းအခန်းထဲရောက်သောအခါ ခင်လေးမူသည် သူ့ကို ကျောပေးကာ ခုတင်ပေါ်တွင် လှဲလျောင်းနေသည်ကို တွေ့ရလေသည်။ ခင်လေးမူ ကိုယ်ပေါ်က အဝတ်အစားများမှာ သူနှင့်ဆုံစဉ်က ဝတ်ထားခဲ့သော အဝတ်အစားများပင် ဖြစ်လေသည်။

သူရောက်လာမည်ကို စောင့်ဆိုင်းရင်း အိပ်ပျော်သွားခြင်း ဖြစ်မည်ဟုယူဆကာ ရန်ရှင်းက ခုတင်နားကပ်သွားပြီး ပခုံးကိုကိုင်ကာ လှုပ်နိှုးလိုက်သည်။

“ခင်လေးမူ ထလေ ထတော့”

တစ်ဖက်ကို စောင်းအိပ်နေရာမှ သူ့ဘက်ကို လှည့်လာသည်ကို မြင်ရသောအခါ ရန်ရှင်းအံ့အားသင့်သွားသည်။ မြင်လိုက်ရသည့် မျက်နှာက ခင်လေးမူမဟုတ်။

“မင်း ဘယ်သူလဲ”

“မခင်စိန်”



www.burmeseclassic.com

www.burmeseclassic.com



သူထောင်ချောက် အဆင်ခံလိုက်ပြီဖြစ်ကြောင်း ရန်ရှင်းက ရိပ်စားလိုက်မိသည်။ မခင်စိန်ဆိုသော မိန်းမက သူ့လက်ထဲတွင် ဆုပ်ထားသောအမှုန့်များနှင့် ပက်လိုက်၏။ ရန်ရှင်း မွန်ထူ၍ သွားသည်။ ထို့နောက် မျက်လုံးတွေ ပြာဝေလာ၍ ခုတင်ပေါ် မှောက်လျက်ကျကာ မေ့မျောသွားလေတော့သည်။

ဒီတော့မှ မခင်စိန်ဆိုသော မိန်းမသည် ထိုအခန်းထဲက ထွက်ကာ ကပ်လျက်တွင်ရှိသော ဦးစက္ကိန်၏အခန်းတံခါးကို သွားဖွင့်လာလိုက်၏။ အခန်းထဲတွင် ဦးစက္ကိန်၊ တစ်ဖက်လပ်ညိုကြီးနှင့်တခြားတပည့်နှစ်ယောက် ရှိနေလေသည်။

"အားလုံးပြီးသွားပြီလားဟေ့"

မခင်စိန်ကိုတွေ့သည်နှင့် ဦးစက္ကိန်က မေးလိုက်သည်။

"ပြီးပါပြီ သခင်ကြီး"

ဦးစက္ကိန်တို့က အခန်းထဲက ထွက်သွားကြသည်။ ထိုအခန်းထဲတွင်ပင် ခင်လေးမှုကို ပါးစပ်များပိတ်ဆို့ကာ ကုလားထိုင်တစ်လုံးတွင် ကြိုးတုပ်ချုပ်နှောင်ထားလေသည်။

*

ရန်ရှင်းသည် ရုတ်တရက် အေးမြသော အတွေ့အထိကြောင့် သတိရလာ၏။ ကြည့်လိုက်သောအခါ သူ့ကိုတုပ်တန်းတစ်ခုတွင် လက်နှစ်ဖက်ကို ကြိုးဖြင့်စုချည်၍ တွဲလောင်းချထားကြောင်း တွေ့ရ၏။ တစ်ဖက်လပ်ညိုကြီးက သူ့မျက်နှာကို ရေဖြင့် ပက်လိုက်ခြင်းကြောင့် ဖြစ်လေသည်။

နေရာမှာ ဤအိမ်ကြီးအောက်တွင် လျှို့ဝှက် ဆောက်လုပ်ထား





သော မြေတိုက်ခန်း ဖြစ်ပုံရ၏။ ဦးစက္ကိန် ညိုကြီးတို့နှင့်အတူ အခြားတပည့်နှစ်ယောက်လည်း ရှိနေလေသည်။

"ဪ...ရန်ရှင်းတဲ့။ မင်းတို့နဲ့ ငါနဲ့ကလည်း ရေစက်ပဲ ဆုံနိုင်လွန်းတယ်။ အေးလေ ပြီးတာတွေလည်း ပြီးပါစေတော့ကွာ။ ငါလိုချင်တာ မဏိဓောတ ပတ္တမြားကြီးပဲ။ ဒီတော့ အဲဒီပတ္တမြားကြီး ဘယ်မှာ ဝှက်ထားတယ်ဆိုတာ ပြောရင် မင်းတို့ ချစ်သူနှစ်ဦးကို အသာတကြည် ထွက်သွားခွင့်ပေးမယ်။ ဘယ်လိုလဲ"

ဦးစက္ကိန်က စေ့စပ်စကားပြောလာသည်။ သို့သော် ...

ရန်ရှင်းက

"ခင်ဗျား စိတ်ကူးယဉ်မနေနဲ့ ဦးစက္ကိန်။ ကျုပ်တို့ ဘယ်နှစ်ဘဝပဲပြောင်းပြောင်း ဒီပတ္တမြားကြီးကိုတော့ ခင်ဗျားလို လူယုတ်မာလက်ထဲ ဘယ်တော့မှ အရောက်မခံဘူး"

ရဲရဲတောက်ပြောကြားလိုက်၏ ။ တစ်ဖက်လပ်ညိုကြီးက...

"ဒီကောင် တော်တော်ခေါင်းမာပါလား။ ဆရာကြီး ကျွန်တော့်ကြာပွတ်စွမ်းပြလိုက်ရင် ဒီကောင် ကြာကြာတောင့်မခံနိုင်ဘူး"

ဟုဆိုကာ နံရံတွင် ချိတ်ထားသော ကြာပွတ်အနက် တစ်ချောင်းကို ဆွဲယူကာ လေထဲတွင် တရွမ်းရွမ်းမြည်အောင် ရိုက်ခတ်လိုက်လေသည်။ ပြီးတော့ တွဲလောင်းဖြစ်နေသော ရန်ရှင်းကို ရိုက်ရန်ပြင်လိုက်သည်။

"နေဦး..."

ဦးစက္ကိန်က လက်ပြကာ တားလိုက်၏ ။

"ဒီလိုပွဲမျိုးမှာ တို့ချည်းပဲ ဘယ်ကောင်းမလဲ။ ပွဲကြည့်ပရိသတ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်လောက်တော့ရှိမှ ကောင်းမှာပေါ့။ ကဲဟေ့ ဟိုကောင်မလေးကို သွားခေါ်လာခဲ့စမ်း"

သူ့တပည့်နှစ်ယောက်က မြေအောက်ခန်းလှေကားမှ ထွက်သွားကာ မကြာခင် ခင်လေးမူကို တစ်ယောက်တစ်ဖက်စီ လက်ဆွဲခေါ်ကာ ပြန်ရောက်လာကြသည်။

ခင်လေးမူသည် ရန်ရှင်းကို ကြိုးဖြင့် တွဲလောင်းချည်နှောင်ထားခြင်းခံရသည်ကို မြင်သောအခါ ထိတ်လန့်တုန်လှုပ်သွားသည်။ ထိုအခိုက်မှာပင် ဦးစက္ကိန်က ညိုကြီးအား မျက်ရိပ်ပြလိုက်ရာ ညိုကြီးက ကြာပွတ်နှင့်စတင် ရိုက်တော့သည်။ ကြာပွတ်သံတရွှမ်းရွှမ်းက မြေတိုက်ခန်းထဲတွင် ပဲ့တင်ထပ်နေလေသည်။

ကြာပွတ်က ရန်ရှင်း၏ ခန္ဓာကိုယ်ကို ရစ်ပတ်သွားကာ ထိုကြာပွတ်ကို ဆွဲယူလိုက်သောအခါ ခန္ဓာကိုယ်တွင် ဝတ်ဆင်ထားသော အင်္ကျီစပင် စုတ်ပြတ်သွားလေရာ မကြာခင်မှာပင် ရန်ရှင်း၏ ခန္ဓာကိုယ်မှာ အရှိုးရာအထပ်ထပ်။ ထိုအရှိုးရာများမှ စိမ့်ထွက်လာသော သွေးတို့ဖြင့် ရဲရဲနီနေလေတော့သည်။

ရန်ရှင်းက မအော်မိစေရန် အံကြိတ်ကာ တင်းခံထားနိုင်သော်လည်း မကြည့်ရက်သော ခင်လေးမူက ငိုယိုကာ တားမြစ်လိုက်လေသည်။

"တော်ပါတော့၊ တော်ပါတော့။ ဆက်နှိပ်စက်မနေပါနဲ့တော့။ ရှင်တို့လိုချင်တာ ပေးပါ့မယ်"

သို့သော် ရန်ရှင်းက...

"ခင်လေးမူ။ မပြောနဲ့ မပြောနဲ့ ငါသေချင်သေသွားပါစေ





မပြောနဲ့"

ဟု တားမြစ်လိုက်သည်။

ညိုကြီးက...

"ဒီကောင် တော်တော်ခေါင်းမာပါလား။ ဆရာကြီး အရင်တစ်ခါက ကျွန်တော့်မျက်လုံးတစ်ဖက်ဟာ ဒီကောင့်ကြောင့် မျက်စီးခဲ့ရတယ်။ အခုအခွင့်ရတုန်း ဒီကောင့်မျက်လုံးတစ်လုံးကို ပြန်လိုချင်တယ်"

ဟုပြောလိုက်ရာ ဦးစက္ကိန်က...

"မင်းသဘောပဲ ညိုကြီး"

ဟုအခွင့်ပေးလိုက်၏။ ညိုကြီးဟာ မီးလင်းဖိုဆီ လျှောက်သွားကာ တောက်လောင်နေသော မီးပုံထဲမှ မီးဆွသံချောင်းတစ်ချောင်းကို ဆွဲယူကာ ရန်ရှင်းအနီးချဉ်းကပ်လာ၏။ ပြီးတော့ ရဲရဲတောက်နေသော သံချွန်ချောင်းနှင့် ထိုးရန်ရွယ်လိုက်ရာ...

"မလုပ်ပါနဲ့ ကျွန်မပြောပါတော့မယ်။ မလုပ်ပါနဲ့"

ခင်လေးမူက အထိတ်တလန့် အော်ဟစ်တားမြစ်လိုက်၏။ ဦးစက္ကိန်က လက်ကာ၍ ညိုကြီးကို တားလိုက်သည်။ ညိုကြီးက မကျေမချမ်းနှင့် ရပ်လိုက်၏။ ဦးစက္ကိန်က အထက်စီးလေသံဖြင့်...

"ကဲ ပြော ဘယ်မှာဝှက်ထားသလဲ"

"ကာလီမာ ဘုရားကျောင်းပျက်ကြီးထဲမှာပဲ"

"ငါထင်တော့ထင်သားပဲ။ ဒါပေမဲ့ တို့လည်း နှံ့အောင် ရှာပြီးပြီ။ လုံးဝမတွေ့ဘူး။ မင်းလိမ်တာတော့ မဟုတ်ပါဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တွေ့နိုင်မလဲ။ အဲဒီမှာ အံ့ဝှက်တစ်ခု ရှိတယ်။ အဲဒါကို ကျွန်မတို့နှစ်ယောက်ပဲ သိတယ်"

"ကောင်းပြီလေ။ အခုညဥ့်နက်နေပြီ။ သွားလို့ မဖြစ်တော့ဘူး။ မနက်ဖြန်မနက်ကျမှပဲ သွားကြတာပေါ့။ ကဲ ကောင်မလေးကို သူ့အခန်းထဲပြန်ခေါ်သွား"

ဦးစက္ကိန်တပည့်တစ်ယောက်က ခင်လေးမူကို မြေတိုက်ခန်းထဲမှ ပြန်ခေါ်ကာ ထွက်သွားသည်။ ဦးစက္ကိန်အချက်ပြသဖြင့် ညိုကြီးဟာ တုပ်တန်းတွင် ချည်နှောင်ထားသည့် ကြိုးကိုဖြေကာ ရန်ရှင်းကို မြေပေါ်ချလိုက်သည်။ ရန်ရှင်းသည် သူ့ကို ကြာပွတ်နှင့် ရိုက်နက်ထားသည့် ဒဏ်များကြောင့် ခြေဖြင့်ရပ်တည်မနေနိုင်ပဲ မြေတိုက်ခန်း မြေပြင်ပေါ် လဲခွေကျသွား လေသည်။ ဦးစက္ကိန်နှင့်အဖွဲ့က ထွက်ခွာသွားကာ မြေတိုက်ခန်းတံခါးကို ပိတ်လိုက်၏။ အခန်းထဲတွင် မီးလင်းဖို မီးတောက်နှင့်အတူ ရန်ရှင်းသာ ကျန်နေခဲ့တော့သည်။

ရန်ရှင်းသည်အတန်ကြာအောင် ငြိမ်သက်စွာလဲလျောင်းရင်း အသက်ကို မှန်မှန်ရှူနေလေသည်။ ခဏကြာသောအခါ စိတ်ငြိမ်စွာ အနားယူလိုက်ရသဖြင့် သူသည်အတော်ပင် လန်းဆန်းကာ အားအင်ပြည့်ဖြိုးလာ၏။ ထို့နောက် လှဲရာမှ အားယူထကာ အုတ်နံရံကို ကျောမှီထိုင်လိုက်သည်။ ပြီးလျှင် လက်တွင် ချည်နှောင်ထားသည့် ကြိုးကိုပါးစပ်ဖြင့်ကိုက်ကာ ဖြည်လိုက်၏။ လက်များလွတ်လပ်သွားသောအခါ အခန်းထဲတွင် စားစရာကို ရှာကြည့်သည်။





အခန်းထောင့်တွင် ရေအိုးတစ်အိုးကို တွေ့ရ၏။ ခုတင် သုံးလုံးတွေ့ရ၏။ ခုတင်ခေါင်းရင်းတွင် ဖီးကြမ်းငှက်ပျောသီးတစ်ဖီးကို တွေ့ရရာ ဝမ်းသာ၍သွားလေသည်။ ဤအခန်းသည် သူ့ကို မချုပ်နှောင်ခင်က ဦးစက္ကိန်၏ တပည့်အချို့နေရာဖြစ်ပုံရ၏ ။ မနက်ဖြန်တွင် ဦးစက္ကိန်တို့ကို ရင်ဆိုင်တိုက်ခိုက်ဖို့အတွက် သူ အားအင် ပြည့်ဖြိုးနေဖို့ လိုသည်။ သူက ငှက်ပျောသီးကို တဝစားကာ ရေအေးအေးသောက်လိုက်ရာ အတော်ပင် အားအင်ပြည့်ဖြိုးကာ လန်းဆန်းလာလေသည်။

သူ့ကိုယ်ပေါ်မှ ကြာပွတ်ဒဏ်ရာများကိုလည်း ငှက်ပျောသီးညှို့များဖြင့် နှိပ်နယ်ကာ ဒဏ်ဖြေပေးသည်။ အရင် သူ့အဖေနှင့်အတူနေစဉ်က သူ့အဖေအရိုက်ခံရလျှင် သူသည် ဤကဲ့သို့ပင်ကုစားနေကျ ဖြစ်သဖြင့် အလေ့အကျင့်ရနေ၏။ ထို့နောက်တွင်မူ သူသည် ခုတင်တစ်လုံးပေါ်တက်ကာ နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်နိုင်အောင် ကြိုးစားလိုက်သည်။

သို့မှသာ အားအင်ပြည့်ဖြိုးနေကာ မနက်ဖြန်တွင် ရန်သူကို ရင်ဆိုင်နိုင်မည် မဟုတ်ပါလား။

✻



www.burmeseclassic.com

www.burmeseclassic.com

## ၁၃။ ကာလီမာကျောင်းပျက်ထဲမှ မြွေဟောက်ဖြူ

နောက်တစ်နေ့ အိပ်ရာကနိုးသောအခါ ကောင်းစွာ အနားယူ လိုက်ရသဖြင့် ဒဏ်ရာတွေမှာ အနည်းငယ်နာနေရုံကလွဲ၍ ရန်ရှင်း သည် ကောင်းစွာ အားပြည့်လန်းဆန်းနေလေသည်။ သို့သော် မြေ တိုက်ခန်းထဲဝင်လာသော ခြေသံများကို ကြားသောအခါ ရန်ရှင်း သည် ခုတင်ပေါ်မှဆင်းကာ မြေကြီးပေါ်တွင်လှဲရင်း မလှုပ်မရှား နိုင်သောပုံစံ ဟန်ဆောင်ခဲ့ရာ ညိုကြီးနှင့် အခြားတစ်ယောက်က အတင်းဆွဲထူရင်း အပေါ်သို့ ခေါ်ဆောင်လာခဲ့ကြသည်။ ရန်ရှင်း သည် ကောင်းစွာမရပ်နိုင်ဟန်ဖြင့် ဒယိမ်းဒယိုင် လျှောက်နေရာ ညိုကြီးတို့က ကြိုးတုပ်ထားဖို့မလိုဟု ယူဆလိုက်ကြ၏ ။

အိမ်ပေါက်ဝ ခြံထဲတွင် ဦးစက္ကိန်သည် တပည့်တစ်ယောက် ခင်လေးမူတို့နှင့်အတူ စောင့်နေ၏။ ခင်လေးမူကိုလည်း ကြိုးဖြင့် တုပ်နှောင်ထားခြင်းမရှိချေ။

"လူထပ်ခေါ်ဦးမလား ဆရာကြီး"





ဟုမေးရာ ဦးစက္ကိန်က ကောင်းစွာလှုပ်ရှားနိုင်ပုံမရသော ရန်ရှင်းကိုကြည့်ရင်း

"မလိုဘူး တို့လေးယောက်ဆို လုံလောက်တယ်"

ဟု ပြောရင်းသွားရန် အချက်ပြလိုက်သည်။ သူတို့သည် တော ဘွင်းလမ်းခရီးဖြင့်ပင် ကာလီမာဘုရားကျောင်းပျက်သို့ ထွက်ခဲ့ကြ သည်။ ဦးစက္ကိန်၏ရည်ရွယ်ချက်မှာ တခြားသူများ မမြင်စေလိုဟန် ရှိ၏။ ထို့ကြောင့် လက်ထဲကို ပတ္တမြားသာ ရောက်ရှိသွားလျှင် ဦးစက္ကိန်သည် သူနှင့်ခင်လေးမူကို လက်စတုံးအပျောက်ရှင်းပစ်လိမ့် မည်ဟု ရန်ရှင်းက တွေးဆလိုက်၏။ ထို့ကြောင့် အခွင့်သာသည်နှင့် သူသေကိုယ်သေတိုက်ခိုက်ရန် ဆုံးဖြတ်ထားသည်။

သူ့ကို ဒဏ်ရာရထားသူဟု ဂရုမမူပဲ ကြိုးဖြင့် တုပ်နှောင် မထားသည်က ရန်ရှင်းအတွက် အခွင့်အလမ်း တစ်ပန်းသာ၍ နေလေသည်။ သူကလည်း လမ်းကိုပင် ကောင်းစွာ မလျှောက်နိုင် ဟန် ဒယိမ်းဒယိုင်လုပ်ကာ လာ၏။ ယခုလိုအခြေအနေတွင် ခင်လေး မူကို နှစ်သိမ့်စကား ပြောဖို့လည်း အခွင့်မသာပေ။

ဦးစက္ကိန်တို့ကလည်း သူတို့နှစ်ယောက်ကို စကားပြောခွင့် မပေး။ တစ်ဖက်လပ်ညိုကြီးက ခင်လေးမူ လမ်းလျှောက်ပုံနှေးတာ ကိုပင် အားမလိုအားမရဟန်ဖြင့် ပခုံးကိုတွန်းပုတ်ကာ ခပ်သုတ် သုတ်လျှောက် ခိုင်းနေလေသည်။ ဦးစက္ကိန်ကမူ ပတ္တမြားကြီး ငါ့လက် ထဲရောက်တော့မယ် ဟူသောအတွေးဖြင့် လောဘဇောတက်က စိတ်ကူးယဉ် ငြိမ်သက်နေပုံရ၏ ။ မကြာမီ သူတို့အုပ်စု ကျောင်းပျက်



www.burmeseclassic.com

www.burmeseclassic.com



ကြီးထဲ ရောက်လာသည်။ ဇီးကွက်ဖြူကြီးတစ်ကောင်က 'ဂီး' ခနဲ အော်မြည်ကာ ရုတ်တရက် ထပျံပြေးသွား၏။ ဦးစက္ကိန်၏ တပည့်တစ်ယောက်က...

"ဟာ ငှက်ဆိုးထိုးတယ်"

ဟု အလန့်တကြား ပြောလိုက်ရာ ဦးစက္ကိန်က ထိုသူ့ပါးကို ဖိတ်ရိုက်လိုက်ပြီး

"မင်းပါးစပ်ပိတ်ထား"

ဟု ကြိမ်းမောင်းလိုက်၏။ ကျောင်းပျက်ကြီးမှာ ယခင်က အတိုင်းပင် ချုံနွယ်ပိတ်ပေါင်းတွေ ပြည့်နှက်နေသဖြင့် ဦးစက္ကိန် တပည့် နှစ်ယောက်က သူတို့ယူဆောင်လာသော ဓားတက်ဓား ကိုယ်စီဖြင့် ခုတ်ထွင် ရှင်းလင်းပေးရလေသည်။

ကျောင်းတွင်း တစ်ဖက်နံရံအနီးရှိ ကာလီမာရုပ်ထုကြီးဆီသို့ သူတို့အုပ်စုရောက်ရှိသွားကြသည်။ ကာလီမာရုပ်ထုကြီးမှာ ကျိုးပဲ့ ပျက်စီးသည့်နေရာက ပျက်စီးနေသဖြင့် ကြည့်ရသည်မှာ ယခင်က ထက်ပို၍ ကြောက်မက်ဖွယ် ကောင်းနေလေသည်။

"ဟောဒီရုပ်ထုကြီးရဲ့ အောက်ခံအုတ်ခုံထဲမှာ အံဝှက်ရှိတယ်။ အဲဒီအံဝှက်ထဲမှာ ထည့်ထားတာပဲ။ အံဝှက်ကို ဖွင့်တဲ့ ခလုတ်က ဒီ လက်တံကလေးပဲ"

ခင်လေးမှုက ပြောပြောဆိုဆို လက်တံကလေးကို ဆွဲသော် လည်း လက်တံကလေးက မရွေ့ဘဲရှိသည်။

"ဘာမှလည်းမဖြစ်ပါလား"





"နှစ်တွေကြာပြီးဆိုတော့ ဖွင့်ရခက်နေတာဖြစ်မှာပေါ့"

ဦးစက္ကိန်က ညိုကြီးကို အမိန့်ပေးလိုက်သည်။

"ညိုကြီး မင်းဆွဲကြည့်စမ်း"

ဦးစက္ကိန်ကား ပါးနပ်သူဖြစ်ရာ ထိုအရာကို အန္တရာယ် ပေး မည့်ထောင်ချောက်တစ်ခုဟု ယူဆဟန်ရှိ၏ ။ ခပ်လှမ်းလှမ်းက ကဲခတ် ကြည့်နေသည်။ ညိုကြီးသည် လက်တစ်ဖက်တွင် ချောက် ပြူးသေနတ် တစ်လက်ကို ဆုပ်ကိုင်ထားကာ အခြားတစ်ဖက်က လုတ်ကို အားနှင့် ဆွဲလိုက်၏။ ရန်ရှင်းက လှေလာကြည့်လိုက်သော ခါ ဦးစက္ကိန်တို့ တစ်အုပ်စုလုံးပင် အရာရာကိုမေ့လျော့ကာ ထို နေရာတွင်သာ အာရုံကျရောက်နေတာ တွေ့လိုက်ရသည်။

ယောက်ျားအားနှင့် ဆွဲလိုက်သောကြောင့် ဖြစ်ပေမည်။ ခင်းဟက ရွေ့သွားတာနှင့်အတူ အောက်ခံအုတ်ခုံကြီးထဲမှ အံဝှက် လည်း အပြင်ထွက်လာခဲ့လေသည်။ အထဲတွင် အရောင် တလျှပ် ပ် ထွက်နေသော ပတ္တမြားကြီးမှာ သူတို့ထားခဲ့စဉ်ကအတိုင်းပင် ရာလက်ရာ မပျက်ရှိနေ၏

ဦးစက္ကိန်က ပတ္တမြားကြီးကို ကောက်ယူမည်ဟု ခြေလှမ်းစဉ်မှာ င် အနီးဆုံးနေရာတွင်ရှိသည့် တစ်ဖက်လပ်ညိုကြီးက လွတ်နေ သော လက်တစ်ဖက်ဖြင့် လှမ်းကာ ကောက်ယူလိုက်၏။ ထိုအခိုက် င် မထင်မှတ်သောအဖြစ်က ဖြစ်ပျက်လာသည်။ အံဝှက်အတွင်း က်ဘက်အပေါက်ထဲမှ လူလက်ကောက်ဝတ်လောက် ရှိသည့် ဟောက်ဖြူကြီးတစ်ကောင်က လျှောခနဲ ထွက်လာကာ ညိုကြီး၏

www.burmeseclassic.com

www.burmeseclassic.com

လက်ကို တိုက်ခဲလိုက်ခြင်းဖြစ်သည်။

အားခနဲအော်ကာ ညိုကြီးသည် လက်ထဲက ပတ္တမြားကို ချ လိုက်သည်။ ကျန်လက်တစ်ဖက်က ကိုင်ထားသော သေနတ်လည်း လွှတ်ချလိုက်ကာ နာကျင်မှုကို ကုစားရန် သူမြွေကိုက်ခံရသော လက်ကို ဆုပ်ကိုင် ဖျစ်ညှစ်လိုက်၏။ အားလုံး အံ့အားသင့်နေကြသည်။ ဦးစက္ကိန်၏ တပည့်တစ်ယောက်က သိုက်စောင့်မြွေကြီးဟု အော်လိုက်၏။

ရန်ရှင်းက ထိုအခြေအနေကို အခွင့်ကောင်းယူကာ လှုပ်ရှားလိုက်သည်။ မြေတွင်ကျနေသော ညိုကြီး၏ သေနတ်ကို ခြေထောက်နှစ်ဖက်နှင့် ညှပ်ကာ လှုပါ လေထဲတွင်ခုန်၍ မြှောက်တင်လိုက်၏။ ထို့နောက် လေထဲတွင်ပင် သူ့ခြေထောက်မြေပြင် ပြန်မကျမီ သေနတ်ကို ဖမ်းဆုပ်လိုက်ပြီး လေထဲတွင် ကိုယ်ကိုဆန့်ထုတ်ကာ ဦးစက္ကိန်ကို ချိန်ရွယ်ပစ်ခတ်လိုက်လေသည်။

အခြေအနေကို ရိပ်စားမိသွားသော ဦးစက္ကိန်သည်လည်း လျင်မြန်စွာလှုပ်ရှားလိုက်သည်။ သူ့ခါးကြားထဲမှ သေနတ်ကို ဆွဲထုတ်လိုက်၏ သို့သော် စက္ကန့်ပိုင်းမျှ နောက်ကျသွားပြီဖြစ်သည်။ ရန်ရှင်း ပစ်လိုက်သော ကျည်ဆန်က ဦးစက္ကိန်၏ နဖူးတည့်တည့်ကို ဖောက်ထွင်းကာ ဝင်ရောက်သွားလေတော့သည်။

မြေပြင်ကို ကျသည်နှင့် ရန်ရှင်းက ပေါ့ပါးစွာ လူးလဲထလိုက်၏။ ကျန်ဦးစက္ကိန်၏ တပည့်နှစ်ယောက်မှာ တိုက်ခိုက်ဖို့ မကြိုးစား လက်မြှောက်၍ နေလေသည်။ ရန်ရှင်းက...





“ခင်ဗျားတို့ကို ကျုပ်မသတ်ချင်ဘူး။ အမြန်ဆုံးဒီက ထွက်သွားပေတော့”

ဟုခွင့်ပေးသည်နှင့် ကျောင်းပျက်ထဲမှ နွားရှူးဆူးတို့ ထွက်ပြေးသွားကြလေသည်။ ခင်လေးမူက သူ့ရင်ခွင်ထဲ ပြေးဝင်ကာ ဖက်လိုက်၏။ ပြီးတော့ သူတို့နှစ်ယောက် မြွေဟောက်ကြီးကို ကြည့်လိုက်ကြသည်။ မြွေဟောက်ကြီးသည် ပါးပျဉ်းထောင်ထားရာမှ ပါးပျဉ်းကို ချလိုက်ကာ ပတ္တမြားကြီးကို ကောက်ယူပြီး မျိုချလိုက်၏ ။

ရန်ရှင်းဟာ မြွေဟောက်ကြီးကို ပစ်ခတ်ရန် သေနတ်ဖြင့် ချိန်လိုက်သည်။ သတ်ပြီးမှသာ ပတ္တမြားကြီးကို ပြန်ယူနိုင်ပေမည်။ သို့သော်...ခင်လေးမူက ရန်ရှင်း၏ သေနတ်ကိုင်ထားသော လက်ကို ဘွန်းဖယ်လိုက်သည်။

“ဒီလောက် ဒုက္ခတွေပေးတဲ့ ရတနာကြီးကို မက်မောမနေပါနဲ့တော့ရှင်”

သူတို့ရှေ့မှောက်မှ မြွေဟောက်ဖြူကြီးသည် အုတ်ခုံ အံဝှက်အတွင်းမှ လျှောဆင်းကာ ပြတင်းပေါက်အပျက်ကို ကျော်တက်၍ တောထဲသို့ ထွက်ခွာသွားလေတော့သည်။

“မူမူတို့ဘယ်သွားမလဲ”

“ဟိုမှာ ကိုကံကြီးမောင်လည်း ရှိတယ်၊ သူ့ဆီမှာ အကြွေ ဥဏ်တောင်းရမယ်”

ထို့နောက် ချစ်သူနှစ်ဦးသည် ကာလီမာကျောင်းပျက်ကြီးကို ကျောခိုင်းကာ တောလမ်းအတိုင်း ဒေါ်မြအိမ်ရှိရာသို့ လှည့်လူ မမြင်...



www.burmeseclassic.com

www.burmeseclassic.com

အောင် ခရီးနှင်လာခဲ့ကြလေတော့သည်။

ယခင်ကပင် ရှိလာခဲ့သော ရန်သူဟောင်းများကို ကလဲ့စားချေပြီးဖြစ်သဖြင့် နှစ်ဦးလုံး၏ ခြေလှမ်းများမှာ ပေါ့ပါးသွက်လက်၍ နေကြလေတော့သည်။

*



## ၁၄။ ပယောဂလား၊ စိတ္တဇလား

ရန်ရှင်း၏ကိုယ်မှ ဒဏ်ရာဒဏ်ချက်များကို မြင်သောအခါ ဒေါ်မြမှာ မျက်ရည်စက်လက်ဖြင့် ငိုကြွေးပြန်လေသည်။

"ဒီကိစ္စတွေကို အမေမသိချင်ပါနဲ့၊ အမေ့အနေနဲ့ မသိရတာ ပိုကောင်းမယ်ထင်လို့ ပြောမပြတာခွင့်လွှတ်ပါ"

ဒေါ်မြက ဒဏ်ရာတွေကို ဆေးလူးပေးသည်။ ကံကြီးမောင်ကိုတော့ ရန်ရှင်းက ချောင်းစပ်ဘေးသို့ ခေါ်သွားကာ အားလုံး ပြောပြလိုက်၏။

"ကောင်းလိုက်တာကွာ ဆင်းရဲသားတွေကို ဖိနှိပ်နေတဲ့ ဒီလူစုပြိုကွဲသွားပြီဆိုတော့ တို့နယ်မြေအေးချမ်းပြီပေါ့။ မင်းက တကယ့်သူရဲကောင်းပဲ။ ဒါပေမယ့် ရဲအဖွဲ့ကတော့ ဒီလိုမြင်မှာမဟုတ်ဘူး။ ဒီမှာ ဆားပုလင်းရဲခေါင် ဆိုတဲ့စုံထောက်ကျော်လည်း ရောက်နေတယ်ဆိုတော့ ချက်ချင်းခြေရာခံလာမှာပဲ။ ဒီတော့ ဒီနေ့ညနေပေါင်းတာနဲ့ မင်းတို့ ဒီမြို့က ခွာပေတော့။


www.burmeseclassic.com

www.burmeseclassic.com



"တစ်ရက်နှစ်ရက်လောက် ဒီမှာခိုအောင်းနေတာ ပိုမကောင်းဘူးလား"

ခင်လေးမှုက မေးလိုက်သည်။ ကံကြီးမောင်က...

"ငါ့သဘောကတော့ ဒီနေရာက မြန်မြန်ခွာလေကောင်းလေပဲ။ ဦးစက္ကိန်ရဲ့ တပည့်အဆွယ်အပွားတချို့ကလည်း မင်းကိုကလဲ့စားချေဖို့ ကြိုးစားချင် ကြိုးစားမယ်"

"ကျွန်တော်တို့ ဘယ်ကိုသွားရင်ကောင်းမလဲ"

"အကောင်းဆုံးကတော့ ရန်ကုန်ပဲ။ ငါအကြံရတာ တစ်ခုရှိတယ်။ ခင်လေးမှု တစ်ယောက်တည်း အိမ်ကိုပြန်သွား။ ပြီးတော့ ရှူးချင်ယောင်ဆောင်နေ။ ကြောင်တောင်တောင် စကားတွေပြောစိတ်ရှုးပေါက်ပြီး အိမ်ကထွက်သွားတာပေ့ါ"

"ဒါဆို ကျွန်တော်တို့ချင်း ခွဲနေရတော့မှာပေ့ါ"

"ငါ့မှာအစီအစဉ်ရှိပါတယ်။ မင်းကဘိုးတော်ယောင် ဆောင်ရမယ်။ ပယောဂကုတယ်ပေ့ါ။ အဲဒီအိမ်ကို အဲဒီလိုပုံစံနဲ့ဝင်ကွာ။ ခင်လေးမှုကလည်း ဘယ်ဆရာကုကုမပျောက်တာ မင်းနဲ့ကျမှပျောက်တယ် ဆိုတော့ သူ့မိဘတွေက နေရာပေး လေးစားကြမှာပဲ။ အဲဒီမှာခိုအောင်းနေ လူသတ်တရားခံပြေး တစ်ယောက်က အရေးပိုင်အိမ်မှာပုန်းနေလိမ့်မယ်လို့ ဘယ်သူတမှ စဉ်းစားမိမှာမဟုတ်ဘူး။ အဲဒီနေရာဟာ မင်းတို့နှစ်ယောက်စလုံးအတွက် အလုံခြုံဆုံးနေရာပဲ"

"ကောင်းလိုက်တဲ့အကြံဗျာ။ ဦးကံကြီးမောင်ကို ကျွန်တော် အထင်ကြီးသွားပြီ"

"ဒါဆို ခဏအနားယူကြဦး။ နေ့လယ်ထွက်တဲ့ကားနဲ့ပဲ ရန်ကုန်သွားကြမယ်။ မင်းတို့ကို ငါလိုက်ပို့မယ်။ တို့ ရုပ်ဖျက်မှဖြစ်မယ်။ ငါနဲ့ ခင်လေးမှုက သားအဖလိုသွားမယ်။ မင်းက တစ်ကိုယ်တည်းသွား"

"ကောင်းတယ်"

ထို့နောက် အိမ်သို့ပြန်ကာ ဒေါ်မြကျွေးသော ထမင်းကိုစားပြီး ရန်ရှင်းက သူတို့သွားတော့မည့်အကြောင်း နှုတ်ဆက်စကားပြောရာ ဒေါ်မြ မျက်ရည်ကျရပြန်သည်။

"သားလေးနဲ့ အမေ ပြန်မဆုံတော့ဘူးလား"

"ဒီလိုမဟုတ်ပါဘူးအမေ။ အခွင့်သာရင် ပြန်ဆုံကြတာပေ့ါ။ အမေ့ကျေးဇူးတွေကို သားဒီတစ်သက်မမေ့ပါဘူး"

ဟုနှစ်သိမ့်ရလေတော့သည်။

သိပ်မကြာခင်မှာပင် ခင်လေးမှုနှင့် ဦးကံကြီးမောင်တို့သည် သားအဖပုံစံဖြင့် ထိုမြို့အဝေးပြေးကားဂိတ်သို့ ရောက်ရှိ လာလေသည်။ ခင်လေးမှုသည် တောသူတစ်ယောက်လို နွမ်းပါးသောအဝတ်အစားများဖြင့် ဝတ်စားပြင်ဆင်ထားရာ ရုတ်တရက်မှတ်မိဖို့ မလွယ်ချေ။ ခေါင်းတွင် ပုဆိုးတစ်ထည်ကိုပတ်ကာ လွယ်အိတ်အဟောင်း တစ်လုံးကို စလွယ်သိုင်းလွယ်ထားရာ ပီဘိတောသူမလေးပုံပေါက်နေတော့၏။

ကားထွက်ခါနီးအချိန်တွင် စစ်အင်္ကျီအဟောင်း ဝါးဖတ် ဦးထုပ်ဆောင်းထားကာ လွယ်အိတ်စုတ်တစ်လုံး လွယ်ထားသည့် အမျိုးသားတစ်ယောက် ရောက်လာ၏။ သူ့ခြေထောက်တစ်ဖက်က ထော့နဲ့ထော့နဲ့ဖြစ်နေ





www.burmeseclassic.com

www.burmeseclassic.com

ထားသကဲ့သို့ ကောက်ကွေး၍ တရွတ်ဆွဲနေလေရာ သူသည် ချိုင်းထောက်ကို အားပြုသွားနေရလေသည်။ ကားမှာစက်နှိုးစ ပြုနေပြီဖြစ်သဖြင့် သူ့ကိုစပယ်ယာကလေးကပင် ကားပေါ်ကူညီကာ တွဲတင်ပေးလိုက်ရ၏။ ထိုသူကား ရန်ရှင်းဖြစ်ကြောင်း ဖော်ပြဖို့လို မည်မဟုတ်တော့ပေ။

နောက်တစ်နေ့တွင် ခင်လေးမူသည် သူ့အိမ်သို့ တစ်ကိုယ်တည်း ပြန်သွားလေသည်။ အရေးပိုင်မင်းနှင့် အရေးပိုင်ကတော်မှာ သမီးပြန် ရောက်လာသဖြင့် ဝမ်းသာအားရဖြစ်ကြပါတော့သည်။ သို့သော် ဖြစ်သမျှ ပျက်သမျှကို ဘာတစ်ခွန်းမှမေးမရဘဲ သူ့ဘာသာ အချိန်ရှိသရွေ့ တငိုငို တရယ်ရယ်ဖြစ်နေသဖြင့် ထိတ်လန့် တုန်လှုပ်သွားကြလေသည်။

ဆရာဝန်ကြီးများက အမျိုးမျိုး စစ်ဆေးကြည့်ရှုကြပြီးနောက် သူတို့ကုနိုင်သော စိတ္တဇရောဂါမဟုတ်၊ ပယောဂသာဖြစ်သည်ဟု လက်မြှောက်သွားကြကုန်လေသည်။ ထို့ကြောင့် အရေးပိုင်နှင့်အရေးပိုင်ကတော်သည် နီးစပ်သော အသိုင်းအဝိုင်းမှတစ်ဆင့် ဝိဇ္ဇာ၊ ဘိုးတော်၊ မယ်တော်၊ ဂိုဏ်းဆရာ ပျောက်စေဆရာဆိုသူ အမျိုးမျိုးကို ပင့်ဖိတ်ကုသပါသော်လည်း ခင်လေးမူ၏ ရောဂါမှာ သက်သာလာခြင်း မရှိလေရာ တစ်နေ့တခြား သောကရောက်၍ နေကြလေသည်။

ခင်လေးမူကား ငိုချင်ငို၏။ ရယ်ချင်ရယ်၏။ ဆံပင်းပန်းကန်တွေကို လွှတ်ပစ်ချင်လွှတ်ပစ်၏။ ပါးစပ်က သူတို့ နားမလည်သော စကားတွေကို ပြောဓ၏။ မဏိဓောတပတ္တမြားကြီး၊ သိုက်စောင့်မြွေ၊ အရင်ဘဝက မောင်တော်စသည်ဖြင့် နားမလည်သူတွေ အမိဖွာယ်ကောက်မရ။

တစ်နေ့သ၌ သူတို့အိမ်သို့ မည်သူကမှ မပင့်မဖိတ်ရဘဲ ဝိတ်ဖြူ စင်ကြယ်နှင့် သားနားသောရုပ်ရည်ရှိသည့် အသက်ငယ်ရွယ်သော ဘိုးတော်တစ်ပါး ကြွလာ၏။ သူက သူ့ကိုယ်သူ မနော့မယအောင်ဇေယျဟု မိတ်ဆက်၏။ သူသည် ရက်ရှည်အဓိဋ္ဌာန်ဖြင့် သထုံကေလာသတောင်တွင် စခန်းတက်တောကျင့်စဥ်ဝင်နေစဉ် သူ့အထက်က ဆရာကြီးများ၏ အမိန့်ပေး ညွှန်ကြားချက်အရ အရင်ဘဝက ပဋ္ဌာန်းဆက်ရှိသော နှမတော်လေးကို ကယ်တင်ရန် ရောက်လာခဲ့ရပါသည်ဟုဆိုသည်။

ရေနစ်သူလို ကောက်ရိုးတစ်မျှင်ကိုပင် အားပြုဆုပ်ကိုင်ရတော့မည့် အရေးပိုင်လင်မယားမှာ မနော့မယအောင်ဇေယျထံ သူတို့သမီးကို အပ်လိုက်ရာ အောင်ဇေယျမန်းကာတိုက်သော ရေမန်းတစ်ခွက်ကို သောက်ရရုံ နှင့် အနေအထိုင်အပြောအဆိုကအစပြောင်းကာ ကောင်းမွန်လာသဖြင့် ဝမ်းသာမဆုံး ရှိကြလေသည်။ အိမ်တွင်ပင် သီတင်းသုံးပါရန် တောင်းတောင်းပန်ပန် ပြောကြား ဖိတ်ခေါ်ထားလိုက်လေတော့သတည်း။

*

ယာတဲတစ်ခုအနီး စမ်းချောင်းကလေးဘေးတွင်ရှိ တောထဲ၌ ဒေါ်မြသည် အရင်ဘဝက သေကွဲကွဲခဲ့ရသည့် သားဖြစ်သူကို ပြန်တွေ့ရသဖြင့် ဝမ်းသာမဆုံးဖြစ်နေချိန်မှာပင် ရှင်ကွဲတစ်ဖန် ကွဲရပြန်သဖြင့် စိတ်မကောင်းဖြစ်၍ နေမိလေသည်။





www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်မှာပင် သူ့တဲဆီသို့ အသက်သုံးဆယ်ခန့်ရှိ ရည်မွန်သော ရုပ်လက္ခဏာနှင့် မြန်မာဆန်ဆန်ဝတ်စားထားသူတစ်ယောက် ရောက်ရှိလာလေသည်။ သူသည် ဒီဂရီရွှေကိုင်း မျက်မှန်တစ်လက်ကို တပ်ဆင်ထားကာ ပင်နီတိုက်ပုံနှင့် လွယ်အိတ်တစ်လုံးလည်း လွယ်ထားသည်။ ဒေါ်မြက ထိုစဉ်ကခေတ်စားနေသော သခင်နိုင်ငံရေးသမား ပေါက်စတစ်ယောက်ဟု ထင်လိုက်၏။

"မောင်ရင်က သခင်လားဟေ့။ ဘာကိစ္စရှိလို့လဲ"

"မဟုတ်ဘူးခင်ဗျ။ ကျွန်တော်က စာရေးဆရာပါ"

ဟု ထိုလူရွယ်က မွန်မွန်ရည်ရည်နှုတ်ဆက်သည်။

"ငါကတော့ စာလည်းကောင်းကောင်း မဖတ်တတ်၊ ဝတ္ထုဆိုလို့ တစ်ခါမှမဖတ်ဖူးဘူး။ စာရေးဆရာဆိုလို့လည်း တစ်ခါမှ မမြင်ဖူးဘူး။ အခု မင်းကိုမြင်ရတာ ပထမဆုံးပဲဟေ့။ ဘာကိစ္စလဲ ပြောပါဦး"

"တကယ့်အဖြစ်အပျက်လေးတွေ အခြေခံရေးရတာ ပို စိတ်အားထက်သန်ပါတယ်။ ဒီဒေသတစ်ဝိုက်မှာတော့ နှင်းနုနဲ့ သွေးဆက်ဆိုတဲ့ ချစ်သူနှစ်ဦးရဲ့အဖြစ် လူတိုင်း ပြောမဆုံးအောင်ဖြစ်နေတဲ့ ပုံပြင်တစ်ပုဒ်ပါပဲ။ ကျွန်တော်က အဲဒါကို ဝတ္ထုပြန်ရေးချင်ပါတယ်။ လူတွေဆီက ကြားခဲ့ပြီးပြီဆိုပေမယ့် ဒေါ်ဒေါ့်ဆီက ကြားမှ ပိုပြည့်စုံမယ် ထင်လို့ လာခဲ့တာပါ။ ဒေါ်ဒေါ်ပြောပြနိုင်မလား"

သားကိုသတိရနေသော ဒေါ်မြအဖို့ ငိုချင်လျက်လက်တို့ ဖြစ်၍သွားသည်။





"ပြောပြနိုင်တာပေါ့ကွယ်။ သားလေးအကြောင်းသာ ပြောရမယ်ဆို ထမင်းမစား ဟင်းမစားပဲနဲ့ကို ပြောပြနိုင်ပါတယ်"

"ဒါ ဒေါ်ဒေါ့်အတွက် လက်ဆောင်တွေပါ"

စာရေးဆရာက သူ့လွယ်အိတ်ထဲက နိုင်ငံခြားဖြစ်မုန့်များနှင့်ဆီသကြားများကို ထုတ်ကာပေးသောအခါ ဒေါ်မြပီတိဖြစ်၍ သွားလေသည်။ ထို့ကြောင့် သားအကြောင်း ခရားရေလွှတ်အတွတ်တွတ်ပြောပြရုံမက စာရေးဆရာက ခေတ္တငှားပါဟုပြောသဖြင့် သွေးဆက်နှင့် နှင်းနုတွဲရိုက်ထား သော ဓာတ်ပုံတစ်ပုံကိုပင် ကြည်ကြည်ဖြူဖြူ ထုတ်၍ ငှားလိုက်ပါလေတော့သတည်း။

✻



www.burmeseclassic.com

www.burmeseclassic.com

## ၁၅။ ဂုဏ်သရေရှိ လူကလေးမင်းများ

ဆားပုလင်းရဲခေါင်အဖို့ ဒေါ်မြကို စာရေးဆရာ တစ်ယောက်ဟန်ဆောင်ကာ လှည့်ဖြား၍ သွေးဆက်နှင့် နှင်းနုတို့ ဓာတ်ပုံကို တောင်းယူလာနိုင်ခြင်းမှာ အမြတ်ပင်ဖြစ်သည်။

သူ့အဖို့ လူသတ်သမားကို ခြေရာခံမိပါသော်လည်း အမြဲပင် ခြေတစ်လှမ်းနောက်ကျနေကာ လက်မတင်လေး လွတ်မြောက်သွားတတ်ခြင်းအတွက် မခံချိမခံသာဖြစ်၍ နေလေသည်။ သူရန်ကုန်ပြန်ရောက်သောအခါ ခင်လေးမူ အိမ်ပြန်ရောက်နေသည်ကို သိလိုက်ရသည်။ ခင်လေးမူကား အိမ်ပြန်ရောက်လာသော်လည်း ဘာမှ မေးမြန်း စုံစမ်းမရ။ ရူးသလို ကြောင်သလို ဖြစ်နေသည်ဆိုသဖြင့် တွေ့ရန် ခက်နေ၏။

သူ့သမီး အိမ်ပြန်ရောက်ပြီ ဖြစ်သဖြင့် အရေးပိုင်က လူပျောက်ဘိုင်ချက်ဖွင့်ထားသည်ကို ရုတ်သိမ်းသွားရာ လူသတ်မှုနှင့်ပတ်သက်၍ မသက်သာသဖြင့် စစ်ဆေးမေးမြန်းဖို့ဆိုသည်မှာ မဖြစ်နိုင်သော





အရာပင် ဖြစ်နေလေတော့သည်။ သို့သော် ခင်လေးမူအား ထစ်ကြိမ်ဖြစ်ဖြစ် အနီးကပ် လေ့လာခွင့်ရလိုသောကြောင့်...။

သူသည် ဘိုးတော်ယောင်ဆောင်ကာ အရေးပိုင်အိမ်သို့ ဝင်ခဲ့လေ၏။ သူဇာတ်ကရာ လိုက်ရသော အိုင်ပီဦးအောင်မင်းမှာ ဘိုကေတစ်ခု ဆုံးရှုံးရသည်မှန်သော်လည်း တရားခံပြေးရုန်ရှင်းသည် ဘိုးတော်အောင်ဇေယျ အမည်ခံ၍ ဤအိမ်ထဲတွင် ရှောင်တိမ်းနေသည်ကို သိခွင့်ရသည့်အတွက် ဖြေသာသည်ဟု ဆိုရပေတော့မည်။

သို့သော်.....

ရုန်ရှင်းကလည်း ချက်ဆို နားခွက်ကမီးတောက်သူ ဖြစ်ပုံရ၏။ ချက်ချင်းပင် သူ့ကို ဆားပုလင်းရဲခေါင်မှန်း ရိပ်မိကာ ခင်လေးမူကို ခေါ်၍ နှစ်ယောက်စလုံး ခြေရာဖျောက်သွားလေသည်။ ဤတစ်ခါ ခြေရာဖျောက်သွားခြင်းကား ဆိုးရွားလှသည်။

သူ့ကိုဆားပုလင်းရဲခေါင်မှန်း သူတို့သိသွားခြင်းဖြင့် အဝေးကမြင်ရုံဖြင့် အလွယ်တကူ ရှောင်ရှားသွားနိုင်ပေသည်။ နောက်ဆုံးတော့ သူသည် သူ၏လူစွမ်းကောင်းများဖြစ်သော ဂုဏ်သရေရှိလူကလေးမင်းများအဖွဲ့ကို အကူအညီတောင်းရတော့သည်။ သူ၏လူကလေးမင်းများကား စီအိုင်ဒီရှိ လူကြီးမင်းများထက် တစ်ခါတစ်ရံအသုံးဝင်၏ ။

သူတို့သည် ရန်ကုန်မြို့ချောင်ကြိုချောင်ကြားပါမကျန် အနှံ့အပြား ခြေလျင်ခေါက်ကြသူများဖြစ်၏။ သူတို့၏ အသက်အရွယ် သူတို့၏ ပုံပန်းကိုကြည့်၍ မည်သူကမှဂရုမစိုက်။ သူတို့က ဈေး



www.burmeseclassic.com

www.burmeseclassic.com



ရောင်းခြင်း ပစ္စည်းသယ်ခြင်း စသည်ဖြင့် ကြုံရာကျပန်း လုပ်ကိုင်အသက်မွေးနေသော ကလေးသူငယ်များဖြစ်၏။ ခရီးသွားဟန်လွှဲ ဆားပုလင်းရဲခေါင် နိုင်းစေသော လူရှာဖွေခြင်း၊ သတင်းအနံ့ခံခြင်း အလုပ်များကို လုပ်ရသောအခါ အပိုဝင်ငွေရသဖြင့် ကျေနပ်ကြ၏။ ဆားပုလင်းရဲခေါင်က သူတို့ကို ထောက်လှမ်းရေးနှင့် ပတ်သက်၍ သိသင့်သိထိုက်သော အခြေခံအချက် အလက်အချို့တို့ကို သင်ကြားပေးထားသဖြင့် သာမန်ကလေးတွေနှင့် ကွာခြား၏။

သူက သူ့အဖွဲ့ကို ရန်ရှင်းနှင့် ခင်လေးမူ၏ ဓာတ်ပုံကို ကူးပေးကာ အိမ်က ထိုင်စောင့်နေရုံသာရှိတော့သည်။ သူစောင့်မျှော်ရကျိုးနပ်၏။ ထိုအထဲမှ ကလေးငယ်တစ်ဦးဖြစ်သော ဟာစ်စာစ်လုံး ရောက်လာကာ သတင်းပေးသဖြင့် သင်္ဘောရုံးသို့ ရန်ရှင်းလာသွားကြောင်း သိလိုက်ရသည်။ ဆားပုလင်းရဲခေါင် သွားရောက်စုံစမ်းသောအခါ ကာလကတ္တားသို့ ထွက်မည့် သင်္ဘောလက်မှတ် ဝယ်ယူသွားကြောင်း သိရတော့သည်။

ဒီတစ်ချီတော့ အလွတ်ပေး၍မဖြစ်။ ဘယ်လိုဖမ်းမည်နည်း ငါးကြင်းဆီနှင့် ငါးကြင်းကြော်ရပေတော့မည်။ သူသည် ထိုမြို့ကလေးသို့ ပြန်လာကာ ဒေါ်မြကို တွေ့၍ ရန်ရှင်းသည် နိုင်ငံခြားထွက်သွားတော့မည့်အကြောင်း ပြောကာ နောက်ဆုံးတွေ့ဆုံလိုပါက သူကူညီနိုင်ကြောင်း ပြောပြလိုက်သည်။ ဒေါ်မြက သူ့သားကို တွေ့ချင်လှပါသည် ဆိုသဖြင့် ရန်ကုန်သို့ခေါ်လာကာ သူ့အိမ်တွင်ပင် တည်းခိုစေသည်။





သင်္ဘောထွက်မည့်နေ့ ရောက်သောအခါ ကမ်းနားသို့ ခေါ်ဆောင်လာလေသည်။ ကမ်းနားတွင် သင်္ဘောစီးမည့် ခရီးသည်များကား ထောင်နှင့်ချီ၍ ရှိနေကာ အားလုံးလောက်နီးပါးပင် အိန္ဒိယလူမျိုးများပင် ဖြစ်နေလေရာ ရန်ရှင်းနှင့် ခင်လေးမူကို ရှာမတွေ့ပဲ ဖြစ်နေလေတော့သည်။ လိမ္မာပါးနပ်သော ရန်ရှင်းနှင့် ခင်လေးမူသည်လည်း အိန္ဒိယအမျိုးသား အမျိုးသမီးများ အယောင်ဆောင်ထားမှာ သေချာလှသည်။ တစ်ဦးချင်း တစ်ယောက်ချင်းတွေ့လျှင် ရုပ်ဖျက်ထားသည်ကို အကဲခတ်ရန် မခက်ခဲလှသော်လည်း ထောင်နှင့် ချီရှိနေသော လူတွေကြားထဲမှာမူ ရှာတရက်၌ ခွဲထုတ်ရန် ခက်ခဲလှပေသည်။

အိုင်ပီဦးအောင်မင်းနှင့် ဦးထင်ကြီးကို ကမ်းနားက ကော်ဖီဆိုင်ထဲတွင် တွေ့ရ၏။ သူတို့ပုံစံကမြင်ရုံနှင့် စုံထောက်တွေမှန်း သိသာနေသည်။ ဆားပုလင်းရဲခေါင်က ဒေါ်မြကို ရှေ့မှာထားကာ လူတောထဲ တိုးဝှေ့ ရှာဖွေ၏ ။

"ဘယ်မှာလဲ ငါ့သား ဒီမှာတွေ့တာ ကုလားတွေချည်းပါလား" ဟု ဒေါ်မြက ညည်း၏။ သူပင်ခွဲခြားမသိနိုင်ရာ ဒေါ်မြလည်း ခွဲခြားသိနိုင်မည်မဟုတ်ချေ။ သင်္ဘောကထွက်ခွာရန် လူစတင် တင်နေလေပြီ။ အခြေအနေက မထူးခြား။ ဒီတော့ စွန့်စားမှုတစ်ခုကို သူလုပ်လိုက်ရသည်။ သူ့ရှေ့က ဒေါ်မြကို ရေထဲတွန်းချလိုက်ခြင်းပင် ဖြစ်သည်။ သူ့အတွေးအရ...

သူတို့ကမမြင်သော်လည်း ရုပ်ဖျက်ထားသော ရန်ရှင်းတို့က



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြကို မြင်မှာသေချာသည်။ ရန်ရှင်းအတွက် ဒေါ်မြသည် မေ့ပျောက်မရနိုင်သောသူဖြစ်သည်။ အရင်ဘဝက မိခင်တော်သူ။ ယခုဘဝမှာလည်း အသက်သခင်ကျေးဇူးရှင်။ ဒေါ်မြရေနစ်နေတာ မြင်လျှင် ရန်ရှင်းဒီအတိုင်းကြည့်နေမည် မဟုတ်ဟု ယူဆရသည်။

ဒါကတော့ အလောင်းအစား လုပ်လိုက်ရခြင်းပင် ဖြစ်သည်။

✻

ဆိပ်ကမ်းသို့ ရန်ရှင်းနှင့် ခင်လေးမူသည် စောစီးစွာ ရောက်နှင့်နေသည်။ ရန်ရှင်းသည် ပေါင်းထုပ်၊ မုတ်ဆိတ်မွေးဖြူဖြူတို့ဖြင့် ပန်ချာပီကုလားအဘိုးအိုကြီးတစ်ယောက်ပုံစံ ဖမ်းကာ တုန်တုန်ရီရီ တုတ်ကောက်နှင့် လျှောက်နေသည်။ ခင်လေးမူက ဆာရီအနီလေး ဝတ်ကာ သူ့မြေးမလေးသဖွယ် လက်တွဲ၍ လိုက်ပါလာသည်။

သူတို့ရုပ်ဖျက်ပုံက ပိရိသည်။ ထောင်နှင့်ချီနေသော ကုလားလူမျိုးများအကြား၀ယ် သူတို့ကိုအတုပါဟု ခွဲခြားဖို့ရာမလွယ်။ ကော်ဖီဆိုင်တစ်ဆိုင်မှ သူတို့အထွက်တွင် စုံထောက်ဖြစ်ဟန်တူသော လူကြီးနှစ်ယောက်ကိုပင် ဝင်တိုးမိတော့သည်။ ဒီလူကြီးတွေက သံသယရှိပုံမရ။

သင်္ဘောမှ လူစတင်နေသောအချိန်ရောက်မှ သူ့အမေ ဒေါ်မြကို လူတွေကြားထဲတွင် တွေ့ရ၏။ ဒေါ်မြက ဘာ့ကြောင့် ဒီရောက်နေရသနည်း။ ဒေါ်မြနှင့် မလှမ်းမကမ်းမှ ဦးထုပ်ဝိုက်စောင်းထားသော အရပ်ရှည်ရှည်လူမှာ ဆားပုလင်းရဲခေါင် ဖြစ်ပုံရ၏။ ဒီလူ့လက်ချက်ပဲ ဖြစ်မည်။





ဒေါ်မြကို သူ့အနေနှင့်လည်း နောက်ဆုံးတွေ့ဆုံ နှုတ်ဆက်ချင်ပါသည်။ သို့သော် အခြေအနေက အခါအခွင့်မပေးတော့။ သူက နှုတ်ဆက်လိုက်သည်နှင့် ဆားပုလင်းရဲခေါင်က ကွိခနဲနေအောင် ဖမ်းလိုက်ပေတော့မည်။ ဒါက ဆားပုလင်းရဲခေါင်၏ ထောင်ချောက်ပဲ။ ဒီထောင်ချောက်ကို သူရှောင်ရှားမှ ဖြစ်မည်။ မကြာမီ သင်္ဘောထွက်မည်။

သူတို့လည်း လွတ်ပြီ ကျွတ်ပြီ။ သူနှင့် ခင်လေးမူတို့ ဘဝသစ်ထူထောင်နိုင်သည်။ သူတို့၏ခြေလှမ်းများ သင်္ဘောပေါ်တက်သည့် လှေကားပေါ် ခြေချမည်အပြုမှာပင်။

ရုတ်ရုတ်သဲသဲ အခြေအနေနှင့် ကြုံလိုက်ရသည်။

"မိန်းမကြီးတစ်ယောက် ရေထဲလိမ့်ကျလို့" ဟုအော်ကြသည်။

ကြည့်လိုက်တော့ ရေထဲတွင် မြုပ်ချီပေါ်ချီ ဖြစ်နေသည့်ဒေါ်မြကို ဘယ်သူမှ ဆင်းမဆယ်။ နည်းနည်းလေးနောက်ကျလျှင်ဒေါ်မြသေတော့မည်။ ရန်ရှင်းဟာ ဘယ်လိုမှ မစဉ်းစားနိုင်တော့ပဲ ရေထဲခုန်ချလိုက်လေတော့သည်။

✻



www.burmeseclassic.com

www.burmeseclassic.com



ရန်ရှင်းသည် လူသတ်မှုကျူးလွန်ခဲ့သည်ဆိုသော်လည်း သူသတ်ခဲ့သည့် ကျွန်းပြန်ဗဟိန်း၊ သိန်းဒန်နှင့် ဦးစက္ကိန်တို့မှာ အစိုးရကပင် ဖမ်းဆီးနှိမ်နင်းရမည့် ရာဇဝင်လူဆိုးများ ဖြစ်နေခြင်း၊ ယောက္ခမလောင်းဖြစ်သူ အရေးပိုင်မင်း၏ မျက်နှာကလည်း တရားစီရင်ရာတွင် အရာရောက်ခြင်းတို့ကြောင့် ထောင်ဒဏ်(၁၀)နှစ် ကျခံခဲ့ရသည်။

သို့သော် ဆယ်နှစ်ထိမနေရပဲ ဘုရင်ခံအပြောင်းအလဲကြောင့် ထောင်ဒဏ်များ နှစ်လျှော့သည့်အထဲတွင် ပါဝင်သွားရာ (၅)နှစ်နှင့်ပင် ထောင်က လွတ်လာခဲ့သည်။ ထို့နောက် အရေးပိုင်သမီးနှင့် နာမည်ကြီး စထရင်းဟိုတယ်တွင် ခမ်းနားစွာ မင်္ဂလာဆောင်ရာ ရန်ငြိုးမဖွဲ့တတ်သူ ရန်ရှင်းသည် ဆားပုလင်းရဲခေါင်ထံသို့ပင် ဖိတ်စာတစ်စောင်ပို့လိုက်သေးကြောင်း ကျွန်ုပ်တို့ တွေ့ရှိလိုက်ရပါလေသတည်း။ ။

လတ်ဝံသ



BURMESE CLASSIC .com

www.burmeseclassic.com